www.burmeseclassic.com

No.23

October.2015

# Sixth Sense

# ဆဋ္ဌမအာရုံ

မဂ္ဂဇင်း



BURMESE CLASSIC

- အဖိုးအနဂ္ဃ ထိုက်တန်တဲ့ အိပ်မက်ကျင့်စဉ်
- ပြန်လည်ရှာဖွေခြင်းနှင့် အစွမ်းထက်မန္တန်
- ကိုယ်ရောင်ကိုယ်ဝါ ရှင်းသန့်ဖို့ နည်းလမ်းများ
- ချမ်းသာလိုသူများနှင့် ဆယ့်နှစ်ဆငွေပွားနည်း
- နှလုံးသားနှင့်ကိုက်ညီမယ့် ချစ်သူပုံရိပ်လွှာ
- လိုအင်ဆန္ဒပြည့်ဝစေမယ့် မြင်းခွာအစီအရင်
- ငှက်တောင်ပံမွေးများနှင့် အံ့ဖွယ်ယူဆနည်းများ

www.burmeseclassic.com

www.burmeseclassic.com

သို့
______________________
______________________
မှ
______________________



# Sixth Sense
# ဆဋ္ဌမအာရုံ စိတ်အဟုန်

မြန်ချိုရေး

ဆဋ္ဌမအာရုံ
စာပေတိုက်

[illegible](၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း (၅၀) အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၁ ၉၀၆ ၁၇။

www.burmeseclassic.com

www.burmeseclassic.com

(၂၄)အုပ်မြောက် အထူးထုတ်

# Sixth Sense

ဆဋ္ဌမအာရုံ မဂ္ဂဇင်း

လာမည့်လတွင် ဆဋ္ဌမအာရုံမဂ္ဂဇင်း၏ အမှတ်စဉ် (၂၄) အား ထုတ်ဝေခြင်း (၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အကောင်းဆုံးပုံစံဖြင့် ဖော်ပြပါမည်။

အစဉ်တစိုက် ဝယ်ယူ အားပေး ဖတ်ရှုခဲ့ကြသော စာဖတ်ပရိသတ်များအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ဆဋ္ဌမအာရုံမဂ္ဂဇင်းသည် တစ်အုပ်ထက် တစ်အုပ် ပိုမို ကောင်းမွန်ရန် အမြဲတမ်း ကြိုးစား ပြင်ဆင် လျက်ရှိပါသည်။

ဆက်လက်ပြီး ပရိသတ်များ ဖတ်ရှုနိုင်ရန် အကောင်းဆုံး အကြောင်းအရာများနှင့် ဝတ္ထု စာမူကောင်းများစွာကို စုစည်းထားပါကြောင်း ဤနေရာမှ နေ၍ ကြေညာမောင်းခတ် လိုက်ရပါသည်။

Sixth Sense
Publishing House

# လူဖြစ်သွားတဲ့တစ္ဆေ

လောကကြီးမှာ
မြင်ရတဲ့ အရာထက်
မမြင်ရတဲ့ အရာက
ပိုကြောက်ဖို့ကောင်းပါတယ်..
သရဲ ဆိုတာ ဒါပဲ..
တစ္ဆေဆိုတာ ဘာလဲ..
ကွဲကွဲပြားပြား သိချင်ရင်
ဒီစာအုပ်ကို
ဖတ်ကြည့် စေချင်တယ်..

www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**တက္ကသိုလ်ဘဏ်၊ ပုစွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အတောင့်နံပါတ် ၀၁၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ကျသင့်ငွေကို ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲတော့ မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

## (၆)လ ၁၉၅၀၀ ကျပ်

**ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀** သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ်ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်း ကြားပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက်အလက်များ ပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်၊ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်။

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ

ဆက်သွယ်ရန် – ၀၉ ၇၃၁ ၇၆၆၅၀

စာအုပ်ဆိုင်များနှင့်ဖြန့်ချိရေးကိုယ်စားလှယ်များ

ဆက်သွယ်ရန် – ၀၉ ၃၀၀ ၅၀ ၁၆၀



# စာပေမြင့်မှ လူမျိုးတင့်မည်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းကို ဖတ်စရာ၊ မှတ်စရာများစွာဖြင့် ဝယ်သိမ်း စာအုပ်ကောင်း၊ တစ်အုပ်ဖြစ်အောင် အထူး ကြိုးစားထားပါသည်၊ လစဉ် လဆန်းပိုင်းတွင် ထွက်ရှိနိုင်အောင် ကြိုးစားပါမည်။

ပရိသတ်များအနေဖြင့် မိမိ ဝယ်ယူနေကျ စာအုပ်ဆိုင်များတွင်လည်း ကြိုတင် မှာကြားထားနိုင်ပါသည်၊ ဆဋ္ဌမအာရုံ မဂ္ဂဇင်း၊ ထွက်မည့်ရက်ကို လည်း ကြိုတင် ဖုန်းဆက် မေးမြန်းနိုင်ပါသည်။

သင်သည် ဆဋ္ဌမအာရုံ မဂ္ဂဇင်း ပရိသတ်တစ်ဦး ဖြစ်လျှင် စာပေကို ချစ်မြတ်နိုးသူ၊ စာပေ၏ရသကို ခံစားတတ်သူ၊ စာအစုံ ဖတ်တတ်သူများ ဖြစ်ကြပါစေ။ စာအုပ်၊ စာပေ လူ့မိတ်ဆွေ - စာပေမြင့်မှ လူမျိုးတင့်မည်။

ဆဋ္ဌမအာရုံ မဂ္ဂဇင်း

အယ်ဒီတာ အဖွဲ့

**Sixth Sense**

Publishing House

**ဆဋ္ဌမအာရုံ စာပေတိုက်**

အမှတ်(၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုစွန်တောင် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင် လောကီပညာရပ် (၂၃) ၂၉
ခေတ်သစ်တို

နှယ်လှွန်ထူးခြား ဖြစ်ရပ်ဆန်းများ (၃) ၄၁
သက်လုံ

[illegible]ကြီးများ၏ ထူးဆန်းဆန်းများ ၅၉
[illegible]

[illegible] ၇၆
[illegible]

တွန့်စိန့်နှင့် သူသေဆောင်မယ် လက်ကိုင်ပုဝါ ၁၀၀
ညိုရောင်

## ထူး ဆန်း ထွေ လာ အံ့ ဖွယ် စိ ရင် နည်း များ

ချမ်းသာလိုသူများနှင့် ဆယ့်နှစ်ဆ ငွေပွားနည်း ၁၂
ပြန်လည်ရှာဖွေခြင်းနှင့် အစွမ်းထက်မန္တန် ၁၆
ငှက်တောင်ပံမွေးများနှင့် အံ့ဖွယ်ယူဆနည်းများ ၁၈
လိုအင်ဆန္ဒပြည့်ဝစေမယ့် မြင်းခွာအစီအရင် ၂၂
နှလုံးသားနှင့် ကိုက်ညီမယ့် ချစ်သူပုံရိပ်လွှာ ၂၅
ကိုယ်ရောင်ကိုယ်ဝါ ရှင်းသန့်ဖို့ နည်းလမ်းများ ၂၆



တစ္ဆေသဘော်နှင့် ပင်လယ်စုန်း ၁၄၀
စိုးမိုးနိုင်

သားဖေဖြင့် အသက်ရှင်သူ ၁၅၀
မှုစ်ခွင်ကျော် ဖောင်တော်သီ

ထူးခြားဆန်းကြယ် ဂန္ဓာရီခရီး ၁၇၄
နေမထူး

နမိတ်ပြ မြင်ကွင်း ၁၉၇
ကိုမောင်သန်းဝင်း

သေမိန့်စာရင်း ၂၀၀
ဝသုန်ဟိန်းထက်

## သု တ / ရ သ ဖြစ် ရပ် ဆန်း ကြယ်

နံနက်ချိန်ခါကို ဖွင့်လှစ်တဲ့ အာရုံကျင်း နတ်သမီး ၆၆
နှလုံးလမ်းကြောင်းက ဖော်ပြတဲ့ အချစ်သင်္ကေတ ၆၈
လက်သည်းခွံသင္ကြာန်နှင့် မော်ဒန်အယူအဆ ၇၂
ကမ္ဘာသိဒ္ဓိ နတ်တန်နိုး အစွမ်းရှိတဲ့ တစ္ဆေ ၉၆
ခုနှစ်စဉ်ကြယ်ပြောင် အမြိုးထောင် ညသန်းခေါင် ၁၃၆
သေးတိုက်သွားတဲ့ ခြေထောက်ပါ ရေသဏ္ဌာဝါ ၁၅၄
ပုကဲ့သို့ အသက်ရှည်တဲ့ လူငါး (သို့မဟုတ်) ရေပုတ်သင် ၁၇၂



www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထား ပါသည်။ ကလောင်ရှင်သစ်များပါဝင် လက်စွမ်းပြရေးသားနိုင်ရန်နေရာ များကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရ ပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့် ကြိုဆိုလျက်ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင် တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း

အယ်ဒီတာအဖွဲ့



# ဆဋ္ဌမအာရုံ မဂ္ဂဇင်း ၏ ဦးတည်ချက်

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ။ "ဆဋ္ဌမအာရုံစိတ်အဟုန်" ဆိုသည့်ဆောင်ပုဒ်ကိုလက်ကိုင်ပြု၍ထူးထွေ ဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက် ညီအောင် ပုံဖော်ထားသည်။ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာ သည့် ခေတ်မီ ဂမ္ဘီရမဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

အစွမ်းထက်သည့် ဂါထာမန္တန် နှင့် လောကီအစီအရင် များ၊ မှော် ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရုပ်များအကြောင်း၊ အတိတ် သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထု များ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်မှုနှင့်လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမို ကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)

ဆဋ္ဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)

www.burmeseclassic.com

www.burmeseclassic.com

ဆဋ္ဌမအာရုံ မဂ္ဂဇင်း

ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်

ကိုမိုး(တောင်ကြီး)

အကြီးတန်းအယ်ဒီတာ

ဦးရွှေမိုး ဒေါက်တာစိန်

အမှုဆောင် အယ်ဒီတာအဖွဲ့

မွေ့အင်နိုင်း ခေသံမိုး မိုးထက်မြင့်

အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး

ဒေါ်ငွေငွေလှိုင်

ထုတ်ဝေသူ

ကိုမိုး(တောင်ကြီး) {(၀၀၅၀၈)}

ပုံနှိပ်သူ

ဒေါ်ဝင်းမာ {(၀၀၄၀၂)}

(စိတ်ကူးချိုချို ပုံနှိပ်တိုက်)

မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို

အောင်မိုး

ပန်းချီ သရုပ်ဖော်

ရဲရင့်နိုင်၊ မိုးအောင်၊ လှသစ်အောင်

ကွန်ပျူတာ

ဆဋ္ဌမအာရုံ ပိုင်းဖော်သားများ

ဖြန့်ချိရေး


ဆဋ္ဌမအာရုံ စာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်

မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊

တန်ဖိုး - ၂၀၀၀ကျပ်






www.burmeseclassic.com

www.burmeseclassic.com



# ချမ်းသာလိုသူများနှင့် ဆယ့်နှစ်ဆငွေပွားနည်း



ဒီအစီအရင်ဟာ ရှေးယခင်ခေတ်က ဟူရားဆရာကြီးများရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အစီအရင်ကောင်း တစ်ခုဖြစ်ပါတယ်။


မကြာသေးတဲ့ နှစ်တစ်ရာပတ်လည်ဝန်းကျင်တုန်းက တောင်ကြီးမြို့မှာ သနပ်ဖက်လုပ်ငန်းနဲ့ ကျိကျိတက်ချမ်းသာခဲ့ဖူးတဲ့ သူဌေးကြီးတစ်ယောက်ဟာ သူ့ခြံဝန်းကျယ်ကြီးထဲမှာ ဒီအစီအရင်မျိုး စည်ပိုင်းနဲ့ ငွေအကြွေစေ့တွေကို မြှုပ်နှံ စီရင်ခဲ့ဖူးတာကို မှတ်တမ်းများအရ သိထားခဲ့ဖူးပါတယ်။

သင့်ရဲ့ငွေကြေးတွေ တစ်နှစ်ပြည့်၊ ဆယ့်နှစ်လရာသီ လည်ပတ်သွားတဲ့အခါ ဆယ့်နှစ်ဆနီးပါး ဖြစ်နေတာကို လိုချင်သူများ၊ ချမ်းသာလိုသူများအတွက် ဒီအစီအရင်က ဆယ့်နှစ်ဆ ငွေပွားစေမယ့် စီရင်နည်းတစ်ရပ်ဖြစ်ပါတယ်။ လုပ်ဆောင်ရာမှာလည်း လွယ်ကူလို့ အခက်အခဲရှိမှာ မဟုတ်ပါဘူး။

ဒါပေမယ့် လိုအပ်တဲ့ပစ္စည်းများ ရှာဖွေရာမှာတော့ နည်းနည်းခက်ခဲမှု ရှိနိုင်ပါတယ်။ ဒီအစီအရင်ကို ဖော်ပြထားတဲ့အတိုင်း တိတိကျကျ လုပ်နိုင်မှသာ အစွမ်းထက်မှာ ဖြစ်ပါတယ်။ ပြီးတော့ သင့်စိတ်ထဲကနေ








ယုံယုံကြည်ကြည် သတ်မှတ်ဖို့လည်း လိုအပ်ပါတယ်။

လုပ်ဆောင်ရမှာကတော့ မိုးရာသီ ကုန်ဆုံးချိန်၊ ဆောင်းကူး ရာသီအစ (သို့မဟုတ်) ပန်းချဉ်ပေါင်ပင်တွေ လှိုင်လှိုင်ပေါ်တဲ့ ဆောင်းဦးရာသီမှာ လုပ်ဆောင်ရမယ့် အစီအရင်ဖြစ်ပါတယ်။ ပန်းချဉ်ပေါင်တွေ လှိုင်လှိုင်ပေါ်ပြီဆိုရင် ပန်းချဉ်ပေါင်စေ့တွေ ရနိုင်ပါတယ်။

ပန်းချဉ်ပေါင်စေ့တွေကို မိမိ စုဆောင်းနိုင်သလောက် စုဆောင်းပါ။ အညိုရောင် ချဉ်ပေါင်စေ့ အခြောက်လေးတွေဟာ ပိုင်းစက်ပြီး ပေါင်းနွမ်းသွားတဲ့အခါ ငွေအကြွေစေ့နဲ့ အလားသဏ္ဍာန်တူတာကို တွေ့ရပါမယ်။ ပြီးရင် အဲဒီချဉ်ပေါင်စေ့လေးတွေနဲ့ အတူရောပြီး မြှုပ်နှံဖို့အတွက် ငွေအကြွေစေ့လေးတွေ လိုအပ်ပါတယ်။

ငွေအကြွေစေ့ဆိုတဲ့နေရာမှာ ငါးမူးစေ့ (သို့မဟုတ်) တစ်ကျပ်စေ့နဲ့ နှစ်ဆယ့်ငါးပြား ကြေးနီစေ့တို့ရရင် ပိုကောင်းပါတယ်။ ငွေနဲ့ကြေး






www.burmeseclassic.com


www.burmeseclassic.com





အကြွေစေ့တွေ ရနိုင်သလောက်ထပ်ရဖို့ စုဆောင်းပါ။

ဒါတွေ အားလုံးရပြီဆိုရင် ပန်းချဉ်ပေါင်စေ့တွေရယ်၊ ငွေနဲ့ကြေး အကြွေစေ့တွေကို အားလုံးရောနှောပြီး မိမိနေထိုင်တဲ့ အိမ်ရဲ့တောင်ဘက် အရပ်၊ မြေသန့်တဲ့နေရာမှာ လုံခြုံစွာ သိမ်းဆည်းမြှုပ်နှံရမှာ ဖြစ်ပါတယ်။



ပန်းချဉ်ပေါင်စေ့၊ ငွေနဲ့ကြေး အကြွေစေ့တွေကို ရနိုင်သလောက် ထည့်သွင်းမြှုပ်နှံတာ အကောင်းဆုံး ဖြစ်ပါတယ်။

အဲဒီလို သိမ်းဆည်းပြီးရင် အရေအတွက်ကို ကိုယ်တိုင် မှတ်သားပါ။ တစ်ခုကို တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း စသည်ဖြင့် သတ်မှတ်နိုင်ပါတယ်။

ပြီးရင် နောက်ကို လှည့်မကြည့်ဘဲ အဲဒီနေရာက ထွက်ခွာလာခဲ့ပါ။ ပြန်လည်တူးဖော်ခြင်းမျိုးလည်း မလုပ်ပါနဲ့။







သင် ဒီနှစ် ဆောင်းရာသီမှာ မြှုပ်နှံ ထားရင် နောက် ဆောင်းရာသီကျရင် သင့် ရဲ့ စီးပွားရေး လုပ်ငန်းမှာ အမြတ်ငွေတွေဟာ သင် သတ်မှတ်ခဲ့တာရဲ့ ဆယ့်နှစ်ဆ ဖြစ်နေမှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် တစ်ထောင်ဆို သောင်း နှစ်ထောင်၊ တစ်သောင်း ဆို တစ်သိန်း နှစ်သောင်း၊ တစ်သိန်းဆို ဆယ့်နှစ်သိန်း စသဖြင့် သင့်လုပ်ငန်းမှာ အမြတ်ငွေတွေ ဆပွားတိုးပွား ရရှိစေမှာ ဖြစ်ပါကြောင်း၊ တစ်နှစ်တာ မြှုပ်နှံခြင်း ဆယ့်နှစ်ဆ ငွေပွား အစီအရင်ကို ဖော်ပြပေးလိုက်ရပါတယ်။

သတိပြုရမယ့် အချက်ကတော့ မိမိမြှုပ်နှံခဲ့ပြီးသား ပန်းချဉ်ပေါင်စေ့နဲ့ ငွေအကြွေစေ့ထုပ်ကို ဘာအကြောင်းနဲ့မှ ဘယ်တော့မှ ပြန်လည်တူးဖော်ခြင်း မပြုလုပ်ဖို့ပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# ပြန်လည်ရှာဖွေခြင်းနှင့် အစွမ်းထက်မန္တန်



ကိုယ့်မှာရှိတဲ့၊ ကိုယ်တန်ဖိုးထားတဲ့ အရာတစ်ခုခု ပျောက်ဆုံးသွားပြီဆိုပါတော့။ စိတ်တွေ ဂယောက်ဂယက်ဖြစ်ပြီး ပြာယာခတ်နေဖို့ မလိုပါဘူး။ စိတ်ကို တည်ငြိမ်အောင်သာ အရင်လုပ်ဆောင်ပါ။ ပြီးမှသာ ဒီအစီအရင်ကို လုပ်ဆောင်ပါလို့ အကြံပြုချင်ပါတယ်။

ဥပမာ - အဖိုးတန် နားကပ်၊ လက်စွပ်၊ ကားသော့မှ အစပြုလို့ ကိုယ်အချစ်ဆုံး အိမ်မွေးတိရစ္ဆာန်လေးပဲ ပျောက်ဆုံးနေသည်ဖြစ်ပါစေ၊ သို့မဟုတ် ကိုယ်ချစ်တဲ့သူက အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးသွားတယ်၊ ပြန်မလာဘူး ဖြစ်နေတယ်ဆိုရင် ဒီအစီအရင်ကို အသုံးချနိုင်ပါတယ်။

လွယ်ကူရိုးရှင်းတဲ့ အစီအရင်တစ်ခုဖြစ်ပြီး ယုံကြည်မှုရှိဖို့တော့ အထူး လိုအပ်ပါတယ်။ အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းကတော့ အမည်းရောင် မှင်စံစက္ကူတစ်ရွက်သာ ဖြစ်ပါတယ်။

လုပ်ဆောင်ရမှာကတော့ မနက်စောစော နေစထွက်တဲ့အချိန်မှာ ဖြစ်ပါတယ်။ ပထမဆုံး သင်ဟာ နေထွက်ရာဘက်ကို မျက်နှာမူပြီး နေမင်းကို ရှင်းလင်းပြတ်သားစွာ မြင်နိုင်မယ့်နေရာ (ဝရံတာ၊ ပြတင်းပေါက်) စသည်တို့မှာ နေရာယူလိုက်ပါ။







ပြီးရင် လက်ထဲမှာ မှင်စံစက္ကူ အမည်းကို ယူဆောင်ထားပြီး အလယ်တည့်တည့်ကနေ အဝိုင်းပေါက် သေးသေးလေးကို ဖောက်ထားလိုက်ပါ။

ပြီးရင် နေမင်း ရှိရာဘက်ကို ထောင်ထားပြီး အပေါက်ဝိုင်းလေးကနေ နေကိုကြည့်ကာ ရွတ်ဆိုရမယ့် မန္တန်ကတော့ -

“အန်းနီမာ .. မီရား၊
တာဘာတာ အက်(ထ်)
ဗာလဒီ ဆက်ဒ် .. တူဒိုမိန်း
အပ်(စ်)ကွီရှ” ဖြစ်ပြီး မော်ဝင်အသံနဲ့ (၃)ကြိမ် ရွတ်ဆိုပါ။ ရွတ်ဆိုတဲ့နေရာမှာ အလွတ်ရွတ်ဆိုရမှာ ဖြစ်ပါတယ်။ ပြီးရင် အဲဒီအဝိုင်းပေါက်ကနေပဲ နေမင်းကိုကြည့်ကာ -

“နေမင်းကြီး Solar Spirit ကို
ကျွန်ုပ်တိုင်တည်ပါတယ်
သက်ရှိနတ်ဘုရားတစ်ပါးရဲ့
ကောင်းမြတ်သော ကူညီထောက်ပံ့
အားပေးမှုများဖြင့် ကျွန်ုပ်အလိုရှိတဲ့အရာကို
ပြန်လည်ရှာဖွေ တွေ့ရှိရန် တောင်းဆိုပါတယ်” လို့ (၃)ကြိမ် ထပ်မံ ရွတ်ဆိုကာ တောင်းဆိုပါ။ ပြီးရင် မျက်စိကိုမှိတ်ထားလိုက်ပြီး ကိုယ်ပြန်ရှာတွေ့ချင်တဲ့ပစ္စည်း (သို့မဟုတ်) ကိုယ့်ဆီ ပြန်လာစေချင်တဲ့ချစ်သူကို စိတ်အတွေးနဲ့မှန်းဆပြီး ကိုယ့်ဆီပြန်လာဖို့ စိတ်ကို ညွှတ်နူးပေးထားရမှာ ဖြစ်ပါတယ်။ မကြာခင်မှာ ပြန်တွေ့ ပြန်ဆုံနိုင်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

## ငှက်တောင်ပံမွေးများနှင့် အံ့ဖွယ်ယူဆနည်းများ



ငှက်များဟာ ဝိညာဉ်လောက၊ ဝိညာဉ်ကမ္ဘာကနေ လိုအပ်တဲ့ သတင်းတွေကို သယ်ဆောင်လာသူများလို့ အနောက်တိုင်းသားများက ယူဆကြပါတယ်။ ငှက်တွေဟာ လူသားတွေနဲ့ အစဉ်အမြဲ ထိတွေ့နေရတာကြောင့် လူသားတွေကို အလွန်ကူညီချင်သူတွေ ဖြစ်ပါတယ်။


မြန်မာ့အယူအဆမှာလည်း အိမ်ရှေ့မှာ ကျီးသာရင် ဧည့်သည်လာမယ်၊ ငှက်ဆိုးထိုးရင် နမိတ်ဆိုးဖြစ်တယ်လို့ ရှေးအယူအဆလည်း ရှိပါတယ်။ ငှက်အယူအဆမှာ ဇရက်ငှက်လေးတွေကို နှစ်ကောင်မြင်မယ်ဆိုရင် ပျော်ရွှင်စရာ အဖြစ်အပျက်လာတော့မယ်၊ တစ်ကောင်ထဲ မြင်ရင် ဘယ်လို၊ သုံးကောင်မြင်ရင် ဘယ်လိုစသည်ဖြင့် ဖော်ကျူးထားတဲ့ အင်္ဂလိပ်ကဗျာတောင် ရှိပါတယ်။

ဒါကြောင့် ငှက်တွေဟာ ထူးခြားတဲ့သတ္တဝါလေးတွေ ဖြစ်သလို၊ ငှက်မွေးလေးတွေ သင်ရလာခဲ့လို့ရှိရင်လည်း ဒါဟာ ကြုံတောင့်ကြုံခဲလှတဲ့ ဖြစ်ရပ်တစ်ခုလို့ မှတ်ယူနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ငှက်မွေး တစ်ချောင်းကို တိုက်ဆိုင်စွာ ရရှိဖို့ဆိုတာ မလွယ်ကူနိုင်ပါဘူး။

ပြီးတော့ ငှက်မွေး တစ်ချောင်းချင်းစီမှာ သူ့ရဲ့အရည်အသွေးတွေ၊







သူကနေ ဖော်ပြတဲ့ စွမ်းအားတွေ၊ ဆန်းကြယ်မှုတွေ ရှိနေပါတယ်။ ဒါတွေကို သင်သိရှိနားလည်နိုင်ဖို့အတွက် ဖော်ပြပါမယ်။ တကယ်လို့သာ သင်ဟာ ငှက်မွေးတစ်ချောင်းကို တွေ့ပြီ၊ ရပြီဆိုပါစို့။

ဒီငှက်မွေးလေးဟာ -



၁) တစ်ခုလုံး အမည်းရောင် ငှက်မွေးလေးရခဲ့မယ်ဆိုရင် သင် ယခု ဆောင်ရွက်နေတဲ့ စိတ်စွမ်းအင် နိုးကြားမှုကို ကောင်းမွန်တဲ့ Angel ဝိညာဉ်များက ကာကွယ်စောင့်ရှောက်နေပြီဆိုတဲ့ သဘောပဲ ဖြစ်ပါတယ်။

၂) အဖြူတစ်ဝက်၊ အမည်းတစ်ဝက် ပါတဲ့ ငှက်မွေးလေးကို သင် ရခဲ့ပြီဆိုရင် သင့်ထံကို တစ်စုံတရာ အပြောင်းအလဲ တစ်ခုခုဟာ လာနေပြီ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





၃) အဖြူရောင် သီးသန့် ငှက်မွှေးလေးသာ ရခဲ့မယ်ဆိုရင် Angel ဟာ သင့်အနီးအနားမှာ ရောက်နေပြီ ဖြစ်ပါတယ်၊ ကောင်းမွန်တဲ့ နတ်တွေဟာ သင်နဲ့အတူတကွ ရှိနေပြီဆိုတဲ့ သဘောပါပဲ၊ ဘာကိုပဲ လုပ်လုပ် . .၊ အရာရာ ကံကောင်းဖို့သာ ရှိပါတယ်၊



၄) မီးခိုးရောင် ငှက်မွှေးလေးကို ရခဲ့မယ်ဆိုရင် သင့်ဘဝဟာ ပရမ်းပတာ အမျိုးမျိုး ကြုံခဲ့ရပေမယ့် မကြာခင်မှာ ငြိမ်းချမ်းတဲ့ အချိန်ကာလ ရောက်လာတော့မယ်ဆိုတာကို ဖော်ပြတဲ့ နမိတ်လက္ခဏာ ဖြစ်ပါတယ်၊ ပျော်ရွှင်ဖွယ် နေ့သစ်ကို မြင်တွေ့ရတော့မယ့် အချိန်အခါကောင်းလို့ မှတ်ယူနိုင်ပါတယ်၊



၅) အပြာရောင် ငှက်မွှေးလေးသာ ရခဲ့မယ်ဆိုရင် သင့်မှာ သာမန်ထက် ထူးခြားသာလွန်တဲ့ သဘာဝလွန် စွမ်းအားတန်ခိုးတွေ၊ ထူးခြားတာတွေ ပွင့်အန်ထွက်နေပြီဆိုတာကို ဖော်ပြခြင်း ဖြစ်ပါတယ်၊ သင့် မနောစိတ်ကနေ စေခိုင်းတဲ့အတိုင်း သင်. ဆက်လက်ပြီး လုပ်ဆောင်ရတော့မှာ ဖြစ်ပါတယ်၊







၆) အဝါရောင်ငှက်မွှေးလေးသာ ရခဲ့မယ်ဆိုရင် သင်ဟာ OK နေပြီလို့ ယူဆနိုင်ပါတယ်၊ သင်လုပ်ဆောင်နေတဲ့ ကိစ္စတွေမှာ သင်ဟာ လမ်းကြောင်းမှန်ပေါ်ရောက်နေပြီလို့ ဖော်ပြခြင်း ဖြစ်ပါတယ်၊



၇) ပန်းရောင် ငှက်မွှေးလေး ရခဲ့မယ်ဆိုရင်တော့ သင့်အတွက်ကို အချစ်ဟာ လာနေပါပြီ၊ ဒါမှမဟုတ်လို့ရှိရင်လည်း သားသမီး၊ ကလေးရတော့မယ့်ဆိုတဲ့ ရွှေပြေး နမိတ် လက္ခဏာ သတင်းစကား ဖြစ်ပါတယ်၊

နောက်ဆုံးပြောချင်တဲ့အချက်ကတော့ တကယ်လို့များ သင်တို့ ငှက်မွှေးလေးတွေကို တွေ့ပြီဆိုရင် ပေါ့ပေါ့တန်တန်သဘော မထားပါနဲ့၊ သူ့မှာ သက်ဆိုင်ရာအလိုက် အဓိပ္ပါယ်များ ရှိနေပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



# လိုအင်ဆန္ဒပြည့်ဝစေမယ့် မြင်းခွာအစီအရင်



မြင်းခွာ (Horse Shoe) တွေဟာ ကံကောင်းစေတဲ့ အဆောင် တစ်ခုအဖြစ် ရှေးအစဉ်အဆက်ကတည်းက ယုံကြည်ထားခဲ့ကြပါတယ်။ လောကီပညာကိုလိုက်စားဖူးတဲ့ ရှေးလူကြီးတချို့က လမ်းမှာ သွားရင်း လာရင်း မြင်းခွာတွေ ကျန်ရစ်နေခဲ့ရင် "ဟဲ့ . . ဒါလေးကို ကောက်ထား၊ နင် ကံကောင်းလိမ့်မယ်၊ လိုရာဆန္ဒပြည့်ဝလိမ့်မယ်" လို့ ပြောဖူးတာကို ငယ်စဉ်က ကိုယ်တွေ့ကြုံခဲ့ဖူးပါတယ်။

ဒီလိုပဲ မော်အတတ်မှာလည်း မြင်းခွာဟာ ငွေကြေးအစီအရင် အများစုမှာ အသုံးပြုတဲ့ အဆောင်၊ လိုရာဆန္ဒပြည့်ဝစေတဲ့ အဆောင် အဖြစ် အသုံးပြုကြပါတယ်၊ မြင်းလှည်းပေါ်တဲ့ နယ်ဘက်တွေ ခရီးထွက်တဲ့ အခါ မြင်းလှည်းပေါ်တဲ့ အညာဒေသများမှာ မကြာခဏဆိုသလို လမ်းမှာ မြင်းခွာတွေ ကောက်ရတတ်ပါတယ်၊ ဒါကိုရခဲ့ရင် သိမ်းထားပါ၊ လိုအပ်တဲ့ အခါ အသုံးချလို့ ရပါလိမ့်မယ်။

ပြင်ဦးလွင်၊ မြင်းခြံ၊ ရေနံချောင်း စတဲ့ ဒေသတွေမှာ အခုချိန်ထိ မြင်းလှည်းတွေကို အသုံးပြုနေဆဲ ဖြစ်ပါတယ်။ တကယ်လို့ ကိုယ့်မှာ အရေး ကြုံပြီး မြင်းခွာအစစ်မရခဲ့ဘူးဆိုရင်လည်း စက္ကူကို မြင်းခွာပုံလုပ်ပြီး အသုံး








ချနိုင်ပါတယ်၊ ဒါပေမယ့် တကယ့် အစစ်လောက်တော့ အစွမ်းထက် ချင်မှ ထက်မြက်မှာပါ။

မြင်းခွာ ရပြီဆိုရင် လုပ်ဆောင်ရမယ့် ငွေကြေးနဲ့တကွ လိုရာ ဆန္ဒပြည့်ဝစေမယ့် အစီအရင် ပြုလုပ်နည်းက -

ပထမဆုံး အမှောင်ချထားတဲ့ အခန်းထဲမှာ စားပွဲတစ်လုံးရဲ့ အလယ်ဗဟိုမှာ ဖယောင်းတိုင်အနီကိုထွန်းပြီး မြင်းခွာကို ဖယောင်းတိုင်နဲ့ ပုံပါအတိုင်း ဝိုင်းပတ်လိုက်ရပါမယ်။

ပြီးရင်တော့ ကိုယ်အလိုဆန္ဒရှိတဲ့အရာကို စာရွက်ငယ် ပြောင် အလွတ်တစ်ရွက်အပေါ်မှာ ဆော့ပင်အမည်းနဲ့ ထင်ထင်ရှားရှား ရေးရပါမယ်၊ စတင် ရေးတဲ့အချိန်မှာ ပါးစပ်ကနေ -

"ငါလိုအပ်တာကို ဒီနေရာမှာ ငါရေးပြီ
ငါ့ထံကို ငါ့အိပ်မက်၊
ငါ့လိုအင်ဆန္ဒအတိုင်း ယူဆောင်လာခဲ့ပါ၊
ငါလိုချင်တာဟာ ငါရသင့်တဲ့အရာသာ ဖြစ်တယ်၊
ငါ့ရဲ့အိပ်မက်တွေ ငါ့အတွက် ဖြစ်ပါစေ" လို့ သင့်စိတ်ဆန္ဒ၊ အိပ်မက်ဆန္ဒရှိတဲ့ လိုအင်ဆန္ဒကို ရေးချနိုင်ပါတယ်၊ ကိုယ် အဖြစ်ချင်ဆုံး ဆန္ဒကို တစ်ခုပဲ ရေးတာ အကောင်းဆုံးဖြစ်ပါတယ်။



ပြီးရင် စာရွက်ကို လေးထောင့်စပ်စပ် (၄)ခေါက်. ခေါက်ချလိုက်ပါ၊ စိတ်တိုင်းကျ စာရွက်ခေါက်ပြီးလို့ စားပွဲပေါ် ချထားပြီးပြီဆိုရင်

www.burmeseclassic.com

www.burmeseclassic.com





အဲဒီစာရွက်ကို နောက်ထပ် လက်နဲ့ လုံးဝ မထိမကိုင်ပါနဲ့။

စာရွက်ခေါက်ကို သံညှပ် (ဒါမှမဟုတ်) ရေခဲတုံးကိုင်တဲ့ ညှပ်နဲ့ ညှပ်ကိုင်ပြီး ဖယောင်းတိုင်အနီ ထွန်းထားတဲ့ မီးနဲ့ လောင်ကျွမ်းအောင် မီးရှို့ပေးရပါလိမ့်မယ်၊ မီးတောက်လောင်နေတဲ့ အချိန်မှာ ကိုယ်လိုချင်တဲ့ ဆန္ဒတွေလည်း အလုံးစုံ ပြည့်ဝသွားပြီလို့ စိတ်ထဲက မှတ်သားလိုက်ပါ။

သင်ဟာ ငွေကြေးအစီအရင်(သို့မဟုတ်) လိုအင်ဆန္ဒအစီအရင်အတွက် အလွန်အစွမ်းထက်လှတဲ့ မြင်းခွာနဲ့ ဖယောင်းတိုင်အနီတို့ ရှေ့မှာ လုပ်ဆောင်ခဲ့ပြီး ဖြစ်တဲ့အပြင် သင့်စိတ်ဆန္ဒဟာလည်း အလွန်တရာမှ ပြင်းပြနေမယ်ဆိုရင် လိုချင်တဲ့ဆန္ဒအတိုင်း မကြာခင်မှာ ဖြစ်ထွန်းမှုတွေ ကြုံလာတာကို ကိုယ်တွေ့ကြုံပါလိမ့်မယ်။


ဒီအစီအရင်မှာ သတိပြုဖို့ လိုအပ်တာတစ်ခုကတော့ မိမိအနေဖြင့် တကယ်စိတ်ထဲကနေ လိုလိုလားလားဖြစ်ချင်တဲ့ ဆန္ဒတစ်ခုအတွက်သာ အသုံးပြုပါ။ တကယ်တမ်း ကိုယ့်အတွက် လိုအပ်တာမျိုး မရှိသေးဘဲနဲ့ မလုပ်ပါနဲ့။

ဘာလို့လဲဆိုတော့ ဒီအစီအရင်ဟာ လူတစ်ယောက်အတွက် တစ်ခါသာ အစွမ်းထူးကို ပေးမှာဖြစ်ပါတယ်။ တခြားသူအတွက် ကိုယ်စားလုပ်ဆောင်ပေးလို့မရတဲ့ အစီအရင်တစ်ခုလည်း ဖြစ်ပါကြောင်း။





## နှလုံးသားနှင့်ကိုက်ညီမယ့် ချစ်သူ့ပုံရိပ်လွှာ



အချစ်ရေးမှာ ရွေးချယ်ရမယ့်သူ တစ်ယောက်ထက်ပိုနေပြီ ဆိုရင် အသုံးပြုရတဲ့ အချစ်အစီအရင် ဖြစ်ပါတယ်။ ကိုယ့်နှလုံးသားက တကယ်လက်ခံနိုင်မယ့် ချစ်သူကို ပြတ်သားစွာ ရွေးချယ်ပေးနိုင်တဲ့ အစီအရင် လို့လည်း ဆိုချင်ပါတယ်။

လိုအပ်တဲ့ ပစ္စည်းများကတော့ ဗာဒံစေ့ (၃)စေ့၊ စပျစ်သီးခြောက် (၃)စေ့ တို့ဖြစ်ပါတယ်။ သင်အိပ်စက်မယ့် အိပ်ရာရဲ့ခေါင်းအုံးအောက်မှာ ဗာဒံ(ဗန်ဒါ)စေ့ (၃)စေ့၊ စပျစ်သီးခြောက်(၃)စေ့တို့ကို မအိပ်ခင်မှာ ဇလတ်စတစ်အိတ်လေးနဲ့ လုံခြုံစွာ ထည့်ထားလိုက်ပါ။

ပြီးရင် သင်မအိပ်စက်မီ နွားနို့နွေးနွေးလေးတစ်ခွက်ထဲမှာ ပျားရည်စစ်စစ်လေး လက်ဖက်ရည်တစ်ဇွန်း ရောစပ်ပြီး သောက်လိုက်ပါ၊ သင် သိချင်ပါတယ်ဆိုတဲ့ သင့်နှလုံးသားက လက်ခံမယ့်သူကို စိတ်က မှန်းဆတွေးနေရင်း အိပ်စက်လိုက်ပါ။

သင့်ရဲ့အိပ်မက်ထဲမှာ သင့်နှလုံးသားနဲ့ ကိုက်ညီမယ့် ချစ်သူရဲ့ ပုံရိပ်လွှာကို အိပ်မက်တစ်ခုအဖြစ် မြင်မက်နိုင်ပါတယ်။ ရွေးရမယ့်သူ နှစ်ယောက်ဖြစ်နေမှ သုံးရတဲ့ အစီအရင်ဆိုတာကိုတော့ မမေ့နဲ့နော်။

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ရောင်ကိုယ်ဝါ ရှင်းသန့်ဖို့ နည်းလမ်းများ



သင်ဟာ လျှို့ဝှက်ဆန်းကြယ်တဲ့ လောကတစ်ခုထဲကို ခြေဆန့်ဖို့ ပြင်ဆင်နေပြီဆိုရင် သာမန်လူတွေနဲ့ မတူ၊ ထူးခြားတဲ့ စွမ်းအင်ရောင်ဝါတွေရဖို့အတွက် ကိုယ်ရောင်ကိုယ်ဝါ Aura ကို ရှင်းသန့်အောင် ထားရပါလိမ့်မယ်။

ဒီအတွက် အတွင်းစိတ်သဏ္ဌာန်နဲ့ ကိုယ်ရောင်ကိုယ်ဝါ သန့်ရှင်းဖို့အတွက် မဖြစ်မနေ လုပ်ဆောင်ရမယ့် နည်းလမ်း (၇)သွယ်ရှိပါတယ်။ ကျန်းမာရေးအတွက်ရော၊ အစစ အရာရာ ကောင်းမွန်နေစေဖို့အတွက် သင်လုပ်ဆောင်သင့်တဲ့ အချက်(၇)ချက်ကတော့ -


၁) မနက်တိုင်း ရေသောက်တဲ့အခါမှာ ရေနဲ့အတူ Lemon ရှောက်သံပုရာရည်ကို ရောစပ်သောက်သုံးပေးပါ။

၂) တစ်နေ့တာမှာ တစ်နာရီလောက် သဘာဝရဲ့နေ့အလင်းရောင်အောက်မှာ နေထိုင်ပေးပါ။

၃) ရေကုထုံးအဖြစ် ခန္ဓာကိုယ်ထဲကို ရေများများ ဝင်အောင် သောက်သုံးပေးပါ။







၄) မအိပ်ခင်မှာ သာယာငြိမ့်ညောင်းတဲ့ တေးဂီတသံကို နားဆင် ခံစားပါ။

၅) ဖုန်း၊ Gadget၊ လျှပ်စစ်ပစ္စည်း၊ အသုံးပြုမှုကို လျှော့ချပါ။ ပြင်ပလောကရဲ့ Electrical Wave ဆွဲအားတွေ သင့်ကိုယ်အနီးနားမှာ အမြဲတမ်း ရှိမနေစေဖို့ လိုအပ်ပါတယ်။

၆) တစ်ပတ်မှာ အနည်းဆုံး (၂)ကြိမ်မှ (၃)ကြိမ်တိုင် စိတ်တည်ငြိမ်အောင် တရားထိုင်ပါ။ တရားထိုင်ရာမှာ ကိုယ့်ရဲ့ပြင်ပ ခန္ဓာကိုယ်ကို အရင်ဆုံး သန့်ရှင်းအောင် လုပ်ဆောင်ပါ။ ပြီးရင် ပုံမှာ ဖော်ပြထားတဲ့အတိုင်း ကိုယ်ကို မတ်မတ်အနေအထားဖြင့် ထိုင်ပါ။

အားလုံး စိတ်အေးချမ်းသာ အခြေအနေမှာ ရှိနေပြီဆိုရင် သင့်ရဲ့ စိတ်ကူးအမြင်မှာ ဦးခေါင်းထက်ကနေ အဖြူရောင် အလင်းတန်းတစ်ခုဟာ သင့်ကိုယ်ထဲကို ဖြတ်သန်းစီးဆင်းပြီလို့ အာရုံပြုပါ။

အဖြူရောင် အလင်းတန်းကြီးဟာ ဦးခေါင်းထက်ကနေ တဆင့် သင့်ခန္ဓာကိုယ်အတွင်းထဲထိ ဝင်ရောက်ကာ Body တစ်ခုလုံးရဲ့နေရာအနှံ့ လက်ဖျား၊ ခြေဖျားအထိ ဖြန့်ကျက်ပြီး စီးဆင်းနေတယ်လို့ ခံယူလိုက်ပါ။

ကိုယ်တွင်းမှာ ဖြတ်သန်းစီးဆင်းနေတဲ့ အဲဒီအဖြူရောင် အလင်းတန်းကနေ သင့်ကိုယ်တွင်းက မမြင်ရတဲ့ မကောင်းတဲ့ အညစ်အကြေးတွေဟာ အမည်းစက်များအဖြစ် ဖယ်ရှားတွန်းထုတ်နေပြီလို့လည်း ခံယူပါ။

တစ်ချိန်တည်းမှာ သင့်ကိုယ်ထဲက စိတ်တင်းကြပ်နေတာတွေ၊ စိတ်ပူပန်တာတွေ၊ စိတ်ညစ်ညူးနေတာတွေလည်း တစ်ပါတည်း ပါသွားပြီလို့ တွေးထားပါ။

အမည်းစက်လေးများဟာ နောက်ဆုံး တစ်စက်၊ နှစ်စက် ကျန်အာတာအစ သင့်ကိုယ်ထဲကနေ အားလုံး ထွက်သွားပြီဆိုတော့မှ အဖြူ



www.burmeseclassic.com

www.burmeseclassic.com





ရောင် အလင်းတန်းနဲ့ သန့်ရှင်းစင်ကြယ်ခြင်းကို ရပ်တန့်လိုက်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ သင့်ရဲ့ခန္ဓာကိုယ်နဲ့ ဝိညာဉ်တော်တို့ဟာ အလုံးစုံ သန့်ရှင်းသွားမှာ ဖြစ်ပါတယ်။

၇) နောက်ဆုံး အချက်ကတော့ အယ်လ်ကိုဟောပါဝင်တဲ့ အရက်ဘီယာနဲ့ မူးယစ်ဆေးဝါး အသုံးပြုမှုကိုလည်း ရှောင်ရှားရပါလိမ့်မယ်။ ဒီအရာတွေကို သင်လိုက်နာ ဆောင်ရွက်နိုင်ခဲ့ရင် သင့်ရဲ့ကိုယ်ရောင်ကိုယ်ဝါဟာ သာမန်လူတွေထက် ထူးခြားပြီး အပြင်ရော အတွင်းသဏ္ဍာန်ပါ တောက်ပြောင် ရှင်းသန့်လာပါလိမ့်မယ်။

❑








www.burmeseclassic.com

www.burmeseclassic.com

# မီးနိုးရောင် လောကီပညာရပ် (၂၃)



မှော်အတတ်ကို လေ့လာသူများအနေဖြင့် သင်ဟာ ထူးဆန်းတဲ့ လောကတစ်ခုထဲကို ချဉ်းကပ်တော့မယ်ဆိုရင် သင့်အတွက် မရှိမဖြစ် လိုအပ်လာတာကတော့ မှော်နာမည်တစ်ခုဖြစ်ပါတယ်။

သင့်ကို ဘယ်သူဖြစ်တယ်လို့ တံဆိပ်ကပ်မဲ့ အရာလို့ သင့်ရဲ့မှော်နာမည်ကို ပေါ့ပေါ့တန်တန် သဘောမထားပါနဲ့။ ဒီ့ထက် ပိုပါတယ်။ သင်ဟာ ထူးခြားတဲ့ ကမ္ဘာသစ်တစ်ခုမှာ လှုပ်ရှား ရပ်တည်ဖို့အတွက် သင့်မှာ နာမည်တစ်ခု လိုအပ်ပါတယ်။ သင့်ရဲ့မှော်အစွမ်းတွေကိုလည်း ဒီနာမည်က ကိုယ်စားပြုနေမှာမို့ အလွန် အရေးပါတယ်လို့ သတ်မှတ်ပါ။

တချို့က မှော်အတတ်ပညာ ခရီးရှည်ကြီးအတွက် နာမည်ကို နှစ်မျိုး၊ သုံးမျိုးတောင် ထားတတ်ကြပါတယ်။ မိမိရဲ့စိတ်ကြိုက် လိုအပ်သလို သုံးစွဲနိုင်ပါတယ်။

## မှော်အမည်နာမ ရွေးချယ်နည်း

မှော်အမည်နာမတစ်ခုကို ရွေးချယ်ရာမှာ ကိုယ့်အတွက် နာမည်ကို ကိုယ့်ဘာသာ ရှာဖွေတာ အကောင်းဆုံးလို့ အကြံပြုချင်ပါတယ်။ ဒီလို







ရွေးချယ်ရာမှာ သင်ဟာ အကြားအမြင်၊ ဗဟုသုတများနှင့် ပြည့်စုံဖို့ လိုအပ်ပါတယ်။ စာများများ ဖတ်ပေးပါ။

ပြီးတော့ ကိုယ့်ရဲ့ယဉ်ကျေးမှု၊ ကိုယ့်ရဲ့ ရိုးရာဓလေ့ထုံးတမ်းတွေ အပေါ်မှာ အမှီပြုပြီး ကိုယ်ကြိုက်နှစ်သက်သလို၊ အမည်နာမတွေ တစ်ခုမက ထားနိုင်ပါတယ်။ မှော်နာမည် ရွေးချယ်ရာမှာ ဒဏ္ဍာရီထဲက နာမည်တွေ၊ ရုပ်ဝတ္ထု တစ်ခုခု၊ ကိုယ် နှစ်သက်ရာ အရောင်တစ်မျိုးမျိုးရဲ့နာမည်၊ ကိုယ်ချစ်ခင်တဲ့ ကိုယ့်အတွက် ခွန်အားတို့ ပေးစွမ်းနိုင်မယ်လို့ ထင်ရတဲ့ တိရစ္ဆာန်များရဲ့နာမည်ကိုလည်း ပေးနိုင်ပါတယ်။

တချို့ကတော့ ကိုယ့်ရဲ့အိပ်မက်ကပေးတဲ့ နာမည်ကို ယူတတ်ကြပါတယ်။ တချို့ကျတော့လည်း ကိုယ့်အမြင်အာရုံမှာ ဖမ်းစားလာတဲ့ ပုံရိပ်တစ်ခုကို စွဲမှတ်ပြီး မှည့်လိုက်တာမျိုး၊ တခြားသော အကြောင်း အမျိုးမျိုးနဲ့ ဆက်စပ်ပြီးတော့လည်း မှည့်နိုင်ပါတယ်။

လူကိုအကျိုးပြုတဲ့ အသီးအပွင့်တွေ၊ ဆေးစွမ်းထက်တဲ့ အပင်တွေရဲ့အမည်နာမတွေကိုလည်း ယူနိုင်ပါတယ်။ တချို့က စကြာဝဠာထဲက ဂြိုဟ်တွေ၊ ကြယ်တွေရဲ့နာမည်၊ နတ်ဘုရားတွေရဲ့နာမည်တွေ စသည်ဖြင့် အမျိုးမျိုး မှည့်ကြပါတယ်။

အဓိကပြောချင်တာကတော့ မှော်အမည်နာမ ရွေးချယ်ရာမှာ ကိုယ့်စိတ်ထဲက အနှစ်သက်ဆုံး၊ ကိုယ်နဲ့ ဆက်နွယ်မှုရှိတယ်လို့ အလိုလို ထင်မှတ်နေတဲ့အထဲက ရွေးချယ်တာ အကောင်းဆုံး ဖြစ်ပါတယ်။

ဆိုကြပါစို့ . .။ ကိုယ်ကြိုက်တဲ့ အရာတစ်ခုက ရှိနေပြီ၊ ဒါကိုမှ ဆန်းဆန်းပြားပြားလေး မှည့်ချင်တယ်ဆိုရင် ဥပမာအားဖြင့် Moon လမင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ယူမယ်ဆိုရင် လမင်း Moon ဆိုတာကြီးပဲဆိုရင် မကောင်းပါဘူး။ ဒီတော့ Moon ကိုမှ ရှေ့ကနေ Silver Moon၊ သို့မဟုတ် အရောင်နာမည်နဲ့တွဲမယ်ဆိုရင် Blue Moon စသည်ဖြင့် နာမည် အသစ်အဆန်းကို ရွေးနိုင်ပါတယ်၊ ဒါကိုမှ မိန်းကလေးဆိုရင် Lady Silver Moon စသည်ဖြင့် ပေးနိုင်ပါတယ်၊

တချို့ကတော့ ကိုယ်စားပြု Zodiac Signs တွေထဲက နက္ခတ်တွေကို အစွဲပြုပြီးတော့လည်း မှည့်ကြပါတယ်၊

ဥပမာအားဖြင့် -

Aries - (မတ် ၂၁ မှ ဧပြီ ၁၉)
Taurus - (ဧပြီ ၂၀ မှ မေ ၂၀)
Gemini - (မေ ၂၁ မှ ဇွန် ၂၀)
Cancer - (ဇွန် ၂၁ မှ ဇူလိုင် ၂၂)
Leo - (ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂)
Virgo - (ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂)
Libra - (စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂)
Scorpio - (အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၁)
Sagittarius - (နိုဝင်ဘာ ၂၂ မှ ဒီဇင်ဘာ ၂၁)
Capricon - (ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၁၉)
Aquarius - (ဇန်နဝါရီ ၂၀ မှ ဖေဖော်ဝါရီ ၁၈)
Pisces - (ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀) တို့ဖြစ်ပါတယ်၊

ကိုယ်မွေးတဲ့ ရာသီအလိုက် နာမည်က မှည့်ခေါ်လို့ ကောင်းတယ်ဆိုရင် ဒီအမည်များ ပေးလို့ရသလို၊ ဆန်းသစ်တဲ့ အိုင်ဒီယာများနဲ့လည်း ထပ်တိုး မှည့်ခေါ်နိုင်ပါတယ်၊

တချို့ကျတော့ နတ်ဘုရားတွေရဲ့အမည်နာမတွေကို မှည့်ခေါ်ကြပါတယ်၊ Artemis၊ Hades၊ Diana စသည်ဖြင့် အမည်နာမယူကြပါတယ်၊ ဆဌမအာရုံမှာ လစဉ်ဖော်ပြနေတဲ့ ဂရိနတ်ဘုရားတွေရဲ့အမည်နာမတွေကိုလည်း ကိုယ့်ရဲ့စိတ်ကြိုက် မှော်ဝင်နာမည်အဖြစ် အသုံးပြုနိုင်ပါတယ်၊





## အသုံးများသော မှော်ဝင်နာမည်များ



Diana (ဒိုင်ယာနာ) - ရောမ လမင်းအစွဲပြု နတ်ဘုရားမရဲ့နာမည် ဖြစ်တယ်၊ သားကောင်လိုက်တဲ့နေရာမှာ အလွန် ကျွမ်းကျင်တဲ့ လနတ်ဘုရားမ ဖြစ်ပါတယ်၊

Lavender (လာဗန်ဒါ) - မှော်အတတ်မှာ အသုံးအတည့်ဆုံး သဘာဝ ဆေးဖက်ဝင် အပင်ဖြစ်ပါတယ်၊

Sionnach (ဆီအွန်နက်ရှ်) - မြေခွေးတစ်ကောင်ရဲ့ အမည် ဖြစ်ပါတယ်၊ Celtic မှော်အတတ်မှာ သုံးတဲ့ နာမည်ဖြစ်ပြီး တိရစ္ဆာန်တွေထဲမှာ အရိုင်းဆုံး ဖြစ်ပါတယ်၊

Hazel (ဟေဇယ်) - Celtic မှော်ပညာသစ်ပင်ရဲ့အမည်နာမ ဖြစ်ပါတယ်၊ ပညာနဲ့ အကြားအမြင်ရှိခြင်းကို ဖော်ညွှန်းပါတယ်၊

Amethysl (အန်းမသစ်) - ရတနာတွေထဲမှာ ကုစားနိုင်ခြင်းနဲ့ [illegible]တို့ အကာအကွယ်ပေးတယ်ဆိုတဲ့ သဘာဝကျောက်တစ်မျိုး ဖြစ်ပါတယ်၊ မှော်အတတ်မှာ အသုံးများတဲ့ နာမည်ဖြစ်တယ်၊

Scarlet (စကားလက်) - သွေးရဲ့အရောင်ဖြစ်ပြီး ဒီအမည်ကတော့ ဘဝရဲ့အင်အားလို့ အဓိပ္ပါယ်ထွက်နိုင်ပါတယ်၊

Anastastia (အန်နာ စတားရှား) - ဒီနာမည်က မှော်ဆရာမတွေ အများဆုံး ရွေးချယ်သုံးကြပါတယ်၊ ဇာဘုရင်ရဲ့ ပျောက်သွားတဲ့ သမီးတော် ဖြစ်ပါတယ်၊ သေပြီးမှ ပြန်လည်နိုးထလာသူလို့ ဆိုပါတယ်၊

Ariel (အေရီရယ်) - ခြင်္သေ့ နတ်ဘုရား ဖြစ်ပါတယ်၊ ရေသူမ[illegible]လည်း သုံးစွဲကြပါတယ်၊ တချို့က မှင်စာလို့ ယူဆပါတယ်၊

Arwen (အာဝမ်) - မင်းမျိုး မင်းနွယ်အမျိုးသမီးဖြစ်ပါတယ်၊ Lord Of the Ring ရဲ့မင်းသမီး (၁၁)ပါးထဲက ဖြစ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



Astoria (အက်စတိုးရီးယား) - ပင်လယ်ကမ်းခြေမြို့တစ်ခုရဲ့ အမည်နာမဖြစ်ပြီး အဓိပ္ပါယ်က ဒဏ္ဍာရီလို့လည်း ပြန်ဆိုနိုင်ပါတယ်။

Astra (အက်စ်တြာ) - လက်တင်လို ကြယ်တာရာများ လို့ အဓိပ္ပါယ် ပြန်နိုင်ပြီး တချို့ကတော့ အံ့ဖွယ် လုပခြင်းကို ရည်ညွှန်းတယ်လို့ ဆိုကြပါတယ်။

Farasha (ဖာရားရှား) - အာရေဗျဘာသာမှာ လိပ်ပြာကို ခေါ်တာ ဖြစ်ပါတယ်။ ဥပမာ လေဒီ ဖာရားရှား (မှော်ဝင် လိပ်ပြာမလေး) ဆိုတာမျိုးပေါ့။

Forsythia (ဖော်ဆီးသီးယား) - အဝါရောင် ပန်းသေးသေးလေးတွေရဲ့ အမည်နာမ ဖြစ်ပါတယ်။

Freya (ဖရီးယာ) - အချစ်နဲ့စစ် နတ်ဘုရားမရဲ့ အမည်ဖြစ်ပါတယ်။ မှော်အတတ်ကို လေ့လာသူ မိန်းကလေးအများစုဟာ ဒီနာမည်ကို ပေးတတ်ကြပါတယ်။

Gwyneira (ဂိုင်နီးရား) - စနိုးဝှိုက်ရဲ့နာမည် နောက်တစ်မျိုးလို့ သိရပါတယ်။

Luneth (လူးနက်) - မှော်ဝင်နာမည်တစ်မျိုးဖြစ်ပြီး ယောကျ်ားလေး၊ မိန်းကလေးတိုင်း သုံးစွဲနိုင်ပါတယ်။

Morwenna (မော်ဝမ်နား) - အဏ္ဏဝါ ပင်လယ်နတ်တစ်ပါးရဲ့ အမည် ဖြစ်ပါတယ်။ မော်ဂန်နားရဲ့အမွှား နာမည် နောက်တစ်မျိုးလို့လည်း ယူဆကြပါတယ်။

Ondine (အွန်ဒိုင်း) - ရေလှိုင်းလေးတွေကို ကိုယ်စားပြုတဲ့ နာမည် ဖြစ်ပါတယ်။

Ophelia (အော့ဖီးလီးယား) - ဟမ်းမလက်ရဲ့ အမျိုးသမီး သူရဲကောင်းရဲ့နာမည် ဖြစ်ပါတယ်။ အော့ဖီးလီးယား လေဒီလို့ မှည့်ခေါ် နိုင်ပါတယ်။

Oriel (အိုရီယယ်) - အေရီရယ်နဲ့ အသံထွက်တူတဲ့ နာမည်ဖြစ်ပြီး ရွှေလို့ အဓိပ္ပါယ်ရပါတယ်။

Saffron (ဆက်ဖရွန်) - မှော်အမည် အကောင်းစား တစ်ခု ဖြစ်





ပြီး ယောကျ်ားလေး၊ မိန်းကလေး မှည့်ခေါ်နိုင်ပါတယ်။ တန်ခိုးရှင် တစ်ဦးရဲ့ အမည်နာမ ဖြစ်ပါတယ်။



Senna (ဆန်နာ) - အာရေဗျဘာသာမှာ တောက်ပခြင်းလို့ အဓိပ္ပါယ် ထွက်ဆိုထားပြီး ရုက္ခဗေဒဆိုင်ရာ နာမည်တစ်မျိုးလည်း ဖြစ်ပါတယ်။

Aphrodite (အက်ဖရိုဒိုက်) - အချစ်နဲ့ အလှအပ နတ်သမီး တစ်ပါး ဖြစ်ပါတယ်။

Horus (ဟိုးရပ်စ်) - ယောကျ်ားလေးများအတွက် နာမည်ကောင်း ဖြစ်ပြီး အီဂျစ်ရဲ့ ကောင်းကင်နတ်ဘုရား ဖြစ်ပါတယ်။

Hades (ဟေးဒီး) - မြေအောက်ကမ္ဘာရဲ့ နတ်မင်းကြီး အမည် ဖြစ်ပါတယ်။

Minerva (မီနာဗာ) - ဉာဏ်ပညာနှင့် သက်ဆိုင်တဲ့ နတ်သမီး တစ်ပါးရဲ့ အမည်နာမ ဖြစ်ပါတယ်။

Raven (ရာဗန်) - တောကျီးကန်းရဲ့ အမည်နာမဖြစ်ပြီး တောကျီးကန်းတွေဟာ မြို့ကျီးကန်းတွေထက် အတောင်စွန်းရှိ အမွေးများဟာ ကြီးမားသလို၊ သူတို့မှာ မမြင်နိုင်တဲ့ မှော်အစွမ်းတွေ ရှိပါတယ်။ ဒါကြောင့် မှော်နာမည်ကို Dark Raven စသည်ဖြင့် ပေးနိုင်ပါတယ်။

Gaia (ဂီး) - မြေစောင့်နတ်သမီးရဲ့ အမည် ဖြစ်ပါတယ်။

Pole Star (ပိုလီစတား) - ဓူဝံကြယ်ရဲ့ နာမည် ဖြစ်ပါတယ်။ Polaris လို့လည်း တချို့က ခေါ်ဆိုကြပါတယ်။ ယခု ဖော်ပြသွားတဲ့ နာမည်တွေကတော့ အသုံးများလှတဲ့ မှော်နာမည်များပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဆွဲတစ်ချက်တစ်ခုကိုတော့ ချန်လှပ်ထားပါတယ်။ သင်တို့ မှော်အတတ် [illegible]သတ်လို့ ပြည့်ဝပြီဆိုတဲ့အချိန်ကျမှ ဖော်ပြပေးပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းမှာတော့ ဘယ်သူတွေက ဘာပဲပြောပြော၊ သင်နဲ့ အံ့ဝင်ခွင်ကျဖြစ်တဲ့ နာမည်ကို တွေ့ပြီဆိုရင် အဲဒီနာမည်ဟာ သင့်အတွက်ပဲဆိုတာ သင့်စိတ်ထဲက အလိုလို သိလာပါလိမ့်မယ်၊ ကိုယ့်စိတ်ကြိုက် အမည်နာမကို ရှာဖွေပါ၊

## အိပ်မက်များကို ထိန်းချုပ်ခြင်း



မော်နာမည် ရွေးချယ်ပြီးရင်တော့ အိပ်မက်များကို ထိန်းချုပ်တဲ့ ပထမအဆင့်ကို စတင်ပါမယ်၊ မော်အတတ်ရဲ့ စွမ်းအားတွေကို ရဖို့ဆိုရင် သင်ဟာ အိပ်မက်ကို ကောင်းကောင်း အသုံးချတတ်ရမယ်၊ အိပ်မက်တွေကို ကောင်းကောင်း သိရှိနားလည်ဖို့ လိုအပ်ပါတယ်၊


အိပ်မက်ကနေ ရရှိလာတဲ့ အကြံအစည်များ၊ စိတ်ကူး စိတ်သန်းများ၊ အိပ်မက်ကနေ သွားရတဲ့ ဝိညာဉ်လွင့်ခြင်း ခရီးစဉ်များ အကြောင်းကို မော်အတတ်ကို လေ့လာသူတိုင်း မဖြစ်မနေ သိရပါလိမ့်မယ်၊

ဒီအဆင့်က သင့်ရဲ့ အိပ်မက်တွေကို သင်ကိုယ်တိုင် လိုသလို စတင် ပုံဖော်ရတော့မယ့် အဆင့် ဖြစ်ပါတယ်၊ ပထမဆုံး သင့်အိပ်မက်ကို ထိန်းချုပ်နိုင်ဖို့ ဆိုရင် အိပ်ရာမဝင်ခင်မှာ ကြိုတင် အကွက်ချ ပြင်ဆင်ဖို့ လိုအပ်ပါတယ်၊

ယခု အိပ်မက်များကို ထိန်းချုပ်ခြင်းအဆင့်ဟာ နောက်ပိုင်းမှာ







တွေ့ရမယ့် အိပ်မက်များကို ပြန် ခေါ်ခြင်း၊ သုံးသပ်ခြင်း အဆင့်များနဲ့ ဆင်တူပါတယ်၊ ဒီနည်းလမ်း နှစ်သွယ်စလုံးဟာ မိမိ ကိုယ်နဲ့စိတ်ကို ကိုယ့်ကိုယ်တိုင် အိပ်မွေ့ချတာနဲ့ အတူတူပါပဲ၊

သင့်အိပ်မက်ကို သင် လိုသလို အသုံးချနိုင်ဖို့ဆိုရင် အရင်ဆုံး သင် အိပ်ရာပေါ်ကို အိပ်မယ်လို့ လှဲချလိုက်တာနဲ့ သင်မက်ချင်တဲ့ အကြောင်းအရာကို ဘယ်လို အိပ်မက်မျိုး မက်ချင်တယ်လို့ အဆက်မပြတ် ပြောပေးရပါမယ်၊

သင့် ခန္ဓာကိုယ် အိပ်မပျော်မီ ကြားအချိန် Awake State မှာ သင် လုပ်နိုင်တာတွေ အများကြီး ရှိပါတယ်၊ ဥပမာ ..မနက်ဖြန် ရူပဗေဒ စာမေးပွဲ ဖြေရမယ်ဆိုပါတော့၊ "အိပ်မက်ထဲမှာ ရူပဗေဒ စာမေးပွဲ ဖြေချင်တယ်" လို့ အဆက်မပြတ် ပြောပေးပါ၊

ဒါက ပထမ အဆင့်ဖြစ်ပါတယ်၊

မနက်ဖြန်ဖြေရမယ့် ဘာသာကို တစ်ရက်ကြိုတင်ပြီး အိပ်မက်ထဲမှာ အစမ်းသဘော သွားရောက် ဖြေကြည့်ခြင်း ဖြစ်ပါတယ်၊ ဒါက ဥပမာပေးတာပါ၊ ဆိုလိုချင်တဲ့ အဓိပ္ပါယ်ကတော့ မနက်ဖြန်မှာ သင် မဖြစ်မနေ လုပ်ကို လုပ်ရမယ့် အလုပ်တစ်ခုကို အိပ်မက်ထဲကနေ အရင်ဆုံး သွားခိုး လုပ်နိုင်ခြင်း ဖြစ်ပါတယ်၊

နောက်တစ်နေ့ နိုးလာတဲ့အချိန်မှာ တကယ့် စာမေးပွဲကို ဖြေကြည့်တဲ့အခါ သင် ပိုပြီး ဖြေနိုင်တာကို တွေ့ပါလိမ့်မယ်၊ ဒီလိုပဲ သင်လုပ်ကို လုပ်ရမယ့် အလုပ်ကိုလည်း အိပ်မက်ထဲမှာ ဒီနည်းအတိုင်း သွားထားရင် သင် လက်တွေ့လုပ်တဲ့အချိန်မှာ ပိုပြီး အောင်မြင်တာကို တွေ့ရပါမယ်၊

ဒီနည်းလမ်းနဲ့ အံ့သြဖွယ်ကောင်းတဲ့ အရာတွေကို အများကြီး သင်တွေ့သိလာမှာလည်း ဖြစ်ပါတယ်၊ ကွယ်လွန်ပြီး ဝိညာဉ်ဘဝကို

www.burmeseclassic.com

www.burmeseclassic.com




ရောက်နေတဲ့သူတွေနဲ့လည်း အိပ်မက်ထဲမှာ သင်ဆုံနိုင်ပါတယ်။ ကိုယ် တစ်ခါမှ မမြင်ဘူးတဲ့သူတွေ ကိုယ့်ဆီ လာလည်တဲ့ အဆင့် အထိ သင် လုပ်ဆောင်နိုင်ပါတယ်။

သင့်စိတ်ထဲမှာ ဖြစ်ချင်တဲ့ဆန္ဒ၊ အရာအားလုံးကို အိပ်မက်ထဲကို ခေါ်ယူနိုင်တဲ့အတွက် စိတ်ချမ်းသာပြည့်ဝမှုတွေလည်း အများကြီး ရလာပါလိမ့်မယ်။

ဒီအဆင့်မှာ သင်ဟာ အိပ်မက်မက်တတ်အောင် ကြိုးစားရမယ်၊ ကိုယ့်ကိုယ်ကိုယ် အိပ်မွေ့ချတဲ့ သဘော၊ ကိုယ်မက်ချင်တဲ့ အိပ်မက်.မက်ရအောင် မအိပ်ခင်၊ သိစိတ်နဲ့ မသိစိတ်တို့ ကြားအချိန်မှာ ကိုယ့်ဆန္ဒကို မပြတ်တမ်းရွတ်ပြီး အကောင်အထည် ဖော်ရမှာပဲ ဖြစ်ပါတယ်။

ဒါကိုလုပ်နိုင်ရင် နောက်ပိုင်း သင်မက်ချင်တဲ့ အိပ်မက်မျိုးတွေကို ရွေးချယ်ခွင့် ရှိလာပါလိမ့်မယ်။ ချစ်သူနဲ့ ပျော်ပျော်ပါးပါး လျှောက်လည်မလား၊ သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် သွားကြမလား . . ရနိုင်ပါလိမ့်မယ်။

## သတိပြုလိုက်နာရမည့် အချက်

ဒါပြီးရင်တော့ ခက်ခဲတဲ့အပိုင်းကို ရောက်လာပါပြီ၊ သင်ဟာ ကိုယ်မက်ချင်တဲ့ အိပ်မက်ကို မက်နိုင်ပြီဆိုရင် ကိုယ့်ဦးနှောက်ကို အဲဒီ အိပ်မက်ထဲမှာ ပြန်နိုးအောင်လုပ်ပြီး အိပ်မက်ကို ထိန်းချုပ်ဖို့ ဖြစ်ပါတယ်။

သင်ဟာ အိပ်မက်ကို ကောင်းကောင်း ထိန်းချုပ်နိုင်ပြီ ဆိုတော့ ကိုယ်သွားချင်တဲ့ နေရာကို စိတ်ကြိုက်သွားပါ။ ဥပမာအားဖြင့် သင်ဟာ







ရေကြီးနေတဲ့နေရာ၊ မြေငလျင် အကြီးအကျယ် လှုပ်နေတဲ့နေရာတွေကို အိပ်မက်ထဲကနေ သွားလေ့လာချင်တယ် ဆိုပါတော့ . .။

အိပ်မက်ထဲမှာ သင်ဟာ ရေကြီးတဲ့နေရာကို သွားတဲ့အခါ၊ ရေနစ်ပြီး အသက်မရှုနိုင်တော့ဘူးဆိုရင် –

"ငါဟာ ရေအောက်ထဲမှာလည်း အသက်ရှုနိုင်တယ်"လို့ ပြောပေးလိုက်ရုံနဲ့ သင် ဖြစ်ချင်တဲ့ ဆန္ဒအတိုင်း အိပ်မက်ထဲမှာ ဖြစ်နိုင်ပါတယ်။

ဘာလို့လဲဆိုတော့ "ဒါဟာ သင့်အိပ်မက်ဖြစ်တယ်၊ သင်ဖြစ်ချင်တာကို သင်ကိုယ်တိုင် ရွေးချယ်နိုင်ခွင့် ရှိပါတယ်"။ ငလျင်လှုပ်ခတ်နေတဲ့နေရာကို သွားတယ်ဆိုရင်လည်း သင်ဟာ ကောင်းကင်ကနေ ပျံဝဲပြီး ဝေ့ဝဲကြည့်ရှုနိုင်တဲ့ အဖြစ်ကို ရွေးချယ်နိုင်ပါတယ်။

ဒါပေမယ့် တစ်ခု သတိပြုရမှာကတော့ သင်ဟာ အိပ်မက်ကို ထိန်းချုပ်နိုင်သေးရင်တော့ အိပ်မက်ထဲမှာ မှန်းကြပ်ပြီး အန္တရာယ်ဖြစ်နိုင်မယ့်နေရာမျိုးကို မသွားတာ အကောင်းဆုံးဖြစ်ပါတယ်။

## အိပ်မက်ထဲမှာ ပြန်နိုးအောင် လုပ်ဆောင်ခြင်း

ဒါဆိုရင် မေးကြပါလိမ့်မယ်၊ အိပ်မက်ထဲမှာ ဘယ်လိုနည်းလမ်းဖြင့် နိုးအောင်လုပ်မလဲလို့၊ ရှေးအကျဆုံးနဲ့ အရိုးရှင်းဆုံး၊ အလွယ်ကူဆုံးကတော့ သင်အိပ်မက်မက်နေတာကို သိအောင်လုပ်ဖို့ပဲ ဖြစ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်နေစဉ်မှာ သင်ဟာ ကိုယ့်ရဲ့ခြေနဲ့ လက်တို့ကို လှမ်းကြည့်လိုက်ပါ၊ လှမ်းကြည့်နိုင်အောင်လို့လည်း အိပ်မွေ့ချအဆင့်မှာ ပြောထားလို့ ရပါတယ်၊ ဒီလို အိပ်မက်ထဲမှာ ကိုယ့်ခြေနဲ့ လက်တို့ကို မြင်ပြီဆိုရင် ဒါဟာ အိပ်မက်ဆိုတာ သင်သဘောပေါက်ပြီး သင့်ရဲ့အိပ်မက်ကို လိုသလို ထိန်းချုပ်သွားနိုင်ပါလိမ့်မယ်၊

အခု အိပ်မက်ထိန်းချုပ်ခြင်း နည်းလမ်းတွေဟာ တချို့လူတွေအတွက် လုပ်ရတာ လွယ်ပေမယ့်၊ တချို့လူတွေအတွက်တော့ အရမ်းခက်ခဲ နေတတ်ပါတယ်၊ တစ်ခါ နှစ်ခါလုပ်ကြည့်ပြီး မရဘူးဆိုတာနဲ့ လက်လျှော့လိုက်ရင်တော့ သင့်အမှားပါပဲ၊

နောက်တစ်ချက်ကတော့ လူတစ်ယောက်နဲ့ တစ်ယောက်၊ လုပ်ဆောင်မှု အပိုင်းတွေမှာ အမြဲတမ်း ထပ်တူကျအောင် မတူညီနိုင်ဘူးဆိုတာတွေကို နားလည်ထားဖို့ လိုအပ်ပါတယ်၊ စစချင်းမှာ သင်ဟာ ဂစ်တာ တီးကျင့်သလိုပါပဲ၊ ကိုင်ကြည့်လိုက်၊ တီးလို့ မရဘူး၊ လုပ်လို့မရဘူးဆိုပြီး ပြန်ချထားလိုက်နဲ့ အကြိမ်ကြိမ် ဖြစ်နေတတ်ပါတယ်၊

ဒါပေမယ့် စိတ်မပျက်ပါနဲ့ . . ဒီ အိပ်မက်ကျင့်စဉ်အကြောင်းကို သင်သိနေပြီဆိုတာနဲ့ သင့်အတွက် အကျိုးထူးပေးမယ့် အိပ်မက်မျိုးတွေ သင့်ထံကို အလိုလိုရောက်လာတတ်ပါတယ်၊ နောက်ပိုင်းမှာ သင်ဟာ ပိုမိုနားလည် သဘောပေါက်လာပြီး မိမိ လေ့ကျင့်နိုင်သလောက် အမြင့်ပေါက်တဲ့ အဆင့်အထိ သွားလို့ရတယ်ဆိုတာ သိလာပါလိမ့်မယ်၊

ကဲ . . အခုကတော့ အိပ်မက်မက်တတ်အောင်နဲ့ အိပ်မက် ထိန်းချုပ်ခြင်းအဆင့် ပြီးပါပြီ၊ နောက်လမှာ အိပ်မက်များကို ပြန်ခေါ်ခြင်း၊ ပြန်လည် သုံးသပ်ခြင်းများကို ဆက်လက် ဖော်ပြပါမယ်၊ အဲဒီအဆင့်တွေမှာ လက်တွေ့လောကနဲ့ အိပ်မက်ချိတ်ဆက်မှုများ ပါဝင်လာမှာ ဖြစ်ပါတယ်၊

"God Bless You, See you again Next Month."

နောက်လမှာ ပြန်ဆုံကြပါမယ်၊

□






www.burmeseclassic.com

www.burmeseclassic.com





॥ ဘောကာ .. ဤသို့သော သေမင်း ချဉ်းကပ်ခြင်းများကို တွေ့လျှင် ပြန်ပြောပါရန် .. ဒန်အား မှာကြားထားတတ်၏ ။

(၁)

ဤဖြစ်ရပ်ကို မှတ်တမ်းတင်သူမှာ ဝင်နီ၊အီး၊လီဆက် ဆိုသူ အမျိုးသမီးတစ်ဦးဖြစ်ပြီး သူ့အစ်ကိုအကြီးဆုံးဖြစ်သူ "ဒန်"၏အတွေ့အကြုံ များ ဖြစ်လေသည်၊ "ဒန်"သည် ရှေ့ဖြစ်များကို အခြားဘာမျှ မသိသော် လည်း သေခြင်းနှင့်စပ်ဆိုင်သရွေ့ကိုကား ကြိုတင် သိရှိလေ့ရှိတတ်သည် ဟု ဆိုလေ၏ ။

ဤသို့သော မနောမယတန်ခိုးများသည် ရိုးရာအရည်အချင်း တစ်ရပ် ဖြစ်ကောင်း ဖြစ်လာမည်ဟု ဝင်နီ ထင်မှတ်မိသည်၊ အဘယ်ကြောင့် ဆိုသော် သူတို့၏အဖေဘက်မှ အဖွားတစ်ယောက်၌လည်း "မနောမယ တန်ခိုး" ရှိခဲ့လေသည်၊ သို့သော် သူ့အဖွားမှာ ဖြစ်ရပ်မျိုးစုံကို ကြိုတင်သိ နိုင်လေ့ရှိသော်လည်း ဒန်၏ကြိုတင်အသိမှာမူ သေခြင်းတစ်ခုနှင့်သာ ဆ ဆိုင်ရေ၏ ။

"ဒန်"၏ ထူးခြားသော တန်ခိုးကို (၁၉၀၇)ခုနှစ်၊ ဒန် .. ခုနစ်သ အရွယ်က စတင်၍ သူတို့ သိလိုက်ကြရပေသည်၊ တစ်နေ့သ၌ ကျောင်း အပြန်လမ်းတွင် ဒန်က သူ့အမေကို ပြောပြသည်မှာ သူတို့ကျောင်းအ ကြီးသည် "သေတ္တာရှည်ကြီး"ထဲတွင် အိပ်စက်နေကြောင်း မြင်မြင်







ကြောင်းကို ပြောပြ၏ ။

နောက်သုံးရက်ခန့် ကြာသောအခါ ဒန်၏ ကျောင်းအုပ် ဆရာကြီးသည် နလုံးရောဂါဖြင့် ရုတ်တရက် အမောဖောက်ကာ သေဆုံးသွားလေတော့သည်၊

ဒန်သည် အရွယ်ရောက် ၍ကြီးပြင်းလာသောအခါ သူ့တွင် ရှိသော ဤထူးခြားသော အရည်အချင်း ကိုစက်ဆုပ်ပြီး လိုလားခြင်း မရှိတော့ပေ။

အထူးသဖြင့် ဆွေမျိုးသားချင်း တစ်ဦးဦးထံသို့ "သေမင်း" ချဉ်း ကပ်လာသည်ကို တွေ့ရခြင်းကား .. များစွာ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ် ကြောင်း ဒန်က ပြန်ပြောပြခဲ့ဖူးလေသည်၊

သူ၏ပြောဆိုချက်အရ .. "သေမင်း"ကို သူမြင်ရပုံမှာ တစ်မျိုး တစ်ပုံတည်း မဟုတ်ပါချေ၊ တစ်ခါတရံ အရိုးစုဖြစ်၍ တစ်ခါတရံ အဝတ်ခြုံ ထားသော လူပုံသဏ္ဌာန်ဖြစ်၏ ။ တစ်ခါတရံ ပွင့်နေသော ဂူဝဖြစ်ပြီး တစ်ခါ တရံ .. ခေါင်းတလား ဖြစ်တတ်လေသည်၊ တစ်ခါတရံတွင်မူ အရိပ်ကိုသာ တွေ့မြင်ရခြင်းမျိုးလည်း ရှိပေ၏ ။

သူ့အပြောအရ အဆိုးရွားဆုံးကား "သေမင်း၏အနံ့ .." ရရှိခြင်း ပင် ဖြစ်သည်ဆို၏ ။ ထိုအနံ့ကို သူအလွန် ရွံမုန်းကြောင်းမှအပ ထိုအနံ့မျိုး ကို အခြားသူတို့ နားလည်နိုင်စေရန် မည်သို့မျှ သူ ပြန်မပြောနိုင်ချေ၊ (၁၉၃၀)ခုနှစ်က ဝင်နီသည် ဒန်နှင့်အတူ လမ်းလျှောက်လာရာက ရုတ်တ ရက်ဆိုသလိုပင် ဒန်က ခြေစုံရပ်လိုက်၏ ။

သူ့မျက်နှာမှာ နေရိုးနေစဉ်ပင် ညှိုးဝယ်လျက် ရှိတတ်သော်လည်း ယခုအခါတွင် ဖြူဖတ်ဖြူရော်ဖြစ်နေသည်ကိုပါ ဝင်နီ တွေ့လိုက်ရ၏ ။ သူ့ မျက်လုံးများကား ကြောင်တောင်ကြီး ငေးစိုက်နေတော့သည်၊


"ဒီကနေပြီး .. ငါ ရှေ့ဆက်မသွားနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com





ဝင်နီတို့သည် ဤနေရာမှ ပြန်ကွေ့၍ အခြားတစ်လမ်းမှ သွားကြရလေသည်။ ငါးမိနစ်ခန့်ကြာသောအခါ ဒန်က -

"အဲ . . ဟိုနေရာမှာ တစ်ယောက်ယောက်ဟာ ခုနကလေးကပဲ သေသွားရမယ်"ဟု ပြော၏။

ဝင်နီက . . မည်သည့်အရာကို မြင်၍ ဤသို့ပြောကြားကြောင်း မေးမြန်းရာ ဒန်က . . ဘာမှမမြင်ရသော်လည်း သူ အစွမ်းဆုံးဖြစ်သော "သေမင်းအနံ့"ကို ရရှိခြင်းကြောင့် ပြောသည်ဟု ဖြေကြားလေသည်။


ဝင်နီသည် ဒန်၏စကားများကို ယုံကြည်စွာနှင့်ပင် ညနေသတင်းစာကို ဖတ်ရှုရာဖွေရာ ထိုနေရာတွင် လူတစ်ယောက် ကားတိုက်ခံရပြီး သေဆုံးသွားကြောင်း အသေးစိပ် တွေ့မြင် ဖတ်ရှုရလေတော့သည်။ သူတို့ မောင်နှမ ရောက်သောအချိန်၌ သေပြီးကာစ ဖြစ်ဟန်ရှိသော်လည်း လူသာမန်များအဖို့ ဤသို့သော ကားတိုက်ခြင်းမျိုးကို ရိပ်မိနိုင်လောက်သော လက်ရာခြေရာများ မကျန်ရစ်ခဲ့ပါချေ။

## (၂)

(၁၉၂၉)ခုနှစ်၊ အောက်တိုဘာလတွင် သူတို့၏ဖခင်ကြီးသည် အသက်(၄၈) ရှိမည်ဖြစ်လေ၏။ စက်တင်ဘာလ၌ ကိစ္စတစ်ခုရှိ၍ မြို့တော်







သို့သွားရာတွင် ဒန်သည် သူ့ဖခင်နှင့် လိုက်ပါသွားရ၏။ ဒန်သည် စကြံ့န်တစ်ချောက် သူ့အဖေနောက်မှ လိုက်ပါသွားရ၏။

ထိုစဉ်တွင်ပင် ဖြုန်းခနဲ ဒန်၏ မျက်စိများထဲတွင် သူ့ရှေ့က သွားနေသူမှာ သူ့အဖေ ဖြစ်ရမည့်အစား အရိုးစုကြီး ဖြစ်နေသည်ကို တွေ့ရပြီးလျှင် နှစ်စက္ကန့်မျှအကြာ၌ သူ့အဖေပင် ပြန်ဖြစ်နေသည်ကို တွေ့ရသည် ဆို၏။ ဒန်မှာ စိတ်ချောက်ချားလွန်းလှသဖြင့် မူးမေ့လုလုပင် ဖြစ်ခဲ့ရလေသည်။

ဒန်မှာ အိမ်ပြန်ရောက်သောအခါ၌ စိတ်ထိခိုက်၍ ဖျားနာသေးသည်။ ဤအတွေ့အကြုံကို မအောင့်နိုင်၍ သူ့ညီငယ်ကို ဖွင့်ပြောခဲ့သဖြင့် ဝင်နီ သိရခြင်း ဖြစ်၏။ အောက်တိုဘာလတွင် ဖခင်ကြီးသည် မမျှော်လင့်ဘဲ ကင်ဆာရောဂါဖြင့် ကွယ်လွန်လေတော့သည်။

"ဘော့အေဗရီ"ဆိုသူမှာ အသက်(၂၀)ခန့် ရှိ၍ ကျန်းမာသန်စွမ်းသူ ဖြစ်၏။ ဒန်၏ အရင်းနှီးဆုံးသော သူငယ်ချင်းတစ်ယောက်ဖြစ်၍ ဒန်၏ ထူးခြားစွမ်းရည်ကို သိရှိသူဖြစ်ပေရာ ဘော့က . . သူ့အား ဤသို့သော သေမင်း ချဉ်းကပ်ခြင်းများကို တွေ့လျှင် ပြန်ပြောပါရန် . . ဒန်အား မှာကြားထားတတ်၏။

သို့သော်လည်း ဒန်သည် ပြန်လည် မပြောပြနိုင်ခဲ့ပေ။


(၁၉၃၁) ခုနှစ်က ဖြစ်သည်။ သူတို့သည် လုပ်ငန်းခွင်မှအတူ ပြန်လာကြရာ ဘော့သည် လမ်းခွဲသို့ရောက်သောအခါ လူချင်းခွဲလိုက်၏။ ဒန်က . . လှည့်ကြည့်လိုက်ရာ ဘော့၏ဘေးတွင် နက်မှောင်သော အဝတ်ကို ခြုံထားသည့် သဏ္ဌာန်တစ်ခုသည် ဘော့နှင့်ခြေလှမ်းချင်း အညီ ယှဉ်တွဲလျက် လိုက်ပါသွားကြောင်း တွေ့လိုက်ရသည် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com





အိမ်ပြန်ရောက်သောအခါ ဒန်သည် တုန်လှုပ်စွာဖြင့် ဝင်နီအား ခြန်ပြောပြ၏။ သေမင်းသည် ဘော့နှင့် အလွန် နီးကပ်နေကြောင်းလည်း ပြောသေးသည်။ ဒန်သည် စိတ်ထိနိုက်တုန်လှုပ်ခြင်း ပြေပျောက်သွားသောအခါ ဘော့၏အိမ်သို့သွားရောက်ပါသော်လည်း ဘော့မှာ အပြင်ထွက်သွားလေပြီ။

ထို့နောက်တွင်ကား သူသည် ဘော့ကို အသက်ရှင်လျက် မတွေ့ရတော့ပေ။ ဘော့သည် လည်မျို အသက်ရှုလမ်းကြောင်းတွင်ဖြစ်သော အနာရောဂါကြောင့် လမ်းတွင်ပင် သေဆုံးသွားတော့သည်။

ဒန်သည် သေခြင်းတရားနှင့်ပတ်သက်၍ အသိတစ်မျိုးလည်း ရှိသေး၏။ ထိုတစ်မျိုးကား တစ်စုံတစ်ဦး၏အနီးတွင် သေမင်း မချဉ်းကပ်ခြင်းပင် ဖြစ်၏။ ပို၍ရှင်းလင်းအောင် ဆိုရသော် ရုတ်တရက်အားဖြင့် မသေဆုံးနိုင်သေးခြင်းကို သူသိတတ်ခြင်းပင် ဖြစ်လေ၏။

(၁၉၃၉)ခုနှစ်က ဆွေမျိုးတော်စပ်သူ ကလေးငယ်သည် အလွန်ပင် ဖျားနာလေရာ ဆရာဝန်မှာ အသက်ရှင်မည်ကို တာဝန်မခံနိုင်တော့သော အခြေအနေ၌ ဒန်က .. စိတ်မပူနှင့်၊ ဘယ်လိုမှ မသေနိုင်သေး ဟု ဆိုခဲ့သည်။ မကြာမြင့်မီပင် ကလေးငယ်ကား ပြန်လည်၍ ကျန်းမာလာခဲ့လေ၏။

(၃)

ဒန်သည် တစ်ခါတရံ ဝင်နီကို မပြောဘဲ သူ့ညီသာ ပြောပြသည့်







အခါ ပြောပြခဲ့ဖူးလေသည်။ ဆွေမျိုးတစ်ယောက်၊ နှစ်ယောက် သေဆုံးခဲ့စဉ်က ဝင်နီ ဘာမျှ ကြိုတင်၍ မသိခဲ့ပြားသော်လည်း သူ့အစ်ကို ဒန်၏ ညီငယ်ကိုကား ဒန်သည် ကြိုတင်ပြောပြခဲ့ဖူးလေ၏။

အရိုးကိစ္စရပ်များ၌ သုစိမ်းခြင်ပြင်များနှင့် သေမင်းတို့ရောက်ဆုံသော ကိစ္စရပ်များကို ဒန်ကကြို၍ ဝင်နီတို့ကို ပြောထားသော်လည်း သုစိမ်းများဖြစ်၍ တကယ် သေ၊ မသေကို ဝင်နီတို့ မသိခဲ့ရချေ။ သို့သော် ဒန်သည် ဘယ်တော့မှ မမှားဟု ဝင်နီကမူ ပြင်းထန်စွာ ယုံကြည်ပေသည်။

ဝင်နီသည် ခရီးထွက်နေရိုက်ဖြစ်သော (၁၉၄၄)ခုနှစ်၊ နိုဝင်ဘာလတွင် ဒန်သည် သေဆုံးခဲ့လေတော့သည်။ ထိုအချိန်တွင်ကား ဒန်သည် (၄၄)နှစ် ရှိချေပြီ။ ရပ်ဝေး တယ်လီဖုန်းဖြင့် ဝင်နီသည် ဒန်၏ အနိစ္စရောက်ခြင်းကို ကြားသိခဲ့ရပေသည်။ အိမ်သို့လာခဲ့ရာတွင် တစ်လမ်းလုံး ဝင်နီသည် အထပ်ထပ် တွေးတောစူးစမ်းမိသည်။

"သူသေမှာကို .. သူသိရဲ့လား မသိ။ သေမင်းကို သူ တွေ့သွားလေရော့သလား"

အိမ်ရောက်၍ သူ့အစ်ကိုဖြစ်သူ (ဒန်၏ညီငယ်)ကို မေးကြည့်မှ သူ့ပြဿနာမှာ ရှင်းလင်းသွားတော့သည်။ ဒန်သည် မသေဆုံးမီ သေမင်းကို တွေ့မြင်သွားခဲ့သည်။ ဤအကြောင်းကို သူ့ညီ လက်စလီကိုသာ ပြောခဲ့ပေသည်။ မသေဆုံးမီ တနလာ်နေ့က ဒန် .. အလုပ်တက်ရာတွင် ဘုန်းတံတားကလေးသို့ အရောက်၌ အဝတ်ခြုံထားသော သဏ္ဌာန်တစ်ခုသည် ဘုန်းတံတားပေါ်သို့ ခုန်တက်လာ၍ သူနှင့် ယှဉ်တွဲလျှောက်လာသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါ၏။

စက်ရုံအဝင် ဂိတ်ပေါက်ရောက်သောအခါမှ ထိုသက္ကာန်မှာ ပျောက်ကွယ်သွားတော့သည်။ ညနေ စက်ရုံလွှတ်၍ ထွက်လာသောအခါတွင် ထိုသက္ကာန်သည် ဂိတ်ပေါက်ဝ၌ ရပ်စောင့်နေသည်ကို အခြားသူများ မြင်ဟန် မရှိသော်လည်း ဒန်တစ်ယောက်သာ တွေ့ရသည် ဆို၏။

သူ ဂိတ်ဝမှထွက်သောအခါ ထိုသက္ကာန်သည် သူနှင့်ယှဉ် လျှောက်လာပြီး ကုန်းတံတားရောက်သော် ကျော်လွှား၍ ခုန်ဆင်းသွားသည်ဆို၏။ အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့ နှစ်ရက်စလုံး ဤနည်းနှင်နှင်ပင် ဆက်တိုက်ဆိုသလိုပင် တွေ့မြင်ရသည်ဟု ဆိုပေ၏။


ကြာသပတေးနေ့တွင်ကား ဒန်သည် တုပ်ကွေးမိတော့သည်။ ရောဂါမှာ ပြင်းထန်လွန်းရကား နောက်တစ်နေ့ သောကြာရက်တွင် ဒန်သည် သူ မျက်မှန်းတမ်းမိနေသော သေမင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားရရှာတော့သည်။

ဤမှတ်တမ်းမျိုးကို ကျွန်ုပ်တို့ မြန်မာပြည်တွင် မကြားမိသေးချေ။ နိမိတ်ဟုဆိုရအောင်လည်း တံတားပေါ် ခုန်တက်၊ ခုန်ဆင်း နိမိတ်မျိုးကို မကြားဘူးသေးချေ။ တစ်ခုကား ရှိချေသည်။

ကိုယ်စောင့်နတ် တစ်ကျိတ်နှစ်ပါးတွင် အမှောင်ပိုင်းက ကိုယ်စောင့်နတ်(ဝါ)၊ နတ်မိစ္ဆာ(ဝါ) အနိဋ္ဌာရုံကိုသာ ပြသခြင်းကို ဝါသနာပါသော ကိုယ်စောင့်နတ်တစ်ပါးပါး က ဒန်အား ကြိုတင်၍ အသိပေး. ပေးနေခြင်း ဖြစ်သည်ဟု ယူဆရတော့မည် ဖြစ်ပေသတည်း။

❑






# ဆာဂူးကြီးများ၏ ကျင့်စဉ်ဆန်းများ

မင်းသက်ဝင်း

www.burmeseclassic.com

www.burmeseclassic.com





။

သာဓူးတွေဟာ
ခန္ဓာကိုယ်ကို လွန်စွာ ချိုးဖဲ့ပြီး
ဘုရားကို ယုံကြည်လွန်းသူတွေ
ဖြစ်ကြပါတယ်။ ပြင်းပြင်းထန်ထန်
ကျင့်တဲ့အတွက် သူတို့ရဲ့
ယုံကြည်မှုတွေ၊ ကျင့်ကြံမှုတွေဟာ
ထင်မှတ်စရာ မရှိအောင်
ထူးခြားလှပါတယ်။

။

## အရှေ့တိုင်းရဲ့ ပြယုဂ်

အိန္ဒိယနိုင်ငံသားတွေက သာဓူးတွေကို ဘုရားသခင် ပေးတော်မူတဲ့ ပုဂ္ဂိုလ်တွေဆိုပြီး ယုံကြည်လေးစား ကိုးကွယ်လေ့ ကိုးကွယ်ထရှိကြပါတယ်၊ သူတို့မှာ အမြဲတမ်း ဂုဏ်ယူပြောလေ့ရှိတဲ့ အချက်တစ်ချက်ကတော့ သာဓူးဟာ ကမ္ဘာပေါ်မှာ ဘယ်နေရာမှ မရှိဘူး၊ အိန္ဒိယနိုင်ငံ တစ်ခုတည်းမှာသာ ရှိတယ်လို့ ဆိုကြခြင်း ဖြစ်ပါတယ်။

ဤသို့ဆိုလျှင် ထူးခြားဆန်းပြားတဲ့ သာဓူးပုဂ္ဂိုလ်ကြီးများ ဆိုတာ အရှေ့တိုင်းရဲ့ပြယုဂ်တစ်ရပ်လို့ သတ်မှတ်နိုင်ပါတယ်၊

## သာဓူးဆိုသည်မှာ

သာဓူးတွေဟာ ဘာသာရေး ဒဿနိကတွေနဲ့ ဆက်စပ်နေတဲ့သူတွေလည်း ဖြစ်ကြပါတယ်၊ သူတို့ကို တချို့က တစ်ဘက်စွန်းကျလှတဲ့ ဘာသာရေး ယုံကြည်ချက် ပြင်းထန်သူတွေလို့ ဆိုကြပါတယ်။ တချို့ကကျတော့ သာဓူးကို "သညာသိ" လို့ ခေါ်ဆိုကြပြီး "ဗြဟ္မစာရီ ဇကီးရ်" လို့လည်း ခေါ်ဆိုကြပါသေးတယ်၊

မြင့်မြတ်တဲ့ လမ်းစဉ်တွေကို တစိုက်မတ်မတ်၊ ယုံယုံကြည်ကြည်





ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်လို့ ယူဆကြပါတယ်၊ သာဓူးတစ်ယောက်ဖြစ်လာဖို့ရင် အမျိုးအနွယ်၊ ခေတ်စနစ်၊ ဆင်းရဲချမ်းသာ၊ ပျိုခြင်း၊ အိုခြင်းတွေ မရှိပါ၊ ခေတ်ပညာ တတ်တာတို့၊ စာမတတ်တာတို့နှင့်လည်း မသက်ဆိုင်ပါ၊

ဉာဏ်အလင်းရဖို့ အမှန်တကယ် ကျင့်ကြံနေဖို့သာ လိုတယ်လို့ ဆိုကြပါတယ်၊ လောကီအနှောင်အဖွဲ့တွေက လွတ်မြောက်ဖို့၊ သစ္စာတရားကို နက်နက်ရှိုင်းရှိုင်း သိဖို့နဲ့ မြိုးခြံချွေတာခြင်း၊ လောကကျင့်စဉ်များကို ရွေးချယ် ကျင့်ကြံကြဖို့ပဲ ဖြစ်ပါတယ်၊

ပထမဆုံးအနေဖြင့် တဏှာကို သတ်ရမှာ ဖြစ်ပါတယ်၊ စိတ်နဲ့ ခန္ဓာကိုယ်ကို ချစ်တာ ပြောင်းလဲနိုင်ဖို့ အိမ်ထောင်ပြုမှုတွေကို ရှောင်ရှားရပါလိမ့်မယ်၊ သံယောဇဉ် ထားရှိမှု၊ တပ်မက်မှုတွေကို ရှောင်ရှားဖို့ တောထွက်ရပါတယ်၊

တောထွက်ခြင်း၊ ဘာသာရေးစည်းကမ်းချက်များကို လိုက်နာခြင်း၊ တရားထိုင်ခြင်း၊ ဆင်းရဲဒုက္ခခံယူခြင်း စတဲ့ နည်းလမ်းအမျိုးမျိုးကို ကျင့်ကြံအားထုတ်ရတာ သာဓူးကြီးများရဲ့အလုပ်ပါ၊ ဒီလိုကျင့်ကြံတဲ့ နည်းလမ်းအားလုံးကို "သဒါန" လို့ ခေါ်ပါတယ်၊

"သဒါန" ဆိုတာ ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်စေတဲ့ နည်းလမ်းများလို့ အဓိပ္ပါယ်ရပါတယ်၊ သာဓူးဆိုတဲ့ နာမည်ရဲ့အခြေခံက "သဒါန" ဖြစ်တဲ့အတွက် သာဓူးလို့ ခေါ်ဆိုကြခြင်း ဖြစ်ပါတယ်၊

## သာဓူးတို့၏ မူလအစ

ဟိန္ဒူဘာသာရေးမှာ နာမည်အကြီးဆုံး နတ်ဘုရားက ဗြဟ္မာ ဖြစ်တယ်၊ ဗြဟ္မာနတ်ဘုရားနဲ့တွဲပြီး သိကြတာကတော့ ဗိဿနိုးနတ်ဘုရားနဲ့ သိဝနတ်ဘုရားတို့ ဖြစ်ပါတယ်၊ ဗိဿနိုးနတ်ဘုရားက သမုဒ္ဒရာ အလယ်မှာနေပြီး သိဝနတ်ဘုရားကတော့ ရေခဲလွှမ်းမိုးနေတဲ့ ကေလာသတောင်ပေါ်မှာ တရားထိုင်၊ သမထ စီးဖြန်းပါတယ်၊

သာဓူးတွေ ကျင့်ကြံတဲ့နေရာမှာ ဗိဿနိုး နတ်ဘုရားကို ယုံကြည်ဆက်ဝင်တဲ့သူတွေဆိုရင် အဖြူရောင်၊ အဝါရောင်များကို အများဆုံး ဝတ်



www.burmeseclassic.com

www.burmeseclassic.com




ဆင်လေ့ရှိပါတယ်၊ သီဝနတ်ဘုရားကို ယုံကြည် သက်ဝင်ကြသူတွေကတော့ ဆံပင်ရှည်ရှည်၊ မုတ်ဆိတ် ကျင်စွယ်တွေ တစ်ကိုယ်လုံး ပြာတွေလူး၊ အရောင် တွေလူးနဲ့ ခန္ဓာကိုယ်ကို ဆင်းရဲခံပြီး နေ လေ့ရှိပါတယ်၊

ဆာဒူးတွေဟာ အစာ အာဟာ ရ၊ တဏှာနဲ့ စွဲလမ်းမှုတွေ အားလုံးကို ပစ်ပြီး ဝေးလံတဲ့နေရာတွေမှာ နေလေ့ နေထ ရှိပါတယ်၊

**ဗိဿနိုးနတ်ဘုရားကိုးကွယ်တဲ့ ဆာဒူးကြီးများ**

ဗိဿနိုးနတ်ဘုရားကို ယုံကြည်ကိုးကွယ်တဲ့ ဗိဿနိုးဂိုဏ်းသား ဆာဒူးတွေဟာ -

၁) နံ့သာဖြူနှင့် မှန်တောင်ကို နဖူးမှာ ရေးဆွဲခြင်း၊
ဟသာ်ပြဒါး အနီဖြင့် ဗိန္ဓုတို့လေ့ ရှိခြင်း။
၂) အဖြူရောင်၊ အဝါရောင်များကို အများဆုံး ဝတ်ဆင်လေ့ရှိခြင်း။
၃) လက်မှာ ဂုဒြသျှ ဘုတလစ်သီးကို ထားလေ့ရှိခြင်း။
၄) တစ်ချိန်လုံးလိုလို စိတ်ပုတီး စိပ်ခြင်း၊ တရားထိုင်ခြင်း၊
မန္တန်တော် ရွတ်ဆိုမှုကို ပြုလေ့ရှိခြင်း။
၅) ပျော့ပျော့ပြောင်းပြောင်း၊ လောကကျင့်စဉ်တွေကို
ကျင့်ကြံလေ့ရှိခြင်း။
အထူးသဖြင့် ဘုရားကျောင်းကန်များအနီးမှာ
အမှီဌာန်ဝင်လေ့ ရှိပါတယ်၊
၆) ဟုန်းနတ် ပူဇော်လေ့ရှိခြင်းနှင့် မီးပူဇော်လေ့ရှိခြင်း။
၇) သတိနဲ့မပြတ် သတ်မှတ်ကျင့်ဝတ်များကို
လိုက်နာလေ့ရှိကြခြင်းတို့ ဖြစ်ပါတယ်၊







**သီဝနတ်ဘုရားကိုးကွယ်တဲ့ ဆာဒူးကြီးများ**

သီဝနတ်ဘုရားကို ယုံကြည်ကိုးကွယ်တဲ့ သီဝဂိုဏ်းသား ဆာဒူး တွေကတော့ -

၁) ဆံပင်အရှည် ထားနိုင်သလောက် ထားရှိခြင်း၊
ထူထူထဲထဲ မုတ်ဆိတ်၊ ကျင်စွယ်နဲ့
အရောင်မဲ့တဲ့ အဝတ်အစားကိုသာ ဝတ်လေ့ရှိခြင်း။
၂) တချို့က အရှက်လုံရုံလောက်သာ ဝတ်လေ့ရှိပြီး
တချို့ကျတော့ အဝတ်အစား လုံးဝ. ဝတ်လေ့ မရှိခြင်း။
၃) နဖူးပြင်မှာ နံ့သာဖြူများကို ထုံမွှန်းကြခြင်း၊
မျက်နှာမှာသော် လည်းကောင်း၊ ခန္ဓာကိုယ်မှာသော်
လည်းကောင်း ပြာများကို လူးလေ့ရှိခြင်း၊
၄) တိရစ္ဆာန် သားရေပြားတို့ကို ဝတ်ဆင်ခြင်း၊
တိရစ္ဆာန် အရေပြားပေါ်မှာ ထိုင်ပြီး တရားကျင့်လေ့ရှိခြင်း၊
တဏှာကို ဖြိုခွဲဖျက်ဆီးပစ်တဲ့ တရားကျင့်နည်းများကို
အဓိကထား ကျင့်ကြံကြပါတယ်၊
၅) ခန္ဓာကိုယ်ကို ညှင်းပန်းနှိပ်စက်တဲ့ ကျင့်စဉ်ကို ကျင့်ခြင်း၊
တန်ခိုးပြနိုင်သူတွေကလည်း အများမြင်သာအောင်
တန်ခိုးပြလေ့ ရှိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com





၆) အစာငတ်ခံခြင်း၊ ရေထဲ၊ မီးထဲ၊ လေထဲ၊ မြေကြီးထဲတို့မှာ ကျင့်လေ့ရှိပါတယ်။

၇) မဂျာရာ သောက်ခြင်း၊ ကျလင် သောက်သုံးခြင်းများကို ပြုလုပ်လေ့ရှိသူများထဲမှာ သီဝဂိုဏ်သားများ အများဆုံး ပါဝင်ကြပါတယ်။

## မတူညီတဲ့ ယုံကြည်ကိုးကွယ်မှု

ဗိသနိုးနတ်ဘုရားကို ယုံကြည်တဲ့ ဗိသနိုးဂိုဏ်းဝင် ဆာဒူးကြီးများဟာ ရာမ - သီတာဒေဝီကို လည်းကောင်း၊ လက်ရှ်မီး မယ်တော်ကို လည်းကောင်း၊ သူရဿတီ မယ်တော်ကို လည်းကောင်း၊ ကရိသျှနားနှင့် ရာဓာကို လည်းကောင်း ကိုးကွယ်လေ့ရှိကြပါတယ်။

သီဝနတ်ဘုရားကို ယုံကြည်တဲ့ သီဝဂိုဏ်းဝင် ဆာဒူးကြီးများကတော့ မဟာပိန္နဲ (ဆင်ဦးခေါင်းနှင့် လူကိုယ် နတ်ဘုရား)ကို လည်းကောင်း၊ စန္ဒီမယ်တော်ကို လည်းကာင်း၊ ကာလီမန် မယ်တော်ကို လည်းကောင်း ကိုးကွယ်ကြပါတယ်။ မဟာပိန္နဲကိုယ်တော်ကြီးဟာ စွမ်းအား ကြီးမားသူ ဖြစ်ပြီး ငွေကြေး အခက်အခဲများ၊ နှောင့်ယှက်မှုများ ကြုံလာတဲ့အခါ ဒီကိုယ်တော်ကြီးကို ဆုတောင်းလေ့ရှိကြပါတယ်။







## သမိုင်းကြောင်းထဲက ဆာဒူးကြီးများ

ဆာဒူးတွေဟာ နှစ်ပေါင်းထောင်ချီနီးပါး အမျိုးမျိုးသော ဖန်တီးပေးမှုများ အကြားမှာ အရှင်သခင်လိုမျိုး နေထိုင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ လူလေးစားစရာအသွင် ဆာဒူးတစ်ယောက်ဟာ ရဟန်းသံဃာ၊ တပသီ၊ ရှိရှိတို့နဲ့ လုံးဝ မတူပါဘူး။

ခန္ဓာကိုယ်ကို လွန်စွာ ချီးဖဲ့ပြီး ဘုရားကို ယုံကြည်လွန်းသူတွေ ဖြစ်ကြတယ်လို့ ဆိုပါတယ်။ အလွန်အမင်း ပြင်းပြင်းထန်ထန် ကျင့်တဲ့အတွက် ဆာဒူးတွေရဲ့ ယုံကြည်မှုတွေ၊ ကျင့်ကြံမှုတွေ အားလုံးဟာ ထင်မှတ်စရာ မရှိအောင် ထူးခြားလှပါတယ်။

ဆာဒူးတွေကို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေလို့လည်း သတ်မှတ်ပါတယ်။ ကိုယ်ကျင့်တရား ကောင်းသူတွေ၊ ကိလေသာ တဏှာကြောတို ဖြတ်တောက်နိုင်စွမ်းရှိသူတွေမို့ သာမန်လူတွေက အရမ်းကို ကြည်ညို လေးစားကြပါတယ်။ နတ်ဘုရားများရဲ့ ကိုယ်စားလှယ်တော်များလို့လည်း ယူဆကြပါတယ်။

သီဝနတ်ဘုရားနဲ့ ဗိသနိုးနတ်ဘုရားတွေလို သူတို့သည်လည်း ရှည်လျားပြီး ပြောင်းလဲတတ်တဲ့ သမိုင်းကြောင်းတွေနဲ့ ကြုံဆုံဖူးခဲ့ကြသူတွေ ဖြစ်ပါတယ်။ အခုချိန်ထိလည်း အိန္ဒိယနိုင်ငံ၊ ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက်မှာ သူမတူတဲ့ ကျင့်စဉ်တွေကျင့်နေတဲ့ ဆာဒူးကြီးများ ရှိကြပါတယ်။

## ပြောင်းလဲခြင်းမရှိတဲ့ ဆာဒူးကြီးများ

ဆာဒူးကြီးများရဲ့ ဆင်းရဲဒုက္ခခံခြင်းနှင့် လောကကျင့်စဉ်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com





ဒဿနိကဗေဒ သိပ္ပံပညာ တစ်ခုသာ ဖြစ်ပြီး တစ်ဦးချင်းစီရဲ့ စိတ်ဝိညာဉ်နဲ့ အနိုင်းမဲ့ နတ်ဘုရားတွေကိုဆက်သွယ်နေတဲ့ဆန်းကြယ်သော နည်းလမ်း တစ်ခုလည်း ဖြစ်ပါတယ်။

ဆာဒူးကျင့်စဉ်တွေ ပေါ်ပေါက်ခဲ့တာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးထောင့်ငါးရာခန့်က စတင်ခဲ့တယ်လို့ ယူဆကြပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ကျူးကျော်ဝင်ရောက်မှုနဲ့အတူ ရောက်လာတဲ့ မြင့်မြတ်လှသော ဝေဒကျမ်းတွေက ဆင်းရဲဒုက္ခခံခြင်း ကျင့်စဉ်တွေကို သွယ်ဝိုက် အကျိုးသက်ရောက်စေတယ်လို့ ပညာရှင်တချို့က ယူဆခဲ့ကြပါတယ်။

တခြား အယူအဆတစ်ခုကတော့ ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများအရ ဆင်းရဲဒုက္ခခံတဲ့ ယောဂကျင့်စဉ်တွေကို ဟိန္ဒူမြစ်ဝှမ်းယဉ်ကျေးမှုမှ စတင်ခဲ့တယ်လို့ ယူဆခဲ့ကြပါတယ်။ ဘီစီ(၂၅၀၀)ခန့်မှ စတင်ခဲ့တယ်လို့ ဆိုပါတယ်။

ရှေးအခါက ဆာဒူးတွေဟာ တောင်းစားသူတွေ၊ မျက်လှည့်ပြသူတွေ၊ ကျိန်စာတိုက်သူတွေ၊ ဖမ်းယူညှို့ယူပြီး လိုရာခိုင်းသူတွေလို့ ထင်မှတ်ခဲ့ကြပါတယ်။ ဒါဟာ တကယ်တော့ အထင်မှားခြင်းသာ ဖြစ်ပါတယ်။

ဆာဒူးတစ်ပါးဟာ ဘုရားသခင်ကို အကြွင်းမဲ့ ယုံကြည်ရမယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အတိုင်း ကျင့်ကြံနိုင်ရပါမယ်၊ ကျင့်စဉ်အားလုံးဟာ သဘာဝယုတ္တိ၊ ဘဂဝါ ယုတ္တိတွေနှင့် ကိုက်ညီရပါမယ်။

ကာလတွေ ရွေ့လျား ကြာညောင်းလာတာနဲ့အမျှ အရာအားလုံးဟာ ပုံစံပြောင်းလဲသွားကြပေမယ့် ဆာဒူးတွေကတော့ သူတို့ရဲ့ပုံသဏ္ဌာန် ပြောင်းလဲမသွားခြင်းဟာ "ဆာဒူး"ဆိုတဲ့ ကျင့်စဉ်အောက်မှာ ရှိလို့ပါပဲ။





## ဆာဒူးကြီးများ၏ ကျင့်စဉ်ဆန်းများ

ဆာဒူးအများစုဟာ အသိဉာဏ်အလင်းရရှိဖို့အတွက် မြိုးမြံတဲ့ နည်းလမ်းတွေကို အရှိန်မြှင့်လိုကြပါတယ်၊ အဲဒီအတွက်လည်း နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ကြပါတယ်။

"နွားနို့ ဆာဒူး"လို့ နာမည်ကြီးတဲ့ ဆာဒူးကြီး နာရာယန်ဒတ်စ်ကို နွားနို့သောက်သုံးသူ အဖြစ် လူသိများပါတယ်။ နှစ်ပေါင်းလေးဆယ်ကျော် အတွင်း အစားအစာများကို လုံးဝ စွန့်လွှတ်ပြီး တစ်နေ့ နွားနို့နှစ်ခွက်ထက် ပိုပြီး သောက်သုံးခြင်း မရှိသူ ဖြစ်ပါတယ်၊ ဝှန်နီစကိုပဲ ခန္ဓာကိုယ်လုံခြုံရေးအတွက် ဝတ်လေ့ဝတ်ထ ရှိပါတယ်။

ခါရက်ဆာရှာရီဆိုတဲ့ ဆာဒူးကတော့ (၁၀)နှစ်ကြာ မတ်တပ်ရပ်နေခဲ့ပြီး စကားလည်း လုံးဝမပြောဘဲ အသီးအနှံတွေကိုသာ စားသုံးသူ တစ်ယောက် ဖြစ်ပါတယ်၊ ဒါဟာ ဒုက္ခဆင်းရဲခံခြင်းကျင့်စဉ်တစ်ခုမှာ ဝစီပိတ် (နှုတ်ပိတ်) အဓိဋ္ဌာန်ဝင်ခြင်း ဖြစ်ပါတယ်။

## ဝစီပိတ်ကျင့်စဉ်ဆိုသည်မှာ

"ဝစီပိတ်ကျင့်စဉ်"ဆိုတာကတော့ -

* လုံးဝ အသံမထွက်ခြင်း
* စာရွက်စာတမ်းနှင့် ပြောဆိုခြင်း
* လက်ဟန်၊ ခြေဟန်နှင့် ပြောဆိုခြင်း
* လက်ချောင်းနှင့် ပြောဆိုခြင်းတို့ပဲ ဖြစ်ပါတယ်။

နောက်ထပ် ကြီးကျယ်တဲ့ ကျင့်စဉ်တစ်ခုကတော့ "တာပသျှ" မတ်တပ်ရပ်ခြင်း ဖြစ်ပါတယ်၊ "ခါရီဆွာရီ" (သီဝနတ် ဂိုဏ်းသား)တွေက (၁၂)နှစ်ကြာ မတ်တပ်ရပ်ပြီး အဓိဋ္ဌာန်ပြုကြရာမှာ ထိုင်ခြင်း၊ လဲလျောင်းခြင်း အလျဉ်းမရှိဘဲ မတ်တတ်ရပ်လျက်ပင် အိပ်စက်ကြပါတယ်၊ အနားယူချင်ရင် တိုင်ကိုမှီပြီး ရပ်လေ့ရှိပါတယ်။

တချို့ကျတော့ လေထဲကို လက်မြှောက်ပြီး နှစ်ပေါင်းများစွာ နေထိုင်တဲ့ အကျင့်ကို ကျင့်ကြပါတယ်၊ (၁၂)နှစ်ကြာ မြှောက်ထားတဲ့ ညာဘက်လက်ဟာ ဆာဒူးရဲ့ပြင်းထန်စွာကျင့်တဲ့ ကျင့်စဉ်အတွက် လက်

www.burmeseclassic.com



ကို အလုံးစုံ ပျက်ဆီးစေပါတယ်။

လက်တစ်ဖက်ကို လုံးဝမြှောက်ထားခြင်း ဖြစ်တာမို့ အဲဒီလက်တာ လုံးဝ အသုံးမဝင်တော့တဲ့ တုတ်ချောင်းတစ်ချောင်းပမာ ဖြစ်တည်နေပါတယ်။ လေတစ်ခြမ်း ဖြတ်ထားတဲ့လက်လို အသုံးမဝင် ဖြစ်နေပါတယ်။ လက်ကို အသုံးမပြုတဲ့ ကျင့်စဉ်ကျင့်တဲ့ ဆာဒူးတွေကို (အလ်ဘာဟုဘာဘာ)လို့ ခေါ်ကြပြီး အဓိပ္ပါယ်က "လက်တစ်ဖက် ဘာဘာ" ဖြစ်ပါတယ်။

တချို့ဆာဒူးတွေကတော့ အမှောင်ထဲမှာ နေတဲ့သူတွေ၊ မြေကြီးအောက်ထဲမှာနေပြီး နေရောင်ကို လုံးဝမထိဘဲ၊ မကြည့်ဘဲ ကျင့်ကြံကြပါတယ်။ အစွန်းရောက်ကျင့်စဉ်တစ်ခုဖြစ်တဲ့ နေရောင်အောက်မှာ ဘယ်တော့မှ မနေခြင်း ဖြစ်ပါတယ်။ တချို့ကျတော့ သစ်ပင်ကြီးတစ်ပင်အောက်မှာ ကပ်ပြီး ဘဝတစ်လျှောက်လုံး နေထိုင်သွားသူတွေလည်း ရှိပါတယ်။

ဆာဒူးတွေရဲ့ကျင့်စဉ်ဆန်းတွေဟာ တော်တော်များပါတယ်။ သိလွယ်နိုင်သလောက်သာ ဖော်ပြခြင်းသာ ဖြစ်ပါတယ်။

## ရေထုံ၊ မီးထုံ၊ မြေထုံ၊ လေထုံများ

ဆောင်းရာသီ အေးစက်နေတဲ့ မြစ်ရေအတွင်းမှာ မေးစေ့အထိ မြုပ်ပြီး နာရီပေါင်းများစွာ တရားထိုင်တတ်တဲ့ ဆာဒူးတွေလည်း ရှိပါတယ်။ မည်မျှပင် အေးစက်နေပါစေ၊ ရေထဲမှာ တစ်နေရာတည်းမှာ ငြိမ်သက်စွာ တရားထိုင်ကြပါတယ်။ ဒါက ရေကသိုဏ်း ကျင့်စဉ်ပါ။





တချို့ကျတော့ ဆန့်ကျင်ဘက်အနေဖြင့် ပူပြင်းလှတဲ့ နွေနေ့လယ်ခင်းတွေမှာ မီးပုံတွေရဲ့အလယ်မှာထိုင်ပြီး တရားကျင့်ကြသူတွေလည်း ရှိပါတယ်။ ဒါဟာ မီးကသိုဏ်း ကျင့်စဉ်ပဲ ဖြစ်ပါတယ်။

မီးကသိုဏ်းကျင့်စဉ်ကို "ပဥ္စအဂ္ဂဏီ တပသျှ"လို့ ခေါ်ပါတယ်။ ကိုယ်ပတ်ပတ်လည်မှာ မီးဖိုလေးခု ဝိုင်းထားပြီး နေကို(၅)ခုမြောက် မီးအဖြစ်ယူဆကြပါတယ်။ မီးဖိုအရေအတွက်ဟာ (၁၈)နှစ်အတွင်း ပိုမိုပြီး တိုးလာတယ်လို့ ဆိုပါတယ်။

ဒီလေ့ကျင့်မှုရဲ့နောက်ဆုံးမှာ ဆာဒူးဟာ မိမိကိုယ်ကို စတေးပြီး နတ်ဘုရားတွေကို ခန္ဓာကိုယ်ကို လှူခြင်း ဖြစ်ပါတယ်။ "မီးထုံ"ကူးတဲ့ သဘောမျိုးပဲ ဖြစ်ပါတယ်။

မီးထုံကူးခြင်းရဲ့မီးအရေအတွက်ကို (၇)နာရီ၊ (၁၂)နာရီ၊ (၈၄)နာရီနဲ့ ရေတွက်လို့ မရနိုင်တဲ့အချိန်အထိ တိုးပြီး မီးကိုပေးရပါတယ်။ အဆင့်တစ်ဆင့်ကို (၃)နှစ်နီးပါးလောက် လုပ်ရပါတယ်။ အစအဆင့်တစ်ပတ်ပြန်လည်ဖို့အတွက် (၁၁)နှစ်လောက် ကြာပါတယ်။

မြေထုံကူးတဲ့ ဆာဒူးတွေလည်း ရှိပါတယ်။ (၁၀)ပေပတ်လည် မြေကျင်းတူးပြီး ဆာဒူးဟာ ကျင်းထဲကိုဝင်ကာ အပေါ်က အုတ်တွေနဲ့ ပိတ်စေပါတယ်။ လူများစွာရဲ့အလယ်မှာ ပြုလုပ်ခြင်း ဖြစ်ပါတယ်။

ခုနစ်ရက် မြောက်တဲ့နေ့မှာ ကျင်းကိုဖွင့်ပြီး ဆာဒူးကြီးကို ပြန်ဖော်တဲ့အခါ ဆာဒူးကြီးဟာ မပင်မပန်းဘဲ မြေကြီးထဲက ထွက်လာတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အိန္ဒိယ တစ်နိုင်ငံလုံးမှာဆိုရင် ဒီလိုမြေထုံကူးတဲ့ ဆာဒူးပေါင်း မြောက်မြားစွာ ရှိပါတယ်။

တချို့ကျတော့ လေပေါ် လမ်းလျှောက်ပြခြင်း၊ ရေပြင်ပေါ် လမ်းလျှောက်ပြခြင်း၊ ကိုယ်ရောင် ပျောက်စေခြင်း၊ သူများ ခန္ဓာကိုယ်ထဲ၊ စိတ်ထဲသို့ ဝင်နိုင်ခြင်း စတဲ့ ဆန်းကြယ်လှသော လောကကျင့်စဉ်အစွမ်းတွေ ရရှိလာဖို့အတွက် အသေခံကျင့်ကြံကြသည်များလည်း ရှိပါတယ်။

ဒီနေရာမှာ တချို့က ရည်ရွယ်ချက် အထမြောက်ပြီး အောင်မြင်သွားသူတွေ ရှိကြသလို၊ တချို့ကျတော့လည်း တစ်ပိုင်းတစ်စနှင့် ကိစ္စပြီးသွားကြသူများလည်း ရှိတယ်လို့ ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





ဆာဒူးတွေရဲ့ ကျင့်စဉ်ကျင့်ရပ်တွေဟာ လွယ်မယောင်နဲ့ ခက်သလို၊ တိမ်မယောင်နဲ့လည်း နက်နဲလှပါတယ်။ ဒါပေမယ့် လူတိုင်း လုပ်ဆောင်နိုင်တဲ့ ကျင့်စဉ်တွေလည်း မရှိမဟုတ်၊ ရှိနေပါတယ်။ မည်သည့်ဘာသာဝင်မဆို၊ ကျင့်ကြံ လေ့ကျင့်လို့ ရတဲ့ ကျင့်နည်းတွေကတော့ . .။

## “ဥုံမ်” ရွတ်ဆိုမှုနှင့် ကျင့်စဉ်

“ဥုံ” ဆိုတာဟာ “အ . ဥ . မ” သုံးလုံးရဲ့ အသံကို ပေါင်းပြီး ပြောခြင်း ဖြစ်ပါတယ်။ ဟိန္ဒူဘာသာကတော့ ဗြဟ္မာ၊ ဗိဿနိုးနဲ့ သီဝနတ်ဘုရားတို့ရဲ့ “စမ သုံးလုံး” လို့ သတ်မှတ်ကြပါတယ်။ ဘယ်လိုဂါထာမဆို ရှေ့ကနေ “ဥုံ” ခံလိုက်ရင် မန္တန် ဖြစ်သွားပါတယ်။ အသက်ဝင်လာတယ်။ ဘဝတစ်လျှောက်လုံးမှာ ထူးခြားမှုတွေ ကြုံတွေ့လာနိုင်ပါတယ်။

တချို့ဆိုရင် “ဥုံ” အမှတ်တံဆိပ်ဖြစ်တဲ့ “အဲ” ကို လုပ်ငန်းဆိုင်းဘုတ်တွေမှာတောင် တင်ထားလေ့ရှိပါတယ်။ နတ်ဘုရားကိုးကွယ်မှုနှင့် စောင့်ရှောက်မှုများကို ခံယူကြတာ ဖြစ်ပါတယ်။

“ဥုံ” ကို နောက်က “မ” သံပါအောင် “ဥုံမ်” လို့လည်း ရွတ်ဆိုလို့ ရပါတယ်။ အောက်က “င” သံပါအောင် “ဥုံ” လို့ ရွတ်ဆိုခြင်းက ရှီးရှီးဘုရားရှိခိုးတဲ့အခါမျိုးမှာ သုံးပါတယ်။ “မ” သံပါတဲ့ “ဥုံမ်” ကတော့ ကိုယ့်နှုတ်ကို စီးပြီး အမိန့်ပေးရတဲ့ အသံပဲ ဖြစ်ပါတယ်။

“ဥုံမ်” အသံကို များများရွတ်ဆိုခြင်းအားဖြင့် ဟိတ်တန်ခိုး၊ နှုတ်





စီး၊ ပါးစပ်စီးမှုတွေကို ရရှိစေပါတယ်။

“ဥုံမ်” အသံကို ရွတ်ဆိုတဲ့အခါမှာ သံရှည်ဆွဲပြီး ရွတ်ရပါတယ်။ သံပြတ်မျိုးနှင့် မရွတ်ရပါဘူး။

“ဥုံမ်” ဆိုတဲ့ အသံကို ရွတ်ဆိုသင့်တဲ့ အချိန်တွေကတော့ -

* နေထွက် နံနက် (၆း၀၀)နာရီမှ (၆း၄၅) နာရီ၊
* မွန်းတည့် နေ့လယ် (၁၂း၀၀)နာရီမှ (၁၂း၄၅) နာရီ၊
* ညနေ (၆း၀၀)နာရီမှ (၆း၄၅) နာရီ၊
* သန်းခေါင် (၁၂း၀၀)နာရီမှ (၁၂း၄၅) နာရီ တို့ပဲ ဖြစ်ပါတယ်။

အဲဒီအချိန်၊ နာရီတွေမှာ ရွတ်ဆိုခြင်းကို ဆဲကြီးလေးဆဲမှာ ရွတ်ဆိုတယ်လို့ မှတ်ယူပါတယ်။ အရေးအကြီးဆုံးကတော့ ပုတီး သုံးပတ်ပြည့်စိတ်ရပါတယ်။

ရွတ်ဆိုတဲ့နေ့တိုင်း သားကြီး၊ ငါးကြီး မစားရပါဘူး။ မတ်ပဲကြော် မစားရ၊ ကြက်သွန်ဖြူ မစားရ၊ ဂျူးမြစ် မစားရ၊ အရက်သေစာ၊ မူးယစ်စာ မသောက်မစားရပါဘူး။ နေရာထိုင်ခင်းတွေကို သန့်ရှင်းစင်ကြယ်စွာ ထားရှိပြီး နေထိုင်ရပါမယ်။

ရွတ်ဆိုတဲ့အခါ (၄၅)မိနစ်အတွင်း စိတ်မပျံ့မလွင့်စေဘဲ တတ်နိုင်သလောက် ထိန်းချုပ်ရပါမယ်။ “ဥုံမ်” ကို အသံတစ်သံတည်း ဖြစ်အောင် ရွတ်ရပါတယ်။ (ဥုံမ် ရွတ်တာ လွဲမှားရင် ဖားအော်သံကဲ့သို့ “ဥုံဝှမ် . . ဥုံဝှမ်နဲ့ အသံထွက်မိတတ်တာကိုတော့ သတိပြုရပါမယ်)

“ဥုံမ်” တစ်လုံး ရွတ်ဆိုနေတဲ့အချိန်မှာ မိမိကိုးကွယ်တဲ့ ဘုရားကို အာရုံပြုထားပါ။ ကိုယ့်ရဲ့အာရုံ မျက်စိထဲမှာ မြင်အောင် ကြည့်ပါ။ ကိုယ့်ရဲ့ ဆဋ္ဌမအာရုံထဲမှာ မြင်မှ ကိုယ့်ရဲ့ “ဥုံမ်” အသံဟာ မှန်ပါလိမ့်မယ်။ အသံကို ဖြည်းဖြည်းမှန်မှန် အာရုံ ထိထိမိမိပြုနိုင်ခဲ့ရင် ကိုယ့်ရဲ့ လိုအင်ဆန္ဒများကို ပြည့်ဝစေပါတယ်။

“ဥုံမ်” ကို တစ်နေ့ စိပ်ပုတီး(၁၀၈)လုံး ပုတီးနှင့် အပတ်ရေ (၈၀) ပြည့်အောင် ရွတ်ဖို့ လိုပါတယ်။ အစပထမမှာ အခက်အခဲ တွေ့နိုင်ပေမယ့် တဖြည်းဖြည်းနဲ့ အလေ့အကျင့်ရကာ မှန်သွားပါလိမ့်မယ်။ အတွေ့ရာပီပီ သသာ၊ အသံမှန်မှန် ဆန္ဒရှိရှိ စိပ်ဖို့ မမေ့ပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ဥုမ်" ရွတ်ဆိုတဲ့အခါ နေမင်းကိုကြည့်ပြီးလည်း ရွတ်လို့ရသလို၊ အလင်းကိုကြည့်ပြီးလည်း ရွတ်လို့ရပါတယ်။ မြတ်ဗုဒ္ဓရဲ့ပုံတော်၊ ဓာတ်တော်၊ ဓမ္မတော်တို့ ရှေ့မှာလည်း ရွတ်လို့ရပါတယ်။ ရွတ်ဆိုမည်ဆိုပါက အနည်းဆုံး (၃၆၅)ရက် အဓိဋ္ဌာန် ဝင်ရမှာ ဖြစ်ပါတယ်။

ဒါဟာ အခြေခံကျတဲ့ ရွတ်ဆိုနည်းပဲ ဖြစ်ပါတယ်၊ လွယ်ကူတဲ့ နည်းလမ်းဖြစ်သလို၊ လွန်စွာလည်း အကျိုးထူးတယ်လို့ ဆိုပါတယ်။

တချို့က "ဥုမ်" ရွတ်ခြင်းဟာ "မဟာယန" မြောက်ပိုင်း ဗုဒ္ဓဘာသာရဲ့မှုလို့ ပြောဆိုကြပါတယ်။ ဒါပေမယ့် "ဥုမ်" ရွတ်ဆိုရုံမျှနှင့် "မဟာယန ဗုဒ္ဓဘာသာ" လို့ မမှတ်နိုင်ပါဘူး။ လျှို့ဝှက်ချက်တွေ အတော်များပါတယ်။ တကယ့်လက်တွေ့ဘဝမှာ "ဥုမ်" ဟာ ဆဋ္ဌရုံ (ဆဋ္ဌမအာရုံ)ကို ဖြည့်တင်းပေးနိုင်တဲ့ အသံတစ်သံပဲ ဖြစ်ပါတယ်။

## နေမင်းဆီမှာ လိုရာဆုတောင်းပါ

စကြာဝဠာတစ်ခုလုံးမှာ နေမင်းဟာ အရေးပါဆုံး ဂြိုဟ်တစ်လုံး အဖြစ် တည်ရှိပါတယ်။ ဟိန္ဒူဘာသာရေးမှာ နေမင်းဟာ တန်ခိုးကြီးတဲ့ နတ်မင်းတစ်ပါး ဖြစ်ပါတယ်။ နေမင်းဆီမှာ လိုရာဆုတောင်းရင် ပြည့်တယ်လို့ မှတ်ယူကြပါတယ်။

တကယ်လို့ သင်ဟာ နေမင်းဆီမှာ ဆုတောင်းလိုလျှင် -

နံနက်စောစော ထပြီး မိမိတို့ဆိုင်ရာ ကိစ္စတွေကို ဆောင်ရွက်ပြီးတဲ့အခါမှာ ရေခွက်တစ်လုံးမှာ ရေနည်းနည်းထည့်ပြီး အရှေ့အရပ်ကို လှည့်ပါ၊ ပြီးရင် နေမင်းကို သေသေချာချာ ကြည့်ပါ။

ကြည့်တဲ့အခါမှာ စိတ်အာရုံထဲ၌ ဗုဒ္ဓရှင်တော်မြတ် ပုံတော်ကို မြင်အောင်ကြည့်ပြီး ဗုဒ္ဓရဲ့ဂုဏ်တော်ကို တမ်းတကြည့်ပါ။

အဲဒီနောက် -

"ဥုမ် . . နမော ဗုဒ္ဓါ၊ ဥုမ် . . နမော ဗုဒ္ဓါ၊ ဥုမ် . . နမော ဗုဒ္ဓါ" ဆိုပြီး နေမင်းကို ကြည့်ကာ ရွတ်ပါ။ ကိုင်ထားတဲ့ ရေခွက်ကိုလည်း ပါးစပ်နှင့် မထိခင်မှာ "ဥုမ် . . နမော ဗုဒ္ဓါ" (၆)ကြိမ်ကို ရွတ်ပါ၊ အားလုံး (၉)ကြိမ် ဖြစ်ပါလိမ့်မယ်။





(၉)ကြိမ် ရွတ်ဆိုပြီးရင်တော့ လက်ထဲက ကိုင်ထားတဲ့ ရေခွက်ထဲက ရေကို ဗုဒ္ဓရှင်တော်မြတ်ကို ရည်စူးပြီးရင် နေမင်းကို လှူပါ၊ အဲဒီနောက် သစ္စာဆိုတိုင်တည်ဖို့ မြေကြီးပေါ်ကို ရေတစ်ဝက်ခန့် ရေစက်ချသကဲ့သို့ ဖြည်းဖြည်းချင်း ချပါ။

ရေစက်ချပြီး ကျန်တစ်ဝက်ကို -

"မိမိတို့ လိုအင်ဆန္ဒဟူသမျှ ပြည့်ဝပါစေတည်း" လို့ ဆုတောင်းဆုယူပြီး သောက်လိုက်ပါ၊ နေ့တိုင်း လုပ်ရပါမယ်၊ တစ်ကြိမ်လုပ်လျှင် (၁၀၈)ရက် ပြုလုပ်ရပါမယ်၊ ကြိမ်ဖန် များစွာ ပြုလုပ်ပါက သင့်အနေဖြင့် စိတ်ချမ်းသာမှုတွေ ဖြစ်လာပါလိမ့်မယ်။ စီးပွား၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတွေကို အနှိုင်းမသိအောင် ရရှိခံစားရပါလိမ့်မယ်။

နေမင်းကို အာရုံပြုပြီး -

"ဥုမ် . . သူရိယဒေး နမော" လို့လည်း ရွတ်ဆိုပြီး ဆုတောင်းနိုင်ပါတယ်၊ ဆုတောင်းမှုတွေ ပြည့်ဝဖို့အတွက် "ဥုမ်" ခံပြီး ရွတ်ဆိုနိုင်းရခြင်း ဖြစ်ပါတယ်။

ရက်ပေါင်း(၁၈၀)ရက်ပြည့်သွားပါက ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် အကြိမ်များစွာ ရွတ်ဆိုပါက နိုင်မာတဲ့ ကျင့်စဉ်တစ်ခုအဖြစ် သင့်မှာ ရရှိခံစားလာရပါလိမ့်မယ်၊ အစွန်းမထွက်တဲ့ ဆုတောင်းနည်းတစ်ခုလည်း ဖြစ်ပါတယ်။

လူတိုင်း လုပ်နိုင်၊ ကျင့်ကြံနိုင်တဲ့ ကျင့်စဉ်များအနက် ဗဟုသုတဖြစ်ဖွယ် ဖော်ပြခြင်း ဖြစ်ပါတယ်၊ လောကီပညာကျင့်စဉ်တွေကို ဝါသနာပါက လုပ်ဆောင်နိုင်ပါတယ်၊

## ဆရာဒူး အစစ်နှင့်အတု ခွဲခြားနိုင်ရန်

သုတေသီတို့ အဆိုအရ ဆံပင်အရှည်ထားတိုင်း၊ မုတ်ဆိတ်ကျင်စွယ် များများ ထားတိုင်း၊ ခန္ဓာကိုယ်မှာ စိတ်ပုတီးတွေ ဆွဲ၊ အဝတ်အစားတွေ ဝတ်ပြတိုင်း၊ နဖူးမှာ တီလပ်(က်)များများ တားပြတိုင်း၊ လက်ဆော်တွေ့ည်း တစ်ခုခုကို ကိုင်ကြတိုင်း ဆရာဒူးအစစ်လို့ မထင်ကြပါနဲ့လို့ ဆိုပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆာဒူးအစစ်က တရား မဟောပါ၊ စကားလည်း မပြောပါ၊ တရား ဟောတာတွေ၊ စည်းရုံးရေးဆင်းတာတွေ အားလုံးဟာ ဆာဒူး မဟုတ်ပါ၊ ယင်းတို့ဟာ "သညာသိ ယောဂီတွေသာ ဖြစ်တယ်" လို့ သုံးသပ်ပြောဆိုပါတယ်၊

## မလွန်ဆန်နိုင်တဲ့ အမှန်တရား

မည်သို့ပင်ဆိုစေ ဆာဒူးတို့ဟာ သူများ မလုပ်ဝံ့တဲ့ ကျင့်စဉ်တွေ၊ သူများ မမျှော်လင့်ထားတဲ့ ခြိုးခြံခြင်းတွေကို လုပ်ပြနိုင်လို့ "လူထူးလူဆန်း" ကြီးများလို့ ဆိုနိုင်ပါတယ်၊


ရေထဲ ငုပ်နေရမလား၊ မြေကြီးထဲမှာ မြေထုံ ကူးရမလား၊ မီးထုံ ကူးရမလား၊ နလုံးရပ်စေချင်သလား . . အားလုံး ဖြစ်နိုင်ပါတယ်၊ အဓိဋ္ဌာန် အောင်မြင်ပြီးမြောက်ဖို့ဆိုရင် ဆာဒူးတွေဟာ မီးထဲမှာ နေရမလား၊ အေးစိမ့်နေတဲ့ ရေခဲပြင်ပေါ်မှာ ကိုယ်လုံးတီးနဲ့ တရားကျင့်ရမလား၊ တောထဲ တောင်ထဲ၊ ဂူထဲ၊ သစ်ပင်ပေါ်မှာ နှစ်ပေါင်းများစွာ ကြာအောင် နေထိုင်နိုင်ကြပါတယ်၊

တချို့ ဆာဒူးတွေဟာ လူတွေရဲ့ကံကြမ္မာကို ဖတ်နိုင်ပါတယ်၊ ကျန်းမာရေးချို့တဲ့သူတွေကိုလည်း ကုသပေးနိုင်ပါတယ်၊ ကံညံ့သူတွေကိုလည်း ကယ်တင်နိုင်ပါတယ်၊ စိတ်ကိုလည်း လွှတ်စေနိုင်ပါတယ်၊ စိတ်ကိုလည်း ချုပ်တီးနေနိုင်ကြပါတယ်၊

ဒါကြောင့် လူများဟာ ဆာဒူးတွေကို ချစ်ကြောက်ရိုသေကြပါတယ်၊ ဒါပေမယ့် သူတို့လည်း လူသားပေမို့ မလွန်ဆန်နိုင်တဲ့ အမှန်တရား တစ်ခုတော့ ရှိပါတယ်၊ အဲဒါကတော့ လူသားတစ်ယောက်ဖြစ်တဲ့အတွက် မွေးရမည်၊ နေရမည်၊ နောက်ဆုံး သေရမည်သာ ဖြစ်ပါသတည်း။

ကျမ်းကိုး - ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက်မှ ဆာဒူးကြီးများ (ဒေါက်တာဒဂုန်)
- ဟိမဝန္တာမှ သမထဝိဇ္ဇာများ၊ ဝင်းနိုင်ဦး - ရေနံ (ဘာသာပြန်)
- ကိုယ်တွေ့အီရှစ်လောကီပညာ (လင်းယုန်တင့်ဆွေ)
- စိတ်တန်ခိုးကို လေ့လာခြင်း (မောင်ကျော်တိုင်)






www.burmeseclassic.com

www.burmeseclassic.com



# နံနက်ခင်းကိုဖွင့်လှစ်တဲ့ အာရုံကျင်းနတ်သမီး



ညကမ္ဘာလာလိုက်ကာကို ဆွဲဖွင့်လို့ နေ့အလင်းရောင်ကို စတင်ဆောင်ခွင်းဖို့ နံနက်ချိန်ခါကို ဖွင့်လှစ်ပေးတဲ့ အာရုံကျင်းနတ်သမီး ဖြစ်ပါတယ်။ ရှေးဟောင်း ဂရိလူမျိုးတို့က အီးအော့လို့ခေါ်ပြီး ရောမလူမျိုးများကတော့ ဩရိုရာလို့ ဆိုပါတယ်။

နံနက်အာရုံကျင်းဖို့ လင်းလုအချိန်အခါမှာ တောက်ပတဲ့ နနွင်းရောင် အဝတ်တန်ဆာတို့ကို ဝတ်ဆင်ပြီး နှင်းဆီသွေးရောင်ရှိတဲ့ လက်များကို ဆန့်တန်းလျက်၊ ညဥ့်လွှာရုံကို ပင့်တင်လေ့ရှိသူလို့ ဆိုပါတယ်။

အလင်းရောင်နတ်မင်း (သို့) နေနတ်မင်းလို့ ခေါ်တဲ့ အပိုလို နတ်မင်းရဲ့ အစေအပါးတစ်ဦးလည်း ဖြစ်ပါတယ်။ ကမ္ဘာသူ၊ ကမ္ဘာသားတို့ကို အလင်းရောင်ပေးရန် အပိုလိုနတ်မင်း နေစကြာရထားဖြင့် ထွက်တော်မူတော့မယ့်အချိန်မှာ နေစကြာရထားကို စေလွှတ်ရသူလည်း ဖြစ်ပါတယ်။

အာရုံကျင်းနတ်သမီး အီးအော့ဟာ အလွန် စိတ်သဘောထား နူးညံ့ သိမ်မွေ့သူတစ်ယောက်လည်း ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့သားများကတော့ အလွန်ထိန်းသိမ်းရခက်တဲ့ လေနတ်သားများ ဖြစ်ကြပါတယ်။ ဇက်ဖာလို့ခေါ်တဲ့ အနောက်လေနတ်သား၊ ဗိုရီယတ်လို့ခေါ်တဲ့ မြောက်လေနတ်သား၊ ဩစတာ လို့ခေါ်တဲ့ တောင်လေနတ်သား၊ ယူးရပ်လို့ခေါ်တဲ့ အရှေ့လေနတ်သားတို့ ဖြစ်ကြပါတယ်။







အီးအော့မှာ တစ်ချိန်တစ်ခါက အဆင်မပြေတဲ့ စိတ်ဝင်စားစရာ ကောင်းသော အချစ်ဇာတ်လမ်းလေးလည်း ရှိခဲ့ဖူးပါတယ်။ အာရုံကျင်း နတ်သမီးဟာ တောစောင့်နတ်သမီး ပရော့ကရစ်ရဲ့ကြင်ယာတော် ဆပ်ဖလပ် အမည်ရှိ မုဆိုးကို ချစ်ခင် စွဲလမ်းမိပါတယ်။ ဆပ်ဖလပ်ကလည်း နူးညံ့သိမ်မွေ့တဲ့ အီးအော့ကို မြင်မြင်ချင်း ခင်မင်မိပါတယ်။

မုဆိုးတောလိုက်ပြီး အပန်းဖြေတဲ့အခါတိုင်း အီးအော့ဟာ မုဆိုးကို ချစ်ခင်ယုယစွာ ပြုစုလေ့ရှိပြီး ချစ်တင်းဆိုလေ့ရှိပါတယ်။ တစ်နေ့မှာတော့ ပရော့ကရစ်ဟာ မိမိရဲ့ကြင်ယာတော်မုဆိုးကို မသင်္ကာလို့ လိုက်ချောင်းရင်း မုဆိုးနဲ့ အီးအော့တို့ ကြင်နာနေတဲ့မြင်ကွင်းကို တွေ့လိုက်ပါတယ်။

စိတ်ကိုမချုပ်တီးနိုင်လို့ ပုန်းကွယ်နေရာမှ ထွက်ရာမှာ ဆပ်ဖလပ်က သမင်တစ်ကောင်ထင်ပြီး မြှားနဲ့လှမ်းပစ်လိုက်လို့ ပရော့ကရစ် သေဆုံးခဲ့ပါတယ်။ သူ့ကြောင့် သေရတယ်ဆိုပြီး မုဆိုးဟာ နောက်ပိုင်း ဘယ်သူ့ကိုမှ ချစ်ခြင်းမေတ္တာတွေ မပေးတော့ဘဲ မိမိကြင်ယာတော်အပေါ် သစ္စာစောင့်စည်းတော့မယ်လို့ ယတိပြတ်ဆုံးဖြတ်ခဲ့တဲ့အတွက် အီးအော့ဟာ မေတ္တာငတ်မလေး ဖြစ်ခဲ့ရပါကြောင်း။




www.burmeseclassic.com

www.burmeseclassic.com



# နလုံးလမ်းကြောင်းကဖော်ပြတဲ့ အချစ်သင်္ကေတ




လူတစ်ယောက်ရဲ့လက်ဖဝါးပြင်မှာပါတဲ့ မေတ္တာရေးလမ်းကြောင်း လို့ခေါ်တဲ့ နလုံးလမ်းကြောင်းဟာ လူတစ်ယောက်ရဲ့ခံစားချက်တွေကို ဖော်ပြနိုင်ရုံသာမက အချစ်ရေး၊ ကံကြမ္မာနဲ့တကွ သူ့ပတ်ဝန်းကျင်က အရာအားလုံးကိုပါ ဖော်ပြပေးနိုင်ပါတယ်။

ယခု ပုံမှာ ဖော်ပြထားတဲ့ မေတ္တာရေးလမ်းကြောင်း (သို့) နလုံးလမ်းကြောင်း A,B,C,D ရဲ့တည်နေရာတွေ၊ လမ်းကြောင်းတွေကို ကြည့်ပြီး ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လာရင် သင် (သို့မဟုတ်) သင့်ချစ်သူတို့ဟာ အချစ်နဲ့ပတ်သက်လို့ ရယူသူလား၊ ပေးဆပ်မယ့်သူလား ဆိုတာကိုလည်း သိသာထင်ရှား စေပါလိမ့်မယ်။

ဒီနေရာမှာ မေတ္တာရေးလမ်းကြောင်း (သို့) နလုံးလမ်းကြောင်း စတင်ထွက်တဲ့နေရာကို (၄)မျိုး သတ်မှတ်ထားပါတယ်။ တချို့က လက်ခလယ်အောက်က စတင်ထွက်ပါတယ်။ တချို့က လက်ခလယ်နဲ့ လက်ညှိုးကြားက ထွက်ပါတယ်။


တချို့ကျတော့ လက်ညှိုးအောက်တည့်တည့်က ထွက်ပါတယ်။ တချို့ကျတော့ လက်မနဲ့ လက်ခလယ်ကြားက ထွက်ပါတယ်၊ ဒီလူတွေ





သင့်အနီးအနားမှာ ရှိနေရင် သူတို့နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို သင်လေ့လာကြည့်နိုင်ပါပြီ။

A)


A

မေတ္တာရေးလမ်းကြောင်းဟာ လက်ခလယ်အောက်က ထွက်လာမယ်ဆိုရင် အဲဒီလူဟာ ခေါင်းဆောင်ကောင်း တစ်ယောက်၊ ရည်မှန်းချက်ကြီးမားသူ၊ လွတ်လပ်စွာ လှုပ်ရှားတတ်သူ၊ တတ်သိပညာရှင် တစ်ယောက် ဖြစ်လာမယ့် လူစားမျိုး ဖြစ်ပါတယ်။


အရည်အချင်းရှိတဲ့ ဆုံးဖြတ်ချက်တွေ၊ စဉ်းစားတွေးခေါ်နိုင်စွမ်း တွေနဲ့ ပြည့်စုံသူဖြစ်ပါတယ်၊ သို့ပြီး ခံစားမှု မလွယ်ပါဘူး၊ တခြားလူတွေအပေါ်မှာ အေးစက်တတ်ပါတယ်၊ သူ့ဆီက အချစ်ရဖို့မဖြစ်နိုင်ဘဲ သူများကသာ သူ့ကိုချစ်ရမယ့် လူစားမျိုး ဖြစ်ပါတယ်။

ဒီလိုလူမျိုးသာ သင့်ချစ်သူဖြစ်နေမယ်ဆိုရင် သင့်ဘက်ကသာ သူ့အပေါ် အချစ်တွေကို ပေးစွမ်းရမှာ ဖြစ်ပါတယ်၊ သင်ဟာ "သူချစ်"ကို မျှော်ဘဲ "ကိုယ်ချစ်"ကိုသာ တန်ဖိုးထားတတ်သူဆိုရင်တော့ ဒီလိုလူစားမျိုးကို ရွေးပါ၊ ထူးခြားချက်တစ်ခုကတော့ ဒီလို လက္ခဏာပိုင်ရှင်တွေဟာ သူ့နှစ်ခြင်း ချောမောလှပတဲ့ အိမ်ထောင်ဘက်မျိုးကို အလိုလိုရနိုင်စွမ်း ရှိသူတွေ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





B


B)

လက်ညှိုးနဲ့လက်ခလယ်ကြားက မေတ္တာရေး လမ်းကြောင်း ထွက်လာသူ ဆိုရင် အဲဒီလို လူစားမျိုးဟာ မျှတတဲ့သူ၊ သူတစ်ပါးအပေါ် ကြင်နာတတ်သူ၊ တခြားလူတွေနဲ့ ပတ်သက်လာရင် အချိန်ယူ စဉ်းစားပေးတတ်သူ၊ သတိထား ဆုံးဖြတ်တတ်တဲ့ လူစားမျိုး ဖြစ်ကြပါတယ်။

ယုံကြည်ကိုးစားဖို့ကောင်းတဲ့ လူတစ်ယောက်လည်း ဖြစ်ပါတယ်။ ဒီလိုလူမျိုးတွေဟာ ဘယ်အရာမဆို အစွန်းမရောက်တတ်ဘဲ မှန်မှန်ကန်ကန် လုပ်ဆောင်တတ်သူမျိုးတွေ ဖြစ်ပါတယ်။ အလယ်အလတ်ကျကျ ဆုံးဖြတ်တတ်သူမျိုးပါ၊ ဒီလိုလူစားမျိုးတွေနဲ့ ပေါင်းသင်းရသူတိုင်းဟာ နှစ်သက် သဘောကျလေ့ရှိကြပါတယ်၊ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်သင့်တဲ့ လူစားမျိုးထဲမှာ ပါဝင်ပါတယ်။

C)

နှလုံးလမ်းကြောင်းဟာ လက်ညှိုးအောက်တည့်တည့်က ထွက်လာရင် လက်ခလယ်အောက်တည့်တည့်က ထွက်လာတဲ့ မေတ္တာလမ်း ပိုင်ရှင်တွေရဲ့ လက္ခဏာရပ်တွေနဲ့ တစ်စိတ်တစ်ဒေသ တူညီလို့ ဒီလိုလူစားမျိုးဟာလည်း ခေါင်းဆောင်တတ်ပြီး ပညာဉာဏ် အမြော်အမြင်နဲ့ ရည်မှန်းချက် ကြီးမားသူတွေ ဖြစ်ပါတယ်၊



C






A နဲ့ C ပုံစံမတူညီတဲ့ ကွာခြားချက်က C ပုံစံ လက္ခဏာပိုင်ရှင်တွေဟာ ကိုယ့်ရဲ့ချစ်သူ၊ အိမ်ထောင်ဘက်၊ မိသားစုအပေါ်မှာ ချစ်ခင်တတ်သူတွေ ဖြစ်ပါတယ်၊ သူ့တစ်ဘဝလုံးဟာ ဒီအိမ်ထောင်ဘက်၊ ဒီမိသားစုအပေါ်မှာပဲ ပေးဆပ်သွားမယ်လို့ ခံယူထားတတ်သူများ ဖြစ်ပါတယ်၊

ဒါကြောင့် သင်ဟာ ရယူလိုစိတ်မရှိဘဲ မိုနိုလိုစိတ်သာရှိရင်တော့ ဒီလိုလူစားမျိုးကို မျက်စိမှိတ်ပြီး အပိုင်သာ ရွေးလိုက်ပါ၊ သင့်ဘဝ တစ်လျှောက်လုံးအတွက် သူဟာ ရှေ့ကနေ မားမားမတ်မတ်ရပ်တည်ကာ အစစ အရာရာ လိုလေသေးမရှိအောင် ဦးဆောင် လှုပ်ရှား ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်၊ သင့်ရဲ့ရွေးချယ်မှုဟာ မှန်ကန်ပါလိမ့်မယ်၊

D)

မေတ္တာရေးလမ်းကြောင်းဟာ လက်ညှိုးနဲ့ လက်ခလယ် ကြားက ထွက်လာသူ ဆိုရင်တော့ ဒီလိုလူစားမျိုးတွေဟာ အရာရာမှာ အလွန် သည်းခံတတ်သူ၊ အလွန် ဂရုစိုက် တတ်သူ၊ အများအကျိုးကို ကိုယ်ကျိုး မခက်ဘဲ ကြည့်ရှု ဆောင်ရွက်တတ်သူ၊ နှလုံးသားပျော့ပြောင်းသူတွေ ဖြစ်ကြပါတယ်၊



D


အစစ အရာရာ ကြင်နာမှုနဲ့အတူ အလိုလိုက်မယ့် ချစ်သူ၊ အိမ်ထောင်ဘက်မျိုး ဖြစ်ပါတယ်၊ သူ့လို လူစားမျိုးကို ရွေးမယ်ဆိုရင် သင်ဟာ သူ့အပေါ် အလိုလို အနိုင်ရပြီလို့သာ မှတ်လိုက်ပါ။ စိတ်ဆိုး၊ စိတ်ကောက် အရာရာကို သည်းခံခွင့်လွှတ်မယ့် ချစ်သူကောင်းမျိုးဖြစ်ပါတယ်။ ဆိုးရွှင်နွဲ့ချွဲ၊ အနိုင်ယူတတ်တဲ့စိတ်မျိုးရှိရင်တော့ ဒီလိုလူမျိုးနဲ့ လက်တွဲတာ အကောင်းဆုံးပဲ ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## လက်သည်းခွံသဏ္ဌာန်နှင့် မော်ဒန်အယူအဆ



ရှေးရာစုနှစ်များစွာကတည်းက လူတစ်ယောက်ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းများနဲ့ ထိုသူရဲ့ အမျိုးမျိုးသော ကာရိုက်တာ အချက်အလက်များ အပေါ် မူတည်ပြီး သီအိုရီ ထုတ်ယူနိုင်တယ်လို့ ယုံကြည်ခဲ့ကြပါတယ်။

တချို့ကတော့ လက်သည်းခွံပုံပန်းသဏ္ဌာန်နဲ့ အရွယ်အစားတို့က လူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေး ကာရိုက်တာကို ဖော်ပြတယ်လို့ လက်ခံထားကြပါတယ်။ ဦးခေါင်းခွံနဲ့ ပတ်သက်တဲ့ အတိုင်းအထွာများအပေါ် အခြေခံထားတဲ့ အမျိုးမျိုးသော ကာရိုက်တာတို့ကို ဖော်ညွှန်းတဲ့ ပညာရပ်လည်း ရှိတယ်လို့ သိရပါတယ်။

တချို့ကတော့ အနုပညာရှင်တစ်ယောက် ဖြစ်၊ မဖြစ်ကို လူတစ်ယောက်ရဲ့ မျက်လုံး(၂)ခုကြား အကွာအဝေးကို ကြည့်ပြီး ဆုံးဖြတ်နိုင်တယ်လို့ ဆိုကြပါတယ်။

ယခုနောက်ဆုံးပေါ် မော်ဒန်အယူအဆကတော့ လက်သည်းပုံသဏ္ဌာန်အပေါ် အခြေတည်ထားပါတယ်။ မူလဖစ်မြစ်က အာရှတိုက်မှ စတင်ခဲ့ပြီး အခုအချိန်မှာ ဥရောပတစ်လွှားအထိ ပျံ့နှံ့ရောက်ရှိနေပြီ ဖြစ်ပါတယ်။






ယေဘုယျအားဖြင့် အနီးစပ်ဆုံး မှန်ကန်အောင် ဖော်ပြနိုင်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီလိုစမ်းသပ်ရတာဟာ ပျော်စရာလည်း ကောင်းသလို၊ ကိုယ်ယုံကြည်တဲ့ စမ်းသပ်မှုအတွက် အခြားသူအပေါ် ကောက်ချက်ချရတာဟာ အလွန် စိတ်ဝင်စားစရာ လေ့လာမှုတစ်ခုလည်း ဖြစ်တယ်လို့ အနောက်တိုင်းပညာရှင်များက ဆိုကြပါတယ်။

မော်ဒန်အယူအဆက ပြောတဲ့ ကွဲပြားခြားနားတဲ့ လက်သည်းခွံပုံ သဏ္ဌာန်ပိုင်ရှင်များရဲ့ ကာရိုက်တာများကတော့ -

1) လေးထောင့်စပ်စပ် အရှည်လိုက် လက်သည်းခွံ ပုံသဏ္ဌာန်ရှိသူတွေဟာ သာမန် ကာရိုက်တာ ရှိကြသူတွေ ဖြစ်ပါတယ်။ သူတို့ဟာ တိကျတယ်၊ စိတ်ကူး ဆန်းသစ်တယ်၊ တီထွင်တတ်တယ်။ ဒီလို လူစားမျိုးတွေဟာ လူတိုင်းနဲ့ အဆင်ပြေသူတွေ ဖြစ်ကြပါတယ်။



1

2) ကျယ်ပြန့်တဲ့ လက်သည်း ပုံသဏ္ဌာန်ရှိသူများကတော့ စိတ်ရင်းမှန်သူ၊ မဟုတ်တာ မလုပ်တတ်သူ၊ စိတ်တိုလွယ်သူ၊ စာအုပ်ကြီးအတိုင်း သီအိုရီအတိုင်း လိုက်တတ်သူတွေ ဖြစ်ပါတယ်။ မိဘပေးစားတာကို ယူမယ့် လူစားမျိုးတွေပါ။ သူတို့ဟာ အမှန်ကိုသာ ပြောတတ်ပြီး လူအများကို အကြံဉာဏ်ပေးတတ်သူတွေ ဖြစ်ပါတယ်။



2

3,4) အဝိုင်း(သို့) ကြက်ဥပုံ လက်သည်းပုံသဏ္ဌာန် ရှိသူတွေကတော့ ငြိမ်သက်တယ်၊ မှန်တန် တိကျတယ်၊ အကောင်းမြင်တတ်ပြီး နားလည်မှု ရှိသူတွေ ဖြစ်ပါတယ်။ ကိုယ့်စည်းချက်အတိုင်း ကိုယ်နေတတ်ပြီး တစ်ခါတရံ အသေးအဖွဲ့လေး




3

www.burmeseclassic.com

www.burmeseclassic.com




တွေက သူတို့ဘဝကို ဖျက်ဆီးတတ်ပါတယ်။ ဒါပေမယ့် သူတို့မှာ ကာလရှည် လက်တွဲနိုင်တဲ့ မိတ်ဆွေကောင်းတွေ ရှိတတ်ပါတယ်။




5

5) စတုရန်း လက်သည်းသဏ္ဍာန် ပိုင်ရှင်များကတော့ ခေါင်းဆောင်များ၊ စိတ်ဓာတ်ကြံ့ခိုင်သူများ၊ စံနစ်ကျသူနဲ့ ရဲရင့်သူတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ လေးနက်တည်ကြည်ပြီး လူအများက သူတို့ကို ခေါင်းဆောင်လို့လည်း မြင်ကြပါတယ်။ ဒါပေမယ့် သူတို့နဲ့ အနီးစပ်ဆုံးသူတွေကတော့ သူတို့မှာလည်း ပျော့ကွက်ရှိတာကို သိထားတတ်ကြပါတယ်။



6

6,7) တြိဂံပုံသဏ္ဍာန်နဲ့ တြိဂံဇောက်ထိုးပုံ လက်သည်းပိုင်ရှင်များကတော့ စမတ်ကျသူ၊ အရာရာ ပြီးပြည့်စုံသူ၊ မူလဘူတ လက်တွေ့ကျသူတွေ ဖြစ်ပါတယ်။ သူတို့ဟာ မွေးရာပါ ထူးချွန်သူတွေဖြစ်ပြီး သူများထက် မြန်မြန် တွေးခေါ်တတ်သလို၊ အခြားသူတွေဟာ သူတို့ကို အများအားဖြင့် နှစ်သက်တတ်ကြပါတယ်။




7





8) ဗာဒံသီးပုံ Almond Shape လက်သည်းပိုင်ရှင်များကတော့ သစ္စာရှိသူ၊ စိတ်ရင်းကောင်းသူ၊ ခင်မင်ဖို့ကောင်းသူ၊ ချောမောသူတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ ကြင်နာတတ်ပြီး လိုအပ်ချိန်မှာ ကိုယ့်ဘက်က ရပ်တည်မယ့် လူစားမျိုးတွေ ဖြစ်ပါတယ်၊ လူတွေဟာ သူတို့နဲ့ အတူတွဲအဖော် လုပ်ဖို့ကို ကြိုက်နှစ်သက်ကြပြီး သူတို့ရဲ့ပြဿနာ ဖြေရှင်းပုံများကလည်း ချောင်မြောက်တတ်လို့ အများစုက ချစ်တတ်ကြပါတယ်။



8



9

9) လုံးတံပုံ (သို့) ဓားပုံသဏ္ဍာန် လက်သည်း ပိုင်ရှင်များကတော့ စိတ်ကူးယဉ် ဆန်တယ်၊ တီထွင်ထုတ်လုပ်သူ၊ အမြင်ကျယ်သူနဲ့ ရူးစိုက်တတ်ကြသူတွေ ဖြစ်ပါတယ်။ သူတို့ဟာ ကာလရှည် ရည်ရွယ်ချက်ကောင်းတွေအပေါ် အာရုံထားတတ်ကြပြီး မြင်ကွင်းကြီးကြီး (အနာဂတ်ကို ကြိုတင်ပြီး) မြင်တတ်ကြသူတွေ ဖြစ်ပါတယ်။ လူတွေကို အကောင်းဘက်က ဆွဲဆောင်နိုင်ပြီး သူတို့နဲ့ပေါင်းတဲ့ လူတိုင်းဟာ အလိုလို တိုးတက်လာတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





# နန်းရှေ့ပုဏ္ဏားဘကွန်

မကြွေးညိုစိမ့်



www.burmeseclassic.com

www.burmeseclassic.com





ဘုရားအိုး..
ယန်းအိုးထိုးတယ်ဆိုတာ.. အလွန် ကုသိုလ်ရတာကွ။
ဒါပေမယ့် ကိုယ်နဲ့နေ့နှံ့ မကိုက်တဲ့ပန်း
ထိုးလိုက်မိရင် စီးပွားရေး၊ လူမှုရေးတွေ ပျက်ပြီ။
သူများနဲ့ပြိုင်ရင် ကိုယ်က မနိုင်တော့ဘူး။

နန်းရှေ့ပုဏ္ဏားဘာကွန်း

စာရေးသူသည် ထင်ပေါင်ထင်မှား လုပ်ကိုင်စားသူများကို လွန်စွာ မုန်း၏ ။ အထူးသဖြင့် နာမည်ကြီးပြီးသူ၏ အမည်ကို ထင်ယောင်ထင်မှား ခိုးယူလုပ်ကိုင်စားသောက်နေခြင်းကို ဖြစ်၏ ။

ယခုကြည့် .. "နန်းရှေ့ပုဏ္ဏား ဘာကွန်း" တဲ့။

လူက ခန့်ခန့် တုတ်တုတ်၊ အပေါ် အထက်ပိုင်းက အင်္ကျီဝတ် မထား၊ အောက်ပိုင်းမှာက ပုဆိုးအဖြူ၊ ဟိန္ဒူများ ဝတ်ထားသကဲ့သို့ ပုဆိုး ခါးတောင်းကျိုက်၊

နဖူးမှာက ထုံးသုံးချက် တားထားသည်၊ သူ ဆောင်းလာတဲ့ထီး က မြန်မာ ဗုဒ္ဓဘာသာ ဘုန်းကြီးများ ရှေးခေတ်ကာလက ဆောင်းသော ပိတ်စကို စစ်စီးအဝါရောင်သုတ်ထားသည့် ရောမ ထီးကြီး၊





အဲဒီ ထီးကြီးအပေါ်မှ သဘော်ဆေး အဖြူဖြင့် ထင်ထင်ရှားရှား ကြီး ရေးထားသည်က -

"နန်းရှေ့ပုဏ္ဏားဘာကွန်း"

"တိကျ၊ မှန်ကန်သော၊ ဗေဒင်ဆရာ" တဲ့။

ပိုင်လိုက်သည့် ဖြစ်ခြင်း။ ပုဏ္ဏားဘာကွန်းဆိုသည်က နိုင်ငံကျော် စာရေးဆရာ၊ ဗေဒင်ဆရာကြီး မင်းသိခ်၏ နိုင်ငံကျော် လုံးချင်းဝတ္ထုထဲမှ နိုင်ငံကျော် ဇာတ်ကောင်တစ်ယောက်၏ အမည်ဖြစ်နေ၏ ။

ထိုအမည်ကိုမှ မရှက်မကြောက်၊ ခိုးယူခဲ့ပြီး လုပ်စားနေသည်ကို တွေ့ရသဖြင့် သူနှင့်ထိပ်တိုက်တွေ့ရန် စီစဉ်လိုက်၏ ။

စီစဉ်ရသည်မှာ မခက်ပါ၊ ထိုသူသည် ကျွန်ုပ်၏အိမ်ရှေ့မှ နံနက် တစ်ကြိမ်၊ ညနေတစ်ကြိမ် လျှောက်၏ ။ တစ်နေ့သော နံနက်ခင်းတွင် ထို သူ့အား ကျွန်တော်၏ အိမ်ထဲသို့ ဝင်ခဲ့ပါရန် ဖိတ်ခေါ်လိုက်၏ ။

ပုဏ္ဏားဘာကွန်း အိမ်ထဲရောက်သည်နှင့် စာရေးသူက ရေသန့် အေး တစ်ပုလင်းချတိုက်ခဲ့၏ ။

"နိုပ်တယ်ဟေ့ ..၊ ဧည့်သည်ကို ကြိုရာမှာ ရေသန့်အေးအေးက လေး ချတိုက်တာဟာ ဖော်ရွေမှုကို ပြတာပဲကွ။ မင်းရဲ့ဧည့်ခံမှုက ကောင်း တယ်ဟေ့"

ဟု သူကပြော၏ ။ စာရေးသူလည်း စိတ်စောစွာဖြင့် ကိုယ်မေး ချင်ရာကို စတင် မေးလိုက်မိသည်၊

"ဆရာက မန္တလေးမြို့ နန်းရှေ့လို့ ရေးထားတယ်၊ အိမ်နံပါတ် ဘယ်လောက်၊ လမ်းက ဘယ်လောက်မှာ နေတာပါလဲ ဆရာ" ဟုမေး လိုက်မိ၏ ။

"ဟား .. ဟား .. ဟား .. ဟား။ မင်းက အဂ်ါသား ဖြစ်ရမယ်၊ အဂ်ါ သားတွေက လူတစ်ဘက်သားကို အယုံအကြည်လွယ်တယ်၊ သနားတတ် တယ်၊ စိတ်ထဲရှိတာ ဘွင်းဘွင်း ရှင်းရှင်း ပြောတတ်တယ်၊ စိတ်တို လွယ် တယ်၊ စိတ်ကြီးတယ်၊ အငြိုးအတေး မထားတတ်ဘူး။ မင်း အဂ်ါသား ဟုတ်လား"

လို့ မေးတယ်၊ ကျွန်တော် အံ့ဩသွားတယ်၊ ဟုတ်တယ်လေ၊



www.burmeseclassic.com

ကျွန်တော်က အင်္ဂါသားပဲဟား၊

"ဟား..ဟား..ဟား..ဟား - မင်း ခံလိုက်ရပြန်ပြီ၊ မင်းက ညှို့စိမ့် ဆိုတော့ အင်္ဂါသားပဲ ဖြစ်ရမှာပေါ့ကွ"

"ဗျာ!.."

"မဗျာနဲ့ ..ငါ့လူ၊ ဗေဒင်ဆရာဆိုတာ ပါးရေနပ်ရေ ရှိရတယ်၊ ဥပမာကွာ..မိန်းမ တစ်ယောက် မဖီးနိုင်၊ မလိမ်းနိုင်ဘဲ မင်းဆီ ဗေဒင်လာ မေးပြီဆိုရင် သူ့ခင်ပွန်းယောကျ်ား ဖောက်ပြားနေလို့သာ မှတ်တော့၊ မင်းဟော ပေတော့..။

အဲ ဖီးလိမ်းလိမ်းနဲ့ လာမေးမယ့် စိတ်ညစ်နေတဲ့ ပုံပေါ်ရင် စီးပွား ရေး လူမှုရေး အလုပ်အကိုင် အစဉ်မပြေလို့သာ မှတ်၊ ဗေဒင်ဆရာဆိုတာ လူတစ်ယောက်ရဲ့ အင်္ဂါရုပ်ကို ဖတ်တတ်ရမယ်ကွ"

"နေပါဦး ..ဆရာ၊ ကျွန်တော် မေးတာ ဆရာ မဖြေသေးပါလား"

"ဘာလဲ ..မန္တလေးမြို့ကလား ဆိုတာလား၊ မဟုတ်ဘူး ငါ့လူ၊ ပုဏ္ဏားဆို မန္တလေးမှကွ၊ ဒါကြောင့် ငါ မန္တလေးယူထားတာ၊ ငါက လယ်ဝေ သား၊ ပုဏ္ဏားလည်း မဟုတ်ဘူး"

"ငါ့အဖေက ချစ်တီးကုလား၊ ငါ့အမေက မြန်မာ၊ ငါက ကာလတစ်၊ ငါ မြန်မာစာနဲ့ ဘွဲ့ရခဲ့တာ၊ ငါ့ရုပ်က ကုလားရုပ်ပေါက်နေတော့ ဘယ် အစိုးရဌာနမှ အလုပ်မရဘူး၊ ငါကိုယ်၌ကလည်း လက်ကြော မတင်းဘူး ပင်ပင်ပန်းပန်းလည်း လုပ်မစားချင်ဘူး၊

ဒီတော့ ငွေအရချောင်တဲ့အလုပ် ငါစဉ်းစားလိုက်တော့ (ဗေဒင်) ဆရာလုပ်စားတာ ကောင်းမယ်လို့ စဉ်းစားမိတယ်"

"ဒါနဲ့ ငါ ရှေးဟောင်းကျမ်းစာတွေနဲ့ ဒီနေ့ ဗေဒင်ဆရာတွေရဲ့စာ တွေကို ဖတ်၊ မှတ်၊ လေ့ကျင့်ခဲ့တယ်"

"ဗေဒင်ဆရာ လုပ်စားရတာ လွယ်သလား ..ဆရာ"

"ဟကောင်ရ ..သူများအိတ်ထဲက ပိုက်ဆံကို ကိုယ်က ငွေ အရင်း အနှီးတစ်ပြားမှ မစိုက်ဘဲရအောင် လုပ်ယူရတဲ့အလုပ် လွယ်တယ်လို့ ရှိ မလားကွ၊ မှန်အောင်တော့ ဟောရတာပေါ့"

"လိုအပ်တာက မေးသူက ကိုယ့်ကို ပထမ ယုံကြည်အောင် ဟော





**'ဒီမယ် မှတ်ထား..
အိမ်ရှေ့ အိမ်ဝိုင်းအတွင်းမှာ
Kiss Me Quick တို့ နှင်းဆီတို့
အစရှိတဲ့ ဆူးပါတဲ့ အပင်တွေ မစိုက်ရဘူးကွ'**

နိုင်ရမယ်၊ ပြောနိုင်ရမယ်"

"ဟာ ..ဆရာ ပြောရင်း ရှုပ်လာပြီ၊ ဘုမသိ ဘမသိ လူတစ်ယောက်၊ အိမ်ထောင်တစ်ခုကို ဘယ်လိုမှန်အောင် ဟောမလဲ ..ဆရာ"

"ဟား..ဟား..ဟား..ဟား..အဲဒါပြောတာပေါ့ကွ၊ ငါတို့ ဗေဒင် ဆရာတွေမှာ ပုံသေနည်းဆိုတာ ရှိတယ်၊ အဲဒါတွေကို ကိုယ်က အလွတ် ရနေရမယ်"

"ဥပမာကွာ ..ဗေဒင်မေးတဲ့သူက ကျွန်မတို့အိမ်ရဲ့ စီးပွားရေး ကြည့်ပေးစမ်းပါလို့ မေးလာရင်၊ အေး ..မင်းတို့ အိမ်စီးပွားရေးက ဝင်ငွေ၊ ထွက်ငွေ မမျှ ဖြစ်နေတယ်၊ ပလိုင်းပေါက်နဲ့ ဖားကောက်သလို ဝင်သမျှ ထွက်နေတယ်လို့ ဟောလိုက်"

"အဲဒါက အိမ်တိုင်း မှန်သလား ..ဆရာ"

"သမ္မတတို့၊ ဝန်ကြီးတို့၊ အစိုးရဌာနက အရာရှိကြီးတွေကလွဲရင် လူတစ်ရာကိုဟောရင် တစ်ရာလုံး မှန်တယ်"

"မင်းတို့အိမ်မှာ စက်ပစ္စည်း အပျက်တွေ ရှိနေတယ်၊ ဓာတ်ခဲ ဟောင်းတွေ ရှိနေတယ်၊ အဲဒါတွေ အိမ်က ထုတ်ပစ်လိုက်လို့ ဟောချ လိုက်"

"ဆရာ ..ဟုတ်ပါ့မလား"

"အခု ငါပြောလိုက်မယ်၊ မင်းအိမ်ကို ပြန်စစ်ကြည့် ..။ နောက်ဆုံး ကလေးကစားတဲ့ (Remote) ကားအပျက်သော် လည်းကောင်း၊ TV Remote တီဗီရဲ့ အပျက်သော် လည်းကောင်း၊ ရှိကိုရှိနေရမယ်ကွ၊ နောက် ဆုံး တက်ဆက်ခွေ အစုတ်၊ CD အခွေအစုတ်တွေ ရှိနေမယ်၊



www.burmeseclassic.com

www.burmeseclassic.com



။

"နေနေ့နဲ့ အင်္ဂါနေ့မှာ
ဘုရား မတင်သင့်တဲ့ ပန်း(၁၉)မျိုး ရှိတယ်ကွ။
အဲဒီပန်းတွေ အဲဒီနေ့တွေမှာ သွားတင်မိရင် စီးပွားပျက်မယ်။
အိမ်တွင်းရေး အစဉ်မပြေဖြစ်မယ်။ လုပ်သမျှ အလုပ် အုံချော်မယ်"

---

ယုတ်စွအဆုံးကွာ . . လူတွေက မီးခလုတ်အပျက်တွေကို ဘာ ရယ်မဟုတ်၊ သိမ်းထားတတ်တယ်။ အမှန်ပြောရရင် ငါတို့ဗေဒင်လောက ရဲ့အယူအဆတွေက အဲဒါတွေ အိမ်မှာ မထားရဘူး။ အဲဒါတွေရှိရင် လာဘ် တိတ်တယ်"

"အဲဒါတွေ ရှိကြောင်းသာ မျက်စိမှိတ်ပြီး ဟောလိုက်၊ မှန်လိုက် တာ ဆရာရယ် . . လို့ ဖြစ်သွားရမယ်။ ဒါဆိုရင် မင်းဆက်ပြီး ဟောတော့ မင်း ဘာပြောပြော၊ ယုံပြီသာ မှတ်"

"ဒါနဲ့ ဆရာ . . ဗေဒင်မေးသူရဲ့ မွေးနေ့၊ ရက်စွဲက နာမည်ကြည့်ပြီး သိတယ်ဆိုပေမယ့် တချို့နေ့နံအတိုက်မဲ့တာ မဟုတ်ဘူး ဆရာ။ အဲဒါ တော့ ဘယ်လိုသိမလဲ"

"ဟကောင်ရ . . အဲဒီအခါကျတော့လည်း ခပ်တည်တည်နဲ့ မွေး လ၊ ရက်စွဲ ပေးလို့တောင်းလိုက်ပေါ့ကွ။ ဒါတွေက တို့လို ဗေဒင်ဆရာတွေ အဖို့ ထမင်းစား၊ ရေသောက်ပဲ ရှိတာပါကွာ"

"မင်းကို အခု ဟောပြမယ်၊ မင်း ဝင်ငွေ၊ ထွက်ငွေ မမျှဘူး။ ဝင် သမျှထက် ပိုထွက်မယ်၊ ဘယ်လုပ်ငန်းမှ အစဉ်မပြေဘူး။ ဟုတ်မလိုလို လွဲနေတယ်။ မဟုတ်ဘူးလား၊ ဟုတ်လား . . ဖြေစမ်း"

"ဟုတ်ပါတယ် . . ဆရာ၊ အဲဒါ ဘာကြည့်ပြီး ဟောတာလဲ ဆရာ"

"ဘာကြည့်ပြီး ဟောရမလဲကွ။ မင်းနဲ့ မျက်နှာချင်းဆိုင်က အိမ် ကို ကြည့်လိုက်စမ်း။ မွန်အိမ်ပုံစံကြီး မဟုတ်လား"

"ဟုတ်တယ် . . ဆရာ၊ အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လဲ ဆရာ"



"မဆိုင်ရင်ကောကွာ၊ အဲဒီအိမ်မျိုးကို (နေကျော်)အိမ်လို့ ခေါ် တယ်ကွ။ မင်းအိမ်ကို မြားဦးချွန်နဲ့ ထိုးနေတဲ့ ပုံသဏ္ဍာန် ဖြစ်နေတယ်၊ မင်း ဘယ်တော့မှ ဘာမှ အဆင်မပြေဘူးကွ မှတ်ထား"

"အဲဒါ ကျွန်တော် ဘာလုပ်ရမလဲ . . ဆရာ"

"သူ့လို မွန်အိမ် ပြင်ဆောက်လိုက်၊ ဒါမှမဟုတ် အိမ်ရှေ့မှာ ရေအိုး စင်တည် . .၊ ဒါမှမဟုတ် သစ်ပင်ကြီးကြီး စိုက်လိုက်၊ ဥပမာ တမာ၊ တခံ သေည်ဖြင့်ပေါ့ကွာ၊ ဒါမှမဟုတ် အိမ်ရှေ့တံခါးမမှာ ကျားပုံ ချိတ်ထားလိုက်"

"နောက် ရှိသေးတယ် . . ငါ့လူ"

"ဘာလဲ . . ဆရာ"

"မင်းခြံထဲကို ငါဝင်လိုက်တော့ ပန်းခြုံကြီးထဲ ဝင်လိုက်ရသလို၊ စိတ်ကို လန်းဆန်းသွားတော့တာပဲ"

"ဒါပေမယ့်ကွ . . မင်း အခုလို ဝင်ငွေ၊ ထွက်ငွေ မမျှတာတွေ၊ အလုပ်အဆင်မချောတာတွေက အဲဒီ ပန်းခြုံကြီးကြောင့် ဖြစ်နေတာကွ"

"ဗျာ ! . ."

"ဒီမယ် မှတ်ထား . . အိမ်ရှေ့ အိမ်ဝိုင်းအတွင်းမှာ Kiss Me Quick တို့၊ နှင်းဆီတို့ အစရှိတဲ့ ဆူးပါတဲ့ အပင်တွေ မစိုက်ရဘူးကွ။ နောက် ပြီး မင်းဧည့်ခန်းထဲမှာ တို့လိုတွဲလောင်း ချိတ်ထားတဲ့ ဒီလိုပန်းပင်တွေလည်း ထားကောင်းဘူး။ အဲဒါတွေဟာ မင်းတို့တက်မယ့်ကိစ္စအားလုံးကို ဟန့် ထားနေတဲ့ အတားအဆီးတွေပဲ"

"ဒါဖြင့် အိမ်ရှေ့မှာ ပန်းခြုံမထားကောင်းဘူးပေါ့"

"မင်း တော်တော်ခုံးဝေးတဲ့ အကောင်ပဲ၊ ပန်းခြုံက ထားကောင်းပါ တယ်၊ အဲဒီပန်းခြုံထဲမှာ ဆူးပါတဲ့အပင်တွေ မပါရဘူး။ နောက်ပြီး လူဝင်တဲ့ အိမ်တံခါးမကြီးမှာ ပန်းခုံကြီး မထားရဘူး၊ အဲဒါပြောတာကွ"

"ရှုပ်လိုက်တာဗျာ"

"ဟေ့ကောင် . . ငါက လုပ်ကြံပြောနေတာ မဟုတ်ဘူး၊ ငါတို့ ရှေး ကျမ်းတွေထဲမှာ ရှိတဲ့ ရှေးဗေဒင်ဆရာကြီးများ ထားခဲ့တဲ့ ပုံသေနည်းပဲ"

"မင်းက သစ်ပင်စိုက်ဝါသနာပါတော့ တို့ဗေဒင်ဆရာတွေရဲ့ပုံသေ နည်း ပွားချမ်းသာစေတဲ့ သစ်ပင်စိုက်နည်း ပြောပြရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com


"အမိန့်ရှိပါ"

"အိမ်နောက်ဖေးမှာ (ကတက်ပင်) စိုက်၊ အိမ်ရှေ့မှာ တမာပင် (ဒါမှမဟုတ်) မန်ကျည်းပင် စိုက်၊ မင်း စီးပွားတက်ပြီသာ မှတ်တော့"

"နောက်တစ်ခု သတိပေးချင်တာက ဗေဒင်ဆရာ ပြောတိုင်းလည်း မယုံနဲ့ကွ၊ တချို့ဆရာ၊ ဆရာမတွေက စာအုပ်ကြီးအတိုင်း ဟောတတ်ကြတယ်၊ ဥပမာ - ကိုယ်ရောင်းချင်တဲ့ပစ္စည်းတစ်ခုကို အမြန်ထွက်စေချင်ရင် ..

"အင်္ဂါနံဖြစ်တဲ့ (ဆီး)ဖီးကိုင်းနဲ့ရိုက်" လို့ ဟောလိုက်တော့ ဗေဒင်မေးတဲ့လူက ဆရာ၊ ဆရာမဟောလိုက်တဲ့အတိုင်း အလွယ်တကူ ဖီးကိုင်းကို လက်ညှိုးလောက်အတုတ်၊ တစ်တောင်လောက် အရှည်ကိုဖြတ်ပြီး ရိုက်တော့တာပေါ့၊ ပစ္စည်းက ဘယ်အရောင်းအဝယ် ဖြစ်လိမ့်မလဲ၊ မှားနေတာကိုးကွ"

"ဘယ်လိုမှားတာလဲ .. ဆရာ"

"ဟကောင်ရ .. ယတြာပစ္စည်းဆိုတာ နက္ခတ်မိရမယ်ကွ၊ ကိုယ်လုပ်ချင်တိုင်း လုပ်မရဘူး၊ နေ့နဲ့ နံနဲ့ သင်္ချာရီစက်ကွင်းမိမှ အဲဒီပစ္စည်းတစွမ်းတာကွ"

"ဒါဖြင့် ဖီးကိုင်းက ဘယ်လိုဖီးကိုင်းမျိုး ဖြစ်ရမလဲ .. ဆရာ"

"အေး .. ဒီလိုကွ၊ အစွမ်းထက်တဲ့ ဂမ္ဘီရ ဖီးကိုင်းကိုယူမယ်ဆိုရင် ပဉ္စမ၊ တပို့တွဲလပြည့်၊ အင်္ဂါနေ့ (၃)ရက်နေ့ ဖြစ်ရမယ်ကွ"

"ခုတ်တဲ့လူက (အင်္ဂါသမီး) ဖြစ်ရမယ်၊ ခုတ်ရမယ့် ဖီးကိုင်းက (အရှေ့တောင်ထောင့်)မှာ ထွက်နေတဲ့ (အင်္ဂါထောင့်) ဖီးကိုင်းဖြစ်ရမယ်၊ အဲ .. အရေးကြီးတဲ့အချိန်က ညနေ(၃)နာရီတိတိမှာ ခုတ်ရမှာကွ"

"ဘာကြောင့် ဒီလိုရက်ကိုမှ ခုတ်ရသလဲဆိုတော့ ဒီအချိန်နေ့ရက်မှာ အရှေ့တောင်အရပ် (အင်္ဂါနေ့)မှာ လာဘ်ရှင်တယ်၊ နတ်သကြားတို့က အရှေ့တောင်အရပ်မှာ စံပျော်တယ်ကွ၊ တချို့ဗေဒင်ဆရာ၊ ဆရာမတွေက ပိုက်ဆံရရင်ပြီးရော စွတ်ပြောလိုက်တော့တာပဲ၊ ဘုမသိ၊ ဘမသိနဲ့ ဗေဒင်လာမေးကြတဲ့ လူတွေကို ငါတော့ သနားတယ်ကွာ"

"တခြားရက်တွေမှာ ခုတ်ရင်ရော .. ဆရာ"





"တခြားရက်ဆိုရင်တော့ မစွမ်းရေးချ မစွမ်းပဲကွ၊ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ပြီး ပစ္စည်းရောင်းထွက်ရင်တော့ မသိဘူး ဝါလူ၊ ဘယ်လိုမှစွမ်းတာတော့ အမှန်ပဲ"

"ရှုပ်လိုက်တာ ဆရာရယ် .."

"ဟကောင်ရ၊ မရှုပ်ရင် ဒီအလုပ် လူတိုင်းလုပ်စားနေမှာပေါ့ကွ"

"ဒါနဲ့ ဒီနေ့ ဘာနေ့လဲကွ"

"စနေနေ့ပါ .. ဆရာကြီး"

"အေးကွာ .. ငါ မင်းအတွက် အရမ်း ရင်လေးတာပဲ"

"ဘာကြောင့်တုန်း ဆရာ"

"မင်း ဘုရားစင်မှာ ကြည့်လိုက်စမ်း ..၊ နှင်းဆီအနီ၊ စံပယ်ပန်းနဲ့ ဒါနပန်းတွေ ဝေနေတာပဲ၊ လုမှလုပဲ ဟေ့"

"အဲဒါ ကျွန်တော့်ဇနီးတင်ထားတာ၊ သူက ဘုရားစင်မှာ ပန်းမြိုင်မကြိုက်ဘူး၊ မနေတတ်၊ မထိုင်တတ်ကို ဖြစ်နေတာပဲ ဆရာ၊ ကျွန်တော်လည်း ကုသိုလ်ရတဲ့အလုပ်ဆိုတော့ လုပ်ပါစေဆိုပြီး ကြည့်နေတာ ဆရာ ..ဟဲ .. ဟဲ"

"အေး .. အဲဒါ ရင်လေးတာပဲကွ၊ မင်း မသေမချင်း မှတ်ထား၊ ကုသိုလ်ရတာ လုပ်တယ်ဆိုပေမယ့် နေ့နံမကိုက်ရင် (ခိုက်) ပြန်ရောကွ"

"ဗျာ ! .."

"စနေနေ့နဲ့ အင်္ဂါနေ့မှာ ဘုရား မတင်သင့်တဲ့ ပန်း(၁၉)မျိုး ရှိတယ်ကွ၊ အဲဒီပန်းတွေ အဲဒီနေ့တွေမှာ သွားတင်မိရင် စီးပွားပျက်မယ်၊ အိမ်တွင်းရေး အစဉ်မပြေဖြစ်မယ်၊ လုပ်သမျှ အလုပ် အံ့ချော်မယ်၊ အစိုးရဝန်ထမ်းဆိုရင် မိမိရဲ့အကြီးအကဲက အပြစ်အမျိုးမျိုး ပြောခံရမယ်ကွ"

"အဲဒီ စနေ၊ အင်္ဂါမှာ ဘုရားမတင်ရမယ့် ပန်းက ဘာပန်းတွေလဲ ဆရာ"

"ဖော်စိမ်း၊ ဖော်ကြား၊ ဂမုန်းပန်း အမျိုးမျိုး၊ နှင်းဆီအနီ၊ စံပယ်ပန်း ဒါနပန်း၊ ကြက်မောက်ပန်း၊ သော်ကပန်း၊ တမာညွန့်၊ သြဇာညွန့်၊ ညွန့်၊ နှင်းပန်း၊ ခတ္တာပန်း၊ တရုတ်စကားပန်း၊ စကားဝါ၊ စကားစိမ်း၊ နဂါးပန်း၊ စီးပွားဂမုန်းနဲ့ မယ်တော်ကြီး ဂမုန်းပန်းတို့ကို ဘယ်တော့မှ အဲဒီ


www.burmeseclassic.com

www.burmeseclassic.com


နေ နစ်နေမှာ မတင်နဲ့"

"ဆရာဟာတွေကလည်း ရှုပ်နေတာပဲ"

"ဟကောင် . . မရှုပ်ရင် ဒီအလုပ် လူတိုင်းလုပ်နေမှာပေါ့ကွ၊ ဒီနည်းတွေက ဒီနေ့ခေတ် ဗေဒင်ဆရာတွေ ထွင်လိုက်တာ မဟုတ်ဘူး။ မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်ကတည်းက ပေါ်ပေါက်ခဲ့တဲ့ ဗေဒင်ဆရာကြီးများရဲ့ပုံသေနည်းတွေကွ"

"မင်း မယုံလို့ အခုလုပ်နေတာ၊ ဘာ အဆင်ပြေတာ ရှိတုန်း။ မင်းရသမျှ ရှာသမျှ ပိုက်ဆံကုန်နေတာပဲ မဟုတ်လား"

"ဒါတော့ ဆရာရယ်"

"ဒါတော့ မလုပ်နဲ့ကွ၊ ငါတို့ ဗေဒင်အမြင်မှာ အဲဒီအသေးအဖွဲ့ကိစ္စတွေက တော်တော်ဒုက္ခပေးတာ၊ ဟိုမှာ ကြည့်စမ်း . . ဖိနပ်စင်ပေါ်မှာ ထောင်ထားတာ ဘယ်သူဆောင်းတဲ့ထီးလဲ"

"ကျွန်တော်တို့ တစ်အိမ်လုံး ဆောင်းတဲ့ထီး . . ဆရာ"

"ခက်လိုက်တာ . . ညီလေးစိမ့်ရယ်၊ မင်းက ဂမ္ဘီရဝတ္ထုတွေ ရေးနေပြီး ဘာမှ မသိပါလားကွ၊ မင်းက ကိုယ်မသိဘဲ၊ မတတ်ဘဲ ဆရာကြီးလုပ်ပြီး စာဖတ်ပရိသတ်ကို ညာစားနေတာပဲကွ"

"ဟာ . . ဆရာ၊ ဒါတော့ ကျွန်တော့်ကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်တာပဲ"

"အေး . . အဲဒါပေါ့ကွ၊ မှန်တာပြောရင် အနာပေါ် တုတ်ကျ၊ စပ်စပ်ခါ နာတတ်တယ်ဆိုတာ၊ ကိုင်း . . ကိုင်း မင်း သေသေချာချာ မှတ်ထား"

"မိမိရဲ့အိမ်မှာ မလုပ်သင့်ဘဲ လုပ်မိလို့ (လာဘ်)ပိတ်တဲ့အချက် (၁၇)ချက် ရှိတယ်ကွ၊ အဲဒါတွေက . .

၁) ဖိနပ်ချွတ်မှာ ထီးမထောင်ရ၊ မထားရ၊

၂) ကတ်ကြေး၊ ကွမ်းညှပ်များ ညှပ်စရာမပါဘဲ မညှပ်ရ၊

၃) အိမ်သားတစ်ဦးဦး နာမကျန်းဖြစ်နေစဉ်
မိသားစုများ ခေါင်းမလျှော်ရ၊

၄) မနက်စောစော အိမ်ရှေ့ထွက်ပြီး ခြေသည်း၊ လက်သည်း
မလှီးရ၊ မညှပ်ရ၊ ဘီးစိပ် မတိုက်ရ (သန်းမရှာရ)၊





၅) ယောက်မနဲ့ ထမင်းအိုး၊ ဟင်းအိုးနှုတ်ခမ်းကို မရိုက်ရ၊
အိုးဖင်ကို အသံမြည်အောင် မခြစ်ရ၊

၆) စလောင်းဖုံးကို မီးဖိုခလောက်ပေါ် မအုပ်ရ၊

၇) မီးဖိုသုံးခုပြိုင်ပြီး မီးမဖိုရ၊ မီးဖိုတစ်ဖိုမှာ
လူနှစ်ယောက်ပြိုင်ပြီး မီးမမှုတ်ရ၊

၈) မိမိတို့ဝတ်တဲ့ ပုဆိုး၊ အင်္ကျီနဲ့ မီးတောက်ရန် ယပ်မခတ်ရ၊

၉) ကျောက်နီလက်စွပ် နှစ်ကွင်း ထပ်မဝတ်ရ၊

၁၀) ဖိနပ်ထိပ်ဖူးကို ထီးအချွန်၊ ထီးထိပ်ဖြင့်ထောက်ပြီး
အလုပ်စကား မပြောရ၊

၁၁) ကိုယ်အိပ်သော ဖျာ(သင်ဖြူး)ကို ခေါင်းပိုင်းမှစပြီး
လိပ်သိမ်းပါ၊ ၎င်းဖျာကို အမြင့်တွင် မသိမ်းရ၊

၁၂) တိုင်ကပ်နာရီ အိမ်ခြေရင်းတွင် မထားရ၊

၁၃) နာရီပျက်များ၊ ဓာတ်ခဲအဟောင်းများ အိမ်တွင် မထားရ၊

၁၄) အိမ်ကြည့်မှန်ကို မကောင်းသော ပုံရိပ်များ
ထင်ဟတ်သောနေရာတွင် မချိတ်ရ၊

၁၅) အိမ်ရှေ့တွင် ထမင်းဟင်း ချက်မစားရ၊

၁၆) အိမ်ရှေ့တွင် ငရုတ်ပင်နှင့် ဆူးပါသော အပင်များနှင့်
ငှက်ပျောပင်များ မစိုက်ရ၊

၁၇) ကိုယ်စားပြီးသော ထမင်းပန်းကန်အတွင်းကို
ကိုယ်စားပြီးသော အရိုးများနှင့် စားပြီးအစအနများ
မထည့်ရဘူးကွ၊

အဲသလိုလုပ်ရင် ကိုယ့်အိမ်မှာ လာဘ်တိတ်တယ်၊ လုပ်သမျှ မအောင်မြင်ဘူး၊ မင်း မြဲမြဲ မှတ်ထား"

"ရှုပ်လိုက်တာ . . ဆရာရယ်"

"ဟကောင်ရ . . မရှုပ်ရင် လူတိုင်း ထလုပ်နေမှာပေါ့ကွ"

"ဆရာက ဒီစကားပဲ ပြောနေတော့တာပဲ၊ အခု လူတိုင်း ထလုပ်နေကြပြီပဲ ဆရာရဲ့ . ."

"ဒါက ဒီလိုရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com





"ပြောပါဦး ဆရာ"

"အရင်ခေတ်က ဗေဒင်ပညာဆိုတာ တော်တော် ခက်တာကွ။ နက္ခတ်မကျွမ်းရင် ဗေဒင်မကျွမ်းဘူး။ မဟာဘုတ် ထိုင်တတ်ရုံနဲ့လည်း ဗေဒင်ဆရာလို့ အသိအမှတ် မပြုကြဘူးကွ။ အခုခေတ် လူငယ်၊လူရွယ် လေးတွေကျတော့ ကံကောင်းကြတယ်"

"ဘာတွေ ကံကောင်းတာလဲ . . ဆရာ"

"ဗေဒင်ပညာကို လိုက်စားမယ်၊ သင်ယူမယ်ဆိုရင် ထမင်းပါ ကျွေးပြီး ပညာကိုအခမဲ့ သင်ပေးတဲ့ ဆရာကောင်း၊ သမားကောင်းတွေ ရှိနေတယ်ကွ"

"ဘယ်သူတွေလဲ . . ဆရာ"

"ဆရာ အုန်းချစ်မြိုင်နဲ့ သူ့ဇနီး ဆရာမ ဝင်းမာအေး၊ ကံကြမ္မာ ကျောင်းတော်ကြီးနဲ့ ဆရာကြီး မင်းသိခ်ရဲ့တပည့်တွေက သင်ပေးနေတာ၊ မင်းကြိုးစားရင် ကြိုးစားသလောက် ပညာရမှာပဲကွ"

"နောက်တစ်ခုက . . သခင်နုအစိုးရလက်ထက်က လစာ(၈၂) ရှစ်ဆယ့်နှစ်ကျပ်နဲ့ မိသားစုစားဝတ်နေရေး ပြေလည်တယ်ကွ၊ ဒုက္ခရောက် တဲ့လူ မရှိတော့ ဗေဒင် မမေးကြဘူး"

"အခုခေတ်မှာတော့ လူတစ်ရာမှာ (၁၀၀)ကျော်က ဆင်းရဲဒုက္ခ တွေ့နေကြတော့ ဗေဒင်ဆရာကိုပဲ အားကိုးကြတာကွ၊ ဗေဒင်ဆရာတွေ တိုက်ဆောက်ကားစီးနေကြပြီ၊ ဒါကြောင့် ငါ ဒီပညာကို လိုက်စားနေတာ၊





။

"ဆရာက ဘာကြောင့်
ဆရာ မင်းသိခ်ရဲ့ ဇာတ်ကောင်
'ပုဏ္ဏား ဘကွန်း'ဆိုတာကြီး ယူထားတာလဲ . . မကောင်းဘူး"

မင်းတို့က ငါ့အတွက် အစမ်းအသပ်ခံတွေပေါ့ကွာ၊ မင်းတို့ကို ငါဟောလို့ မှန်ရင် ငါလုပ်စားလို့ ရပြီလေကွာ"

"တော်တော် လူပါးဝတဲ့ လူကြီး . .၊ သူ့တစ်ကိုယ်လုံး အတ္တတွေ ဖုံးနေတာပဲ"လို့ ကျွန်တော့်စိတ်ထဲက တွေးမိပြီး သူ့ကို စိမ်းစိမ်းကားကား ကြီး ကြည့်လိုက်မိတယ်၊

"ဟား . . ဟား . . ဟား . . ဟား . . မင်း ငါ့ကို တော်တော်လေး မကျေ မနပ်ဖြစ်နေတာပဲ၊ စိတ်လျှော့ . . စိတ်လျှော့ ငါ့လူ၊ စိတ်အညစ်အကြေး ဖြစ် သွားရင် လူတွေက မှားတတ်တယ်ကွ"

"ဗျာ ! . ."

"မဗျာနဲ့ ငါ့လူ၊ မင်းစိတ်ထဲက ခံစားချက်ကို ငါသိလို့ မင်းအံ့ဩပြီး ငါ့ကို အထင်ကြီးသွားတယ် မဟုတ်လား၊ မင်း မြဲမြဲမှတ် . . လူတွေရဲ့မျက်လုံး က မညာဘူးကွ၊ နစ်သက်တာကော၊ မုန်းတာကော၊ အကောက်ကြံတာ ရော၊ ရိုးဖြောင့်တာရော အားလုံး မျက်လုံးမှာ လာပေါ်တယ်၊ မင်း ဗေဒင် ဟောတော့မယ်ဆိုရင် မေးသူရဲ့မျက်လုံးကိုသာ ကြည့်၊ သူ့ရဲ့အပူရပ်ဟာ မျက်လုံးမှာ ပေါ်တယ်ကွ"

"မင်းရဲ့ဘဝ တစ်သက်တာအတွက် နည်းကောင်းတစ်ခု ငါပေး လိုက်မယ်၊ အဲဒါကို သေသေချာချာ မှတ်ပြီး မနက်ဖြန်က စလုပ်တော့၊ ဒီ နည်းက မင်းအတွက် ပိုက်ဆံတစ်ပြားမှ မကုန်ဘူး၊ ဘယ်လောက် ကောင်း သလဲဆိုတော့ စုန်းတိုက်၊ နတ်တိုက်၊ တို့ဆေး၊ စီးပွားပြိုင်၊ အလုပ်ပြိုင်တွေ အားလုံးကို နိုင်တယ်"

"တစ်ဘက်လူက ကိုယ့်ကို ဘာမှလုပ်မရတဲ့နည်းပဲ၊ မှန်မှန်လုပ် လို့ နစ်ကြာလာရင် သနေ့တည်သွားရင် . . မင်းဘာပဲလုပ်လုပ်၊ ဘာပဲကြံ



www.burmeseclassic.com

www.burmeseclassic.com



ကြဲ အောင်မြင်ပြီသာ မှတ်၊ မင်းရဲ့အိမ်ရှိ လူကုန်လုပ်နိုင်းရင် သူတို့ဘဝ ဖြောင့်ဖြူး သာယာသွားလိမ့်မယ်"

"လုပ်ရမယ့်နည်းက မင်း နံနက်အိပ်ရာကထရင် မျက်နှာသစ်၊ သွားတိုက်ပြီးတာနဲ့ မျက်နှာမှာ သစ်ထားတဲ့ရေကို မသုတ်ဘဲ မင်းရဲ့နေ့နံ ထောင့်ကို ခြေစုံရပ်ပြီး ဖိနပ်မစီးရဘူးနော်၊ မင်းရတဲ့ ဘုရားစာကို ဘုရား တစ်ဆူဆူ စိတ်ထဲမှာ မြင်အောင်ကြည့်ပြီး ရွတ်ပေတော့"

"ပထမဦးဆုံး ရွတ်ရမှာကတော့ . . နမော တဿ၊ နမောဘဂဝတော၊ နမော အရဟတော၊ နမော သမ္မာသမ္ဗုဒ္ဓဿ၊ နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ နမောကိုးချက်၊ စီးပွားတက်၊ နမော ကိုးချက် ရန်ငြိုးဖျက်ဆိုတာစပြီး ရွတ်"

"အဲဒါ ရွတ်ပြီးရင် မင်းရွတ်ဆိုနေကျ ဘုရားစာတွေကို ရွတ်၊ အားလုံးရွတ်ပြီးရင် (စိရံတိဋ္ဌတု)လို့ ရွတ်၊ အားလုံး (၃)ကြိမ်စီ ရွတ်ရမှာ နော်၊ အားလုံးပြီးရင် ကိုယ်စောင့်နတ်မှ အစပြုပြီး မြန်မာနိုင်ငံမှ တန်ခိုးကြီး ဘုရားတွေနဲ့ ရဟန္တာဆရာတော်ကြီးများကို အမျှဝေကွ၊ အဲဒါတွေလုပ်ပြီး မျက်နှာသုတ်တော့"

"အဲ . . ပြောဖို့ တစ်ခု မေ့နေတယ်၊ မျက်နှာသစ်တဲ့အခါတိုင်း သရက်ဂုံသုံးပါး ရွတ်ဖို့ မမေ့နဲ့၊ မြတ်စွာဘုရား အရှင်တော်မြတ်ကြီးက မင်း တို့ငါတို့တတွေ မျက်စိတမှိတ်၊ လျှပ်တပြတ်မှာ ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ၊ ရုတ်တရက် သေသွားနိုင်တယ်လို့ သတိပေး ဟောကြားခဲ့တယ် မဟုတ်လား"

"အဲဒီ သရဏဂုံသုံးပါးကို မျက်နှာသစ်တိုင်း ရွတ်တော့ ရုတ်တရက် ကားတိုက်ခံရလို့ ဖြစ်ဖြစ်၊ ကားမှောက်၊ လေယာဉ်ပျက်လို့ ဆုံးဆုံး၊ ဘုန်း ကြီးပင့်ပြီး ရွတ်နေစရာ မလိုတော့ဘူး"

"ငါတို့ ဗုဒ္ဓဘာသာ လူမျိုးတွေဟာ သရဏဂုံသုံးပါးကိုသာ မပြတ် ရွတ်ရင် အန္တရာယ်ကင်း ဘေးရှင်းတယ်ကွ"

"ဆရာနဲ့တွေ့ရတာ ဝမ်းသာပါတယ်၊ ပညာလည်း ရတယ်၊ ဒါပေ မယ့် ဆရာ့ကို မကျေနပ်တာ ရှိတယ်"

"ဘာ မကျေနပ်တာလဲ"





"ဆရာက ဘာကြောင့် ဆရာ မင်းသိမ်ရဲ့ဇာတ်ကောင် "ပုဏ္ဏား ဘကွန်း" ဆိုတာကြီး ယူထားတာလဲ . . မကောင်းဘူး"

"ဟကောင် . . ငတုံး . . မင်းက ငါထင်တာထက် ပိုတုံးနေပါလား ကွ၊ မြတ်စွာဘုရားတောင်မှ အမှီ မရှိရင် မပွင့်ဘူးကွ၊ မင်း . . ရုပ်ရှင်မင်းသမီး ဖါဝါဝင်းရွှေဆိုတာ သိလား"

"ဟာ . . မသိရင်ကော ဆရာရယ် . .၊ အကယ်ဒမီတွေ တစ်လှေ ကြီး ရထားတဲ့ မင်းသမီးမှ မသိရင်တော့ . ."

"အေး . . အဲသလိုဆိုရင် . . မင်းတို့ မကွေးမြို့က နီနီဝင်းရွှေတော သိလား"

"ဟာ . . ဆရာရယ်၊ အဲဒီကလေးက ကျွန်တော့် လက်ပေါ်မှာ ကြီး သွားတာ ဆရာရဲ့၊ သူ့အဖိုး (အဘ) ဦးသန်းမောင် (ရတနာလှိုင် အသံချဲ့ စက်)က ကျွန်တော့်အဖေလို အားကိုးခဲ့ရတာ မသိဘဲ ရှိမလား"

"အေးကွ . . ငါပြောချင်တာ အဲဒါပဲ၊ အနုပညာကို ချစ်မြတ်နိုးတဲ့ ပရိသတ်တွေအားလုံးက (ဝါဝါဝင်းရွှေ)လို့ ရင်ထဲ၊ အသည်းထဲ စွဲနေတဲ့ အချိန်မှာ (ဝါဝါ)ကိုဖြုတ်ပြီး အဲဒီ (ဝါဝါနေရာမှာ နီနီ) လို့ ပြောင်းလိုက်တယ်၊ ဒီတော့ နီနီဝင်းရွှေလို့ ကြားလိုက်တဲ့အချိန်မှာ (နီနီဝင်းရွှေ)ဆိုတာ ဘာလဲ ပေါ့လို့ အာရုံစိုက်လာကြတယ်၊ သူ့ရဲ့ကိုယ်ပိုင်အသံအားကလည်း ကောင်း ဆိုပေါက်ကလည်း လှတော့ နတ်ရေကန်ထဲ ပစ်ချခံလိုက်ရသလို၊ လူထုရဲ့ အသည်းထဲမှာ (နီနီဝင်းရွှေ)လို့ ချက်ချင်း သိသွားတော့တာပေါ့"

"အင်း . . ဟုတ်တယ် ဆရာ"

"အေး . . နောက်တစ်ယောက်၊ အကယ်ဒမီများရှင် (မေသန်းနု) ဆိုတဲ့ ရုပ်ရှင်မင်းသမီးကိုရော သိရဲ့လား"

"ဩော် . . ဆရာရယ်၊ ဒီလောက် နာမည်ကြီးခဲ့တာ မသိဘဲ နေမ လား . . ဆရာရဲ့"

"အေး . . အဲဒါလည်း ကြည့် . . (ခင်)နေရာမှာ (မေ)လို့ပြောင်း လိုက်တဲ့ (မေသန်းနု)ကော နာမည်ကြီးမသွားဘူးလား"

"အင်း . . ဟုတ်တော့ ဟုတ်သလိုလိုပဲ"

"ဟုတ်ကို ဟုတ်တာကွ၊ ကိုင်းကွာ . . မင်းဆရာကြီး (ဓမ္မဒေါင်း)



www.burmeseclassic.com

ကိုကော သိလား"

"ဘာလဲ ဆရာ၊ သူက ဗေဒင်ဆရာလား"

"ဘာကွ !.."

"ဩော် .. ဟော် .. မှားသွားလို့ ဆရာ၊ နိုင်ငံကျော် စန္ဒယားဆရာ ဒါမှမဟုတ် အဆိုတော် .."

"သေလိုက်ပါတော့ .. ညြိုစိမ့်ရယ်၊ စာပေလောကမှာ မင်းတို့ရဲ့ ဘိုးအေကြီးကွ၊ စာရေးဆရာကွ၊ စာရေးဆရာ၊ တောက် !.. ငါ မပြောလိုက်ချင်တော့ဘူး"

"ဆရာကလည်း မသိလို့ မေးတဲ့ဟာပဲဟာ၊ ဒါနဲ့ ဆရာ .. အဲဒီ ရွှေဥဒေါင်း ဆိုတဲ့ စာရေးဆရာက နိုင်ငံကျော် အဆိုတော်တွေ၊ ဇာတ်မင်းသားတွေ၊ မော်ဒယ်တွေနဲ့ ရုပ်ရှင်မင်းသမီးအကြောင်း တစ်အိမ်တက်ဆင်းလိုက်မေးပြီး ဂျာနယ်တွေ၊ သတင်းစာတွေမှာ ရေးလာလို့ ဖြစ်လာတဲ့ စာရေးဆရာလား"

"သေလိုက်ပါတော့ကွာ !..၊ ဆရာကြီး ရွှေဥဒေါင်းကိုတောင် မသိတဲ့ အကောင်က အခု စာရေးဆရာ ဖြစ်နေတယ် အံ့ရော .. အံ့ရော .."

"ဟား .. ဟား .. ဟား .. ကျွန်တော်က ဆရာ့ကို နောက်နေတာပါ၊ (ဆရာ ရွှေဥဒေါင်း) (ဆရာ ငွေဥဒေါင်း)နဲ့ (ဆရာ ဒဂုန်ရွှေမြား) ဆိုတဲ့ ဆရာကြီးတွေက ကျွန်တော်တို့လို လိုင်းပေါင်းစုံရေးနေတဲ့ စာရေးဆရာ နောက်ပေါက်တွေရဲ့မိဘတွေနဲ့ တစ်ဂိုဏ်းထဲထားရမယ့် စာရေးဆရာကြီးတွေပါ .. ဆရာ၊ ကျွန်တော် မသိဘဲ ဘယ်နေပါ့မလဲ"

"ကိုင်း .. အဲဒီမှာ ကြည့် .. (ရွှေဥဒေါင်း) လို့ နာမည်ကျော်ကြားလူကြိုက်များနေရှိန်မှာ (ရွှေ)ကို (ငွေ)နဲ့ ပြောင်းပြီး (ငွေဥဒေါင်း)လို့ ယူလိုက်တော့ သူလည်း နာမည်ရျက်ချင်း ကြီးမသွားဘူးလား"

"ဒီသဘောပဲကွ ..၊ ငါကလည်း နာမည်ကြီးပြီးသား ပုဏ္ဏားဘကွန်းကို ရှေ့က (နန်းရှေ့) ဆိုတာလေး ထည့်လိုက်တော့ ငါ့ကို စိတ်ဝင်စားကြပြီး ဟိုက ခေါ်မေး၊ ဒီက ခေါ်မေးနဲ့ မင်းလိုကောင်ကတောင် ငါ့ကို ခေါ်မေးနေရပြီ မဟုတ်လားကွ .. ဟား .. ဟား .. ဟား"

ကျွန်တော်နဲ့ နန်းရှေ့ပုဏ္ဏားဘကွန်းတို့ စကားပြောနေခိုက် ကျွန်







တော်အိမ်ရှေ့မှာနေတဲ့ ဒေါ်ခင်ဥ တစ်ယောက် အမောတကော ထက်လာပြီး သူ့အိတ်ကပ်ထဲက ငွေတစ် ထောင်တန်ကို ထုတ် ပြီး ဆရာ့ရှေ့မှာ ချကာ၊ ဦးချ ကန်တော့နေပါတော့တယ်"

"ဘာဖြစ်တာလဲ .. ဒေါ်ခင်ဥ"

"ဘာဖြစ်ရမလဲ ..၊ ငါ့ သားမက် အရက်သမား တော်တော် မကောင်းတာ နင်သိတယ် မဟုတ်လား၊ အခု အဲဒီအကောင် အရက်ပြတ်သွားပြီလေ၊ ဒီဆရာကြီးက အရက်ပြတ်စေတဲ့ ယတြာ လုပ်ပေးလိုက်တာ"

"အဲဒီတုန်းက မယုံလို့ ဗေဒင်ဟောခ မပေးလိုက်ရဘူး၊ တကယ်ဖြစ်မှ တကယ်ပေးမယ်လို့ ကတိပေးလိုက်တာ၊ အခု တကယ်ဖြစ်လို့ ပညာကြေး လာကန်တော့တာ"ဟု ဒေါ်ခင်ဥက ပြော၏။

ဒေါ်ခင်ဥဆိုသူ အမျိုးသမီးက ကျွန်တော်နဲ့ ငယ်သူငယ်ချင်းတွေ၊ သူ့မှာ သမီးတစ်ယောက်ရှိပြီး အဲဒီသမီးရဲ့ယောကျာ်း သူ့သားမက်က အရက်သမား။ ပျော်လည်း သောက်၊ စိတ်ညစ်လည်း သောက်၊ နေ့နေ့ညည အချိန်မရွေးသောက်နေတဲ့ အရက်ဂျိုး၊ ရစ်ထုပ်၊


သူ့သားမက်က ပလတ်စတစ်ကြိုးနဲ့ လူအိပ်တဲ့ပုခက် လုပ်ရောင်းတယ်၊ ခင်ဥတို့ အိမ်ထောင်ကိုတော့ ထိန်းနိုင်တယ်၊ သူ့ရဲ့မကောင်းတဲ့ အကျင့်က ခင်ဥ မကြိုက်တဲ့စကားနဲ့ အမြဲ စတယ်၊ နောက်ပြောင်တယ်၊ ဒါတို့ ခင်ဥက မခံဘူး။ ပြန်အော်ရော၊

အဲသလို အော်ပြီဆိုတော့ .. ရပ်ကွက်ထဲမှာ ဆူညံနေတော့တာ

www.burmeseclassic.com

www.burmeseclassic.com





ပဲ၊ ခင်ဦးက ရှိုးရိုးအော်တာ မဟုတ်ဘူး။ သူ့ရှိတာတွေ၊ သူ့သားမက်မှာ ရှိတဲ့ ပစ္စည်းတွေနဲ့ တိုင်းထွာပြီး ဆဲတာ။ ခုနစ်အိမ်ကြား၊ ရှစ် အိမ်ကြား။ သမီးရှိတဲ့ အိမ်တွေက မခံနိုင်တော့ ရဲစခန်း သွားတိုင်၊ ရဲကလာဖမ်း၊ ထူပူမှုနဲ့ အချုပ်ခံရ၊ နောက်နေ့ကျတော့ အချုပ်ထဲက ထွက်ရဖို့ အာမခံ လူရှာရန်စုထားတဲ့ ငွေကလေး ပြောင်သလင်း ခါသွားပြန်ရော၊

ဒီဒုက္ခတွေရဲ့ တရားခံအစစ်က အရက်ကြောင့်ဆိုတာ သိသွားတော့ ဒေါ်ခင်ဦ တစ်ယောက်၊ နန်းရှေ့ပုဏ္ဏားဘကွန်းကို အကူအညီ တောင်းခံခဲ့ရာမှ နှစ်ဆယ့်လေးနာရီပတ်လုံး သောက်နေတဲ့ အရက်သမား အရက်ပြတ်သွားတယ်ဆိုတော့ အဲဒီနည်းကို ကျွန်တော် တော်တော်ကလေး သိချင်၊ ယူချင်ခဲ့တယ်။

ဘာကြောင့်လဲဆိုတော့ ဒီအရက်နဲ့ ပတ်သက်ပြီး အရက်ဖြတ်ချင်တဲ့ လူတွေ၊ အရက်ကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတွေ ပျက်ပြားပြီး ဒုက္ခရောက်နေသူတွေ အရက်ရန်စွယ်က လွတ်မြောက်စေချင်တယ်။ ဒါကြောင့် ဆရာ့ကို ကျွန်တော် အရက်ဖြတ်တဲ့ ယတြာနည်းကို တောင်းခဲ့ပါတယ်။

နန်းရှေ့ပုဏ္ဏားဘကွန်းကလည်း လိုလိုချင်ချင်နဲ့ အဲဒီနည်းကို ကျွန်တော့်ကို ပြောခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့် စာဖတ်ပရိသတ်ကို ဒီအရက်ဖြတ်နည်းကလေးကို ယုံယုံကြည်ကြည်နဲ့ လုပ်ကြည့်ပါလို့ တိုက်တွန်းချင်ပါတယ်။

ဒီဆောင်းပါးအစက ဖော်ပြထားတဲ့ ကိစ္စအဝဝကလည်း တကယ့်ရှောင်ရမယ့် ရှေးကဗေဒင်ဆရာများရဲ့ လက်တွေ့အောင်မြင်ခဲ့တဲ့ "ယတြာ





နည်းတွေဆိုတာ ယုံကြည်စေလိုပါတယ်။

ကျွန်တော် အခါအခွင့်သင့်ရင် နောက်မှာ ကျန်သေးတဲ့ ယတြာနည်းတွေကို ဆရာ "နန်းရှေ့ပုဏ္ဏားဘကွန်း" ကို မေးပြီး လုံးချင်းစာအုပ်ထုတ်ဖို့ ရည်ရွယ်ထားပါတယ်။

လုံးချင်း မထုတ်မီ "ဆဋ္ဌမအာရုံ မဂ္ဂဇင်း" ကနေပဲ ဆက်ပြီး ရေးသား ပေးသွားဦးမှာ ဖြစ်ပါတယ်။

## အရက်ဖြတ်နည်း ယတြာ

ဒီယတြာက လွယ်လွန်းလို့ မယုံမကြည် မဖြစ်ပါနဲ့၊

"တကယ်လုပ်ရင် အဟုတ်ဖြစ်ပါတယ်"

လုပ်ရမှာက - အရက်သမား သောက်နေကျ၊ အရက်ပုလင်းနှင့်ခွက်ထဲကို အရက်ထည့်ပြီး သစ်ပင်ကြီးကြီး တစ်ပင်ဆီကို သွားပါ၊ ပါလာတဲ့ အရက်ကို တဖြည်းဖြည်းချင်း သစ်ပင်ခြေရင်းမှာ သွန်ချပြီး အောက်ပါ အတိုင်း ရွတ်ဆိုပါ၊ ပြတ်စေချင်တဲ့ အရက်သမားရဲ့ နာမည်နဲ့ နေ့ရက်ကို ထည့်ရွတ်ပါ၊

"ဘယ်နေ့သား၊ မောင်မည်သူ၊ သောက်နေသော အရက်များ ဒီသစ်ပင်ခြေရင်းမှာ နေကြ၊ အရက်တွေ ကြေကြပါစေ၊ အရက်မှန်သမျှ သောက်လို့ မရပါစေသား" လို့ ရွတ်ဆိုပြီး အရက်သမား သောက်တတ်တဲ့ အချိန်မှာ (၇)ရက်တိတိ၊ နေ့စဉ် သွားလုပ်ပါ၊


အရက်သမား အရက်ပြတ်သွားပါလိမ့်မယ်၊

(ပညာဒါန) ဗဟုသုတ၊ အဖြာဖြာ တိုးပွားကြပါစေ၊

❑

www.burmeseclassic.com

# ကမ္မဇိဒ္ဓိ နတ်တန်ခိုး အစွမ်းရှိတဲ့ တစ္ဆေ



တစ္ဆေဆိုတာကို အထူးထူး အထွေထွေဖန်ဆင်းနိုင်တဲ့ နာနာဘာဝတစ်မျိုးလို့ သတ်မှတ်ကြပါတယ်။ အနောက်နိုင်ငံက စာပေများမှာလည်း တစ္ဆေအကြောင်းကို မကြာခဏ တွေ့ရလေ့ရှိပါတယ်။ နာနာဘာဝလောကသားတွေထဲမှာ တစ္ဆေ၊ မှင်စာ၊ အစိမ်း၊ သရဲ၊ သဘက်၊ ဘုတ်၊ ကျုတ်၊ ဥစ္စာစောင့်၊ ဘီလူး၊ ရက္ခ၊ နတ်ဆိုး စသဖြင့် အမျိုးပေါင်း များစွာ ရှိပါတယ်။

တချို့ကတော့ ခြောက်လှန့်တတ်တဲ့ အမျိုးမှန်သမျှကို တစ္ဆေလို့သာ ယေဘုယျပြု ခေါ်ဆိုကြပါတယ်။ ခြောက်လှန့်ရာမှာ ကိုယ်ထင်ပြခြင်း၊ ညည်းညူသံပေးခြင်း၊ အနံ့ပေးခြင်း၊ ပူးဝင်ခြင်း စသဖြင့် အမျိုးမျိုးရှိပါတယ်။ တစ္ဆေတို့ဟာ အစွမ်းကြီးမားပါတယ်။

တစ္ဆေတွေဟာ သူတို့ကို သူတို့ ကြီးအောင်၊ ငယ်အောင်၊ ဖြူအောင်၊ မည်းအောင်၊ မြင်အောင်၊ ကွယ်ပျောက်အောင် အမျိုးမျိုး ပြုနိုင်စွမ်း ရှိပါတယ်။ ဒါ့အပြင် ခွေးယောင်၊ မြင်းယောင်၊ အိမ်ပုံစံ၊ တိုက်ပုံစံ၊ ယောကျ်ားလေးပုံ၊ မိန်းမပျိုပုံ အသွင်အမျိုးမျိုးကို ဆောင်နိုင်စွမ်း၊ ပြနိုင်စွမ်းရှိတဲ့ ကမ္မဇိဒ္ဓိတန်ခိုးရှိလို့ တချို့က သူတို့ကို နတ်မျိုးနွယ်ဝင်လို့ သတ်မှတ်ကြပါတယ်။







တစ်ဘဝကနေ တစ်ဘဝသို့ ကူးပြောင်းမှုကို ယုံကြည်တဲ့လူများက တစ္ဆေရှိကြောင်းကို မုချ ယုံကြည်ကြပါတယ်။ တချို့ကျတော့ မျက်မြင်ကိုယ်တွေ့ မကြုံဖူး၊ တွေ့ဖူးရန်စက်ခဲတာကြောင့် တစ္ဆေရှိကြောင်းကို ယုံကြည်ရန် ခက်နေသူများလည်း ရှိပါတယ်။

ဒါပေမယ့် တစ္ဆေဆိုတဲ့ နာနာဘာဝမျိုးရှိကြောင်းကို ဗေဒဝတ္ထု ပါဠိတော်တွေ၊ ဝိမာနဝတ္ထု ပါဠိတော်တွေစတဲ့ ကျမ်းများမှာ အထင်အရှား ပါရှိတာကြောင့် မယုံလို့ မရပါဘူး။ ဘုရားရှင် လက်ထက်တော်က စာပေတွေမှာ တစ္ဆေရှိကြောင်း ဖော်ပြထားတဲ့စာတွေ အများကြီး ရှိပါတယ်။

ဘီလူးတစ္ဆေတို့ဟာ နှမ်းမှုန့်၊ ပဲဆွမ်း၊ ငါး၊ အမဲသား စသည်တို့ကို ကြိုက်နှစ်သက်တာကြောင့် အာဋာနာဋိယသုတ်ကို ရွတ်ဖတ်သော ရဟန်းတွေဟာ ဒီအစာများကို မစားသင့်ကြောင်း ဝိနယသင်္ဂဟကျမ်းမှာ အတိအလင်းပြဆိုထားပါတယ်။

တစ္ဆေခြောက်တယ်ဆိုတဲ့ နေရာမှာ အမြဲတမ်းကြောက်လန့်အောင် ခြောက်လှန့်နေတာမျိုးတော့ မဟုတ်ပါဘူး။ သူတို့မကျေနပ်တာ တစ်ခုခုကို သိစေ၊ မြင်စေလို၍ ကြောက်လန့်အောင်ခြောက်လှန့်ခြင်း၊ နှုတ်ဆက်လို၍ ခြောက်လှန့်ခြင်း၊ စားချင်သောက်ချင်လို့ ခြောက်လှန့်ခြင်း စသဖြင့် တစ္ဆေခြောက်လှန့်ခြင်းပေါင်း (၁၂)မျိုးရှိပါတယ်။ အဓိက.ကတော့ တစ်ခုခုကို လိုချင်လို့ ခြောက်လှန့်တာပဲ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ တစ္ဆေနဲ့ ပတ်သက်တဲ့ကျမ်းများမှာ တစ္ဆေတို့မှာ ကိုယ်ယောင်ဖျောက်နိုင်တဲ့ အစွမ်းမျိုးစုံရှိသော တစ္ဆေဦးထုပ်ဆိုတာမျိုးလည်း ရှိကြောင်း သိရပါတယ်။ အဲဒီဦးထုပ်ဟာ တစ္ဆေတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com





ရဲ့တတယ့်အစွမ်း၊ တကယ့်ခွန်အားတို့ကို ပေးစွမ်းတဲ့အရာပဲ ဖြစ်ပါတယ်။ တစ္ဆေဦးထုပ်ဟာ မမြင်အပ်တဲ့အရာတွေကိုလည်း မြင်နိုင်စွမ်းရှိပါတယ်။

တစ္ဆေတွေမှာ အမျိုးအစား အစုံရှိပါတယ်။ တချို့က အစာစားချင်တဲ့အခါ လူတစ်ယောက်ကိုပူးကပ်ပြီး စားသောက်ရတဲ့ အမျိုး၊ တချို့က အနံ့ခံရုံနဲ့ ကိစ္စပြီးတဲ့ အမျိုး၊ တချို့က ကြော်ပြီး ချက်ပြီးသားကိုသာ ကြိုက်တတ်သော အမျိုး၊ အစိမ်းလိုက်စားရမှ တင်းတိမ်သော အမျိုး စသဖြင့် အမျိုးမျိုးရှိပါတယ်။

တစ္ဆေတွေ နေထိုင်ကြတဲ့ နေရာတွေလည်း အမျိုးမျိုးရှိပါတယ်။ တချို့က ဇရပ်အိုကျောင်းပျက်တွေ၊ လူမနေတဲ့နေရာတွေမှာ နေထိုင်တဲ့ အမျိုး၊ သုသာန်သင်္ချိုင်းမှာသာ နေတဲ့ အမျိုး၊ လူနားနီးနီးမှာ နေတဲ့ အမျိုး၊ တောလမ်းတောင်ကြားတွေမှာ နေတဲ့ အမျိုး၊ ဘုရားတရားသံကို မကြားချင် မကြားနိုင်သောနေရာမှာ နေတဲ့ အမျိုး၊ ကြားချင်သော်လည်း ကြားနာခွင့်မရသော နေရာမှာ နေတဲ့ အမျိုး၊ ဘုရားတရားသံကြားတာနဲ့ ရပ်တည်ရာမရဘဲ လွင့်စင်သွားရသော အမျိုး စသဖြင့် တန်ခိုးစွမ်းအားကိုလိုက်ပြီး အမျိုးမျိုး ရှိကြပါတယ်။

ရှေးခေတ်သမိုင်းစာမျက်နှာများမှာ တိုင်းပြည်တစ်ပြည် ပျက်ခါနီးသော် လည်းကောင်း၊ ဘုရင်တစ်ပါး နတ်ရွာစံခါနီး အချိန်တွေမှာ တစ္ဆေ



သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်



ဒီလူးတွေဟာ ကိုယ်ထင်ပြကြကြောင်း အတိအလင်း ဆိုထားပါတယ်။ နောက်တစ်ချက်ကတော့ အစိမ်းသေ,သေပြီး အလောင်း မပျက်စီးသေးတဲ့ သေဆုံးသူ ကိုယ်ပေါ်က ဆံ့ညှည်းတွေကို အပ်တိုတစ်ချောင်းတောင် မယူကောင်းပါဘူး။ လူ့သေမှာ ကပ်မှီနေတဲ့ တစ္ဆေက သင့်ကို နှောင့်ယှက်လာနိုင်တာကြောင့် ဖြစ်ပါတယ်။

တစ္ဆေတွေဟာ ကံအားနည်းသူတွေ၊ ဘုန်းကံ နိမ့်နေသူတွေ၊ ကလေးငယ်တွေကို အမိက ခြောက်လှန့်ခြင်း၊ နှောင့်ယှက်ခြင်း၊ ပူးကပ်ခြင်းများ ပြုလုပ်ပြီး အစာအာဟာရအတွက် တောင်းဆိုတတ်ကြပါတယ်။ ဒါကြောင့် ရှေးအခါက ကလေးငယ်တွေ ညနေ, နေဝင်ရီတရော အချိန် ငိုကြွေးတယ်၊ ဂျီကျတယ်၊ တစ်နေရာရာကို လက်ညှိုးထိုးပြီး ငိုဟယ်၊ ရယ်ဟယ် လုပ်တယ်ဆိုရင် နတ်ဆရာများ၊ ဆိုတတ်သူများနဲ့ တိုင်ပင်ကာ ခေါ်စာပစ်ခြင်း၊ စလောင်းစာပစ်ခြင်းတို့ကို ပြုလုပ်ပြီး စားချင်သောက်ချင်တဲ့ တစ္ဆေတွေ ကျေနပ်အောင် ပြုလုပ်ပေးရကြောင်း ဖော်ပြလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် သုယောင်မယ် လက်ကိုင်ပုဝါ


ကြောက်တတ်သူများ
ညမဖတ်ရ

ညို့ရောင်





www.burmeseclassic.com



"မြွေမိတ်လိုက်ချိန်မှာ
ကံအားလျော်စွာ
အသုံးချလိုက်နိုင်တဲ့
လက်ကိုင်ပုဝါတော့ ရှိနေပြီ။
နောက်တစ်ဆင့်အတွက်တော့-
မင်း.. သချိုင်းကုန်းကို
သွားရလိမ့်မယ်"

## မိတ်လိုက်နေသည့် လင်းဝါနှစ်ကောင်

အခါတစ်ပါး၌ ကျွန်ုပ်သည် တောစပ်တောင်စောင်း တစ်နေရာသို့ ဖြတ်အလာတွင် ထူးဆန်းအံ့သြဖွယ် မြင်ကွင်းတစ်ခုကို အမှတ်မထင် တွေ့ရှိလိုက်ရသည်။

"ဟာ !..လင်းဝါကြီး နှစ်ကောင်ပါလား။ အလို !..တစ်ကောင့် တစ်ကောင် လိမ်ကျစ်ပြီး ချစ်တမ်းကစားနေလိုက်ကြတာ "ကချေသည်" တွေ ယိမ်းကနေတဲ့ အတိုင်းပါပဲလား။ အာခေါင်နီစိတွင်းဝက တစ်လစ် တစ်လစ် ထွက်ပြူလာတဲ့ လျှာတွေနဲ့ တစ်ကောင့်တစ်ကောင် အနမ်းမိုးခွေနေလိုက်ကြတာ ကြည့်လို့တောင် ကောင်းသေးတော့၊ အမြီးထောက်ပြီး လေထဲမှာ မြောက်ကြွနေပုံကတော့ တကယ့် အဇာရွာတစ်ခွင်ထဲ ထိုးဝင်ပျံတက်တော့မယ့် အတိုင်း"

ကျွန်ုပ်သည် တစ်သက်နှင့်တစ်ကိုယ် မမြင်ဘူးချေ၊ အကြောင်းတိုက်ဆိုင်စွာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ဩကာသလောကကြီးအား ခဏငယ်မျှ မေ့ထားကာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိတော့သည်။ ထိုလင်းဝါနှစ်ကောင်မှာ တစ်လောကလုံးတွင် မိမိတို့နှစ်



ကျွန်ုပ်နှင့် သူယောင်မယ် လက်ကိုင်ပုဝါ

သက်သာ ရှိနေသည့်အလား၊ ကာမဂုဏ်စည်းစိမ်ကို ခံစားရင်း ပတ်ဝန်းကျင်အား မေ့ထားလိုက်ကြသည်။

သို့နှယ် ကြုံရခဲသည့်မြင်ကွင်းအပေါ် အာရုံဝင်စားမိလေသည့် ကျွန်ုပ်သည် တစ်ချိန်က အဘ "ဆရာဖွေး" ပြောခဲ့သည့် စကားတစ်ခွန်းအား ရုတ်ခနဲ သတိရလိုက်တော့၏။

"မောင်မြင့်နောင်..မင်း ပီယဆေး ကောင်းကောင်းလိုချင်တယ် ဟုတ်လား(မဟုတ်လား)၊ သွားရင်းလာရင်း မြွေမိတ်လိုက်တာနဲ့ ကြုံလို့ရှိရင် အဲဒီမြွေနှစ်ကောင်အပေါ် လက်ကိုင်ပုဝါနဲ့ အုပ်သာချလိုက်၊ ဒီထက်ကောင်းတဲ့ ပီယဆေး ဘယ်ရှိတော့မလဲကွာ"

အဘဦးဖွေးဆိုသူမှာ အသက်(၇၀)အရွယ်ခန့်၊ ဗိန္ဓောဆရာ၊ ဗေဒင်သာဂကု ဆရာနှင့် ပီးဆေး၊ ပီယဆေးတို့ဘက်တွင် အစွမ်းထက်သည့် ဆရာတစ်ဦးပင် ဖြစ်ချေသည်။ တစ်နည်းဆိုရသော် အောက်လမ်းဆရာ တစ်ဦး အဖြစ်လည်း လူသိများလှပေသည်။

ကျွန်ုပ်မှာ ထိုစဉ်က ငယ်ရွယ်ကြုံနိုင်သူတစ်ဦးဖြစ်၍ "အချစ်ဆိုသည့် အရသာ" အပေါ်၌ သမာရိုးကျနည်း မဟုတ်မူဘဲ ထူးခြားဆန်းကြယ်သည့် အစီအရင်တို့ဖြင့် စမ်းသပ်လိုစိတ်တို့ ထက်သန်နေရကား၊ ထို ဆရာဖွေးဆိုသူနှင့် ချိတ်ဆက်မိကြတော့သည်။

တစ်နည်းဆိုရလျှင် "ဘုန်းကြီးရှူးနှင့် လေ့လူး" တွေ့မိကြခြင်းဟု ဆိုရသော် မှားအံ့မထင်။ အနီ - ဆေးဆရာကြီး အဘဖွေး၏စကားသံတို့သည် ကျွန်ုပ်၏နားယံဝသို့ ပဲ့တင်ထပ်မျှ ကြားနေရသည့် အဆုံး၊ ကျွန်ုပ်သည် အိတ်ကပ်ထဲတွင် အသင့်ဆောင်ထားသည့် လက်ကိုင်ပုဝါဖြင့် အဆိုပါ မြွေမောင်နှံထံပါးသို့သွားကာ မတုံ့သောစိတ်ဖြင့် အုပ်ချလိုက်ပါသည်။

"တွေ့ရင် အုပ်သာအုပ်..ဘာမှ မကြောက်လေနှင့်၊ မိတ်လိုက်တဲ့မြွေတို့မည်သည် အသက်သာ အသေခံသွားမယ်၊ အတွေ့ထူးမှာ မိန်းမူးနေတဲ့ ကာမအရသာကိုတော့ အပျက်မခံတတ်ကြဘူး"

ဆေးဆရာကြီး၏ ဩဝါဒလမ်းညွှန်ချက်တို့ကို ပြန်လည်ကြားယောင်ရင်း ကျွန်ုပ်သည် ထိုမြွေကြီးနှစ်ကောင်အား ခပ်လှမ်းလှမ်း ထွေမှ အသာကလေး ချောင်းမြောင်းကြည့်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





တစ်နာရီနီးပါးခန့် မိတ်လိုက်အပြီး ထို မြေနှစ်ကောင်မှာ နီးရာ ခြုံတစ်ခုထဲသို့ "ရှောခနဲ" ဝင်ရောက် ပျောက်ကွယ်လေတော့သည်။ သည် တော့မှ ကျွန်ုပ်သည် ချောင်းကြည့်နေရာမှ ထွက် လာကာ ကျွန်ုပ်၏ လက်ကိုင်ပုဝါအား ကောက် ယူလိုက်လေသည်။

ဆန်းကြယ်လှပေစွ..၊ နဂိုရှိရင်း စွဲ ကျွန်ုပ်၏ဖြူဆွတ်သည့် လက်ကိုင်ပုဝါမှာ ပန်းသွေးရောင်အဖြစ်သို့ ပြောင်းလဲနေကြောင်း အံ့သြဖွယ် တွေ့ရှိ လိုက်ရချေသည်။ ထို့အ ကျွန်ုပ်သည် ရှားပါးပြီး ဂမ္ဘီရဆန်သည့် အမျိုးနှစ် အိမ်မြှောင်တစ်ကောင်အား ကံကောင်းထော စွာ တွေ့သည်နှင့် လက်ကိုင်ပုဝါဖြင့် အုပ်ကာ လာဘ်ယူခဲ့ဖူးပါသေးသည်။

## အောက်လမ်းဆရာနှင့် တွေ့ဆုံခြင်း

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်တွင် ဖြစ်ချေ၏။ ကျွန်ုပ် - တ တော်(လေ)မှ အငြိမ်းစား (သက်စေ့ပင်စင် မဟုတ်) ယူပြီးခါစတွင် ဖြ သည်။ ကျွန်ုပ်မှာ အငြိမ်းစား မယူခင်ကတည်းကပင် ဓာတ်ပုံရိုက်ခြင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာနေရကား ယခုလို တာဝန်လွတ်ကင်းသည့် အချိန်မှာတော့ ဓာတ်ပုံလုပ်ငန်းကိုသာ အပ်ကျမတ်ကျ အာရုံနှစ်ပြီး လု နိုင်ပါတော့သည်။

သို့ဖြင့် ကျွန်ုပ်သည် တပည့်ဖြစ်သူ "မောင်အေး" ဆိုသူအ ကျွန်ုပ်သွားလေရာသို့ ခေါ်ကာ "နမ့်စန်" ပတ်ဝန်းကျင် ရွာနီးချုပ်စပ်ရွာ သို့ နေ့ရှိသရွေ့ ဓာတ်ပုံရိုက် ထွက်ကြပါလေသည်။

အခါအားလျော်စွာ ကျွန်ုပ်တို့သည် "ယင်းရွာ၊ ရှမ်းရွာ၊ ပအိုဝ် များသို့ စက်ဘီးကိုယ်စီနင်းပြီး "အောက်ဒိုး" ထွက်ဖြစ်ကြပါသေးသည်။ ရောအခါတွင် ကျွန်ုပ်တို့သည် "ဘုရားလည်း ဖူး၊ လိပ်ဥလည်း တူး" သလို၊ တိုင်းရင်းသူများနှင့် ဓာတ်ပုံတွဲ ရိုက်လိုက်ကြ၊ အခြေအနေပေး

ညီးစားစကားပြောကြနှင့် ကျွန်ုပ်၏ ကမ္ဘာငယ်လေးမှာ ပျော်မွေ့ဖွယ်အတိ၊ ာယာ နှစ်မောနေမိပါတော့သည်။

ထိုအချိန်က "စီ" သုံး "စီ" (Three C) ဆိုသော စကားမှာ ခေတ် နေချိန် ဖြစ်ချေ၏။ CASH (ငွေ)၊ CAR (မော်တော်ကား)၊ Camera င်မရာ)တို့ရှိလျှင် မိန်းကလေးတို့အကြိုက်ဟု ဆိုထားကြသည် မဟုတ် ။ ကျွန်ုပ်တွင် CAR (ကား) မရှိသော်ငြား CASH (ငွေ) အသင့်အတင့် နိုင်စွဲနိုင်ရုံနှင့် CAMERA တစ်လုံး ပိုင်ဆိုင်ထားနိုင်သူ ဖြစ်၍ အမှန်ကို ိုးခံအတိုင်း ဖွင့်ဆိုသော် အထိုက်အလျောက်တော့ ပီယဝါစာ ရှိခဲ့ပေ ည်။

ဝါသနာနှင့် စီးပွားရေးအပေါ် အရင်းတည်ကာ၊ ဓာတ်ပုံရိုက်ပြီး င် ကျွန်ုပ်သည် "ချစ်ခြင်းအစ မျက်စိက" Love at first side ဆိုသည့် တိုင်း လှငယ်သဘာဝ၊ ကျွန်ုပ်အပေါ် စိတ်ဝင်စားနေသည်ဟု ထင်မှတ် ည့် မိန်းကလေးတစ်ဦးဦးနှင့် လှပျိုစကားပြောရင်း ကျွန်ုပ်၏ "အငွေ့ ်" မှာ ညတာရှည်အိပ်မက်တစ်ခုနှယ်..ချစ်သံသရာ ဇာတ်မျောထဲဝယ် စ်ဝဲဝဲလည် ဖြစ်နေရချေသည်။

ရက်လကြာသည်နှင့်အမျှ ထိုဇာတ်မျောအပေါ် မတင်းတိမ်နိုင် သည့် ကျွန်ုပ်သည် "အငွေ့ချစ်" မှ "အတွေ့ချစ်" အဖြစ်သို့ ကူးပြောင်း မည့် အခွင့်အလမ်းအပေါ် နေ့ရှိသရွေ့ အကြံထုတ်နေပါတော့သည်။ ည်တွင် ပီယသိဒ္ဓိဆရာကြီး အဘဖွေး၏ အခန်းကဏ္ဍသည် ကျွန်ုပ်ဘဝ သို့ ပါဝင် ပတ်သက်ချေတော့သည်။

"အောက်ဒိုး" ထွက် ပါးလျှသည့် တစ်နေ့တွင် ကျွန်ုပ်သည် တပည့် သူ မောင်အေးကိုခေါ်ကာ ဆရာကြီးဖွေးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ောက်သွားကြပါသည်။

အထက်တွင် ဆိုခဲ့ဖူးသလို၊ ကျွန်ုပ်လက်ဝယ် ပီယလာဘ်ခေါ် ်ကိုင်ပုဝါတစ်ထည် ပိုင်ဆိုင်ထားရကား ထိုလက်ကိုင်ပုဝါသည်သာ ဆေးစီမံရန်အတွက် "အိုင်းယက်တဲ့ ပက္ကရာ၊ မိုးရွာတာနဲ့ အသင့် သလို ဖြစ်ခဲ့သည်။

"မောင်မြင့်နောင်..မင်းက ကံကောင်းထောက်မစွာနဲ့ မြေမိတ်





www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှိန်မှာ ကံအားလျော်စွာ အသုံးချလိုက်နိုင်တဲ့ လက်ကိုင်ပုဝါတော့ ရှိနေပြီ၊ နောက်တစ်ဆင့်အတွက်တော့ - မင်း . . သင်္ချိုင်းကုန်းကို သွားရလိမ့်မယ်"

အဘဆရာဒွေး၏ စကားကြောင့် အံ့ဩခြင်းနှင့်အတူ ကျွန်ုပ်များစွာ တုန်လှုပ်ချောက်ချားသွားရသည်။

"ဗျာ ! . . သင်္ချိုင်းကုန်းသွားရမယ် ဟုတ်လား အဘ၊ ကျွန်တော်တစ်ယောက်တည်းလား ဟင် ! . . အဘ"

ကျွန်ုပ် နှုတ်မှ တုန်ရီစွာ ထွက်ပေါ်လာသည့် စကားကြောင့် အဘဒွေးသည် မြုံ့လက်စ ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးရင်း ယဲ့ယဲ့လေး ပြုံးလိုက်သည်။

"ဟင်း . . ဟင်း . . မဟုတ်ရပါဘူးကွာ၊ ငါလည်း လိုက်မှာပါ၊ "သေဖော်ညှိ"အနေနဲ့ မင်းတပည့်ကိုလည်း မကြောက်တတ်ရင် ခေါ်ခဲ့ပေါ့ကွာ. . ဟား . . ဟား . . ဟား"

"ဟာ . . အဘကလည်း . . နမိတ်မရှိ နမာမရှိ ပြောရှေ့မယ်၊ အဘစကားကြားလိုက်ရတာနဲ့တင် ကျောထဲကို စိမ့်သွားတာပဲ"

"အလကား မင်းကို စ,တာပါကွာ၊ ငါကိုယ်တိုင် စီရင်မယ်ဆိုတော့ ဘာမှ ကြောက်ဖို့ မလိုပါဘူး၊ အဲ . . တစ်ခုတော့ ရှိတယ်၊ အလောင်းဖော်ချိန်နဲ့ ဆေးစီရင်ချိန်မှာတော့ ငါ တားထားပေးမယ့် စည်းဝိုင်းထဲက မထွက်မိစေနဲ့၊ စည်းပေါက်ရင်တော့ မင်းတို့အသက်ကို "အစိမ်းသရဲမ"က နှုတ်ယူသွားလိမ့်မယ်၊ အဲဒီအခါ ငါလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"

"ဒါထက် . . ကျွန်တော်တို့ ဘယ်သင်္ချိုင်းကုန်းကို သွားရမှာလဲ . . အဘ"

ကျွန်ုပ်၏အမေးအား ကွမ်းတမြုံ့မြုံ့ ဝါးလျက် မျက်လုံးများကို မှေးစင်းရင်း စဉ်းစားခန်း ဝင်နေပေသေးသည်၊ ပြီးမှ -

"အိမ်း ! . . ဟိုတလောက ဘယ(ပရဆေး) မြစ်ရှာရင်း ငါ - ကုန်းပုတ်ယင်းရွာကို ရောက်သွားသေးတယ်၊ အဲဒီမှာ "ယင်း"မတစ်ယောက်ကြိုးဆွဲချသေသွားလို့ ကုန်းပုတ်သင်္ချိုင်းမှာ မြှုပ်ထားတာ မကြာသေးဘူးတဲ့၊ အဲသလို အစိမ်းသေ သေပြီးတဲ့ မိန်းမအလောင်းကမှ၊ အစွမ်းထက်တဲ့





ဗီယဆေးဖော်နိုင်တာပေါ့ကွာ . . ဟင်း . . ဟင်း"

ကျွန်ုပ်သည် အဘဆရာဒွေး၏ နောက်ဆက်တွဲ စကားကို ထပ်မံကြားလိုက်ရသဖြင့် ကျွန်ုပ်တစ်ကိုယ်လုံး "ရှိန်းခနဲ၊ ဖိန်းခနဲ"ဖြစ်ကာ ကြက်သီးမွေးညှင်းများနှင့် ကြက်သီးဖုတို့မှာလည်း ကျွန်ုပ် ခန္ဓာကိုယ်နှင့်အမျှ ရှန်းကြွလာတော့သည်၊ ဗီယဆေးဖော်စပ်ရန်အတွက် အဘထံ ငွေ တစ်သောင်း အပ်နံထားပြီးဖြစ်ရကား ကျွန်ုပ်မှာ လက်လွန်ပြီးဖြစ်၍ နောက်ဆုတ်သာတော့ပြီ၊

ထိုအချိန်က ကျွန်ုပ်မှာ တစ်ဖက်က အကြောက်တရားနှင့်အတူ အခြားတစ်ဖက်တွင်လည်း ဗီယဆေးတည်းဟူသော မက်လုံးတို့က ကျွန်ုပ် စိတ်ဝိညာဉ်အား လွှမ်းဆွဲထားချေပြီတကား၊

ပင်လယ်ပြင်တွင် ကြီးစွာသော လှိုင်းတံပိုးတို့ ရှန်းထလူးလွန့်နေသည့်နယ်၊ ကျွန်ုပ် စိတ်ဆင်ရိုင်းဆိုးသည်လည်း ချွန်းအုပ်၍ မရနိုင်ခဲ့ပါချေ၊ ထက်ကြွသည့် လူငယ်အတွေးဖြင့် ဗီယသိဒ္ဓိအစွမ်းကို စမ်းသပ်လိုခြင်း၊ "ပရလောကသား"တို့အပေါ် "ဘယာနက ရသ"ဆိုသည့် တုန်လှုပ် ချောက်ချားဖွယ် "ရသစုံ"တို့အား ရင်ခုန်ခံစားကြည့်လိုခြင်းဆိုသည့် စိတ်အတွေးကြောင့် ကျွန်ုပ်သည် အဘဆရာဒွေး၏ အစီအစဉ်အား စိတ်ဒုန်းဒုန်းချ လက်ခံလိုက်တော့သည်၊

## ဗီယဆေးဖော်ရို့ သင်္ချိုင်းကုန်းဆီသို့ . .

ချိန်းဆိုထားသည့် ညတွင် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသည် အဘဒွေးနှင့်အတူ သရဲအခြောက်ကြမ်းသည့်ဘက်တွင် နာမည်တစ်လုံးနှင့် နေသည့် ကုန်းပုတ်သင်္ချိုင်းကုန်းဘက်ဆီသို့ တိတ်တဆိတ် ထွက်ခွာလာကြတော့သည်၊ ကျွန်ုပ်တို့နှင့်အတူ လက်နက်မှုကိရိယာများအဖြစ် ပေါက်တူး၊ ပေါက်ချွန်း၊ ဂေါ်ပြားနှင့် သံတူရွင်းများကို ယူဆောင်သွားကြပါသည်၊

အန္တရာယ်တစ်စုံတစ်ရာနှင့် ကြုံလာပါက အသင့်ဖြစ်စေရန် ကျွန်ုပ်သည် ဓားအိမ်ပါ ဓားရှည်တစ်လက်နှင့် တပည့်ဖြစ်သူ မောင်ဒွေးအားသည်းဓားမြှောင်တစ်ချောင်းကို အသင့်ဆောင်ယူထားနှင့် ကြသည်၊



www.burmeseclassic.com

www.burmeseclassic.com



အနီ ကုန်းပုတ်သင်္ချိုင်းကုန်းမှာ နမ့်စန်မြို့အထွက်၊ အရှေ့မြောက်ဘက်တွင် တည်ရှိရကား မှောင်စပျိုးသည်နှင့် ကျွန်ုပ်တို့သည် (၅)မိုင်ခန့်ဝေးသည့် ချောက်ချားဖွယ် သည်ခရီးကြမ်းအား အမှောင်ရိပ်မိုကာ တိုးစမ်းရင်း ခြေကျင်ခရီးနှင်ကြတော့သည်။

ရွာမြောက်ဘက်ရှိ သင်္ချိုင်းကုန်းအစပ်သို့ ရောက်သည်နှင့် ကျွန်ုပ်တို့သည် လင်ကောင်ပိုးငှက်များ၏"ဂစ်"ခနဲ ဆိုသည့် ထိတ်လန့်စဖွယ် သေမင်းငင်သည့်အသံတို့အား စတင်ကြားရတော့၏။ နာရီကိုကြည့်တော့ ညဥ့်သန်းခေါင် ဆယ့်နှစ်နာရီ မိုးထိုးလက်တံများက ဒိုင်ခွက်မှာ ပြနေပါတော့။

ရွာထဲမှ နီနီညိုညိုနှင့် မည်းမှောင်မှောင် ခွေးအုပ်အပေါင်းတို့သည်လည်း နာနာဘာဝတို့အား ကပ်ဖား၊ ယပ်ဖားနေသည့်နှယ် စက်ဆုပ်ဖွယ် အသံနက်တို့ဖြင့် ဟောင်ကြ၊ အူကြလေကုန်၏။ ဆူးခြုံ၊ ဆူးခက်တို့ခြံရံကာ ပစ္စလက်ခတ် အုပ်မိုးထားပေသည့် မြေစာပုံ မို့မောက်မောက်တို့သည် ဟိုတစ်စု၊ သည်တစ်စု ကစဥ့်ကလျား၊ အပြိုင်းအရိုင်း ကုန်းကွကွဖြင့် ထထိုင်တော့မတတ် ရှိနေကြချေ၏။

"အီး..အူး..အူး..အီဝု..အူး..အူး..ဟူး..ဝါး"

နာနာဘာဝတို့ကို မြင်နိုင်စွမ်းသည့် ခွေးတို့၏ကျက်သရေမဲ့ ဆွဲဆွဲငင်ငင် အူသံကြောင့် တပည့်ဖြစ်သူသည် ကျွန်ုပ် လက်ကို ဆွဲကာ၊ ကျွန်ုပ်အနားသို့ ကတုန်ကယင်ဖြင့် တိုးကပ်လာပါသည်။

"ဆရာ..ခွေးအူသံတွေက အစိမ်းသရဲကို ခေါ်နေသလိုပဲနော်၊ ကြောက်ဖို့ ကောင်းလိုက်တာ၊ ဒီလိုမှန်းသိရင် လာတောင်မလာပါဘူး..ဆရာ"

တပည့်ဖြစ်သူမှာ ကျွန်ုပ်အား တိုင်တည်ရင်း ကြောက်စိတ်ဖြင့် ထုံမွှန်းသည့်စကားကိုပင် ပီသအောင် မပြောနိုင်ရှာဘဲ သွားချင်း ရိုက်၊ ဒူးချင်း ရိုက်ကာ တဆတ်ဆတ် တုန်နေပါပြီ၊ အဘဆရာဒွေးကတော့ တုန်လှုပ်ချောက်ချားဖွယ် ဝန်းကျင်တစ်ခုလုံးအပေါ် သူနှင့်မသက်ဆိုင်ဘိအလား၊ ခြေလှမ်းမမှားဘဲ ရှေ့တူရှုသို့ ဣန္ဒြေမပျက် ဆက်လျှောက်ချေပေသည်။ သူ့အဖို့တော့ ဒီအဖြစ်တွေက ရိုးနေပြီ ထင်ပါရဲ့။





အဘသည် ကျွန်ုပ်တို့ဘက်သို့ နောက်လှည့်ကြည့်ရင်း -

"မြန်မြန် လျှောက်လာကြဟေ့..ရောက်ခါနီးပြီ၊ ဟိုးရှေ့မှာ နွယ်ကြိုးတန်းလန်းနဲ့ ညောင်မှတ်ဆိတ်ပင် တွေ့တယ် မှတ်လား၊ အဲဒီအပင်အောက်ရောက်တာနဲ့ သင်္ချိုင်းကုန်းအစပ်ကို ဝင်ပြီ၊ ဘယ်လိုလဲ..ငါ့သားတို့၊ ကြောက်နေကြလား"

အဘသည် လှမ်းလက်စ ခြေလှမ်းကို တုန့်ခနဲ ရပ်လိုက်ပြီးမှ ကျွန်ုပ်တို့ဘက် လှည့်မေးလိုက်သည်။

"မ..မကြောက်ပါဘူး ဗျာ၊ ဟိုရောက်ရင် ကျွန်..ကျွန်တော်တို့ ဘာဆက်လုပ်ရမှာလဲ၊ ပြော..ပြောပါဦး..အဘ"

"အေး..အဘ မင်းတို့ကို မှာကြားဖူးသလို၊ ဟိုရောက်တာနဲ့ အဘ..မင်းတို့အတွက် စည်းဝိုင်း ဝိုင်းပေးမယ်၊ အဲဒီ စည်းအပြင်ဘက် လုံးဝ ထွက်မပြေးကြနဲ့၊ ပြေးတာနဲ့ စည်းပေါက်ပြီး မသာပေါ်လိမ့်မယ်"

"ကဲ..မှတ်မိတယ် မဟုတ်လား၊ သတိ မလွှတ်ကြစေနဲ့"

"ဟုတ်..ဟုတ်ကဲ့..အဘ"

အဘစကားအဆုံးတွင် ကျွန်ုပ်နှင့် တပည့်မောင်အေးတို့က တုန်ချောက်ချားစွာ အဖြေပေးလိုက်ကြ၏။

"ကဲ..ကဲ..အချိန်ရှိတုန်း ဆက်ထွက်ကြမယ်၊ မင်းတို့ လက်နက်တိရိယာတွေ အသင့်ပြင်ပြီး ငါ့နောက်က ဆက်လိုက်ကြပေတော့"

လဆုတ် ပက္ခ မှောင်မိုက်ညသည် တစစဖြင့် အိုမင်းရွတ်တွလာချေပြီ၊ သင်္ချိုင်းပရဝုဏ်အမှောင်ထုတွင်းမှာတော့ စုန်းမတစ်ကောင် ထမီခြုံလိုက်သည့်နှယ် ရုတ်ချည်းမှောင်ကျသွားချေသည်။

တစီစီ..တကီကီဖြင့် ကုန်းအော်နေသည့် ပုစဉ်းရင်ကွဲသံတို့နှင့် တရှီး..ရှီး လေချွန်သံပေးသည့် မြွေဆိုးတို့၏အသံတို့သည် ချောက်ချားဖွယ် အမှောင်ထုနှင့်အပြိုင် ကျွန်ုပ်တို့ မနုဿသုံးယောက်အား ခြောက်လှန့် နေကြတော့သည်။

စိန်နဘဲ (စိန်နားပန်း)ခြုံ၊ ဆူးရစ်ခြုံနှင့် ထိကရုန်းစသည့် ခြုံနွယ်ပိတ်ပေါင်းတို့က ဟိုတစ်စု၊ သည်တစ်စုဖြင့် အစိမ်းသရဲ တစ်ကောင်ချင်း ငုပ်တုတ်ထိုင် အတင်းတုပ်သည့်နှယ်၊ တုန်လှုပ်ဖွယ် ကောင်းလှချေ၏။



www.burmeseclassic.com

www.burmeseclassic.com





သည်သို့ဖြင့် ကျွန်ုပ်တို့လူတစ်စုသည် သချိုင်းကုန်းအစပ်သို့ ခြေချမိကြတော့သည်။ ထိုစဉ် လေငြိမ်နေလျက်ဖြင့် သစ်ပင်ကြီးတစ်ပင်အောက်မှ တစ်စုံတစ်ရာသည် တကီးကီးမြည်ကာ ရုတ်ချည်း – ဘယ်ညာယိမ်း ထိုးလျက် လှုပ်ရမ်းလိုက်သည်ကို ကျွန်ုပ်တို့ သုံးယောက်စလုံး မျက်ဝါးထင်ထင် မြင်လိုက်ကြတော့သည်။

"ဟိုမှာ..ဟိုမှာ..ကြိုးကွင်းကြီးတစ်ခု၊ လှုပ်..လှုပ်လာပြီ ဆရာ။ အလိုလေး..လေး..ကြောက်စရာကြီးပါလား"

မောင်အေးအလန့်တကြား လက်ညှိုးညွှန်သည့်ဘက်သို့ အဘ ဒွေးနှင့် ကျွန်ုပ်ပြိုင်တူ လှမ်းကြည့်မိလိုက်စဉ်တွင် ကျွန်ုပ်ဝမ်းတွင်းရှိ အူအသည်း ကလီစာတို့မှာ ဖြောင်းဆန်လုမတတ် တုန်ခါသွားရတော့သည်။ ကျွန်ုပ်မျက်စိရှေ့တွင် တွေ့လိုက်ရသည့် မြင်ကွင်းသည်ကား ဖွဲ့ကြိုးချရာတွင် သုံးသည့် မရဏကြိုးတစ်ချောင်းပင် ဖြစ်ချေတော့သည်။

ထိုကြိုးကွင်းကြီးသည် နတ်ဝင်သည်အလား၊ တဆတ်ဆတ်တုန်လျက် တရှဲရှဲသော တစ္ဆေညည်းသံပေးရင်း ဒန်းလွှဲသလို ရှေ့နောက် လှုပ်ရမ်းနေလေသည်။

ထိုစဉ်က ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦး အဘယ်မျှ ကြောက်လန့်ကြမည်ဆိုတာ၊ စာဖွဲ့၍ပင် မှီနိုင်မည် မထင်တော့ပါချေ။ ကျွန်ုပ်နှင့်တပည့်တို့မှာ ထိုချောက်ချားဖွယ်မြင်ကွင်းကြောင့် ကြောက်သေးများပင် ထွက်ကျကြမည် ထင်ပါသည်။ သို့ပင်ဖြစ်ငြား အဘဒွေးသည် မြင်နေကျ ဖြစ်စဉ်တစ်ခုပမာ မည်သို့မျှ မခံစားရလေဟန်ဖြင့် –

"အဲဒါ..ယင်းမလေး ကြိုးဆွဲချသေခဲ့တဲ့ "အပမီ" ကြိုးပဲပေါ့..လူကလေးတို့၊ ယင်းတွေဟာ ကြိုးဆွဲချသေတဲ့ ကြိုးကို အစိမ်းသေနဲ့အတူ မြေမြှုပ် မပစ်ကြဘူး။ နောက်လူတွေ ဒီလိုမလုပ်ရဲအောင် သေသူ အလောင်းကောင်ဘေးက သစ်ပင်ပေါ်မှာ တွဲလောင်းဆွဲထားတတ်ကြတယ်၊ အစိမ်းသရဲ ပူးနေတဲ့ ကြိုးဟာ လူလေးတို့ အခုမြင်နေရသလို၊ ညဥ့်ရောက်လာတိုင်း တဆတ်ဆတ် တုန်နေတော့တာပေါ့။ အင်း..ပြောရရင် မလွတ်မကျွတ်သေးသမျှ ညတိုင်း တုန်ခါနေဦးမှာပဲပေါ့ကွာ.."

ကျွန်ုပ်တို့ ဆရာတပည့်မှာ ငုက်ဖျားမိသည့်လူမဟုတ်၊ တဆတ်ဆတ်တုန်နေလျက်ဖြင့် အစိမ်းသရဲပူးနေသည့် ထို မရဏကြိုးကွင်းကြီးကို မစုံမရဲကြည့်နေမိကြသည်။

အဘပြောပြသည့် စကားကြောင့်လည်း ကျွန်ုပ်တို့မှာ ခြေထောက်ကိုပင် မတ်မတ်မရပ်နိုင်ချေဘဲ ဒူးခေါင်းချင်း တဖတ်ဖတ်ရိုက်ကာ တုန်လှုပ် ချောက်ချားနေကြပါပြီ။ ထိုစဉ်က ကျွန်ုပ်သည် တပည့်မောင်အေး၏ စကားသံလို၊ လာမိတာ မှားလေခြင်းဟု နောင်တကြီးစွာ ရနေမိပါသေးသည်။ သချိုင်း၏ ချောက်ချားဖွယ် လျှို့ဝှက်ချက်များက ကျွန်ုပ်အတွက် ကြီးစွာသော သင်ခန်းစာကို ပေးလိုက်ချေပြီတကား။

"ကဲ..ကဲ..ရောက်လာမှတော့ ကြောက်နေလို့ မပြီးသေးဘူး။ လုပ်ငန်းစဖို့ ပြင်လိုက်ကြရအောင်။ ဒီ အစိမ်းသေ မိန်းကလေးရဲ့အလောင်းကို မတူးခင် သူ့ရှေ့ခပ်လှမ်းလှမ်းမှာ အဘ သိမ်ဝင်ဂုတ်နဲ့ စည်းဝိုင်းတားထားပေးမယ်။ အလောင်းကိုဖော်ပြီးတာနဲ့ လူလေးတို့ အဲဒီစည်းဝိုင်းထဲ ပြေးဝင်ကြပေတော့.."

ဆိုကာ အဘသည် ကျွန်ုပ်တို့နှစ်ဦးအား အန္တရာယ်ကင်း ပရိတ်ကြိုးနှင့် စွပ်လိုက်ပါတော့သည်။ အဘ ဆရာဒွေးသည် ကျွန်ုပ်တို့အား အလောင်းမြှုပ်ထားရာ မြေစာပုံ မှိုမှို ရှေ့သို့ ခေါ်ဆောင်ပြီးလျှင် –

"ကဲ..ဒီမြေစာပုံအောက်မှာ အလောင်းကောင်ရှိတယ်၊ အရင်ဆုံး ပေါက်တူးနဲ့ ခပ်ဆတ်ဆတ်ကလေး တူးပေတော့" ဟုဆိုကာ မျက်စိစုံမှိတ်ပြီးလျှင် ကျွန်ုပ်တို့နားမလည်သည့် "ဉ်..." အစရှိ ဂါထာတစ်ပုဒ်ကို အဆက်မပြတ် ရွတ်နေပါတော့သည်။

"ဆ..ဆရာ..ကျွန်..ကျွန်တော် မတူးရဲဘူး။ ငှက်ဆိုးထိုးသံတွေရော၊ ခွေးအူသံတွေပါ သချိုင်းတစ်ခုလုံး ဆူညံလာပြီ။ ကျွန်..ကျွန်တော် ကြောက်တယ်၊ မတူးပါရစေနဲ့တော့..ပြန်..ပြန်ကြရအောင်နော်..ဆရာ"

တပည့်ဖြစ်သူသည် ပေါက်တူးကိုင်ထားလျက် "သွား" ချင်း



www.burmeseclassic.com

www.burmeseclassic.com



တဂတ်ဂတ်ရိုက်သံဖြင့် ကျွန်ုပ်အား အားကိုးတကြီးဖြင့် သနားစဖွယ် ကြည့်ရင်း တောင်းပန်နေရှာသည်။ ထိုစဉ်က သူ့မျက်နှာမှာ သွေးမရှိသည့် လူသေမျက်နှာလို ဖေးမှိန်ဖျော့တော့နေပြီး ဇီးရွက်ခန့်သာ ရှိလိမ့်မည်ဟု ကျွန်ုပ်ခန့်မှန်းမိတော့သည်။

ကျွန်ုပ်သည်လည်း မည်သို့ ထူးသေးသနည်း။

တပည့်ရှေ့တွင် ဟန်ဆောင်ဖုန်းကွယ်နေပေမယ့် ကျွန်ုပ်မျက်နှာမှာ တပည့်နှင့်မခြား၊ တုန်လှုပ်ချောက်ချားနေပေလိမ့်မည်။

အဘဆရာဖွေးကတော့ "သရဲခေါ် ဂါထာ"တို့ကို စဉ်ဆက်မပြတ်ရွတ်ဖတ်သရဇ္ဈာယ်ရင်း လက်ထဲမှ ဆေးလုံးများဖြင့် အလောင်းရှိရာ မြေပုံပေါ်သို့ မနားတမ်း ပစ်ပေါက်နေချေသည်။ ဂါထာရွတ်ရင်းမှလည်း -

"တူးတော့လေ .. ဘာလုပ်နေလဲ၊ မြန်မြန် တူးစမ်း" ဟု ကျွန်ုပ်တို့အား အမိန့်ပေးရင်း ဂါထာကို မနားတမ်း ရွတ်နေပါသည်။ ကျားမြီးဆွဲထားမိပြီဖြစ်သည့် ကျွန်ုပ်တို့မှာ နောက်ဆုတ်၍ မဖြစ်သာတော့သည့် အခြေအနေမို့ တပည့်ဖြစ်သူ၏ပုခုံးကို ပုတ်ပြီး အချက်ပေးလိုက်ရသည်။

"ကဲ .. ငါ့ တပည့် တို့တူးမှ ဖြစ်တော့မယ်။ နောက်ဆုတ်ဖို့ အချိန်နှောင်းသွားပြီ၊ မောင်အေးရေ .. မင်း ပေါက်တူးနဲ့ ပေါက်ထုတ်။ ငါ ဂေါ်ပြားနဲ့ ထိုးကလော်ထုတ်မယ်"

အချိန်ဆိုင်းမနေတော့ဘဲ ဆရာတပည့်နှစ်ယောက် အလောင်းဖော်ခြင်းအမှုကို ပြုလိုက်ကြတော့သည်။ ကျွန်ုပ်သည် လွန်လေပြီးသောကာလက ဖတ်ခဲ့ဖူးသည့် "မှော်ဆရာ မှတ်တမ်း"၊ "ဆရာမနိုင် နစ်ဆောင်မြိုင်"၊ "သွေးစုပ်ဖုတ်ကောင်" စသည့် ဝတ္ထုဇာတ်လမ်းများကို ဖတ်ဖူးထားရကား ယခု အလောင်းဖော်ရာတွင် ကြုံတွေ့ရတော့မည့် ချောက်ချားဖွယ်အဖြစ်အပျက်အပေါ် ရင်တမမနှင့် စောင့်ကြည့်ရန်မှတစ်ပါး အခြား မရှိတော့ပြီ။

ဤသို့ - တူးကြ၊ ယက်ကြရင်း၊ အနက် သုံးလေးပေခန့် အရောက်တွင် ခေါင်းတလားကြီးမှာ "ဘွားခနဲ" ပေါ်လာပါတော့သည်။

ဆရာဖွေးသည် အခေါင်းကြီးပေါ်လာသည်နှင့် ဘယ်ဘက်လက်တွင် အရဲသင့်ကိုင်ထားသည့် သံတူရွင်းအား ညာဘက်လက်သို့ ပြောင်း





ကိုင်လိုက်ပြီးလျှင် ခေါင်းတလားကြီးအား ကလန့်ဖွင့်လိုက်သည်။

မသာ ခေါင်းတလားပေါ်အုပ်ထားသည့် ပျဉ်ချပ်ကြီးအား အဘဖွေး ခွာယူလိုက်စဉ်မှာတော့ ..။

"ဟာ !.. အမလေး .."

"အို !.."

"အလိုလေး .. ဟာ !..၊ ဟင် !.." ဆိုသည့် အသံများမှာ ကျွန်ုပ်တို့ဆရာတပည့်နှစ်ဦး၏ နှုတ်ဖျားမှ တိုင်ပင်ထားသည့်နယ် တစ်ပြိုင်တည်းထွက်သွားကြတော့သည်။

မြင်လိုက်ရသည့်မြင်ကွင်းက ကြောက်စမန်းလိလိ၊ ချောက်ချားဖွယ် အတိပါတကား။ အနီ - အလောင်းကောင်ကြီးမှာ မရိုမဆုံသည့် ဝေဒနာကြောင့် နာခေါင်းရိုး တစ်ဖက်တစ်ချက်မှ မည်းညိုသည့် မျက်လုံးနှစ်လုံးမှာ လက်သီးဆုပ်မျှ အဆမတန် ပြူးထွက်လာကာ ရှည်လျားလှစွာသော လျှာကြီးမှာလည်း ထော်လန်ဖူးယောင်နေသည့် နှုတ်ခမ်းသားမှ အစန့်သား တွဲလောင်းကျနေပါသည်။

မမြင်ဝံ့စရာ မြင်ကွင်းကြောင့် ကျွန်ုပ်တို့ ဆရာတပည့်မှာ နောက်သို့ ဆုတ်မှန်းမသိ ဆုတ်လိုက်ကြတော့သည်။

"ကဲ .. စည်းဝိုင်းထဲ ရောက်အောင် အမြန်ပြေးကြ၊ ခုချိန်ကစပြီး ဒီအစိမ်းသေမိန်းကလေးကို အဘ ခြေမန်းကွင်း စွပ်တော့မယ်၊ လူလေးတို့ စည်းဝိုင်းထဲက ခြေတစ်လှမ်းမှ ရောင်ရမ်းပြီး မထွက်မိစေနဲ့၊ ကြောက်လည်း မကြောက်နဲ့"

အဘဖွေးသည် ပြောပြောဆိုဆိုနှင့် ခေါင်းတလားထဲရှိ ရုပ်အလောင်းကောင်၏ ခြေအစုံအား ပစ်မြှောက်ပြီး သကာလ၊ အသင့်ကိုင်ထားသည့် ခြေမန်းကွင်းနှင့် စွပ်ချလိုက်ပါတော့သည်။

တစ်ဆက်တည်းမှာပင် ကျွန်ုပ်ထံမှ ယူငင်ထားသည့် ဝိယလက်ကိုင်ပုဝါဖြင့် အစိမ်းသေမမျက်နှာအား ယပ်ခတ်ပေးရင်း "ဝိဉာဉ်ခေါ်ဂါထာ"တစ်ပုဒ်အား အဆက်မပြတ် ရွတ်နေပြန်သည်။

အဘဖွေး ရွတ်ဖတ်နေစဉ်အတွင်း သချိုင်းကုန်းချုံပိတ်တွင် စောင့်ကြပ်ဝန်းရံနေကြသည့် မိစ္ဆာခွေးတို့သည် မရပ်မနား ချောက်ချား



www.burmeseclassic.com

www.burmeseclassic.com



ဖွယ် အတိ "အူ"ကြသလို၊ ကျွန်ပ်တို့ ခေါင်းပေါ်သို့ ငှက်ဆိုးကောင်တို့သည် တောင်ပံ တဖျတ်ဖျတ်ခတ်ကာ၊ ကြောက်စရာ ငယ်သံပါကြီးနှင့် "ဂစ်ခနဲ" ထိုးသံ ပေးသွားကြသည်၊

လေပြင်းတစ်ချက် သချိုင်းမြေပေါ်သို့ "ရှဲခနဲ . . ရှဲခနဲ" မြည်ကာ၊ လျှပ်တိုက်သွားလေသည်၊

"အူး..အူး..အူး..ဝူ"

"ဂစ်"..."ဂစ်"

"ရှဲ..ရှဲ..ရှဲ"

အမှောင်ထု၏ ချောက်လှန့်မှု၊

ဆွဲဆွဲငင်ငင် အူနေသည့် ခွေးအူသံ . .၊ ငှက်ဆိုးကောင်တို့၏ "တဂစ် ဂစ်" ထိုးသံ . .၊ လေပြင်းတစ်ချက် "ရှဲခနဲ" မွှေလိုက်သံတို့နှင့်အတူ သချိုင်းတစ်ခုလုံး ကာလနာ တိုက်နေကြချေပြီတကား၊

ထိုစဉ် အဘဒွေး၏ အစီအရင်ဖြင့် အသက်သွင်းပေးမှုကြောင့် အလောင်းကောင်ကြီး၏ မျက်လုံးနှစ်လုံးမှာ "ဖျတ်ခနဲ" ပွင့်လာကာ၊ ရုတ်ချည်း ထလာပါတော့သည်၊

သူမသည် ပြူးထွက်နေသည့် မျက်လုံး၊ တွဲလွဲကျနေသည့် လျှာပြားကြီးဖြင့် ကြောက်စရာ အသွင်သဏ္ဌာန်ကို ဆောင်ယူပြီး သကာလ၊ ဦးခေါင်းကို ဘယ်ညာလှည့်ရင်း ကျွန်ပ်တို့ရှိရာသို့ မျက်ထောက်နီကြီးဖြင့် စူးစူးရဲရဲ ကြည့်လိုက်ပါသည်၊

ဖုတ်ဝင်လာသည့် အလောင်းကောင်သည် ပါးစပ်မှ "ဟီး . . ဟဲ" မြည်ကာ အသံဩကြီးဖြင့် ညည်းတွားနေပေသည်၊

သွေးပျက်လုခမန်း၊ ထိုအခြင်းအရာပေါ် လတ်တလောမြင်လိုက်ရသည့် တပည့်ဖြစ်သူသည် –

"အမလေး . . လုပ်ပါဦး . . ကယ်ကြပါဦးဗျ"

ဟုဆိုကာ စည်းဝိုင်းအပြင်ဘက်သို့ ရုတ်ချည်း ပြေးထွက်ရန်ပြင်သည်နှင့် ကျွန်ပ်မှာ တပည့်အား, အားကုန်ဆွဲထားလိုက်ရသည်၊

အလောင်းကောင်ကြီးမှာ ခေါင်းတလားထဲတွင် ဆောင့်ကြောင့် ထထိုင်နေပါပြီ၊







ဆရာဒွေးသည် ဖြူး ကြောင်ကြောင် မျက်လုံးနှစ်ဖက် ပွင့်လျက် အသိမဲ့စွာဖြင့် မလှုပ် ယှက် ငုတ်တုတ် ထထိုင်နေသည့် နီ– အလောင်းကောင်ကြီး၏ တ်အဲ့အဲ့ မျက်နှာပေါ်သို့ နေရာ နဲ့ ပွတ်သုပ် ပေးနေချေပြီ။ ပါးစပ် သည်း –

"ဦးမြ . . အစိမ်းသေ တလေး

ဝါ့အမိန့်ကို နာခံလေ တော့!..

ခုရိုန်ကစပြီး မယ်မင်းသည် ဤ ဗီယလက်ကိုင်ပုဝါနှင့်အတူ သင့်ဝိညာဉ်သည် အစဉ်သဖြင့် ပူးကပ်နေစေရမည်၊ နာနာဘာဝ သင့်ဝိညာဉ်အား ချုပ်နှောင်လိုက်ပြီ၊ သင့်အတ္တဘော ခန္ဓာရုပ်ကလာပ်သာ ဒီခေါင်းတလားထဲမှာ နေရစ်ပေတော့ လဟယ်၊ ငါဆရာ အမိန့်!.."

ဟုဆိုကာ အလောင်းကောင် အစိမ်းသေမ၏ရင်ဘတ်အား ခေါင်းတလားထဲသို့ တွန်းလှဲချလိုက်လေတော့သည်၊

အစီအရင်ကိစ္စပြီးချေပြီမို့ ဗမာ့အောက်လမ်းဆရာကြီး ဆရာသည် အလောင်းကောင်ရှိရာမှ ကျောခိုင်းကာ ကျွန်ပ်တို့ဘက်သို့ လှည့် လိုက်သည်။ ထိုစဉ် အလောင်းကောင်ကြီးသည် လက်နှစ်ဖက် နဲ့တန်းကာ ပက်လက်အနေအထားမှ ထထိုင်လာသည်၊

တစ်ဆက်တည်းမှာပင် မတ်တတ်ရပ်ပြီးလျှင် ကျွန်ပ်တို့ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာရန် ခြေလှမ်းပြင်တော့သည်။ ထိုအခြင်းအရာကို မြင်သည်နှင့် ကျွန်ပ်နှုတ်မှ လုစ်ခနဲ အော်လိုက်မိသည်။

"အဘ .. အလောင်းကောင်ကြီး ထ .. ထ လာပြီ။ အဘနောက် မှာ .. လာ .. လာနေ .."

ကျွန်ပ် စကားပင် မဆုံးလိုက်ရ၊ အဘ ဆရာဒွေးသည် လေ လျှင်မြန်ခြင်းနှင့်အတူ၊ ရုတ်ချည်း အလောင်းကောင်ဘက်သို့ လှည့်ကာ အသင့်ယူလာသည့် ရေတကောင်းထဲမှ ရေမန်းရေဖြင့် အလောင်းကောင် ကြီး၏ ကိုယ်ပေါ်သို့ လောင်းချလိုက်လေတော့၏။

ရေမန်းရေ၏ အစွမ်းသတ္တိကြောင့်လား မသိ။

အလောင်းကောင်ကြီးမှာ "တအင့် အင့်" ညည်းကာ၊ လူးလှိမ့် လူးလှုပ်ရှားရင်း စကာအတွင်းမှာ ငြိမ်သက်သွားပေတော့သည်။ သည်တော့မှ ပင် ကျွန်ပ်တို့ ဆရာတပည့်နှစ်ယောက်မှာ ကြောက်သက်ပြင်းကြီးအား "ဟင်းခနဲ" ချလိုက်နိုင်တော့သည်။

"ကဲ .. ကဲ .. ဒီ အလောင်းကောင်ကြီးကို မြေပြန်ဖို့ဘို့၊ စည်းထိုင်း ထဲက ထွက်ခဲ့ကြပေတော့"

ရေဆူဆရာတော် (ရှင်ဥတ္တမသာရ)ရဲ့ရေမန်းတန်ခိုးနဲ့ ဒီ မကောင်း ဆိုးဝါးမကို သုတ်သင်လိုက်ပြီးပြီ။ မြေဖို့ပြီးတာနဲ့ ပစ္စည်းတွေ သိမ်းကြ ပြ ကြမယ်"

အလုံးစုံသော အမှုကိစ္စအား စီစဉ်ပြီးသည်နှင့် ကျွန်ပ်တို့ လူ သည် အလောင်းကောင်ကြီးအား မြေဖို့ခြင်း၊ ပစ္စည်းပစ္စယများ သိမ်းဆည်း ခြင်း စသည့်အမှုတို့ကို ဆောင်ရွက်ပြီးလျှင် အစိမ်းသရဲကောင်ကြီး ပြန်လည် နိုးထလေလော ! ဆိုသည့် စိုးရိမ်စိတ်ဖြင့် သင်္ချိုင်းကုန်းမှ နောက်ကျော လှစ္စာဖြင့် ပြန်လာခဲ့ပါတော့သည်။

## သူယောင်မယ် ဝိညာဉ်အား ခေါ်ယူခြင်း

ကျွန်ပ်သည် ကုန်းပုတ်သင်္ချိုင်းမှ ပြန်လာပြီးကတည်းက ရော ရှားရသည့် ညဥ့်တစ်ည ဖာတ်လမ်းအား တရံမလတ် စိတ်ထဲမှ မထွက် ဘဲ ရင်တုန်လှိုက်မောနေဆဲ ဖြစ်နေရပေသည်။ နေ့ရှိသရွေ့ အော





တွက်နေရပေမယ့် ကျွန်ပ် စိတ်အစဉ်တွင် ထိုဖြစ်ရပ်အပေါ် ဆုံးဖြတ်ချက် ချနိုင်မှာမှာ မရှုနိုင်ချေဘဲ ရှိတုံ့ရှုတုံ့ ဖြစ်နေပါသေးသည်။

ဂမ္ဘီရစာပေများ ခေတ်မစားခင်ကတည်းက ဆန်းကြယ်သော ဂမ္ဘီရဆန်ဆန် အဖြစ်အပျက်တို့ဖြင့် ကိုယ်တွေ့ကြုံခဲ့ဖူးသည်များကို ပြန် ပြောင်း စဉ်းစားနေမိသည်။

ကျွန်ပ်၏ ဇေဒင်၊ လက္ခဏာ၊ နက္ခတ်တို့ကို တွက်ချက်စစ်ဆေး သူတိုင်းက ကျွန်ပ်တွင် သည်းထိတ်ရင်ဖိုဖွယ် အသက်အန္တရာယ် ရှိ ယ်ကြုံရသော်လည်း နောက်ဆုံးတွင် ထိုအန္တရာယ်အသွယ်သွယ်မှ လွတ်မတင်လေး လွတ်မြောက်လာတတ်သည့် ကံဇာတာရှိကြောင်း၊ တွေ့ကာ အရေးအကြောင်းကိုကြည့်ပြီး တစ်ညီတစ်ညွတ်တည်း ဟော ပြောကြရှေသည်။

ကျွန်ပ် ကျော်လွှားဖြတ်သန်းခဲ့သည့် ဘဝဖာတ်ကြောင်းကို ငဲ့ ကြည့်ပြန်တော့လည်း သူတို့ပြောခဲ့၊ ဟောခဲ့သည်မှာ ဟုတ်သလိုမို့ မရလို ရှိသည်။ ဓာတ်ပုံ အောက်ဒိုးထွက်စဉ်အတွင်း ကျွန်ပ် စက်ဘီး အား တစ်စုံတစ်ယောက်က ဖြတ်ထားခြင်း၊ မရှုစိမ့် သူတစ်ဦးက အား သေနတ်ဖြင့် ချောင်းပစ်ခြင်း စသည့် အသက်အန္တရာယ်အပေါင်း ကျွန်ပ်သည် သီသီကလေး လွတ်မြောက်ခဲ့ဖူးပေပြီ။

ထိုစဉ်အခါက ကျွန်ပ်၏ရင်ဘတ်တွင် ဘယ်မှညာသို့ စလွယ်သိုင်း သွယ်တန်းသွားသည့် မှဲ့နီ၊ မှဲ့စိမ်းများ ရှိခြင်းကလည်း ကျွန်ပ်၏ အသက်အန္တရာယ်အား ကျားကန်ပေးသည့်နယ် ဖြစ်ပေသည်ဟု မှဲ့ကျမ်း ကြသူတချို့က ပြောကြပါသည်။

"မောင်ရင်လေးရဲ့မှဲ့နီ၊ မှဲ့စိမ်းတွေဟာ ထူးခြားတာတော့ အမှန်ပဲ၊ ကျမ်းကဆိုရင် ဒီစလွယ်သိုင်းမှဲ့မျိုးကို မင်းမျိုးမင်းနွယ်တွေမှာ တွေ့ရ တယ်။ အခုခေတ်အနေနဲ့ကြည့်ရင် သူများလက်အောက်မှာ မနေရ ကိုယ်ကချည်း ခေါင်းဆောင်နေရာမှာ နေရတတ်တာကလား"

အောက်လမ်းဆရာကြီး အဘဒွေးသည် တစ်ခုသော ညနေစောင်း ကျွန်ပ်အိမ်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ချေသည်။

"လူကလေး မောင်မြင့်နောင်ရေ .. ဖြိုဟ်စီးဖြိုဟ်လာ နက္ခတ်အရ



www.burmeseclassic.com

www.burmeseclassic.com



ဒီလကွယ်ညမှာ မောင်ရင်လေး လှုပ်ရှားပေတော့ ..၊ အဘပြောထားသလ
ဒီညဟာ သူယောင်မယ်တွေ မြူးတဲ့ညမို့ လှုပ်ရှားဖို့ အကောင်းဆုံးအချိန်

အဘဒွေးသည် ပြောရင်းမတ်တပ်မှာပင် ကျွန်ုပ်အား ဆေးစီရင် ပြီးသည့် သချိုင်းကုန်းမှ လက်ကိုင်ပုဝါအား ထုတ်ပေးလေသည်။ ထို လက် ကိုင်ပုဝါမှာ အစိမ်းသေ ယင်းမလေး၏ဝိညာဉ်ခေါ်ယူစဉ်က လက်ကိုင်ပု ဖြစ်မှန်း ကျွန်ုပ်သိလိုက်ပါပြီ။ အဘသည် ဆေးစီရင်စရာရှိသေး၍ ဆိုကာ ထိုညကတည်းကပင် ကျွန်ုပ်၏ ပီယလက်ကိုင်ပုဝါအား သိမ်းဆည်းထား သည် မဟုတ်ပါလား။

အဘပြန်သွားသည့် ထိုညမှာပင် ကျွန်ုပ်သည် အဘအပ်နှံခဲ့သည့် အနီ လက်ကိုင်ပုဝါဖြင့် လုပ်ငန်းစပါတော့သည်။ ထိုညက ကျွန်ုပ်၏မိဘ နှစ်ပါးမှာ မိတ်ဆွေတစ်ဦး၏ ဘုရားကိုးဆူပူဇော်ပွဲသို့ သွားနေခိုက်ဖြစ်၍ ကျွန်ုပ်တစ်ဦးတည်းသာ အိမ်စောင့်အဖြစ် ကျန်နေခဲ့ပါသည်။

လကွယ်ည၏ အချိန်အခါကောင်း ဖြစ်ခြင်း၊ အောက်လမ်းဆေး ရောက်လာခြင်း၊ မိမိတစ်ဦးတည်းသာ ရှိနေခြင်း စသည့် အကြောင်းသုံး တို့ တိုက်ဆိုင်စွာပင် ကျွန်ုပ်သည် သန်းခေါင်ယံအချိန်ကို ဗဟိုပြုကာ ပီ လက်ကိုင်ပုဝါကိုကိုင်လျက်၊ အိမ်အနောက်ဘက် ငှက်ပျောခြုံရှိရာသို့ ထ လှမ်းချင်း လျှောက်လာခဲ့ပေသည်။


ထိုအချိန်က ဆရာဒွေး၏ ဆိုစကားအတိုင်း၊ ကျွန်ုပ်သည် မသာ တွင် ဆင်မြန်းထားသလို၊ အင်္ကျီပြောင်းပြန် ဝတ်ထားပါသေးသည်။ ကျွန် အနေဖြင့် ငှက်ပျောပင်အုပ်ထဲမှ အိမ်တံစက်မြိတ်နှင့် ထိနေသည့် ငှက်ပျော တစ်ပင်အား ရွေးရပါမည်။

အနီ - ငှက်ပျောပင်၏အရွက်မှာ အိမ်တံစက်မြိတ်နှင့် ထိနေခြင်း အတွက် လူတို့က စိုက်သည်ဟု ယူဆထားသည့် ငှက်ပျောပင်ဖြစ်ချေ ကျွန်ုပ်သည် မိမိမှီရာဓါးလယ်လောက်မှစပြီး ငှက်ပျောလက်ကြားထဲ လက်ကိုင်ပုဝါအား ညှပ်ထားလိုက်သည်။ ပါးစပ်မှလည်း -

"ဥုံမ် .. အိုဘယ့် သူယောင်မယ်
ကျွန်ုပ်အား ပီယဆေးအဖြစ် မ.စပါ။
မိန်းမချစ်ဆေး ဖြစ်စေမည့် ပီယတန်ခိုးသည်







ဤလက်ကိုင်ပုဝါပေါ် သက်ရောက်ပါစေသား"

ထိုသို့ သုံးကြိမ် သုံးလီရွတ်ကာ ကျွန်ုပ်သည် လက်ကိုင်ပုဝါအား အလျှင်အမြန်ပင် ဆတ်ခနဲ ဆွဲယူလိုက်သည်။ ထိုစဉ် အရိပ်ပမာ မထင်မရှား မိန်းယောင်တစ်ခုသည် ကျွန်ုပ်မျက်စိရှေ့မှာပင် မြူနှိုးလိုလို ပေါ်လာပါ တော့သည်။

ထိုညက ကျွန်ုပ်မြင်လိုက်ရသော မျက်နှာမှာ သချိုင်းကုန်းတွင် အလောင်းဖော်စဉ်က မျက်နှာအတိုင်း ပြူးကျယ်သည့်မျက်လုံး၊ တွဲလောင်း ကျသည့် လျှာဖြင့် အတိပြီးသည့် အစိမ်းသေမျက်နှာမှလွဲ၍ အခြား မဖြစ် နိုင်တော့ပြီ။

ကျွန်ုပ်သည် အဘဆရာ ညွှန်ကြားထားသည့်အတိုင်း ပီယ လက်ကိုင်ပုဝါအား ဆောလျင်စွာ ဖြုတ်ယူပြီးသည်နှင့် တချိုးတည်း အိမ် ပေါ်သို့ တက်ပြေးလိုက်ရပါသည်။ ကျွန်ုပ်အိမ်ရှေ့လှေခါးတက်တွင် မတော့ တည်းတားပြီးဖြစ်ရကား သူယောင်မယ် အစိမ်းသရဲမသည် ဆက်မလိုက် နိုင်တော့ဘဲ အိမ်ရှေ့တွင် တုံ့ခနဲ ရပ်ကာ၊ ကျွန်ုပ်အား မီးဝင်းဝင်းတောက် သည့် မျက်ထောင့်နီကြီးဖြင့် ကြည့်နေပေသေးသည်။

ကျွန်ုပ်သည် ဆိုင်းငံ့မနေချေဘဲ သူယောင်မယ် သရဲမအား အဘ ပေးထားသည့် ဆေးလုံးဖြင့် တုန်လှုပ်ချောက်ချားစွာ ပစ်ပေါက်နေမိပါသည်။ ကျွန်ုပ်သည် အိမ်တံခါးမကြီးကို အလျှင်အမြန်ပိတ်ကာ ဂယောင်ချောက် ချား စိတ်ဖြင့် အိပ်ရာထက်သို့ ပစ်လှဲချလိုက်ပါတော့သည်။

အဘဆရာမှာကြားထားသည့်အတိုင်း "အောင်ပြီ ..၊ အောင်ပြီ . .အောင်ပြီ" ဟု သုံးကြိမ်တိုင်တိုင် ရွတ်လိုက်မိချေသေး၏။ အတန်ငယ် ကြာတော့မှ ကျွန်ုပ်သည် ထရံပေါက်မှတဆင့်၊ အိမ်ရှေ့ဘက်သို့ မဝံ့မရဲ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကြည့်လိုက်ပါသည်။ ကျွန်ုပ်၏လက်ကိုင်ပုဝါအား လုယူရန် ကြိုးစားသည့် အစိမ်းသရဲမသည် ကျွန်ုပ် မျက်စိရှေ့တွင် လုံးလုံးလျားလျား ပျောက်ကွယ်သွားချေပြီတကား။

သည်တော့မှပင် ကျွန်ုပ်သည် အဘဆရာပြောသည့် စကားများကို ပြန်လည်ကြားယောင်ရင်း "ဟင်း . ." ခနဲ သက်ပြင်းချနိုင်ပေတော့သည်။

"လူလေး . . ဂါထာ သုံးခေါက် ရွတ်ပြီးချိန်မှာ သတိသာ ထားပေတော့၊ ရွတ်လည်းပြီးရော လက်ကိုင်ပုဝါကို အမြန်ဆုံး ဆွဲယူရမယ်၊ တကယ်လို့ လူလေးသာ နောက်ကျသွားမယ်ဆိုရင် သူယောင်မယ်သရဲမက လူလေးရဲ့ ဝိညာဉ်ကို နှုတ်ပြီသာ မှတ်ပေတော့"

## ချစ်ခြင်းဖြင့် ဖွဲ့ငင်မိကြရာဝယ်

အဘဆရာဒွေး စီရင်ပေးသည့် ဝိယအဆောင်ကပဲ အစွမ်းထက်လေသလား။ ကျွန်ုပ်သည်ပင်လျှင် အစွမ်းအစရှိလေသလားဟု မဆိုနိုင်။

ကျွန်ုပ်သည် ဓာတ်ပုံရိုက်ရင်း ခ.မ.ရ ( . . ) မှ ပအိုဝ်မလေးတစ်ဦးနှင့် မကြာမီအချိန်အတွင်း ဖူးစာဆုံကြသည်။ "ချစ်ခြင်းအစ မျက်စိက" လို့ ဆိုထားကြသည် မဟုတ်ပါလား။

ကျွန်ုပ်၏ စူးနစ်သည့်အကြည့်နှင့် ညင်သာနူးညံ့သည့် စကားသံတို့၏ ညှို့ငင်အားအပေါ် ထိုမိန်းကလေးသည် ယစ်မူးသာယာလာကြောင်း ကျွန်ုပ်၏ ဆဋ္ဌမအာရုံက အလိုလို သိနေနှင့်ပေသည်။ အချစ်၏ စေစားချက်ကြောင့်ပင် ဖြစ်ပါမည်။ ကျွန်ုပ်သည်လည်း မြင်မြင်ချင်း ချိုးနှိမ်နိုင်စွမ်း မဲ့သည့် ဆန္ဒရမက်ဖြင့် သူမအပေါ် နှောင်ဖွဲ့မိချေပြီ။

အခါအားလျော်စွာ သူမသည် "ဓာတ်ပုံရိုက်ရန်" ဟု အကြောင်းပြကာ ကျွန်ုပ်အိမ်သို့ အမြဲလိုလို ရောက်လာတတ်ချေသည်။ ထိုမှစတင်ကာ ကျွန်ုပ်သည် သူမအကြောင်းအား တစွန်းတစ သိလာရတော့သည်။ သူမ၏အမည်မှာ "နန်းမြစိမ်း" ဖြစ်ကြောင်း၊ ယောကျာ်းမှာ တိုက်ပွဲကျ၍ လက်ရှိ ညီမဖြစ်သူအိမ်တွင် နေ့နေရကြောင်း၊ ဇာတိမှာ နမ့်စန်မြို့တောင်ဘက် "တွမ်တီး" ရွာတွင်ဖြစ်ကြောင်း၊ ကျွန်ုပ် သိလိုက်ရပေသည်။

သို့ဖြင့် ကျွန်ုပ်နှင့် "နန်းမြစိမ်း" တို့သည် အခါအခွင့်သင့်တိုင်း ရေငုပ်ပူရှိရာဘက်သို့ ချစ်သူတို့ဘာသာဘာဝ ချိန်းတွေ့ကြလေ၏။

"သောက်လေ . . သောက်လေ . . ငတ်မပြေ ဆားငံရေသို့ပေ" ဆိုသည့်စကားအတိုင်းပင် ကျွန်ုပ်သည် ဖုဋ္ဌမအာရုံ အစွဲအလမ်းဖြင့် မျက်ကန်းအဓွေမကြောက်သည့်နှယ် ကျွန်ုပ်နှင့် ပအိုဝ်မလေး နန်းမြစိမ်းတို့သည် နေ့ရှိသရွေ့အချစ်ဆိုသည့် ဆားငံရည်ထဲတွင် ပက်လက်တစ်ခါ၊ မှောက်ချည်တစ်လှည့်ဖြင့် ရေစုံမျောလိုက်နေကြပါတော့သတည်း။

## ပေါ်တာဆွဲရာမှ လွတ်မြောက်လာခြင်း၊

ထိုစဉ်က ကျွန်ုပ်မှာ ဓာတ်ပုံလုပ်ငန်းနှင့် အကျိုးပေးလာပြီဖြစ်၍ ခုပ်သက်(၁၀)နှစ်ခန့်အကြာ၊ တပ်မတော်(လေ)မှ အငြိမ်းစားယူပြီးစဖြစ်သည်၊ တိုင်းပြည် မငြိမ်မသက်ချိန် . .၊

ရှမ်းပြည်တစ်ခွင်တွင် ပေါ်တာ အစွဲကြမ်းချိန်ဖြစ်ရကား၊ တပ်မတော် စစ်ကြောင်းတစ်ဖွဲ့သည် မြင်မြင်သမျှ ယောကျာ်းကြီးငယ်တို့အား ပေါ်တာ (အထမ်းသမား) ဆွဲကြလေကုန်၏။

(ဒေါ်အောင်ဆန်းစုကြည်၏ ပေါ်တာမဆွဲရေး အကြံပေးချက် မပေါ်မီအချိန်)

ကျွန်ုပ်မှာ အငြိမ်းစား ရဲဘော်ဟောင်းပင် ဖြစ်လင့်ကစား၊ ဓာတ်ပုံအောက်ဒိုး ထွက်သည့်အခါများတွင် စစ်ကြောင်းနှင့်ဆုံပါက ပြေးလွှားပုန်းခိုနေရတတ်ပါသည်၊

တစ်နေ့ . .၊ "ဓဝ" ဟုခေါ်သည့် "ယင်း" ရွာ ရှင်လောင်းပွဲတွင် ဓာတ်ပုံရိုက်အပြီး ကျွန်ုပ်သည် တပည့်မောင်အေးနှင့်အတူ စက်ဘီးစီးပြန်လာကြပါသည်၊

ရှေ့ "ယင်း" ရွာတစ်ရွာ ရောက်တော့ အူယားဖားယား ပြေးလာနေကြသည့် ယင်းအမျိုးသားကိုတွေ့သည်နှင့် မေးလိုက်မိသည်၊

"ပီအိုင့်(အစ်ကို)တို့၊ ဘာဖြစ်လို့ ကြောက်လန့်တကြား ပြေးလွှားနေတာလဲ ဗျ။ ရွာထဲ ဓားပြဝင်လာလို့လား"

"အို .. ဓားပြမဟုတ်လေ၊ "ပေါ်တာ" . . "ပေါ်တာ" . .။ ဓားပြထက်ဆိုးသေး . . ပြန်မလာရ . .၊ လမ်းမှာ ငတ်သေပေါ့။ အဲ . . ဗမာ ပီအိုင့်တို့ ပြေး



www.burmeseclassic.com

www.burmeseclassic.com



ကြလေ"

"ယင်း" အမျိုးသားတို့ စကားပင် မဆုံးလိုက်ရ၊ ပေါ်တာ အထားသိနှင့်သည့် ကျွန်ုပ်တို့မှာ စက်ဘီးကို စက်တပ်ထားသည့်နယ် ခြေဦးတည့်ရာ တောကြီး မျက်မည်းထဲသို့ သုတ်ခြေတင် နင်းလိုက်ကြတော့သည်။ ဘယ်တော ဘယ်တောင်သို့ ရောက်လေပြီ မသိသည့် ကျွန်ုပ်တို့မှာ တောနက်ကြီးကို အကာအကွယ်ယူရင်း ညရောက်လာမည့်အချိန်အား စောင့်စားနေလိုက်ကြတော့သည်။

တိမ်ညို မြူပုတ်ကြားမှ လစန္ဒာ ယုန်ရထား ခေါင်းပြူစ အခါမှာတော့ ကျွန်ုပ်တို့သည် မြေတွင်းဝမှ သွေးတိုးစမ်း ထွက်လာသည့် မွေးနှင်ကောင် ပမာ၊ စက်ဘီးကို ဖြည်းလေးစွာ နင်းထွက်လာကြပါသည်။

လမ်းစ ပျောက်နေကြပြီမို့ ခြေဦးတည့်ရာသည်သာ လမ်းစအဖြစ်မှတ်ယူရင်း၊ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသည် တစ်ခုသော ရွာတစ်ရွာသို့ ရောက်လာကြတော့သည်။

"ဆရာ . . ရှေ့မှာ ဆိုင်းသံ၊ ဗုံသံလိုလို ကြားနေရတယ်။ တန်တော့ "ယင်း" တွေ ဇာတ်ကနေသလားမှ မသိတာ"

တပည့်ဖြစ်သူက စက်ဘီးကို အသာရပ်ကာ နားစွင့်ပြီး စကားဆိုလိုက်သည်၊ ကျွန်ုပ်လည်း စက်ဘီးကို တပည့်အနားတွင်ရပ်ရင်း၊ ၎င်းပြောသည့်အတိုင်း ဆိုင်းသံအား အာရုံစိုက် နားထောင်လိုက်သည်၊ ဆိုင်းသံလိုလို၊ ဗုံသံလိုလို အသံတစ်ခုက ဟိုဝေးဝေးမှ ပဲ့တင်ထပ်လာသည်၊ ကျွန်ုပ်၏နားစည်သို့ တိုးညှင်းစွာ ထိခတ်လိုက်သလိုတော့ ကြားလိုက်ရသည်။

"အေးကွ . . ငါ ကြားမိသလိုတော့ ရှိသား၊ ဘာပဲဖြစ်ဖြစ်ကွာ . . ဆိုင်းသံ၊ ဗုံသံကြားတယ်ဆိုမှတော့ ကေန္တ . . ဇာတ်ပွဲကမှာ သေချာတယ်။ တို့လည်း ပင်ပန်းလာတာနဲ့ အတော်ပဲ၊ ပွဲခင်းထဲက တစ်ဆိုင်ဆိုင်မှာနားရင်း တစ်ခွက် တစ်ဖလားလောက် မော့ကြတာပေါ့ကွာ"

"ဟုတ်တယ် . . ဆရာရေ၊ ဗုံသံတွေတော့ တဖြည်းဖြည်းနဲ့ နီးလာပြီ၊ ဟော . . ဟိုရှေ့မှာ မီးရောင်လဲ့လဲ့တောင် မြင်နေရပြီ၊ မဟုတ်မှလွဲရောဒါ . . ယင်းတွေကတဲ့ အရပ်ဇာတ်ပဲ ဖြစ်မှာ"

စက်ဘီးကို အသော့နင်းကာ ဆရာတပည့်နှစ်ဦးမှာ ဖလဖေး





တရွှန်ရွှန်ဖြင့် ခရီးဆက်လိုက်ကြသည်။

## ထူးဆန်းသည့် ဇာတ်ပွဲတစ်ပွဲ

ဟော . . တွေ့ပါပြီကော၊ ကဗြီးကဗျစ်.ဖြစ်သလို ဝါးပိုးဝါးတိုင် စိုက်ပြီး ဝါးကြမ်းခင်း ဇာတ်စင်ဖြင့် ခနော်နီခနော်နဲ့ ကနေသည့် ယင်းတို့၏ ရွာဇာတ်တစ်ဖွဲ့က "ယင်း" ကျား၊ "ယင်း" နက် ဝတ်စုံဖြင့် ကပြ အသုံးတော်ခံနေကြပေသည်။

("ယင်း" ကျား၊ ယင်းနက်လူမျိုးတို့မှာ နမ့်စန်တစ်မြို့တည်းတွင်သာ နေထိုင်ကျက်စားသူများ ဖြစ်ကြပေသည်။ ။ စာရေးသူ)

ဇာတ်စင်နံ့ဘေး . .၊ တစ်ဖက် တစ်ချက်မှာတော့ ထင်းရှူးဆီအရောင်များကို မီးရှို့ထားသည့် မီးရှူးတိုင်၏မဆိုစလောက် အလင်းရောင်ကြောင့် ယိုင်နဲ့နဲ့ ဇာတ်ခုံမှာ မှုန်ရီဖြိုးဖျ လင်းပလျက် ရှိနေချေသည်။

"ယင်း" တို့ တီထွင်ထားသည့် ဝါးပုလွေ၊ ဘူးသီးခြောက် ပုလွေမှုတ်သူ မှုတ်၊ ဗုံတိုတီးသူက တီးနေကြသလို၊ ဖိုးဆိုချင် ယင်းများကလည်း တစ်ခုတည်းသော ရိုးရာသီချင်းဖြစ်သည့် "ဆိုလိုတေး . . ဆေးလေးတို . . ဒုး" ဆိုသော မုန့်လုံး စက္ကူကပ်သီချင်းဖြင့် အကြိမ်ကြိမ်၊ အလီလီ တီးမှုတ်တစ်ကြွေးနေကြလေသည်။

ယင်း ရှင်လောင်းပွဲများတွင် ဖန်တရာတေအောင် ကြားနေ မြင်နေကျ "ဇာတ်ကွက်သေ" ဖြစ်ပေ၍ ကျွန်ုပ်သည် ပို၍ စိတ်ဝင်စားမှု မပြရှေ့ဘဲ တပည့်ကိုခေါ်ကာ၊ ပွဲခင်းရှိ အရက်ဆိုင်ရှိရာသို့ ထွက်လာကြတော့သည်။

"တစ်ခါလာလည်း မဲပြာပုဆိုး၊ ဒီသီချင်းချည်း ကြားနေရတာ . . ဒါတော့ ရိုးအီလှပေါ့"

"ဟုတ်တယ်နော် . . ဆရာ၊ ယင်းသီချင်းတွေက "ဆိုလိုတေး . . ဆေးလေးတို" နဲ့ချည်း ဝေ့လည်ကြောင်ပတ်နဲ့နော်၊ ကျွန်တော်သာဆို၊ ယင်းသီချင်းသစ်တောင် စပ်ပေးလိုက်ချင်ရဲ့ . . ဟဲ . . ဟဲ"

"ကဲ . . ဒါတွေ အသာထားစမ်း၊ ဒီည . . အမောလည်း ပြေသောက်လည်း သောက်ရင်း ဆိုင်တစ်ဆိုင် ဝင်ကြမယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



စကားတပြောပြောနှင့် စက်ဘီးကိုယ်စီတွန်းရင်း ကျွန်ုပ်မျက်လုံးတို့သည် အရက်ဆိုင်ရှိနိုင်မည့်နေရာအား ကျီးကန်းတောင်းမှောက် ဝေ့ဝဲကြည့်နေလိုက်သည်၊ ရိုးတံပြိုင်းပြိုင်း၊ လက်ပံပင်အောက် တစ်နေရာမှာတော့ ဆပ်ပြာထင်းရှူးသေတ္တာများကိုဆက်ပြီး ဖြစ်ကတတ်ဆန်း ခင်းကျင်းထားသည့် အရက်ဆိုင်တစ်ဆိုင်အား တွေ့လိုက်ရတော့၏။

မှိုင်းစွဲနေသည့် ရေနံဆီမီးခွက်မှ မှုတ်ထုတ်လိုက်သည့် မီးခိုးမှိုင်းငွေ့များက ဝေ့လည်ကြောင်ပတ်ဖြင့် ထွက်စို့ဝင်စို့ လုပ်ကာ မှိုင်းတိုက်ပေးနေသည်၊ ဆိုင်နောက်ဘက်တွင် ငုတ်တုပ်မေ့ ပအိုဝ်မိသားတစ်စုက အိပ်မက်လိုင်စင်ဆောင်ထားသည့်အလား၊ မီးခိုးမှိုင်းများအကြားတွင် အတူအန ငိုက်မြည်းနေကြချေသည်။

"ဟိတ် ! . . မယ့်ထောက် (အဖွား)တို့၊ ပီနန်း (အစ်မ)တို့၊ နောင့်ယိမ်း(ညီမ)တို့၊ "လောက်" အရက်ဝယ်မလို့၊ အိပ်ငိုက်နေလိုက်ကြတာ။ ဘာလဲ . . မရောင်းချင်ဘူးလား"

တပည့်ဖြစ်သူ၏ လှောင်သလို လေသံစွက်ကာ စားပွဲပုတ်ပြီး ရုတ်ချည်းပြောလိုက်သည့်စကားသံကြောင့် ရှေ့နောက်ယိမ်းထိုးရင်း ငိုက်မြည်းနေရှာသည့် ပအိုဝ်မိသားစုတို့မှာ "ဖျတ်ခနဲ" နိုးလာကြသည်၊

"ဩော် . . အင်း . . လောက် . . "လောက်" ရတယ်လေ၊ ဟင် ! . . အားကို(အစ်ကို)တို့ပါလား။ ပွဲလာတာလား . . အားကို"

ပအိုဝ်မလေးသည် မောင်အေး အမေးကိုဖြေရင်း တစ်လက်စထဲမှာပင် ကျွန်ုပ်ကိုမြင်သည်နှင့် အံ့သြဟန်ဖြင့် ကျွန်ုပ်အား စကားတင်းဆိုလိုက်သည်၊

"ဟယ် ! . . မင်း . . မင်း . . နန်းမြစိမ်း မဟုတ်လား၊ ဘယ်လိုက ဘယ်လို ဒီရွာကို ရောက်လာရတာလဲ"

ကျွန်ုပ်သည်လည်း မျှော်လင့်မထားဘဲ တွေ့လိုက်ရသည့် နန်းမြစိမ်းအား သူမနည်းတူ အံ့သြခြင်း ဖြစ်လိုက်ရသည်၊

ကျွန်ုပ်အမေးအား နန်းမြစိမ်းကပင် –

"ယင်းပွဲ က.နေလို့ ဈေးရောင်းဖို့လာရင်း အမေ့အိမ်ကိုရောက်လာကြတယ်လေ၊ ဒါက ညီမရဲ့အမေ၊ ဟိုဘက်ကတော့ ညီမလေးလေ၊







ဟိုနားမှာ အရက် သွားယူပေးသူကတော့ မောင်လေးပေါ့"

သူမ၏မောင်လေးဆို သူမှာ ကျွန်ုပ်တို့နှစ်ယောက်ရှေ့ အရက်တစ်လုံးချပေးပြီးမှ ခပ်လှမ်းလှမ်းသို့ ပြန်ထွက်သွားသည်၊ ညီမဆိုသူကလည်း ကျွန်ုပ်တို့မြည်းရန် အမြည်းတစ်ပန်းကန် လာချသွားသည်၊

"စိတ်ရှိလက်ရှိ သောက်ကြ၊ စားကြနော် .. အစ်ကို၊ အမြည်းလည်း ကောင်းတယ်"

ကျွန်ုပ်မှာ မိမိရှေ့တွင် ချပေးလာသည့် ထူးဆန်းသော အမြည်းဝန်းကန်အား အမှတ်တမဲ့ ကြည့်လိုက်မိသည်၊

အို ! . . ကြည့်စမ်းပါဘိ၊ အခေါက်နှင့်အရေခွံတို့မှာ အပေါက်ကလေးများ အတိ၊ တွင်းကလေးများပမာ နက်ရှိုင်းသော သဏ္ဍာန်ဆောင်နေပေသည်၊

"ဒါ . . ဘာအသားလဲ ညီမ"

"အဲဒါလား . . ဖြူသားလို့ခေါ်တယ်၊ စားကြည့် . . ဝက်သား၊ ဝက်ခေါင်းအတိုင်းပဲ"

ဆရာတပည့်နှစ်ယောက်၊ ပန်းကန်ထဲမှနိုက်ပြီး တစ်ယောက်တစ်တုံးစီ မြည်းကြည့်လိုက်ကြ၏။

"ဟာ . . ဟုတ်တယ်ဟေ့၊ ဒီဖြူသားက ဝက်သားအတိုင်းပဲကွ"

"အင်း . . ဝက်သားထက်တောင် နူးညံ့သေးတယ်"

သည်သို့ဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် နန်းမြစိမ်း တည်ခင်းသည့် အရက်နှင့်အမြည်းတို့အား သောက်စားကြပြီးလျှင် ပြန်ရိုန်တန်ပြီဖြစ်၍ မှုန်ရီလေးကန်စွာ ထလိုက်ကြသည်၊

"ပြန်တော့မှာလား . . အားကို၊ ညကြီးမင်းကြီး အန္တရာယ်တွေ များပါဘိသနဲ့၊ ညီမတို့အိမ် လိုက်အိပ်ပါလား။ အိမ်မှာ အဖွားလည်း ရှိတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



အားကိုတို့ မူးနေကြတော့ ပြန်ဖို့ မသင့်ဘူး မှတ်လား"

"အားကိုနဲ့ မတွေ့ရတာကြာလို့ ထမင်းစားရင်း စကားလက်ဆုံကျ ကြတာပေါ့"

နန်းမြစိမ်းသည် ကျွန်ပ်အား လှမ်းပြောအပြီး သူ့မိခင်နှင့်မောင်လေးတို့ မမြင်ခင် ကျွန်ပ်အား အထာဖြင့် မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

"ကဲ . . ကဲ . . ပြောနေ ကြာတယ်၊ ညီမလေးလည်း မမနဲ့ လိုက်ခဲ့၊ အမေတို့ပဲ ဆက်ရောင်းထားနှင့်ပေါ့၊ ညကလည်း နက်လာတော့ သိပ်ရောင်းရမယ် မထင်ဘူး။ ဟုတ်တယ်နော် . . အမေ"

ညီမဖြစ်သူနှင့်မိခင်ဖြစ်သူအား တစ်လှည့်စီ တိုင်တည်အပြီး နန်းမြစိမ်းသည် မိခင်၏ခွင့်ပြုချက်ကိုစောင့်မနေတော့ဘဲ ကျွန်ပ်အား လက်ဆွဲကာ ပွဲခင်းထဲမှ ထွက်လာလိုက်ကြသည်။

ဇာတ်ပွဲထဲမှ ယင်းကချေသည်များကတော့ ညဉ့်နက်လေ၊ ပွဲကြမ်းလေမို့ ခပ်ဆန်းဆန်း၊ ခပ်ကြမ်းကြမ်း ကနေကြောင်း၊ လှမ်းကြည့်လိုတ်တော့မှ ကျွန်ပ် တွေ့မြင်လိုက်ရတော့သည်။

" ဟင် ! . . အစိမ်းသေ ဇာတ်လမ်းထင်ပါရဲ့"

သစ်ပင်အောက်မှာ ယင်းမလေးတစ်ဦးသည် ဆွဲကြိုးချထားသည့် ကြိုးကွင်းထဲတွင် ကြွေပန်းကန်လောက်နီးနီး မျက်လုံးပြူးကြီးနှင့် အပြိုင်လည်ချောင်းဝမှ မရှိမဆုံထွက်ကျလာသည့် လျှာပြားကြီးမှာလည်း ကြောင်လျှာသီးတစ်ထောင်မျှ ဆန့်ထွက်လာပါသည်။

ထိုမြင်ကွင်းနှင့်အတူ အောက်လမ်းဆရာဖြစ်ပုံရသူ တစ်ဦးနှင့် နောက်လိုက်နှစ်ဦးတို့မှာ ကြိုးတန်းလန်းကြီးနှင့် ရမ်းခါနေသည့် အစိမ်းသေမ အောက်ဘက်တွင် ခေါင်းမော့ပြီး ဆေးလုံးတို့ဖြင့် ပစ်ပေါက်နေကြသည့် သရုပ်ဖော်ချက်က တုန်လှုပ်ချောက်ချားဖွယ် ပီပြင်စွာ သရုပ်ဖော်နေကြချေ၏ ။

မြင်လိုက်ရသည့်မြင်ကွင်းက အသက်ပါ၍လား။ ကုန်းပုတ်ရွာသချိုင်းကုန်းမှာ အလောင်းဖော်စဉ်က မိမိတို့အဖြစ်နှင့် တိုက်တိုက်ဆိုင်ဆိုင် တူနေပေ၍လား မသိ။

ကျွန်ပ်တို့ဆရာတပည့်နှစ်ဦးသည် ချောက်ချားဖွယ် ထိုပြကွက်





ကိုကြည့်ရင်း တုန်လှုပ်ခြင်းကြီးစွာ ဖြစ်ရပါသေးသည်။

နန်းမြစိမ်းတို့ ညီအစ်မနှစ်ယောက်ကတော့ မိမိတို့ရှေ့မှ တက်ညတ်နင်ကာ သွားနှင့်လေပြီ၊

"ဆရာ . . ဒီပြကွက်ကတော့ ကျွန်တော်တို့ကို စောင်းရိတ်ပြီး က နေသလားလို့တောင် ထင်ရတယ်နော်၊ သချိုင်းကုန်းက အဖြစ်ကို ပြန်ပြီး ဖော်ပေးသလိုမို့၊ ကြက်သီးမွေးညှင်းတွေတောင် ဖျန်းခနဲ ထလာတယ် ဆရာ"

တပည့်ဖြစ်သူသည် ရှေ့က ညီအစ်မ မကြားလောက်ရုံ၊ ကျွန်တော့်နားတိုးကပ်ကာ ပြောလိုက်၏ ။

"ဟုတ်မယ် မထင်ပါဘူး . . ငါ့တပည့်ရာ၊ တိုက်ဆိုင်လို့ ဖြစ်မှာပါ"

ပြောသာ ပြောလိုက်ရပေမယ့် ကျွန်ပ်စိတ်ထဲတွင်တော့ သံသယစိတ်ဖြင့် -

"အင်း . . တိုက်ပဲ တိုက်ဆိုင်လွန်းတယ်" ဟူ၍သာ တွေးနေမိတော့သည်၊ ဆယ့်ငါးမိနစ်ခန့် လျှောက်အပြီး ကျွန်ပ်တို့သည် နန်းမြစိမ်းခင်အိမ်သို့ ရောက်ရှိကြတော့၏ ။

## သူယောင်မယ် တစ္ဆေ

ဝါးပိုးဝါးတိုင်ဖြင့် အတက်အဆင်းပြုသည့် လှေခါးထစ်ပေါ်သို့ လှေဆင့်နောက်ဆင့်တက်အပြီးမှာ ကျွန်ပ်တို့သည် ပအို့ဝ်ရိုးရာ တဲငယ်လေးအတွင်းသို့ ဝင်လိုက်ကြသည်၊ မကြာမီ နန်းမြစိမ်းတို့ ညီအစ်မ တည်ခင်းသည့် ပဲပုပ်ချက်၊ ဟင်းရွက်စုံကြော်တို့နှင့် ထမင်းစားအပြီး ကျွန်ပ်တို့ဆရာတပည့်နှစ်ဦးသည် ပဲပုပ်တန်ခိုးနှင့် အရက်လေချဉ်တက်လာကာ မြင်တူ သန်းဝေလိုက်ကြ၏ ။

"အားကိုတို့ အိပ်ငိုက်ကြပြီလား၊ အားကိုးကို အခန်းထဲမှာ အိပ်ရာခင်းပေးလိုက်ဦးမယ်နော်၊ ငါ့ညီမလေးက အားကို့တပည့်ကို ဘုရားစင်အောက်မှာ ခေါင်းအုံးနဲ့ ဂွမ်းကပ်ချပေးထားနှင့်၊ ဧည့်ခံစကားလည်း ပြောပါဦး၊ လာ . . အားကို အခန်းထဲ ဝင်ရအောင်"

ညီမဖြစ်သူအား မှာပြော ပြောရင်း၊ တစ်ဆက်တည်းမှာပင် နန်း



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းသည် ကျွန်ုပ်အားလည်း မျက်ရိပ်မျက်ခြေပြကာ အခန်းထဲသို့ ခေါ်သွင်းလေတော့သည်။

နန်းမြစိမ်းသည် ကျွန်ုပ်အား တွဲခေါ်လျက်ဖြင့်ပင် ညီမဖြစ်သူထံ သမင်လည်ပြန်လှည့်ကာ မျက်စိတစ်ဖက် မှိတ်ပြလိုက်ကြောင်း၊ သိန်းဒုက်ပဟာ လျှင်သည့် ကျွန်ုပ်မျက်လုံးဖြင့် "လှစ်ခနဲ" တွေ့လိုက်ရပါတော့သည်။

"အီစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်ဝယ်၊ ချစ်ဗျူဟာခင်း၊ ချစ်တလင်းဆိုမယ်" ဆိုသည့် မြန်မာခေတ်ဟောင်းတေးတစ်ပုဒ်လို၊ ကျွန်ုပ်နှင့် နန်းမြစိမ်းသည်လည်း ယခင် ချစ်လက်စ ချစ်အာရုံအတိုင်း ဖဲမွေ့ရာမည်သည့် ဂွမ်းကပ်ထက်ဝယ်၊ ထိုညအဖို့ ချစ်ဇာတ်လမ်းအား အစပျိုးကြပြန်သည်။

အပြင်ဘက် ဘုရားစင်အောက်မှာတော့ ကျွန်ုပ်တပည့်ကျော်သည် နန်းမြစိမ်းညီမအား စကားဖြင့် သွေးဆောင်ဖြားယောင်းနေမည်ကိုတော့ ကျွန်ုပ်၏ဆဋ္ဌမအာရုံက သိနေနှင့်ပေသည်။

လေအသင့်တွင် လွင့်လာသည့် တပည့်ကျော်၏ "အတူတူ ရှာကြစို့ကွာ" ဆိုသည့် တိုးညှင်းသည့် စကားသံကိုတော့ သတိထား နားစွင့်နေသည့် ကျွန်ုပ်မှာ အတိုင်းသား ကြားနေရချေသည်။

ထိုစဉ် တစ်ဖက်ခန်းထဲမှ ဆံပင်ခေါင်းစုပ်ဖွားနှင့် အဖွားကြီး တစ်ဦးသည် ဒယီးဒယိုင်ဖြင့် ဝါးကြမ်းခင်းကို ဆောင့်နင်းပြီး ထွက်လာသည်ကို ပြူပြာနေသည့် ထရံကြီးမှ ကျွန်ုပ် မြင်လိုက်ရတော့သည်။


အနီ - အိုမင်းမစွမ်း အဖွားအိုသည် တဲအလယ်ခေါင် ကြမ်းခင်းပေါ်ရှိ ဖိုလက်စ မီးဖိုပေါ်သို့ ထင်းချောင်းများကို စုစည်းပြီး တဖူးဖူးနှင့် မီးမှုတ်နေပါသည်၊ အချိန်မှာ ဆောင်းကာလဖြစ်ရကား အဖွားအိုသည် အချမ်းဒဏ်ကြောင့် မအိပ်စက်နိုင်ဘဲ မီးထလှုံနေဟန် ရှိသည်။

နန်းမြစိမ်းသည် ကျွန်ုပ်လည်တိုင်အား အောက်ဘက်မှ လှမ်းဖက်ထားရင်း -

"အဲဒါ .. ညီမတို့ အဖွားလေ၊ အသက် (၉၀)လောက်ရှိပြီ။ ရှူးပေါက်လား .. ထမင်းဆာလို့လားတော့ မသိဘူး၊ တရေးနိုးလို့ ထလာတာ ထင်တယ်"







ကျွန်ုပ်သည် အဖွားကြီးရှိနေသည့် အဖြစ်ကြောင့်၊ မနေတတ်၊ ထိုင်တတ်ဖြစ်ကာ မျက်နှာပူလာသည်။

"အဖွားတစ်ယောက်လုံး ရှိနေမှတော့ .. အကိုတို့ ဒီအခန်းထဲမှာ အိပ်နေလို့ တော်ပါ့မလား"

"ကိစ္စ မရှိဘူး၊ အဖွားက မျက်စိမှုန်တယ်၊ နားလည်း ထိုင်းတယ်"

ထိုစဉ် အိမ်အောက်မှ ဥဒဟိုပြေးလွှားနေသည့် ခွေးတို့၏ အသံများကို အတိုင်းသား ကြားလိုက်ရသည်။

"ဝူ .. အူ .. အူး .. အိဝု .. အိဝု"

တုန်လှုပ်ချောက်ချားစရာ ခွေးအူသံတို့က ရှတ်ချည်းပင် ကျက်သရေကင်းမဲ့သည့်အသံတို့ဖြင့် ညံစီသွားတော့သည်၊ လေပြင်းတစ်ချက်သည် နာနာဘာဝတို့ တွန်းထိုးလိုက်သည့်နှယ်၊ ဖြတ်တိုက်သွားသည်။

"ရှီး .. ရှီး .. ဝရီး .. ဝရီး .. ဘုတ်"

တစ္ဆေညည်းသံပမာ "တအင်း .. အင်း" ညည်းညူသံတစ်ခုနှင့်အတူ "ဘုတ်ခနဲ" သစ်ကိုင်းကျိုးကျသံတစ်ခုက သက်ကယ်မိုး တဲငယ်ပေါ်သို့ ရှတ်ချည်း သက်ကျလာသည်။

ကျိုးတို့ကျဲတဲ ပြူပြာနေသည့် ထရံပေါက်ကြားမှ ဂျိုးဂျိုးဂွတ်ဂွတ်အသံတစ်ခုသည် တုန်ရီချောက်ချားစွာဖြင့် ကျွန်ုပ်နားစည်အား ထိစပ်လာချေပြီတကား။

ကျွန်ုပ်သည် ခွေးတစ်ကောင် အမဲရိုးကိုက်ဝါးသည့်အလား၊ ဂွတ်ဂွတ် တဂွတ်ဂွတ် မြည်နေသံအား ထူးဆန်းအံ့ဩစွာ ကြားလိုက်ရသဖြင့် ပေါက်ပြဲနေသည့် ထရံပေါက်မှအသာကလေး ချောင်းကြည့်လိုက်သည်၊ အစိမ်းသရဲ ဝိညာဉ်တို့က အချိန်နှင့်တပြေးညီ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးအား ခြောက်လှန့်နေကြပြီလား။

"အလိုလေး .. အဖွားအိုကြီးက သူ့လက်ဆစ်တွေကို တစ်စစီ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပြီး တရှုတ်ရှုတ် ဝါးစားနေပါလား" လင်းကွင်းလောက်ကြီးတဲ့ မျက်လုံး နှစ်လုံးကလည်း ဟောက်ပက်ပက် မျက်ခွက်ထဲက တစ်ထွာတစ်မိုက်လောက်ကို ပြူးပြဲထွက်လို့ ..။

မီးဝင်းဝင်းတောက်နေတဲ့ မျက်စိနှစ်လုံးကလည်း အာသာငမ်းငမ်းဖြင့် သွေးစိမ်းရှင်ရှင် ပန်းထွက်နေတဲ့ သူ့လက်ချောင်းများကို ကြည့်ပြီး သွေးသံရဲရဲနဲ့ တစ်ဆစ်ချင်း ဖြတ်စားနေတာများ တကယ့်ကို ကျောချမ်းချင်စရာ .."

ကျွန်ုပ်သည် တစ်ကိုယ်တည်း ရေရွတ်ပြီး ထိုအခြင်းအရာအားရှောင်းကြည့်နေရာမှ၊ မကြည့်ဝံ့ရေး၍ အတင်းပင် မျက်နှာလွှဲလိုက်ရတော့သည်။

ကျွန်ုပ် ရိပ်စားမိလိုက်ပါပြီ။ အစိမ်းသရဲ ဝိညာဉ်အပေါင်းတို့သည်ရည်ရွယ်ချက်ရှိရှိ၊ အချိန်ကိုက်မှာပင် ကျွန်ုပ်တို့ဆရာ တပည့်နှစ်ယောက်အား ခြောက်လှန့်နေကြပြီတကား။

ထိုစဉ် .. နန်းမြစိမ်းသည် ကျွန်ုပ်အိတ်ကပ်ထဲမှ သူယောင်မယ်လက်ကိုင်ပုဝါအား ဆတ်ခနဲ ဆွဲထုတ်လိုက်ပါသည်၊ အရာအားလုံးကျွန်ုပ် နားလည် သဘောပေါက်လိုက်ပါပြီ။

"ပေး .. ပေး၊ ငါ့ လက်ကိုင်ပုဝါ ပြန်ပေး"

ကျွန်ုပ်သည် နန်းမြစိမ်းတဖြစ်လဲ၊ သူယောင်မယ် သရဲမလက်ထဲမှ လက်ကိုင်ပုဝါအား လေ၏လျှင်မြန်ခြင်းဖြင့် ဆွဲယူလိုက်ရသည်။

"ဟား .. ဟား .. ဟား .. ဟီး .. ဟီး .. ဟီး ..၊ မိန်းမ ပွေ့ရှုပ်ရှင်ကောင်တွေ၊ လင်ရှိမယားကို ပြစ်မှားတဲ့ကောင် ..၊ နင်ကြိုက်နေတဲ့ နန်းမြစိမ်းဟာ ဘာကောင်မလဲ သိလား၊ ရေ့တန်းထွက်နေတဲ့ စစ်သားယောက်ျားမှုံ့၊ ဒီကောင်မက သူ့ ကမြင်းကြောထတိုင်း၊ နင့်ကို မှဆိုးမလို့ လိမ်ခဲ့တာလေ၊ ဟီး..ဟီး..ဟီး..သူများမယားကို ကြာခိုတဲ့ကောင်၊ နင့်ကို ပညာပေးရမယ် .. ဟား .. ဟား .. ဟား .. ဟီး .. ဟီး .. ဟီး"

ကျွန်ုပ်ရှေ့တွင် ဆံပင်ဖားလျားဖြင့် ထိုင်နေသည့် နန်းမြစိမ်းသည်နန်းမြစိမ်း မဟုတ်ချေတော့တကား။ သူ့မျက်နှာသည် တစ်ချိန်က ကျွန်ုပ်တို့ သချိုင်းကုန်းတွင် ဖော်ယူခဲ့သည့် အစိမ်းသေမျက်နှာအတိုင်း၊ မျက်







ကြီးများ အဆမတန် ဖောင်းကားကား၊ လျှာတန်းလန်း တွဲကျအနေအထားသို့ တမဟုတ်ချင်း ပြောင်းလဲလာတော့သည်။

ကျွန်ုပ်သည် အယောင်ဆောင် နန်းမြစိမ်းစကားကြောင့် အလွန်အမင်း တုန်လှုပ်ခြင်းကြီးစွာ ဖြစ်လိုက်ရသည်။

"အို .. နန်းမြစိမ်း၊ ငါ့ကို လှည့်စားသွားပါပကောလား၊ ငါဟာ .. ဒါးသီလထဲက ကာမေသုမိစ္ဆာစာရက် တစ်ပါးကို ချိုးဖောက်မိပြီလား"

အယောင်ဆောင် အစိမ်းသရဲမသည် ပြောရင်း မတ်တပ်၊ ကျွန်ုပ်၏လက်ကိုင်ပုဝါအား သူ၏ ရှည်ထွက်လာသော လက်တံရှည်ကြီးဖြင့် ဆွဲနေဆဲမို့ ကျွန်ုပ်လည်း အိပ်ခန်းထဲမှ မယားဒယား သုတ်ခြေတင် ပြေးထွက်လိုက်တော့သည်၊ ဘုရားခန်းထဲမှာတော့ တပည့်ဖြစ်သူသည် ကာဝေ သည့် မျက်နှာသေကြီးဖြင့် ပါးစပ်ကြီးဟကာ ငုတ်တုတ်မေ့နေရာသည်။

"ဟေ့ကောင် .. မောင်အေး၊ ဘာတွေဝေနေတာလဲ၊ လာ .. ပြေးကြမယ်"

ကျွန်ုပ်သည် မသိစိတ်၏ စေ့ဆော်ချက်ဖြင့် ဘုရားခန်းတွင် ချသည့် ကင်မရာအိတ်ကို ကောက်လွယ်ပြီး တပည့်အား ဆွဲခေါ်လိုက်သည်၊ ကျောက်ဆစ်ရုပ်တစ်ရုပ်လို၊ ငုတ်တုတ်မေ့နေရာမှ သတိဝင်လာသည့် တပည့်ကျော်သည် ကျွန်ုပ်ဆွဲခေါ်ရာနောက်သို့ ဒရွတ်တိုက်ပါလာရသည်။

"ဟား .. ဟား .. ဟီး .. ဟီး၊ ဒီကောင်တွေရဲ့အူ၊ အသည်းကို ဆွဲ

www.burmeseclassic.com



နုတ်ကြပေ့ .. ဟင်း ဟင်း"

အယောင်ဆောင် သရဲမတို့၏ ရင်ခေါင်းထဲမှ ပြိုင်တူထွက်ပေါ် လာသည့် လှိုက်သံပါသော အသံများပေတည်း။ ကျွန်ုပ်တို့ ဆရာတပည့် နှစ်ဦးမှာ အိမ်အောက် ဝါးပိုးတိုင်တွင် မှီထားသည့် စက်ဘီးတို့အား ကတိုက် ကရိုက်ယူကာ ခြေဦးနှင်ရာသို့ စွပ်နင်းလိုက်ကြတော့သည်။

ကျွန်ုပ်တို့၏ အစွမ်းထက်လှသည့် အဆောင်ပရိတ်ကြိုး၊ အင်း စမနှင့်အတူ၊ အစိမ်းသရဲနိုင် သူယောင်မယ်လက်ကိုင်ပုဝါတို့၏ တန်ခိုး အာနုဘော်တို့ကြောင့် အစိမ်းသရဲမတို့သည် ကျွန်ုပ်တို့နောက်သို့ လိုက် မလာနိုင်ကြတော့ပေ။

သို့ပင် ဖြစ်ငြား - "ဖမ်းဟယ် .. ဆီးဟယ် အသံတို့နှင့်အတူ မိစ္ဆာ ခွေးအူသံများကတော့ ကျတ်ရှာမှဝေး၍ ဝေးစွာ ကျန်ခဲ့ပါတော့သည်။

## သူယောင်ပင်အား တွေ့ရှိခြင်း

အနှစ်ချုပ်ရသော် -

တုန်လှုပ်ချောက်ချားဖွယ်ရာတို့ဖြင့် ကြုံဆုံလိုက်ရခြင်း၊ နလုံးတွဲ လုမတတ်၊ မောဟိုက်ပင်ပန်းခြင်းတို့နှင့်အတူ ကျွန်ုပ်တို့သည် သစ်ပင်ကြီး တစ်ပင်အောက်ဝယ် ခြေပစ်၊ လက်ပစ် အိပ်စက်လိုက်ကြတော့၏။

အရှေ့ပြုပ်ဘွာမှ နေဝန်းနီကြီး မျက်နှာသစ်ချိန်၊ ကျွန်ုပ်တို့ကိုယ် ပေါ်သို့ နေရောင်ခြည်ဖင်ထိုးလာမှ ကျွန်ုပ်လည်း အိပ်ရာမှ နိုးတော့သည်။

တပည့်ဖြစ်သူကတော့ - ခြောက်အိပ်မက်ကို မက်နေသည့်နယ် ဂယောင်ဂတမ်းဖြင့် ကုန်းအော်နေဆဲ၊

"ဆ .. ရာ၊ ဆရာ .. အဖွားအိုကြီးက သွေးလက်ဆစ်ရိုးတွေ ဖြုတ်ပြီး ကျွန်တော့်ကို ပေးနေပြီ၊ ကြောက်တယ် .. ကြောက်တယ် .. ဟီး ဟီး"

ကျွန်ုပ်သည် တောင်စဉ်ရေမရ ယောင်ယမ်းနေသည့် တပည့် ဖြစ်သူအား ဆောင့်နိုးပြီး ဒေါသဘီသို့ ဝေ့ဝိုက်ကြည့်လိုက်သည်။

"ဟိုက် .. သောက်ကျိုးနဲ .. တို့ရောက်နေတာ သင်္ချိုင်းကုန်းကြီး ပါလား၊ ထ .. ထ မောင်အေးရေ၊ အခြေအနေ ကြည့်ရတာ သိပ်ဟန်ပုံ မရ လစ်ကြရအောင်"







ကျွန်ုပ်အနီး ပတ်ဝန်း ကျင်မှာတော့ ဆွေးခက်များ အုံ ထားသည့် မြေပုံမို့မို့တို့က ခြုံ နှုတ် စပ်စပ် တစ်လျှောက် ပြိုင်း ပြိုင်းထနေသည်။ တောခွေး တစ်အုပ်မှာလည်း စွာတစ်ရှပ် ရှပ်ယက်ကာ၊ မြေတွင်းထဲမှ အလောင်းကောင်တို့အား ဖော် စားနေကြချေ၏။

မြင်ကွင်းများက နှိုးစက်ဆုပ်ဖွယ်ပါတကား။

ထိုစဉ် - လေမတိုက် ပါဘဲ၊ ဆွဲလွဲမြည်သံပမာ တချွင်ချွင် အသံတစ်ခုက ကျွန်ုပ်တို့ ခေါင်းပေါ်ရှိ သစ်ပင်ထက်မှ ဆန်းကြယ်စွာ မြည်ဟီးလာပါသည်။ ပြိုင်တူပင် ကျွန်ုပ်တို့ နှစ်ယောက် သစ်ပင်ပေါ် မော့ကြည့်လိုက်မိသည်။

"ဟာ ! .. ဟင် ! .. အလိုလေး .. သစ်ပင်ပေါ်မှာ ကိုယ်လုံးတီး နိမ်းမသဏ္ဍာန်နဲ့ အသီးတွေ .. အသီးတွေ တွဲလဲခိုလို့ပါလား .. ဒါ .. ဒါ"

အံ့သြလွန်းမက အံ့သြလှစွာဖြင့် ကျွန်ုပ်သည် ထိုရောင်စုံ အသီး များကိုကြည့်ပြီး ပါးစပ်အဟောင်းသားဖြင့် မှင်တက်နေမိပါတော့သည်။

"ဆရာ .. ဒါ .. ဒါ .. ဘာသီးတွေလဲ၊ ကျွန်တော့်တစ်သက် တစ်ခါ မှ မမြင်ဖူးဘူး"

"အေး .. ငါလည်း အံ့သြလွန်းလို့ ကြည့်နေတာ၊ တို့အဖြစ်က ဒီ လက်ကိုင်ပုဝါဆောင်ပြီးကတည်းက ချောက်ချားဖွယ်၊ အဆန်းတကြယ် တွေနဲ့ချည်း ကြုံနေရတာကလား၊ အင်း .. ငါ စာအုပ်ထဲမှာ ဖတ်ဖူးတာရော၊ ရှေးလူကြီးတွေ ပြောတာရောနဲ့ စဉ်းစားမိသလောက်၊ ဒါ .. သူယောင်သီး ပဲ ဖြစ်ရမယ်"

သူယောင်သီးကို မြင်ဖူးဖို့ ဝေးစွ၊ ကြားမျှ မကြားဖူးသည့် တပည့် ဖြစ်သူသည် သူယောင်သီးတို့ကို ကြည့်ကာ၊ ပါးစပ်အဟောင်းသား ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်၊

"အလား၊ လား . . ဒီအပင်က တစ်ဖြောင့်ထဲ၊ အမြင့်ကြီးဆိုတော့ တက်ခူးဖို့ မဖြစ်နိုင်သေးဘူး။ ငါ့ကင်မရာနဲ့ ဓာတ်ပုံပဲ ရိုက်ယူထားလိုက်မယ်"

ကျွန်ုပ်သည် ထိုစဉ်က ကိုင်ဆောင်ထားသည့် NIKON ကင်မရာဖြင့် သူယောင်ပင်နှင့် သူယောင်သီးတို့အား ဘက်ပေါင်းစုံမှ ရိုက်ယူနိုင်ချေသည်။ အပြန်ခရီးမှာတော့ ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်သည် ပဟေဠိပေါင်းများစွာဖြင့် ခပ်မဆိတ်ပင် ပြန်ခဲ့ကြတော့သည်။

နောက်တစ်နေ့မှာတော့ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်သည် သူယောင်ပင်ရှိရာသို့ အရာထွက်ကြပါသော်လည်း ထိုသူယောင်ပင်မှာ ထူးဆန်းစွာ ပျောက်ကွယ်သွားချေတော့သည်။

## မိုက်နောင်၊ နောင်တရစေသော အခါဝယ်

ဤအဖြစ်အပျက်မှာ လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ကျွန်ုပ်တို့ ဆန်းကြယ်စွာ တွေ့ကြုံလိုက်ရသည့်ဖြစ်ရပ်မှန်ပင် ဖြစ်ချေသည်။

(ယခု ဤစာရေးနေချိန်တွင် မှော်ဆရာကြီး အဘဒွေးသည်လည်းကောင်း၊ တပည့်ဖြစ်သူတို့သည် လည်းကောင်း သက်ရှိထင်ရှား မရှိတော့ပြီ)

ကျွန်ုပ်သည် ထိုစဉ်က စာတိုပေစများကို ရေးဖို့ ဝါသနာကြီးလွန်းရကား၊ ကြောက်စိတ်နှင့် စူးစမ်းလိုစိတ်တို့ အားပြိုင်လွန်ဆွဲမှုတွင် ကြောက်စိတ်ကို ခဝါချကာ၊ အောက်လမ်းဆရာ အဘဒွေး၏ သွေးထိုးလှုံ့ဆော်ချက်တို့ဖြင့် တစ္ဆေသရဲများနှင့် လိုက်တမ်းပြေးတမ်း ကစားခဲ့ချေသည်။

ခုနေခါ ပြန်တွေးကြည့်တိုင်း စိတ်ရူးထကာ သေမင်းနှင့် စစ်ခင်းခဲ့သည့် ကျွန်ုပ်ဖြစ်ရပ်အပေါ် တစိမ့်စိမ့်တွေးရင်း အံ့သြတုန်လှုပ်နေမိပါသည်။

ကြီးလာရင် ကြောက်တတ်လာတယ် ဆိုသည့်စကားအတိုင်း-

"မောင်မြင့်နောင်ရေ . . ခုချိန်မှာ မောင်ရင် သင်္ချိုင်းကုန်းမှာ အလောင်းဖော် သွားရဲသေးသလား" ဟု တစ်စုံတစ်ယောက်မှ မေးလာပါက ကျွန်ုပ်မှာ "တော့တာပါပဲ ဗျာ" ဟု ပြောရုံမှတစ်ပါး၊ အခြားစကား မရှိနိုင်





တော့ပြီ။

သည်အဖြစ်အပျက် ဖြစ်ပွားပြီးနောက်၊ ကျွန်ုပ်သည် ခ.မ.ရ (× ×) ရှိ၊ နန်းမြစိမ်းရှိရာသို့ ရှာပုံတော် ဖွင့်မိပါသေးသည်။ သို့ပင်ဖြစ်ငြား ပဒိုင်မလေး နန်းမြစိမ်းသည် ကျွန်ုပ်အမြင်အာရုံရပ်ဝန်းမှ ဆန်းကြယ်စွာ ပျောက်ဆုံးသွားချေပြီတကား။

မခွဲင်းမချန် အမှန်ကိုဝန်ခံရသော် . .။ ကျွန်ုပ်သည် မလုပ်သင့်၊ မလုပ်ထိုက်သည့် ပီယအဆောင်နောက်သို့ အရှုးအမူးလိုက်မိခြင်း။ တံငါးပါးတွင် တစ်ပါးသောကံ ဖြစ်သည့် ကာမေသုမိစ္ဆာစာရကံအား နားမလည်စွာ ချိုးဖောက်မိလေခြင်းအတွက် နောင်တကြီးစွာ ဖြစ်လိုက်ရချေသည်။ အရက်တရားက ကျွန်ုပ်ဘဝ တစ်လျှောက်လုံး၊ ကြီးစွာသော နှိပ်စက်ခြင်းဖြင့် နှိပ်စက်နေကြ၍ ကျွန်ုပ်သည် သည်ဇာတ်လမ်းအား နှစ်ကာလများစွာ သိမ်းသို၊ မြှုပ်နှံထားခဲ့ပေသည်။

တစ်နေ့တွင် ကျွန်ုပ်သည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချကာ၊ ကျွန်ုပ်၏သူယောင်မယ် ပီယလက်ကိုင်ပုဝါအား နှမြောခြင်း ကင်းစွာ၊ မီးရှို့ဖျက်ဆီးပစ်လိုက်တော့သည်။

ပြာစ၊ ပြာမှုန်တို့ဖြင့် အဝတီပြီးသည့် ထိုလက်ကိုင်ပုဝါအား ရေငုပ်ဝှရိရာ၊ ချောင်းရေအလျင်သို့ လွှင့်မျှောလိုက်ပါပြီ။

ကျွန်ုပ်၏ သည်ဇာတ်လမ်းအပေါ် သင်ခန်းစာယူပြီး နောင်းလူတို့သည် ကျွန်ုပ်ကဲ့သို့ ရေလိုက်မလွဲမိကြစေရန်လည်း ကျွန်ုပ် တိတ်တခိုးဆုတောင်းနေမိတော့လေသတည်း။

❑




www.burmeseclassic.com

www.burmeseclassic.com



# ခုနစ်စဥ်ကြယ်ပြောင် အမြီးထောင် ညသန်းခေါင်





ရှေးအခါက လူကြီးသူမများဟာ ခုနစ်စဥ်ကြယ် မြင်တွေ့ရတဲ့ အချိန်ကာလကို ညသန်းခေါင်လို့ သတ်မှတ်ပါတယ်။ ခုနစ်စဥ်ကြယ်ဟာ ညသန်းခေါင်အချိန်မှ ထွက်တဲ့ ကြယ်စင်တန်းဖြစ်ပါတယ်။ အရပ်မျက်နှာ မှန်းဆလို့မရတဲ့ နေရာတွေမှာ ခုနစ်စဥ်ကြယ်ကို ကြည့်ပြီး ခရီးသွားလာ တတ်ကြပါတယ်။

ယေဘုယျအားဖြင့် ညသန်းခေါင်ကျော်ချိန်မှာ ခုနစ်စဥ်ကြယ်ကို မြောက်ဘက် ကောင်းကင်ပြင်မှာ ထင်ရှားစွာ တွေ့မြင်နိုင်ပါတယ်။ အနောက်တိုင်း နက္ခတ်ဗေဒဆရာများက ခုနစ်စဥ်ကြယ်ကို အာစာမေဂျာ လို့ခေါ်တဲ့ နက္ခတ်ထဲမှာပါဝင်သော ကြယ်စုလို့ သတ်မှတ်ပါတယ်။

အဆိုပါ ကြယ်စုမှာ ကြယ်အလုံးပေါင်း(၇)လုံးပါဝင်တာကြောင့် ခုနစ်စဥ်ကြယ်လို့ ခေါ်တာဖြစ်ပါတယ်။ အာစာမေဂျာနက္ခတ်အနီးမှာ အာ စာမိုင်နာလို့ခေါ်တဲ့ နက္ခတ်တစ်ခုလည်း ရှိပါတယ်။ အာစာမေဂျာနဲ့ အာ








စာမိုင်နာဆိုတာ လက်တင်ဘာသာစကားများဖြစ်ပြီး ဝက်ဝံကြီး၊ ဝက်ဝံငယ်လို့ အသီးသီး အဓိပ္ပါယ်ရပါတယ်။

ဒီနက္ခတ်ထဲမှာပါတဲ့ ကြယ်များကို တစ်လုံးနဲ့တစ်လုံး ဆက်စပ်ကြည့်ရင် ဝက်ဝံရုပ်နဲ့ အနည်းငယ်တူတဲ့သဏ္ဌာန်ကို မြင်ရမယ်လို့ ဆိုပါတယ်။ ဒီနက္ခတ်များဟာ ဘာကြောင့် ဝက်ဝံများနဲ့တူရတယ် ဆိုကြောင်းကို ရှင်းလင်းထားတဲ့ ရှေးဟောင်း ဒဏ္ဍာရီများလည်း ရှိပါတယ်။ အာစာမိုင်နာ နက္ခတ်မှာ ပါဝင်တဲ့ ကြယ်များကို ပုံဖော်ကြည့်မယ်ဆိုရင် အမြီးထောင်နေတဲ့ ဝက်ဝံတစ်ကောင် ပုံသဏ္ဌာန်ကို ပေါ်လွင်စေပါတယ်။

ဒါပေမယ့် အာစာမေဂျာနက္ခတ်မှာ ပါဝင်တဲ့ ခုနစ်စဥ်ကြယ်ကတော့ ဝက်ဝံတစ်ကောင်ရဲ့အမြီးနဲ့ ကိုယ်အစိတ်အပိုင်းအချို့ကိုသာ ပေါ်လွင်စေပါတယ်။ နောက်တစ်ချက်က ခုနစ်စဥ်ကြယ်တည်နေပုံဟာ ထယ်ပုံနဲ့ တူပါတယ်။

ထယ်လက်ကိုင်ရိုးနဲ့ တူသော အပိုင်းမှာ ကြယ်(၃)လုံးရှိပြီး ကျန် လေးလုံးကတော့ ကြယ်(၃)လုံးထိပ်မှာ ကန့်လန့်ဖြတ်လုံးစီတွဲလျက် နှစ်တန်းရှိပါတယ်။ အစွန်ဆုံး ကြယ်နှစ်လုံးတွဲအတန်းမှ အရှေ့ကို မျဥ်းဖြောင့် တစ်ခုဆွဲလိုက်ရင် အဲဒီမျဥ်းအဆုံးမှာ အခြားကြယ်များနဲ့ မတူ၊ တောက်ပပြီး ကြီးမားလှတဲ့ ကြယ်ကြီးတစ်လုံးကို မြင်ရပါလိမ့်မယ်။

အဲဒီကြယ်ကြီးကတော့ ဓူဝံကြယ်ပဲ ဖြစ်ပါတယ်။ ဓူဝံကြယ်ဟာ အာစာမိုင်နာနက္ခတ်မှာ ပါရှိတဲ့ ဝက်ဝံရဲ့အမြီးနဲ့တူသော အပိုင်းရဲ့ အမြီး ထိပ်များမှာ ရှိပါတယ်။ မြောက်ဘက်ကောင်းကင်ပြင်မှာရှိတဲ့ကြယ်တာရာ




www.burmeseclassic.com




များဟာ ဓူဝံကြယ်ကို လှည့်ပတ်နေလို့ စနစ်စဥ်ကြယ်တန်းသည်လည်း ထိုနည်း လည်းကောင်းပဲ ဖြစ်ပါတယ်။ စနစ်စဥ်ကြယ်ဟာ ရာသီဥတုနဲ့ အချိန်နာရီအလိုက် ရွေ့လျား ပြောင်းလဲတတ်ပါတယ်။

ဒါကြောင့် အရပ်မျက်နှာ မသိတဲ့နေရာတွေမှာ ပထမဆုံး စနစ်စင်ကြယ်ကို အရင်ဆုံးရှာပါ။ ပြီးရင် အဲဒီနဲ့ တစ်တန်းတည်းက ဓူဝံကြယ်ကို တွေ့ပြီဆိုရင် အဲဒီအရပ်ဟာ မြောက်အရပ်ဆိုတာ သေချာပြီ ဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ အရပ်မျက်နှာပျောက်နေတဲ့အခါတွေမှာ ဒီလိုနည်းစနစ်နဲ့ ရှာဖွေကြပါတယ်။


မိုးရွာနေတဲ့ကာလ၊ တိမ်ဖုံးနေတဲ့ကာလမျိုးတွေမှာတော့ စနစ်စဥ်ကြယ်နဲ့ ဓူဝံကြယ်တို့ကို ရှာရတာ ခက်ပါလိမ့်မယ်။ နွေကူးကာလနဲ့ နွေဥတု၊ ဆောင်းကူးကာလနဲ့ ဆောင်းဥတုတို့မှာပဲ ကျယ်ပြန့်တဲ့ ကောင်းကင်ပြင်မှာ မြင်တွေ့ရပါလိမ့်မယ်။ ခရီးထွက်တဲ့အခါမျိုးတွေ၊ ကောင်းကင်တစ်ခွင်ကို ရှင်းလင်း ကျယ်ပြန့်စွာ မြင်တွေ့ရတဲ့နေရာမျိုးတွေမှာ ရှာဖွေနိုင်ပါတယ်။




ဆောင်းကူးကာလ ညဥ့်ဦးပိုင်းမှာ ထယ် လက်ကိုင်ရိုးနဲ့








တဲ့ ကြယ်(၃)လုံးတန်းဟာ တောင်ဘက်ကို ညွှန်ပြပြီး ဆောင်း ဥတုတော့ အနောက်ဘက်ကို ညွှန်ပြနေတာကို တွေ့ရမှာဖြစ်ပါတယ်။ နွေကူးကာလ ညဥ့်အချိန်မှာတော့ ဒီကြယ်တန်းဟာ အရှေ့ဘက်သို့ ညွှန်ပြပြီး၊ နွေဥတုမှာတော့ မြောက်ဘက်သို့ ညွှန်ပြနေတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။

အခြား၊ အခြားသော ကြယ်များဟာ အမျိုးမျိုး လှည့်လည်ပြောင်းလဲနေကြပေမယ့် နေရာပြောင်းရွေ့ခြင်းအလျဥ်းမရှိဘဲ တစ်နေရာထဲမှာ ထာဝစဥ်တည်ရှိနေတဲ့ ကြယ်ကြီးကတော့ ဓူဝံကြယ်ပဲ ဖြစ်ပါတယ်။ ဓူဝံကြယ်ဟာ မြောက်အရပ်မှာ ထာဝစဥ် မပြောင်းလဲဘဲ တည်ရှိပါတယ်။

ဒါကြောင့် သံလိုက်အိမ်မြှောင်မပေါ်သေးတဲ့ အချိန်ကာလနဲ့ အကြောင်းအမျိုးမျိုးကြောင့် အရပ်မျက်နှာခွဲခြားလို့မရတဲ့ အခြေအနေတွေမှာ ရှေးအခါက သင်္ဘောသားများဟာ မြောက်ဘက်အရပ်မှာရှိတဲ့ ဓူဝံကြယ်ကိုရှာဖွေပြီး ကိုယ်သွားလိုတဲ့ အရပ်မျက်နှာဆီသို့ ရှာဖွေသွားကြပါကြောင်း သုတဖြစ်ရပ်ဆန်းတစ်ခုအဖြစ် မှတ်တမ်းပြုလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





စိုးမိုးနိုင်

# တစ္ဆေသင်္ဘောနှင့် ပင်လယ်ရှုန်း

- ပင်လယ်ထဲက ဆန်းကြယ်သော အဖြစ်အပျက်တွေ၊
- တစ္ဆေသင်္ဘောနှင့် ကိုယ်တွေ့ကြုံခဲ့ရသူများ၊
- ပင်လယ်ရေပြင်မှာ တွေ့ရလေ့ရှိသော မီးလုံးကြီး၊
- ပင်လယ်စုန်းများနှင့်ကြုံတွေ့သောအခါ

အံ့အားသင့်စရာ၊ အဖြစ်အပျက်ဆန်းများစွာဖြင့် ..။

www.burmeseclassic.com

www.burmeseclassic.com





"မီး.. မီးလုံးကြီး.. ဆရာ"

"ကောင်း..ကောင်းကင်မှာ.. မီး..မီးလုံးကြီးတစ်လုံးက ပျံဝဲနေတာ.. ဆရာ"

"ဟ..ဟုတ်ပါ့ရဲ့..၊ မီးလုံးကြီး တစ်လုံးက ကောင်းကင်မှာ လျှောက် ပျံဝဲနေပါလားကွ"

ညက သိကြားမင်းနှင့် အသူရာနတ်မင်းတို့ စစ်ခင်းသည့်နယ် မှတ်သုံ မုန်တိုင်းကြီးတစ်ခုက ရှုံးပန်းရှုံးနွယ်များလို လျှပ်စီးများ ဝင်းလက်ပြီး မိုးသည်းထန်စွာ ထစ်ချုန်းရွာသွန်းခဲ့သလောက် ယခု မနက်ကျတော့လည်း ပင်လယ်ပြင်ကြီးတစ်ခုလုံးအတွက် ကြည်လင် သာယာလှပသော နံနက်ခင်းတစ်ခုကို လောကကြီးက လက်ဆောင်အဖြစ် မွေးဖွားပေးလိုက်ပြန်ပြီ။

"အပြောင်းအလဲ မြန်လွန်းလှသော လောကကြီးပါလား.." ဟု Kingdom သင်္ဘော၏ လက်ထောက်ကပ္ပတိန် ဇော်ထက် တွေးလိုက်မိ၏။

မိမိတို့သင်္ဘောသည် ကြယ်ငါးပွင့် (Five Star) အဆင့်ရှိ နိုင်ငံတကာ သင်္ဘောလိုင်းတစ်ခုဖြစ်ပြီး သင်္ဘောပေါ်၌ မြန်မာ၊ တရုတ်၊ ကပ္ပလီ၊ အမေရိကန်လူမျိုးစုံ ပါဝင်ပြီး နိုင်ငံတကာသို့တင်ပို့ရန် ကုန်စည်သေတ္တာကြီးများကို တင်ဆောင်လာကြသည်။

ယနေ့တွင် မိမိတို့သင်္ဘောသည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို မြို့၏ ဆိပ်ကမ်းသို့ ခုတ်မောင်းလျက်ရှိသည်။ ၎င်းဆိပ်ကမ်း၌ ကုန်သေတ္တာများချ၍ (၃-၄)ရက်ခန့် သောင်တင်ရဦးမည် ဖြစ်သည်။

ထိုစဉ် မိမိလိုပင် အမိမြန်မာပြည်မှ စက်ပိုင်းဆိုင်ရာ အရာရှိသည်





လေး မင်းမင်းက လက်ထဲတွင် မှန်ဘီလူးတစ်လက် ကိုင်၍ မိမိ ရပ်နေရာသို့ အပြေးတစ်ပိုင်းဖြင့် လျှောက်လာရင်း -

"ဟော့..ဇော်ထက်ရေ..ဇော်ထက်၊ ဒီမှာ ကြည့်ပါဦးကွ"

"ဟေ..ဘာလဲကွ၊ မင်းကလည်း အလန့်တကြားနဲ့" ဟု မိမိမှ အပြစ်တင်သံဖြင့် ပြန်မေးလိုက်ရာ -

"ဒီမှာ လာကြည့်စမ်းပါဦးကွ၊ ငါ့မျက်လုံးတွေများ မှောက်မှားနေသလားလို့ပါ"

"ခွေးကောင် ..ညက သောက်တာများသွားလို့ အရက်ကြောင်.ကြောင်နေပြန်ပြီနဲ့ တူတယ်"

"ပေးစမ်း..ငါ ကြည့်မယ်၊ ဘာတွေ့လို့လဲ"

မင်းမင်းလက်ထဲမှ မှန်ဘီလူးကို ဖက်ခနဲ ဆွဲယူလိုက်ပြီး သူ ညွှန်ပြသို့ ကြည့်လိုက်မိ၏။ မြင်ကွင်းက ဆောင်းဦးကာလ၏ နှင်းမှုံများကြားမှာ ဝိုးတိုးတဝါး။

"ဟင်!..သင်္ဘောတစ်စီးပါလား"


ရာသီဥတုမှာ ကြည်လင်သာယာမှု သိပ်မရှိသော်လည်း မှန်ဘီလူး၏ ချဲ့အား ဆွဲအားကောင်းမှုတို့ကြောင့် ရှေ့ကိုက်တစ်ရာအကွာခန့်မှ သင်္ဘော ပြတ်သားစွာ တွေ့နေရသည်။ မိမိတွေ့နေရသော သင်္ဘောပေါ်တွင် တစ်ယောက်မှ မတွေ့ရ။ သက်ရှိဆို၍ ခွေးတစ်ကောင်၊ ကြောင် တစ်မြီးပင် မရှိ။

မှန်ဘီလူးကို နေရာ ရွှေ့ကြည့်လိုက်ပြန်၏။ သင်္ဘောဦးပိုင်း နေရာ လည်း ပဲ့ကိုင်သူ (မောင်းနှင်သူ)ကိုလည်း မတွေ့ရ။ သို့ပါသော်လည်း မောင်းသူမဲ့ သင်္ဘောကြီးသည် မိမိတို့သင်္ဘောနှင့် ဘေးချင်းယှဉ်လျက် အမြန်နှုန်းဖြင့် ခုတ်မောင်းနေသည်မှာ "အံ့ဖွယ်သရဲပါတကား.." ဟု မိ၏။

ထို့ကြောင့် အမေရိကန်လူမျိုး ကပ္ပတိန်စမစ်အား အကြောင်း လိုက်ရာ ကပ္ပတိန်မှ သင်္ဘောမီး အချက်ပြခြင်း၊ အသံဖြင့် အချက် တို့ကို ပြုလုပ်သော်လည်း တစ်ဖက်သင်္ဘောမှ မည်သည့် တုံ့ပြန်မှုမှ ။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကပ္ပတိန်စမစ်မှ -

"ဒီသင်္ဘောကို ကျုပ် သိပ်မသင်္ကာဘူး . . မစ္စတာဇော်ထက်ပဲ့ထိန်းကြီးကို ပြောလိုက်ပါ၊ အဲဒီသင်္ဘောရဲ့ ကိုက် (၂၀၀)အကွာအဝေးထိ ခုတ်မောင်းပေးပါလို့"

"ဟုတ်ကဲ့ပါ . . ကပ္ပတိန်"

"နောက်ပြီး ကျုပ်တို့အခြေအနေပေးရင် အဲဒီသင်္ဘောပေါ် တက်ကြည့်ကြရအောင်ဗျာ"

သင်္ဘောနှစ်စီး ကိုက် (၂၀၀)အကွာအဝေးသို့ ရောက်သောအခါ၌ ဇော်ထက်၏ ထင်မြင်ယူဆချက်သည် ပို၍ မှန်ကန်သွားကြောင်း တွေ့ကြရတော့၏။

အကြောင်းကား ၎င်းသင်္ဘောပေါ်တွင် လူတစ်ဦးတစ်ယောက်မျှ မရှိကြောင်းကို အရိပ်အယောင်မျှပင် မတွေ့ကြရသောကြောင့်ပင်။

"မစ္စတာ ဇော်ထက်ရေ . . ဒီသင်္ဘောကြည့်ရတာ ညက မုန်တိုင်းမိပြီး ရေစီးအတိုင်း မျောပါလာတာနဲ့ တူတယ်"

"မဖြစ်နိုင်ဘူး . . ကပ္ပတိန်၊ မုန်တိုင်း မိထားတယ် ဆိုရင်လည်း သင်္ဘောက မုန်တိုင်းမိထားတဲ့ လက္ခဏာမျိုးတွေ ရှိရမယ်လေ၊ အခု သင်္ဘောကြီးက လုံးဝ အကောင်းအတိုင်းကြီးပဲဗျ"

"အင်း . . ဟုတ်တယ် မစ္စတာ ဇော်ထက်၊ သင်္ဘောက စက်ရေ ဘာတွေလည်း ချို့ယွင်းထားတဲ့ပုံ မပေါ်ဘူးဗျ"

"အင်း . . ကျုပ်တော့ မစဉ်းစားတတ်တော့ပါဘူးဗျာ"





"ဒါဆိုလည်း ကပ္ပတိန်ပြောသလိုပဲ၊ ကျုပ်တို့တက်ပြီး စစ်ဆေးကြည့်လိုက်ကြတာပဲ ကောင်းမယ် ထင်တယ်ဗျို့"

ထို့နောက် တစ်ဖက်သင်္ဘောဆီသို့ လှေငယ်တစ်စီးဖြင့် ချဉ်းကပ်၍ သင်္ဘောကုန်းပတ်ပေါ်သို့ တက်ရောက်ခဲ့ကြ၏၊ သူတို့လူစုက အားလုံး ငါးယောက် ဖြစ်သည်၊ သင်္ဘောတစ်စီးလုံးအား ပတ်ချာလည် ဖြန့်ကျက်၍ လိုက်လံစစ်ဆေး ကြည့်ရှုကြတော့၏။

သင်္ဘောကြီးက သုသာန် တစပြင်ကြီးတစ်ခုအသွင် တိတ်ဆိတ်ခြောက်ကပ်၍ အေးစက်စက်နိုင်လွန်းနေ၏၊ ဇော်ထက်၏ မသိစိတ်ထဲဝယ် ကြိုးမသန့်နှင့် ခံစားနေရ၏ ၊

သင်္ဘောကြီးပေါ်၌ "ကုန်သေတ္တာတချို့ ပစ္စည်းပစ္စယအချို့နှင့် အသက်ကယ်လှေ" စသည့် အရာဝတ္ထုများ အားလုံးသည် တစ်စုံတရာမျှ ချို့ယွင်းချက်မရှိဘဲ ပုံမှန်အတိုင်း အကောင်းပကတိ တွေ့ရှိကြရလေသည်၊

သို့ပေမယ့် ထိုသို့ တိတ်ဆိတ်ငြိမ်သက်နေခြင်းကပင် သုသာန် တပြင်ကြီးတစ်ခုလို ထိတ်လန့်ချောက်ချားဖွယ် ကောင်းနေပြန်လေ၏ ၊ ဇော်ထက်တို့ လျှောက်လာကြစဉ် သင်္ဘောသားများ ထမင်းစားခန်းရှေ့သို့ ရောက် -

"ချွင် ! . . ရှလွင် ! . . ချွင်"

"ဟာ ! . ."

"ဟင် ! . ."

ထမင်းစားခန်းအတွင်းမှ ဖွန်းသံ၊ ခက်ရင်းသံ၊ ပန်းကန်နှင့် ထိခတ်သံများ ထွက်ပေါ်လာသောကြောင့် ဇော်ထက်နှင့် တရုတ်လူမျိုးလေး ကျင်ဟုတ်တို့ ခြေလှမ်းများ ရပ်တန့်သွားကြရသည်၊ ထို့နောက် -

"ဟား . . ဟား . . ဟား . ."

"ဟီး . . ဟီး . . ဟီး . ."

အခန်းထဲမှ တစ်ဦးနှင့်တစ်ဦး တီးတိုး စကားပြောသံများ၊ ရယ်မောသံများပါ ထွက်ပေါ်လာရာ ဇော်ထက်နှင့် ကျင်ဟုတ်တို့ တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြလိုက်ကြပြီး -

"ကျင်ဟုတ်ရေ . . စကားပြောသံတွေ ကြားရပုံထောက်တော့ ဒါ



www.burmeseclassic.com

တို့ ထင်သလို မဟုတ်လောက်ပါဘူးကွာ"

"ဟုတ်ကဲ့ .. ဆရာ"

"ရောက်တုန်း တံခါးဖွင့်ပြီး ဝင် မိတ်ဆက်လိုက်ကြရအောင်ကွာ"

"ဟုတ်ကဲ့"

"ကျွီ.."

"ဟာ!.."

ထမင်းစားခန်းတံခါးကို ဖွင့်ကြည့်မိကြသောအခါ မိမိတို့ တွေး ထင်ထားသကဲ့သို့ မဟုတ်၊ အတွေးနဲ့အမြင်တို့ တက်တက်စင်အောင် ကွဲ ချေပြီ၊

အခန်းတွင်း၌ သက်ရှိဆို၍ အရိပ်အယောင်ပင် ရှိမနေပါ၊ နာ ဘာဝလောကကို အယုံအကြည်မရှိသော ဖော်ထက်ပင် ကြက်သီးမွေး ညှင်းများ ထောင်ထသွားရ၏၊ ကျောင်ဟုတ်ဆိုလျှင် စကားများပင် ထစ်တု လေ၏ ၊

"ဆ .. ဆရာ .. ကျွန် .. ကျွန်တော်တို့ကို သ .. သရဲခြောက်နေပြီ တူတယ် လုပ်ပါဦး"

ပြောရင်း မိမိအနားသို့ ပို၍ တိုးကပ်လာ၏ ။

"မင်းကလည်းကွာ .. အဓိပ္ပါယ် မရှိလိုက်တာ၊ ဘယ်ကလာ သ ရှိမှာလဲ"

ငါတို့ နားကြားလွဲသွားတာ နေမှာပါ"

"နား .. နား ကြားလွဲတာဆို၊ နှစ်ယောက်လုံး ကြား .. ကြားနိုင် မလား .. ဆရာရယ်"

"တိတ်စမ်းကွာ"

"လာ .. တခြားနေရာတွေ လိုက်ကြည့်ကြရအောင်"

"ကျွန်တော် .. ကျွန်တော် မလိုက်ရဲဘူး"

"ဒါဆို ... ငါတစ်ယောက်တည်း သွားမယ်ကွာ"

"ဟို ... ဟို အဲဒီလို တစ်ယောက်တည်းလဲ မနေရဲဘူး .. ဆ လိုက် .. လိုက်ပါ့မယ်"

"ကဲ .. ဒါဆိုလဲ .. လာကွာ မြန်မြန်"





အခန်းတစ်ခန်းရှေ့သို့ အရောက် -

"ဝုန်း!.."

"ဟဲ့ .. ပလုတ်တုတ်"

"ဘာဖြစ်တာလဲကွ"

"ခလုတ်တိုက်မိတာပါ .. ဆရာ"

"မင်းကလည်းကွာ အရေးထဲ"

ထိုစဉ် မိမိတို့ရပ်နေမိသော အခန်းထဲမှ -

"ဒုတ် .. ဒုတ် .. ဒုတ် .. ဒုတ်"

အပ်ချုပ်စက်တစ်လုံး၏ စက်သံကို ပီပီသသကြီး ကြားလိုက်ကြ ရပြန်သည်၊

ဤတစ်ကြိမ်တွင်တော့ လှုပ်ရှားနေသော စိတ်ကို အတတ်နိုင် ဆုံး ထိန်းရင်း သတိကြီးစွာဖြင့် အခန်းတံခါးကို ဖွင့်ကြည့်လိုက်သည်၊

"ဟာ!"

နှစ်ယောက်လုံးဆီမှ အာမေဋိတ်သံတို့ ဒုတိယအကြိမ်မြောက် ထွက်ပေါ်လာကြရပြန်လေပြီ၊

အကြောင်းမှာ အပ်ချုပ်သူမရှိသော အပ်ချုပ်စက်ကြီး၏ ခြေနင်းတို့ သည် နိမ့်လိုက် မြင့်လိုက်နှင့် ဟန်ချက်ညီညီ လှုပ်ရှားနေကြပြီး ဘီးတို့သည် လည်ပတ်နေ၏ ၊ အပ်ချုပ်စက်ခေါင်းမှ အပ်သည် စည်းဝါးကိုက်စွာ အတင် အချ ပြုလုပ်နေသည်၊

ဖော်ထက်၏ ဆံပင်တို့ ထောင်ထသွားပြီး ဦးခေါင်းမှာလည်း "ပုတ် သတ်ကြီး .. ကြီးသွားခဲ့ရသည်"ဟု ထင်မှတ်လိုက်ရ၏ ။

"ဆ .. ဆရာ .. ကျွန် .. ကျွန်တော်တို့ ဒီနေရာက အမြန် ပြေးကြရ အောင်၊ ကြာရင် ကျွန်တော်ကြောက်တာနဲ့ သေလိမ့်မယ်"

"မင်းကလည်းကွာ.. သင်္ဘောသားလုပ်နေပြီး သတ္တိကို မရှိဘူး"

"ကျွန်တော်က ပင်လယ်ဓားပြတွေထက် တစ္ဆေသရဲတွေကို ပို ကြောက်တယ် ဆရာရဲ့"

ထိုသို့ ကျောင်ဟုတ်နှင့် အချေအတင် စကားပြောနေစဉ် -

"ဆ .. ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော .. လာပြန်ပြီ၊ တစ်ယောက်"

"ဘာဖြစ်လာပြန်ပြီလဲကွာ"

"ဟို..ဟို..ဟို.."

"တဟိုဟို လုပ်မနေနဲ့..ပြောစမ်းပါကွာ"

"ဟို .. သဘော်ဦးပိုင်းက ပွဲခန်းကို လိုက်ကြည့်ပါဦး.. ဆရာ"

မျိုးနိုင်ပြောသော သဘော်ဦးပိုင်း၊ မာလိန်မှူးအခန်းသို့ လိုက်သွား၍ ရှေ့သို့ရောက်သောအခါ မျိုးနိုင် ထိတ်လန့်တုန်လှုပ်နေသည်မှာ အပြော မဆိုသာ၊ မြင်ကွင်းက မိမိပင် သွေးပျက်သွားရ၏။

"ဟာ !.. ပွဲထိန်း ဟန်တယ်ကြီးက.."

"လူ .. လူလည်း မရှိဘဲနဲ့.."

"လည် .. လည်နေတယ်"

"အောင်မလေးဗျ.."

"အား!.."

အာမေဋိတ်သံတို့ ဆူညံ သွားကြပြန်လေပြီ။

"ကဲ..ဗျာ။ ကျွန်တော်တို့ ဒီနေရာကနေ အမြန်ပြန်ပြီး ကပ္ပတိန်ထံ သတင်းပို့တာပဲ ကောင်းပါတယ်"

"ဟုတ်တယ်..ဆရာရေ..ဒီလိုနေရာမျိုးဆိုတာ ကြာကြာနေလို့ မကောင်းဘူး"

☯

ထို့နောက် ဇော်ထက်တို့ မိမိတို့သဘော်ရှိရာသို့ ပြန်ကူးကြပြီး ကပ္ပတိန်ရုံးခန်းသို့ဝင်ပြီး ကြုံတွေ့ခဲ့ကြရသမျှကို သတင်းပို့ရာ ကပ္ပတိန်က အလွန်အံ့ဩသော မျက်နှာဖြင့် -

"ဟုတ်လား..မင်းတို့ပြောလို့သာ ယုံရတယ်ကွာ၊ ငါကိုယ်တိုင် တောင် လိုက်ကြည့်ချင်သေးတယ်"

"တကယ်ပြောတာပါ..ကပ္ပတိန် ဆရာဇော်ထက်လို ပရလောက ကို အယုံအကြည်မရှိတဲ့လူတောင် တော်တော်ဖြုံသွားတယ် ဆရာ" ဟု တရုတ်ကလေး ကျင်ဟုတ်က ဝင်ပြောလိုက်ရာ ဇော်ထက်က မျက်မှောင်







တစ်ချက် ထိုးလိုက်၏။

ထိုစဉ် -

"ကပ္ပတိန် .. ကပ္ပတိန်၊ ဒီမှာ အပြင်ကို ထွက်ကြည့်ပါဦး .."

"ဟော !.. မင်းတို့ အပြင်မှာ ဘာတွေ ဖြစ်နေကြပြန်ပြီလဲ .. အရေး ကြီးလို့လားကွာ"

ကပ္ပတိန်မှ ဗျစ်တောက် ဗျစ်တောက်ဖြင့် ပြောဆိုရင်း အပြင်သို့ ထွက်လာ၏။

"ကဲ..ပြောကြစမ်း..ဘာဖြစ်လို့လဲ"

"မီး..မီးလုံးကြီး..ဆရာ"

"မီးလုံးကြီး..ဟုတ်လား !..။ မီးပြတိုက်က အလင်းရောင် နေမှာ ပေါ့ကွာ"

"မ..မဟုတ်ဘူး..ဆရာ"

"ကောင်း..ကောင်းကင်မှာ..မီး..မီးလုံးကြီးတစ်လုံးက ပျံဝဲနေ တာ..ဆရာ"

"ဟော !..ဟုတ်လား.."

ကပ္ပတိန်စမစ်မှ သဘော်သား လက်ညှိုးညွှန်ပြရာ ကောင်းကင် တစ်နေရာကို လှမ်းကြည့်လိုက်ရာ -

"ဟ . . ဟုတ်ပါရဲ့ . .၊ မီးလုံးကြီးတစ်လုံးက ကောင်းကင်မှာ လျှောက်ပျံဝဲနေပါလားကွ"

ကပ္ပတိန်၏ အသံကြောင့် ဇော်ထက် မော့ကြည့်လိုက်မိ၏ ။ ဟုတ် ပါသည်၊ ဘောလုံးတစ်လုံးအရွယ် မီးလုံးကြီးတစ်လုံး အရောင်က အနီ ရောင် ရဲရဲတောက်နေ၏။

သည်နေရာတွင် ဇော်ထက်အနေဖြင့် ပြောချင်သည်မှာ မိမိသည် ပရလောကလူမျိုးဖြစ်သည် တစ်ကြောင်း၊ မိမိ သဘော်မလိုက်မီ မိတ်ဆွေတစ်ဦး ၏ ဝိဉာဉ်ဓမ်းစက်လေ့တွင် အဖော်အဖြစ် လိုက်ဖူးသည်က တစ်ကြောင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ယခုကြုံတွေ့နေရသော ပြဿနာကို သိပ်မထူးဆန်းတော့ချေ။

ထိုစဉ်အခါက အတွေ့အကြုံ ရင့်ကျက်ကြသော လူတွေချည်း ဖြစ်သောကြောင့် ဘာမှ ထိနိုက်မှု မဖြစ်ခဲ့ကြ။

၎င်းသည်ကား မြန်မာလူမျိုးတို့အခေါ်ဝေါ်အရ ပင်လယ်စုန်း (သို့) မီးစုန်းပင် ဖြစ်ပေသည်။ ၎င်းစုန်းမျိုးသည် ညအချိန် ပင်လယ်ပြင်ထက်၌ စုန်းတောက် ကစားတတ်ကြ၏။

တစ်ချိန်တည်းတွင် တစ်ဘက်သင်္ဘောပေါ်မှာ အဖြေရှာမရခဲ့ ကြသော ကံကြမ္မာ ပဟေဠိကိုလည်း အဖြေညှိနိုင်ခဲ့လေပြီ၊ တွက်ချက်နိုင် ခဲ့ပြီ။ ကေနှ ၎င်းမောင်းသူမဲ့သင်္ဘောသည်လည်း ပင်လယ်စုန်းနှင့် တွေ့ဆုံ ခဲ့ကြဟန် တူသည်။

ပင်လယ်စုန်းမျိုးနှင့် ကြုံတွေ့ရပါက ၎င်းပျံ့ဝဲရာ၊ ရပ်တည်ရာတို့ ကို လိုက်လံ ကြည့်ရှုမိကြသော သူတို့သည် အချင်းချင်း အကြောင်းမဲ့ စိတ် ဝမ်းကွဲလာကြလျက် ခိုက်ရန်ဖြစ်ပွားတတ်ကြသည်။

နောက်ဆုံး လက်နက်များ ကိုင်ဆောင်ထားမိကြပါက တစ်ဦးနှင့် တစ်ဦး သတ်ဖြတ်မိကြသည်အထိ ဖြစ်လေ့ရှိကြသည်။ လွန်စွာ ကြောက် မက်ဖွယ်ကောင်းသော ပင်လယ်စုန်းပါတကား။

ယခုအခြေအနေကိုလည်း အချိန်မီဟန့်တားနိုင်မှ တစ်ဖက် သင်္ဘောကဲ့သို့ ကံကြမ္မာဆိုး၊ ကြုံဟ်ဆိုး မဝင်မည်ပင်။

"ကပ္ပတိန် .. ကျွန်တော် တစ်ခုအကြံပေးပါရစေ"

"ပြောစမ်းကွာ .. မြန်မြန်"

"ဒီလိုပါ ကပ္ပတိန် .. အခုမြင်နေရတဲ့ မီးလုံးကြီးကို ဘယ်သူမှ မကြည့်ကြဖို့ အချိန်မီ တားဆီးပေးဖို့ပါ .. ကပ္ပတိန်"

"ဘာဖြစ်လို့လဲ မစ္စတာ ဇော်ထက်ရဲ့"

"နောက်မှ ကျွန်တော် အေးအေးဆေးဆေး ရှင်းပြပါမယ်၊ အခု က အချိန်မရလို့ပါ"

"အေး .. ကောင်းပြီလေ"

ထို့နောက် ကပ္ပတိန်မှ အသံချဲ့စက်ဖြင့် သင်္ဘောတစ်စီးလုံး အား အော်ဟစ် သတိပေးလေတော့သည်။





"ဟလို .. ဟလို၊ သင်္ဘောသားအားလုံး တဆိတ် လောက် နားထောင်ပေးကြပါ။ သင်္ဘောခေါင်တိုင်ထက်က မီးလုံးကြီး မကြည့်ကြဖို့ မေတ္တာ ရပ်ခံ .. ခံ .."

"အား ! .."



ကပ္ပတိန်၏ သတိပေး သံပင် မဆုံးလိုက်၊ ဓားဖြင့် ပိုင်း အချခံ လိုက်ရသော ငှက်ပျော ပင် ကြီးလို တုံးခနဲ လဲကျသွား လေသည်၊ သွေး တစက်စက် ကျ နေသော ကင်ဒီဓားကြီးတစ်လက် ကို ကိုင်၍ မားမားကြီး ရပ်နေသော သ င်္ဘော သား တ စ် ယော က် ကို ဇော်ထက် တွေ့လိုက်ရ၏။

အရာရာ နောက်ကျသွားလေပြီ၊ ရာရာလက်နက် ကိုင်စွဲထား ကြသော သင်္ဘောသားအချင်းချင်း စိတ်ဝမ်းကွဲ၍ သတ်ဖြတ်ကုန်ကြလေ ပြီ။

"ဒုတ် ! .."

"ဟာ !"

ဇော်ထက်နံဘေးရှိ တိုင်သို့ ဓားတစ်စင်းပျံ့ဝဲပြီး လာစိုက်နေသည်၊ ဇော်ထက် သတိထားရတော့မည်။ ထိုစဉ် ဇော်ထက်ရှိရာသို့ ကပ္ပလီလူမျိုး သင်္ဘောသားတစ်ဦးမှ ပေါက်ချွန်းကြီးကို လက်အစုံဖြင့် ကိုင်မြှောက်၍ ပြေး ဝင်လာ၏။

ဇော်ထက် အလျှင်အမြန် လှုပ်ရှားလိုက်ရသည်၊ တိုင်မှာ စိုက်နေ သော ဓားမြှောင်ကို အမြန်ဆွဲနုတ်၍ ပြန်လည် ပစ်ခတ်လိုက်သည်၊

သို့ပေမယ့် မိမိသည် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သော ကြောင့် လူမသတ်ချင်။ မိမိအသက်ကို ရန်ရှာလာသောကြောင့်သာ မိမိ ကိုယ်ကို ကာကွယ်သည့်အနေဖြင့် ခုခံလိုက်ရခြင်းဖြစ်သည်။

မိမိ ဘာလုပ်ရမည်နည်း၊ ဟုတ်ပြီ၊ ၎င်းမီးလုံးကြီး မြန်မြန်ပြေးအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်သည့်နည်းကို မိမိသိနေသည်ပဲ၊ ရုတ်တရက် သွေးလန့်နေတုန်းမို့ မေ့လျော့နေရခြင်းသာ ဖြစ်သည်။

မိမိ၏ ဘဝတစ်သက်တာ သက်စောင့်အဖြစ် အသုံးပြုခဲ့သော "ဓာရဏ ပရိတ်တော်ကြီး"ကို ရွတ်ဖတ်ပွားများဖို့ပင် မဟုတ်ပါလား။

ဖော်ထက် စုန်းမီးလုံးကြီးကို မကြည့်ဘဲ ရှေ့တူရူက ပင်လယ်ပြင်ကြီးကို မမှိတ်မသုန်ကြည့်ရင်း ပထမဦးစွာ လောကပါလစောင့် နတ်မင်းကြီး (၄)ပါးကို တိုင်တည်ရင်း သစ္စာဆိုလိုက်သည်။

"ကျွန်တော်သည်
ဤသင်္ဘောသားအလုပ်ဖြင့်
မြန်မာပြည်မှ မိအိုဖအို နှစ်ဦးကို
လုပ်ကျွေး ပြုနေရသူဖြစ်ပါသည်။
ဤသစ္စာမှန်ကန်ပါက
ယခု ရွတ်ဖတ်မည့် ဓာရဏပရိတ်တော်ကြီး၏
အစွမ်းထက်မြက်လှသော တန်ခိုးတော်များဖြင့်
ယခု ကြုံတွေ့နေရသည့် ဖြစ်ရပ်ဆိုးကြီးကို
အောင်မြင်စွာ ကျော်ဖြတ်နိုင်ပါစေ"

ထို့နောက် "ဓာရဏ ပရိတ်တော်ကြီး"အား အသံနေ၊ အသံထား မှန်မှန်ဖြင့် စတင်ရွတ်ဆိုလိုက်၏။

"ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ
ကေနစိ အန္တရာယော ကာတု ထထာ မေ ဟောတု"

ပရိတ်တော်၏ ပထမဆုံးအပုဒ်ကို (၃)ကြိမ်ခန့် ပြန်ကျော့၍ ရွတ်ဆိုအပြီးမှာပင် သင်္ဘောခေါင်တိုင်ပေါ်မှ မီးလုံးကြီးသည် ကျယ်လောင်သောအသံကြီး အော်မြည်လျက် ပင်လယ်ပြင် အောက်တစ်နေရာသို့ ငုပ်လျှိုး၍ ပြန်ပြေးလေတော့၏။

ပင်လယ်လှိုင်းတံပိုးကြီးများကလည်း ဖော်ထက်၏ သစ္စာမှန်တန်သည်ကို ထောက်ခံနေသည့်အလား၊ တဝုန်းဝုန်းဖြင့် အားပေး၍ ရိုက်ခတ်နေကြသည်ကို တွေ့ရ၏။

"ဖော်ထက်ရေ.. ခုနက ငါတို့ ဘာဖြစ်သွားကြတာလဲကွ"





အသံကြားရာ အနောက်ဘက်ဆီသို့ လှည့်ကြည့်လိုက်ရာ တစ်ခန်းတည်း အတူနေ သူငယ်ချင်း မျိုးနိုင်ဖြစ်နေ၏။

"တော်ပါသေးရဲ့.. ဒီကောင်ကြီး ဘာမှ မဖြစ်လို့"ဟု တွေးမိ၏။ သို့သော် လက်မောင်းတစ်ဖက်တွင်တော့ သွေးများ ရွှဲနစ်နေသည်ကို တွေ့ရ၏။

"ဟာ.. မင်း ဒဏ်ရာ ရထားပါလား"

"အဲဒါ မေးတာပေါ့ကွာ၊ အခုန ငါတို့ ဘာတွေ ဖြစ်ကုန်ကြတာလဲလို့"

"အင်း.. မင်း သိပ်သိချင်နေရင်တော့ ငါရှင်းပြပါမယ်"

ဖော်ထက်က ကျန်ရှိနေသော နိုင်ငံအစုံမှ သင်္ဘောသားများ နားလည်ရန် အင်္ဂလိပ်ဘာသာစကားဖြင့်ပင် ရှင်းပြနေရ၏။ သူ၏ ဘေးပတ်လည်ရှိ လူအပေါင်းမှာ ခေါင်းတငြိမ့်ငြိမ့်ဖြင့် စိတ်ဝင်တစား နားထောင်နေကြ၏။

တချို့လည်း မိမိတို့၏ခဏတာ မောဟအမှောင်တိုက် ဖုံးလွှမ်းသွားကြသော အဖြစ်ကိုသိကြကာ အရှိန်လွန် နောင်တကိုယ်စီဖြင့် သူတ[illegible]ခရ ဖြစ်နေကြ၏။

ထို့နောက် တစ်ညတာ ကုန်လွန်မြောက်ခဲ့ပြီးမှ အရှေ့ဘက်ဆီမှ အာရုဏ်သစ် နံနက်ခင်းတစ်ခု မွေးဖွား ရှင်သန်လာခဲ့လေပြီ။ ဖော်ထက်နှင့်တကွ သင်္ဘောသားအားလုံးမှာလည်း အိပ်မက်ဆိုးမှ နိုးထလွတ်မြောက်လာသူများလို အတွေးကိုယ်စီဖြင့်..။

ညက ဝေါ်ကီတော်ကီဖြင့် သတင်းပို့ထားမှုကြောင့် ဤမနက်တွင် ကယ်ဆယ်ရေးအဖွဲ့များ ရောက်နေကြလေပြီ။ တစ်ဖက်သင်္ဘောမှ သင်္ဘောသား အလောင်းတချို့ကိုလည်း ရှာဖွေ တွေ့ရှိခဲ့ကြလေ၏။

မိမိတို့အနေဖြင့် ဉာဏ်မမီအောင် စဉ်းစားမရသည်က မိမိတို့ တစ်ဖက် သင်္ဘောပေါ်သို့ တက်ရှာခဲ့ကြစဉ်ကတော့ အလောင်းကောင်များကို တစ်ယောက်မှ မတွေ့ရှိခဲ့ကြပါလားဟု တွေးတောနေမိတော့လေ၏။

❑




www.burmeseclassic.com

www.burmeseclassic.com



# ဘေးတိုက်သွားတဲ့ ခြေထောက်ပါရေသတ္တဝါ



ရေသတ္တဝါများထဲမှာ ဂဏန်းများဟာ ထူးခြားမှုရှိတဲ့ ရေသတ္တဝါ မျိုးစိတ် ဖြစ်ပါတယ်။ သူဟာ ကုန်းနေ၊ ရေနေသတ္တဝါတစ်ကောင်ဖြစ်သလို ခြေထောက်များလည်း ပါဝင်ပါတယ်။ ရေသတ္တဝါများထဲမှာ ခြေထောက်ပါ တဲ့ မျိုးစိတ်မျိုးကို တွေ့ရခဲပြီး အများအားဖြင့် ခြေထောက်အတုအယောင် များသာ ဖြစ်ပါတယ်။

ဂဏန်းမှာတော့ ထူးခြားစွာ ခြေထောက် (၁၀)ချောင်း ပါဝင်ပါ တယ်။ အဲဒီထဲက (၈)ချောင်းကိုသာ လမ်းလျှောက်သွားဖို့ အသုံးချပြီး "ဂဏန်းလက်မ" လို့ခေါ်တဲ့ ပထမအစုံကို လက်သဖွယ် အသုံးချပါတယ်။ ဒီလက်မများဟာ ဂဏန်းအတွက် အကာအကွယ် လက်နက်သဖွယ်လည်း ဖြစ်ပါတယ်။

ဂဏန်းကျောကုန်းကလည်း အံ့သြဖွယ် ကောင်းလောက်အောင် မာကျောတဲ့ အခွံထူကြီးဖြင့် ကာကွယ်ထားပြီး အတွင်းအသားကတော့ အလွန်တရာ နူးညံ့ အရသာရှိတာ စားဖူးသူတိုင်း သိပါတယ်။ အခွံထူကြီး ဖြင့် ကိုယ်ခန္ဓာကို ကာကွယ်ထားသလို၊ ကိုယ်အရှေ့ပိုင်းမှာလည်း ရင်အုပ် ကာ သံချပ်သဖွယ် အကာအကွယ် ပါရှိပါတယ်။

ဂဏန်းရဲ့ခြေထောက် (၁၀)ချောင်းစလုံးကိုလည်း မာကျောတဲ့







အခွံများဖြင့် အသီးသီး ဖုံးအုပ်ထားပါတယ်။ ဂဏန်းဟာ သူ့ရဲ့ လက်မများဖြင့် ရန်သူကို မြဲမြံစွာ ညှပ်တတ်လို့ သူ့ကို ကိုင်မယ်ဆိုရင် အလွန် သတိထားပြီး ကိုင်ရပါတယ်။ ဂဏန်းရဲ့ မျက်လုံးများမှာ အညှာတံပါရှိပြီး ဝင်လိုက်၊ ထွက်လိုက် လုပ်တတ်တာကြောင့် ရယ်စရာလည်း ကောင်းပါတယ်။

ဂဏန်းရဲ့ ပါးစပ်ပေါက်ဟာလည်း အလွန် အံ့သြဖွယ် ကောင်းပါ တယ်။ အဲဒီပါးစပ်ပေါက်ဟာ စမ်းသပ်ရန်၊ ကိုက်ဖဲ့ရန်နှင့် အစာကိုဝါးချေဖို့ အင်္ဂါအစိတ်အပိုင်းများ ပေါင်းစုပါဝင်ပါတယ်။ နောက်တစ်ချက်က ဂဏန်း ဟာ အနံ့ခံကောင်းတဲ့ ရေသတ္တဝါဖြစ်ပြီး သောင်ပြင်ပေါ်မှာ ငါးသေ တစ် ကောင်ရှိရင် အဲဒီနေရာကို ချက်ချင်းသွားပါတယ်။

ပြိုင်ဘက်များနဲ့တွေ့ပါက အလုအယက် ဝေခွဲ စားသောက်တတ် ပြီး တစ်ခါတရံ ဂဏန်းငယ်များဟာ အားကြီးတဲ့ ဂဏန်းကြီးများရဲ့ ကိုက် သတ်စားသောက်ခြင်းကိုပင် ခံရပါတယ်။ ဂဏန်းမှာ အမျိုးပေါင်းများစွာ ရှိပြီး အသေးငယ်ဆုံးသော ဂဏန်းငယ်လေးများဟာ ခရုခွံ၊ ကမာခွံများထဲ ဝင်နိုင်လောက်အောင် သေးငယ်ကြပါတယ်။

ဂျပန်ပင်လယ်ပြင်မှာရှိတဲ့ ပင့်ကူဂဏန်းကြီးများဟာ ကိုယ်အရှည် (၁၈)လက်မ၊ ပြက်အကျယ် (၁၂) လက်မခန့်အထိပင် ရှိတတ်ပါတယ်။ ဆီဗိတ်ကျွန်းစုများမှာ တွေ့ရတဲ့ အုန်းဂဏန်းကြီးများဟာလည်း အလွန် ကြီးမားပါတယ်။ ဆဋ္ဌမအာရုံမှာ ဖော်ပြခဲ့ပြီးပါပြီ။


မျိုးစိတ်အလိုက် ဂဏန်းများဟာ တစ်ကောင်နဲ့တစ်ကောင် ပြုမူ နေထိုင်ပုံချင်း မတူပါဘူး။ အချို့ဂဏန်းများဟာ လူရိပ်မြင်တာနဲ့ တပြိုင်နက် အရှာကယာ တွင်းထဲဝင်ရောက် ပုန်းအောင်းတတ်သလို၊ တချို့ကျတော့ သူတို့ ခြေထောက်များပေါ်မှာ မားမားမတ်မတ်ရပ်ပြီး သန်မာသော လက်မ ကြီးများဖြင့် ရန်သူကို ပြန်လည် တိုက်ခိုက်တတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဂဏန်းတို့ဟာ ငယ်ငယ်ကတည်းက အတိုက်အခိုက် ဝါသနာပါတဲ့အတွက် မကြာခဏ ဆိုသလို ဒဏ်ရာများ ရတတ်ပါတယ်၊ အဲဒီလို သူတို့ ခြေလက်တို့မှာ ဒဏ်ရာရပါက အဲဒီ ခြေလက်တစ်ခုလုံးကို ဖြုတ်ပစ်လိုက်ပြီး အဲဒီနေရာမှာ မကြာမီ ခြေလက်အသစ် ပြန်ပေါက်ပါတယ်၊ ဒါက ဂဏန်းကောင်ရဲ့ ထူးခြားမှု ဖြစ်ပါတယ်၊

နောက်တစ်ချက်က ဂဏန်းရဲ့ သွားပုံဖြစ်ပါတယ်၊ တခြားသတ္တဝါများကဲ့သို့ တွားသွားခြင်း၊ ပြေးသွားခြင်း၊ ရှေ့တည့်တည့်ကို သွားခြင်းမျိုး မဟုတ်ဘဲ ဘေးတိုက် ဂွကျကျ သွားလာတတ်ပါတယ်၊ ဒါကြောင့် အရာရာမှာ ကပြက်ကယက် လုပ်တတ်သူများကို ဂွကျကျပုံစံနဲ့ ဂဏန်းလိုလူစားမျိုးလို့ ခေါ်ပါတယ်၊ အချို့ဂဏန်းများမှာ လှော်တက်နဲ့တူတဲ့ ခြေထောက်ပြားများပါရှိပြီး ဒီအရာဖြင့် ရေကို ကောင်းစွာ ကူးခတ်နိုင်ပါတယ်၊

ဂဏန်းများကို သောင်ပြင်များမှာ တွေ့ရတတ်ပေမယ့် အများအားဖြင့် ရေထဲမှာသာ နေလေ့ရှိကြပါတယ်၊ ကုန်းပေါ်မှာ နေထိုင်ကျက်စားတတ်တဲ့ ကုန်းဂဏန်းများပင် ဥ ဥချိန်မှာ ပင်လယ်သို့ ထွက်ကြပါတယ်၊ မိခင်ဂဏန်းမကြီးဟာ မိမိကိုယ်အောက်မှာ ဥများကိုကပ်ပြီး လုံခြုံစွာသယ်ဆောင်သွားလေ့ရှိပါတယ်၊ ဥမှပေါက်လာတဲ့ ဂဏန်းငယ်လေးများကိုတော့ စိတ်ဝင်စားခြင်း မရှိတော့ဘဲ ပင်လယ်အောက်ခင်းမှာ ဒီအတိုင်းပဲ ထားပစ်တတ်ပါတယ်၊

ဂဏန်းပေါက်လေးတွေဟာ မီးခြစ်ဆံခေါင်းမျှသာ ရှိပြီး တစ်ကောင်စီကို အလင်းပေါက်အရေခွံတစ်မျိုးနဲ့ ဖုံးအုပ်ထားကာ ထိုအရေခွံထဲကနေ ဆောင့်ရုန်းပြီး ဂဏန်းပေါက်လေးများဟာ ရေပေါ်ကို တက်လာကြပါတယ်၊ ကျယ်ဝန်းလှသော ရေထဲမှာ ပျော်မဆုံးအောင် ကူးခတ်သွားလာတတ်ပြီး အများစုက ငါးတို့ရဲ့ ပါးစပ်ထဲ သက်ဆင်းကြရပါတယ်၊

အဲဒီအထဲက မသေဘဲကျန်တဲ့ အကောင်ငယ်လေးများဟာ





အကြိမ်ကြိမ် အရေခွံလဲပြီး တဖြည်းဖြည်း ကြီးမားလာပါတယ်၊ အနည်းငယ်ကြီးလာတာနဲ့ ဂဏန်းကြီးများနဲ့ သဏ္ဍာန်တူလာပြီး အဲဒီအချိန်ကစလို့ ရေမကူးတော့ဘဲ ရေတိမ်ရာအရပ်နဲ့ ရေစပ်ကမ်းပါးကို ချဉ်းကပ်လာကြပါတယ်၊ အဲဒီအချိန်ဟာ သူတို့အတွက် အန္တရာယ် အများဆုံး ဖြစ်ပါတယ်၊

သူတို့ဟာ ကုန်းပေါ်တက်လာတာနဲ့ ဖင်ယော်၊ ဗျိုင်း၊ လင်းဝတ်စတဲ့ ငှက်အမျိုးမျိုးတို့ရဲ့ ထိုးသတ်ခြင်းကို ခံရပါတယ်၊ ဒါ့အပြင် တချို့ကျတော့ ဖာတ်တူသားတောင် မရှောင်တဲ့ ဂဏန်းကြီးများရဲ့ စားသောက်ခြင်းကို ခံရပါတယ်၊ အဲဒီကနေ မသေတော့မှ ဂဏန်းကြီးဘဝကို ရောက်ရတာဖြစ်ပါတယ်၊ ဂဏန်းကြီးဘဝရောက်လာရင်လည်း လူတွေရဲ့ ဖမ်းဆီး စားသောက်မှုကို ခံရတာပါပဲ၊

ရေနေဂဏန်းမျိုးဟာ ပါးဟက်ဖြင့် အသက်ရှုကြပြီး ကုန်းနေဂဏန်းများမှာတော့ ပါးဟက်အစား အသက်ရှုဖို့ အဆုတ်နဲ့တူတဲ့ အင်္ဂါတစ်မျိုး ပါရှိပါတယ်၊ တချို့ဂဏန်းတွေကတော့ ကုန်းရေ နှစ်ဌာနစလုံးမှာ သွားလာနိုင်ပါတယ်၊ အချို့ဂဏန်းများဟာ ဟင်းသီးဟင်းရွက်များကိုသာ စားသောက်ပြီး အချို့ကတော့ တခြားသော ရေသတ္တဝါလေးများကို ဖမ်းဆီး စားသောက်ကြပါတယ်၊


အများအားဖြင့် ဆွေးမြေ့တဲ့ အရာဝတ္ထုများကို စားသောက်ခြင်းဖြင့် အညစ်အကြေး အမှိုက်သရိုက်များကို သန့်ရှင်းစေပါတယ်၊ အချို့သော ဂဏန်းများဟာ မျိုးခြားသတ္တဝါတစ်ကောင်ကောင်နဲ့ အတူတကွ နေထိုင်လေ့ရှိပါတယ်၊ လူသိအများဆုံးကတော့ ယောက်သွားခုံ အခွံကြားထဲ ဝင်ရောက်နေထိုင်ပြီး ရန်သူ့ဘေးမှ အကာအကွယ်ယူတတ်သလို၊ ခုံကောင်ကို အန္တရာယ်ဖြစ်စေမယ့် သတ္တဝါများကိုလည်း ဂဏန်းက တစ်ဖန် ပြန်လည်ကာကွယ်ပေးပါတယ်၊

အချို့ဂဏန်းများဟာ သန္တာကောင်အုပ်စုထဲမှာ ဝင်ရောက်နေထိုင်တတ်သလို၊ တချို့ကတော့ ခရုခွံအလွတ်များမှာ ဝင်နေတတ်ပါတယ်၊ ဒါကြောင့် ဂဏန်းမျိုးစိတ်ထဲမှာ ဝင်ကစွပ်ကောင် (ဖင်နီဖင်စွပ်)ခေါ် ဂဏန်း တစ်မျိုးလည်း ပါဝင်ပြီး တချို့က ဂဏန်းငယ်လေးများကို ပုစွန်လုံးလို့လည်း ခေါ်ကြပါကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




'ဝုန်း..'

'ဂျိမ်း..'

'ဒက်..ဒက်..ဒက်..ဒက်'

'တောက်ဖုန်း..တောက်ဖုန်း'

ကမမောင်းရွာ၊ အရှေ့တောင်ဘက်ဆီ

လက်နက်ငယ်သံက ဝါးတောကြီး

မီးလောင်သံအလား။

လက်နက်ကြီးသံတွေ၊ မိုးခြိမ်းသံအ

အဆက်မပြတ် ကြားရပါတယ်။

မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ယခုဖော်ပြမည့်စာမူမှာ ကျွန်တော့ကိုယ်တွေ့ မိခင်တစ်ယော ၏ အနန္တစကြာဝဠာဖြင့် နှိုင်းယှဉ်မရသော ပင်လယ်သမုဒ္ဒရာထက် ကျ ဝန်းသော မြင့်မိုရ်တောင်ထက် မြင့်မားသော မိခင်၏ကြီးမားလှသော မေတ္တာကို ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

ဤဖြစ်စဉ်ကို အကြောင်းပြု၍ ပြိုင်ပွဲဝင် ကဗျာရှည်၊ ဆောင်း ဝတ္ထုအသွင်ဖြင့် ယှဉ်ပြိုင်ပြီး ထိုက်တန်သော ဆုများ ရရှိခဲ့ဖူးပါသည်။ ပြင် မဂ္ဂဇင်းသုံးအုပ်တွင်လည်း ဖော်ပြပါရှိပြီး ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော် နှစ်ထောင်းအားရ ကျေနပ်မှု မရှိသေးပါ။

စာမူ၏ အဓိကထား ရေးသားသည့် ကြေးစားစာရေးဆရာ ယောက် မဟုတ်ပါ။

ကျွန်တော် တင်ပြမည့်မိခင်သည် တစ်ရာတစ်ထောင်မှ တစ်သိ တစ်သန်းမှာ တစ်ယောက် မမြင်မတွေ့ မကြုံဘူးနိုင်ကြောင်း ရဲဝံ့စွာ ရဲသည့် မိခင်ဖြစ်၍ မသိမကြားဘူး၊ မဖတ်ဘူးသေးသည့် - ဖြစ်နိုင်လျှ မိခင်လောင်းတိုင်း ဖတ်ရှုလေ့လာ လိုက်နာလို၍ စေတနာအမှန်ဖြင့် သားခြင်းဖြစ်ကြောင်း မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

❖





(၁၉၇၃)ခုနှစ်၊ မတ်လ(၂)ရက်၊ တောင်သူလယ်သမားနေ့။

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၊ နယ်လှည့် ရုပ်ရှင်ပြအဖွဲ့ဟာ ရင်ပြည်နယ်၊ ဖာပွန်ခရိုင် ကမမောင်းရွာကြီးမှာ တောင်သူလယ်သမား အထိမ်းအမှတ် လေးကားပေါင်း မိုးအလင်းနဲ့ သုံးရက်တိုင် ပြသပါတယ်။

အငြိမ့်၊ ဇာတ်သဘင်၊ ရုပ်ရှင်စတဲ့ ပျော်ပွဲရွှင်ပွဲ ကြည့်ချင်ပွဲတွေ၊ ယ်မြေ မအေးချမ်းလို့ ဆယ်စုနှစ်ပေါင်းများစွာ မကျင်းပခဲ့တာကြောင့် ကြုံ တောင့်ကြုံခဲ ရုပ်ရှင်ပွဲကို ရွာနီးချုပ်စပ်တွေကပါ လှည်းနဲ့တစ်ဖုံ၊ လှေနဲ့ စ်မျိုး လာရောက်ကြလို့ ကမမောင်းရွာလယ်ကွင်းကြီးမှာ ကြက်ပျံမကျ ည်ကားလှပါတယ်။

ကျောင်း၊ ကြက်ခြေနီ၊ လမ်းစဉ်လူငယ် ရန်ပုံငွေ သက်သာဆိုင် ၊ ဘားအံ - ရွှေဂွန်းက လာရောက်တဲ့ စားသောက်ဆိုင်၊ တောင်သူ ယ်သမား အသုံးအဆောင်ဆိုင်၊ အဝတ်အထည် ကလေးစရာဆိုင်တွေမှာ ရောင်းသူဝယ်သူ ကြိတ်ကြိတ်တိုး စည်ကားလှပါတယ်။

နယ်မြေခံ ပရိသတ်ကြီး ဘေးအန္တရာယ် ကင်းရှင်းစွာနဲ့ ပျော်ဖို့ စိတ်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲဖို့အတွက် လုံခြုံရေး တာဝန်ယူပေးရတာ တော့ ကျွန်တော်တို့ တပ်ရင်း(၆၂)ပါ။

❖

ကျွန်တော်တို့ တပ်ရင်း (၆၂) ရှေ့တန်းဌာနချုပ်နဲ့ အရန်တပ်ခွဲ ဟာ ကမမောင်းမှာ အခြေပြုပါတယ်။

ကတိုင်တီ၊ နတ်ကြီး၊ လေးဖော၊ ကြခေါင်းဆိပ်၊ ပျဉ်းမပင်၊ ဆိပ် တော့ တပ်ခွဲ(၂)နဲ့ စစ်ကြောင်း နှစ်ကြောင်းနဲ့ လှုပ်ရှား တာဝန်ပေး ပါတယ်။

ကတိုင်တီ၊ ရေဖြူမှာ သန်းထိုင်တပ်ခွဲတစ်ခွဲ ချထားပါတယ်။

ရွှေဂွန်းရွာ မြောက်ဖျားမှာ တပ်စိတ်လေးစိတ် စခန်းထိုင်ပြီး တပ် ဦးစီးတပ်စိတ်ငါးစိတ်ကတော့ လှုပ်ရှားတာဝန်ပါ။

ရှေ့တန်းဌာနချုပ်နဲ့ တပ်ခွဲ(၅)ခွဲရဲ့တပ်တည်ဖယားပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဌွန်းရွာ အနေအထားကတော့ သံလွင်မြစ်ရဲ့အရှေ့ဘက်ကမ်းမှာ မြောင်ပြီး အလျားလိုက် တည်ရှိလို့ ရွာမြောက်ဖျား၊ ကျွန်တော်တို့ တပ်စခန်းနဲ့ ရွာတောင်ဖျား ရဲကင်းစခန်းရဲ့ အကွာအဝေးဟာ တစ်မိုင်ခွဲလောက်တောင် ရှိမှာပါ။

မော်လမြိုင်က သံလွင်မြစ်အတိုင်း ဆန်တက်လာတဲ့ ခရီးသည်ရော၊ ကုန်ပစ္စည်းပါ တင်ဆောင်လာတဲ့ နှစ်ထပ်သင်္ဘောကြီးတွေဟာ ဘားအံကနေ တဆင့် ရှေ့ဌွန်းရွာမှာ ဂိတ်ဆုံးပြီး သင်္ဘောပေါ်ပါ ခရီးသည်တွေကတော့ မော်တော်ပေါ် ကူးပြောင်းပြီး ကမမောင်းကို ခရီးဆက်ပါတယ်။

ကမမောင်းအထက်ကတော့ မြစ်ချောင်းကျဉ်း၊ ရေစီးသန်လို့ မော်တော် မတက်ပါဘူး။

❖

အလယ်ညဖြစ်တဲ့ မတ်လ(၂)ရက်နေ့ ညဆယ်နာရီ ထိုးပြီး ··· တော့ -

"ဝုန်း . ."

"ဂျိမ်း . ."

"ဒက် ! ဒက် ! ဒက် ! ဒက် !"

"တောက်ဖုန်း တောက်ဖုန်း"

ကမမောင်းရွာ၊ အရှေ့တောင်ဘက်ဆီက လက်နက်ငယ်သံ ··· ဝါးတောကြီး မီးလောင်သံအလား . . လက်နက်ကြီးသံတွေ မိုးခြိမ်းသံအလား ··· အဆက်မပြတ် ကြားရပါတယ်။ စစ်သက် အတွေ့အကြုံအရ ရှေ့ဌွန်းရွာ ··· ဘက်ကဆိုတာ သေချာနေပါပြီ၊

ရွာမြောက်ဖျား စစ်တပ်စခန်းကိုပဲလား . .၊ ရွာတောင်ဖျား ရဲ ··· စခန်းကိုပဲလား . . နှစ်ခုလုံးပဲလား။

"ဘိုကြီး . . စက်ဖွင့်စမ်း"

ပွဲခင်း လုံခြုံရေးကွင်းထဲမှာ ဆက်သွယ်ရေး စက်ထောင်ထား ··· ဆီကို တပ်ရင်းမှူးကြီး ရောက်လာပြီး ဆက်သွယ်ရေးတပ်စုတပ်ကြပ် ··· ဖြစ်တဲ့ ကျွန်တော့ကို အမိန့်ပေးလို့ ရေဒီယို အော်ပရေတာ၊ ဒုတပ်ကြပ် ···







စ်ကျော်ကို ထပ်ဆင့် အမိန့်ပေး လိုက် ပါတယ်။

"မိုးဟိန်း ··· မိုးဟိန်း - အသံ ဘယ်လောက်ကြားလဲ ဒါပဲ"

မိုးဟိန်းရှစ် ဆိုတာ ရှေ့ဌွန်းက ဆက်သွယ်ရေး စက်အခေါ် ဖြစ်ပြီး မိုးဟိန်းကတော့ စက် တာဝန်ခံ ဖြစ်တဲ့ စ်ကျော်ကို ခေါ်တာပါ။

"ရှေ့ဌွန်းစက် ဝင်နေပြီ - ဗိုလ်မှူးကြီး"

"အခြေအနေ သတင်းပို့ခိုင်း"

တပ်ရင်းမှူး နှုတ်မိန့် စ်ကျော်ကြားပြီးဖြစ်လို့ ကျွန်တော် ထပ် မပြောတော့ပါ"

"မိုးဟိန်းရှစ်မှ မိုးဟိန်းက မာနီလာ ပို့မယ်၊ စံပယ်သုံးငါး လုပ်ထား ···"

ထူးခြားဖြစ်စဉ် ကြေးနန်းပို့မယ် စက်အသင့်ဖွင့်ထားဖို့ပါ၊ စခန်း ··· အင်အား အလုံးအရင်းနှင့် တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ မိမိ ရွာမြောက်ဖျား ··· စခန်း ပတ်လည် ပစ်ရှင်းရာ ရန်သူ စုံမှုမရှိကြောင်း သတင်းပို့ တင်ပြ ··· တယ်၊

ရှေ့တန်းမှူးကြီးကလည်း ရဲစခန်း ပတ်လည် မှတ်ပုံတင် ပုံသေ ··· မှတ်တွေကို သရီးအင့်မော်တာ (သုံးလက်မ စိန်ပြောင်းကြီး)နဲ့ ပစ်ခတ် ··· ထိန်းချုပ်ထားရန်၊

ည(၁၂)နာရီအထိ ဆုတ်ခွာခြင်းမရှိက စခန်းမှာ တစ်စိတ်ချိန်၊ ··· တပ်စုမှူး ဦးစီးတစ်စုအင်အား ရဲစခန်းသွားရောက် ပူးပေါင်း တိုက် ··· ရန်၊ လမ်းခုလတ် ဖြတ်တောက်ရေး သတိပြု - ရဲစခန်း မကျ ··· ရှေ့ ··· ခုံး စစ်ကူအဖွဲ့ ယခု ထွက်လာမည်လို့ ညွှန်ကြားချက်ပေးပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားတပ်စိတ် (၅)စိတ်ကိုလည်း ဆက်သွယ်မှုယူပြီး ရန်သူ ဆုတ်လမ်းကို ပိတ်ဆို့ဖို့ ညွှန်ကြားလိုက်ပါပြီ။ တစ်ဆက်ထဲ ပွဲခင်းလုံခြုံရေး တပ်ခွဲမှူး အသင့်ရှိနေလို့ -

"မင်းနဲ့ ငါးစိတ် – ပွဲလုံခြုံရေး ဆက်တာဝန်ယူ၊ ပွဲမပျက်စေနဲ့" လို့ ညွှန်ကြားပြီး တပ်ရင်းမှူး ဦးစီးတဲ့ ကျွန်တော်တို့ စစ်ကူအဖွဲ့ မော်တော်ဆိပ်ဆီကို ဆင်းခဲ့ကြပါတယ်။

❖

အရေးပေါ် အခြေအနေသုံးဖို့ အလှည့်ကျ စတင်းဘိုင်မော်တော် တစ်စီး ကမမောင်းဆိပ်ကမ်းမှာ ထားရှိပါတယ်။

တကယ် အရေးပေါ်လို့ စတင်းဘိုင် မော်တော်သုံးမယ်ဆိုတော့ စလင်(မော်တော်မောင်း)မရှိလို့ လိုက်ရှာရ၊ စက်ဆရာမရှိလို့ လိုက်ရှာရတာ တစ်နာရီကျော်ပါတယ်။

စလင်စက်ဆရာ နှစ်ဦးဆုံပြီဆိုတော့ စက်မောင်းဆီကုန်နေလို့ လိုက်ရှာရတာ တစ်နာရီ။

အားလုံးပြည့်စုံလို့ ထွက်ပြီဆိုတော့ ညနှစ်နာရီ ထိုးနေပါပြီ။

ကျွန်တော်တို့ကို ပို့ဆောင်တဲ့ စလင်နဲ့ စက်ဆရာဟာ ဒီလမ်းကြောမှာ မောင်းသက် မနည်းတော့ပါဘူး။ ရေကြောင်း၊ ရေကြောင်းနားလည် တတ်ကျွမ်းသူတွေ ဖြစ်ပါလျက် ကြောက်ကြောက်လန့်လန့် မောင်းရလို့ကျောက်ဆောင်တွေ တိုက်လိုတိုက်၊ သောင်နံ့တွေပေါ် ထိုးတင်လိုတင်နဲ့ ခရီးဖင့်လှပါတယ်။

သောင်တင်တယ်ဆိုတာ ရေဆန်ကို လှန်တက်ရှိန်တင်တာက စက်အား၊ လူအား၊ ရေအားနဲ့ လွတ်ကင်းအောင် ရုန်းလို့ရပေမယ့် ရေစုန်မှာ သောင်တင်ပြီဆိုရင်တော့ စက်အား၊ လူအားနဲ့ ဘယ်လောက်ပဲ ရုန်းရုန်း ရေတွန်းအားကြောင့် ချွေးပြန်အောင် တွန်းရပါတယ်။

အကြောင်း အမျိုးမျိုး၊ အခက်အခဲ အမျိုးမျိုးကြောင့် ကုန်ဆုံးသွားတဲ့ ပြုန်းတီး ပျက်စီးအချိန်တွေဟာ တစ်နေရာရာမှာ ကြမ္မာငင်တော့မယ် ဆိုးကြိုးနဲ့ ကြုံတွေ့ရတော့မယ်ဆိုတာ သိနေသလိုလိုပါ။





မတ်လ(၃)ရက်နေ့၊ မနက်ငါးနာရီကျော် ခရောင်နီပေါ်စမှာ ကျွန်တော်တို့ စစ်ကူလိုက် မော်တော် ရွှေဂွန်းကို ကပ်နိုင်ပါတယ်။

❖

ရှေ့တန်းမှူး ညွှန်ကြားချက်အရ ည(၁၂)နာရီထိ ရန်သူ ဆက်တိုက်နေဆဲဖြစ်လို့ ရွာမြောက်ဖျားက တပ်စုတစ်စုဟာ ရဲစခန်းကို စစ်ကူသွားပါတယ်။

ရွာလယ်၊ ကျောင်းပင် ဇရပ်ပျက်အရောက်မှာတော့ တပ်ရင်းမှူး သုံးသပ်ချက်အတိုင်း ရန်သူ့ဖြတ်တောက်ရေးအဖွဲ့နဲ့ တိုးလို့ ကျည်အားနဲ့ စစ်ကူယူနိုင်လို့ ရန်သူ ဆုတ်ခွာသွားပါတယ်။

မိနစ်ပိုင်း သူပစ်၊ ကိုယ်ပစ် တိုက်ပွဲငယ်လေးမှာ စစ်ကူအဖွဲ့က ရဲဘော်တစ်ယောက် ကျဆုံးပါတယ်။

စိတ်မကောင်းစရာပါ။ နဖူးပြင်အတိုင်း ညာဘက်ကနေ ဘယ်ဘက်ကို ကန့်လန့်ဖြတ် အပေါ်ကြောအတိုင်း ရပ်မှန်တဲ့ ဒဏ်ရာပါ။ တစ်ချက်ထဲပါ။ အရိုးမထိပေမယ့် ကျည်လုံးရဲ့ရိုက်အားကြောင့် ဦးနှောက်ထိ သွေးယိုစိမ့်ပြီး သေတာလို့ သိရပါတယ်။

ကျောင်းဆင်းစ ရဲဘော် အသစ်လေးဖြစ်လို့ စိတ်မျော၊ အားလျော့တာလည်း ပါမယ်ထင်ပါတယ်။

❖

ရွှေဂွန်းရွာတောင်ဖျား ရဲကင်းစခန်းမှာ ရဲတပ်ကြပ် မောင်ဖြူဆိုတာ ရှိပါတယ်။ သူ့အမျိုးသမီးက မနီနီလို့ ခေါ်ပါတယ်။

ရဲတပ်ကြပ် မောင်ဖြူနဲ့ မနီနီတို့မှာ ခြောက်နှစ်၊ လေးနှစ်၊ နှစ်နှစ် အရွယ် တစ်ယောက်နဲ့တစ်ယောက်၊ အပြန်အလှန် ထိန်းကျောင်းနိုင်ခြင်း ရှိတဲ့ လူမမယ် သမီးလေး သုံးယောက်ရှိပြီး မနီနီဝမ်းဗိုက်ထဲမှာလည်း နေ့စေ့၊ လစေ့ ကိုယ်ဝန်လွယ်ထားပါတယ်။

သမီးချည်းပဲ သုံးယောက်မွေးပြီးဖြစ်လို့ သားယောကျ်ားလေး လိုချင်တာကတော့ လင်မယားနှစ်ယောက်လုံးရဲ့အပြင်းထန်ဆုံးသော ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊

ဗေဒင်မေးပါတယ်၊ နတ်မေးပါတယ်၊ ရက္ခစိုးကို သား ဆုတောင်းပါတယ်၊ တစ်ရပ်ထဲ အဖြေကတော့ သားယောကျာ်းလေးပါဆိုတာကြောင့် မွေးကင်းစကနေ ငါးနှစ်သားအရွယ်ထိ ဝတ်ဆင်ဖို့ အဝတ်အထည် ဆင်မြန်းပေးဖို့ရန်အတွက် စုဆောင်းထားတဲ့ ရွှေတိုရွှေစ သံသေတ္တာတစ်လုံးလည်း ရှိပါတယ်၊

အခင်းဖြစ်မယ့် ညဦးရှစ်နာရီလောက်မှာ ခါးကိုက်၊ ဝမ်းနာ၊ ဆီးအောင့် စတဲ့ ကလေးဖွားမြင်ဖို့ အရိပ်လက္ခဏာတွေ ပြလာလို့ ရွာလယ်မှာရှိတဲ့ အစိုးရခန့် ကျေးလက်သားဖွား ဆရာမကို မောင်ဖြူသွားခေါ်ပါတယ်၊

မွေးလူနာရှိတယ်ဆိုလို့ အဲဒီအိမ်ကိုသွားတဲ့ ဆရာမရဲ့နောက်ကို လိုက်သွားရသလို၊ လုပ်ငန်း မပြီးပြတ်သေးလို့ တစ်နာရီလောက် စောင့်ဆိုင်းပြီး စိတ်ချရပြီဆိုတော့မှ မောင်ဖြူက ဆရာမရဲ့ဆေးဝါးအသုံးအဆောင်ပစ္စည်းထည့် သေတ္တာလေးကိုဆွဲပြီး ရှေ့က ဦးဆောင်အသွား၊ ဆရာမနောက်က ထပ်ချပ်မကွာ လိုက်၊

ဘယ်လောက်မှ မကြာလိုက်ဘူး၊ ရဲစခန်းဘက်က သေနတ်သံတွေ ကြားလို့ မောင်ဖြူရော၊ သားဖွားဆရာမပါ နီးစပ်ရာ အိမ်ထဲဝင်၊ မိသား ဖုံးခိုကျင်း၊ ကျဉ်းကျဉ်းကြပ်ကြပ်လေးထဲရောပြီး ပုန်းခိုလိုက်ရပါတယ်၊

❖

တိုက်ပွဲစဖြစ်ပြီဆိုကတည်းက မနီနီ ဗိုက်မခံမရပ်နိုင်လောက်အောင် နာကျင်ကိုက်ခဲတာတွေ ဘေးရှိတ်၊ သမီးသုံးယောက်ကို ငယ်စဉ်ကြီးလိုက် တစ်ယောက်စီပွေ့ချီပြီး အိမ်နောက်ဖေး ဖုံးခိုကျင်းထဲက ပြောင်းရွှေ့ပါတယ်၊

မနီနီပတ်ဝန်းကျင်မှာ ကျည်ဆံတွေ၊ မိုးသီးမိုးပေါက်အလား တရွှဲရွှဲ ဖြတ်သန်းနေပါတယ်၊ ဂရုမထားနိုင်ပါဘူး၊ သမီးငယ်လေးတွေ ဘေးလွတ်ရာကို ပို့ဆောင်ပေးဖို့က မနီနီရဲ့ တုထည်ကြီးမားလှတဲ့ ရှေ့ရေး ဖြစ်ပါတယ်၊

သမီးသုံးယောက်လုံး စုံနေပါပြီ၊ မနီနီလည်း ရေမွှာပေါက်







ဘွစ်လိုက်ရင် ထွက်သူတော့မှာပါ၊ အော်ဆစ် အကူ အညီတောင်းဦးတော့ ဘေးဆန်းကပ်နေတဲ့ ဖုံးခိုကျင်းထဲက ဘဝတူ ခဲ့မတွေ လာပြီး ကူညီကြမှာပါ၊

ဒီအချိန် မနီနီ ခေါင်းထဲမှာ တစ်ခုခု လိုနေသလို ခံစားရပါတယ်၊

မနီနီတို့ စခန်းတောင်ဘက် ကင်းပုန်းတဲကို လက်နက်ကြီးကျည် ဆိုမှန်ပြီး မီးစွဲလောင်ပါတယ်၊ ဒီမီးကို ဘယ်သူမှ ငြိမ်းသတ်မှာ မဟုတ်ပါဘူး၊ အဲဒီမီးသာ လိုင်းခန်းတွေဘက် ကူးစက်လောင်ကျွမ်းခဲ့သည်ရှိသော် –

မနီနီ ခေါင်းထဲမှာ အသိတစ်ခု ဝင်ပါတယ်၊ သားလေးရဲ့သေတ္တာ၊ သားလေးရဲ့ပစ္စည်းသေတ္တာယူဖို့ ဖုံးခိုကျင်းက ထွက်၊ အဆက်မပြတ် ဖြတ်သန်းနေတဲ့ ကျည်သံတရှဲရှဲ၊ တဝုန်းဝုန်းနဲ့ ပေါက်ကွဲနေတဲ့ ဗုံးသံတွေလည်း မနီနီ မကြားတော့လို့ထင့်၊ ရေမွှာပေါက် – ကလေး ထွက်ကျတော့မှာကို လည်း အောင့်အီးသည်းခံ၊ အံကြိတ်ပြီး နောက်ဖေး ရေကပြင်ပေါ် ကုတ်ကတ် တက်၊ နောက်ဖေးတံခါး တွန်းဖွင့်ပြီး မီးဖိုခန်းထဲ အဝင် –

"ဖောက်!.."

"ဂျိမ်း.."

M79 လောင်ချာက ပစ်လိုက်တဲ့ M40 ကျည်ဗုံးသီးဟာ မနီနီရဲ့ နောက်စေ့ကို တိုက်ရိုက်ထိမှန်၊ ထပ်ဆင့်ပေါက်ကွဲပြီး မနီနီ ခေါင်းက ဦးနှောက်စတွေ ရေကပြင်မှာ ပြန့်ကျဲသွားပါတော့တယ်၊

❖

မိုက်လုံးကြီးတဲ့ ရန်သူဟာ မိုးစင်စင်လင်းမှာ ကျွဲရိုင်းမှုတ်သံနဲ့ အတူ



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ခွာပါတယ်။ ကစဥ့်ကလျား ဆုတ်ခွာခြင်းပါ။ မြင်သာထင်သာရှိလို့ တပ်နဲ့ ရဲ တက်ညီလက်ညီ ပစ်ခတ်တိုက်ခိုက်လို့ အတုံးအရုံး ကျဆုံးတာ အထင်းသား မြင်နေရပါတယ်။

မသေလို့ လွတ်မြောက်သွားတဲ့ ရန်သူတွေ ဆုတ်ခွာချိန်၊ နာ ဝက်တောင် မရှိတတ်တဲ့အချိန်မှာ ပိတ်ဆို့ရေး စစ်ကြောင်းနဲ့တိုးပြီး ပစ်သံ ခတ်သံတွေ ကြားရပြန်တာကြောင့် မရှုမလှ ကျဆုံးကုန်မှာပါ။

ကျွန်တော်တို့တွေ နယ်မြေ ရှင်းလင်း – ရန်သူ့ဒသနတ်တွေ လိုက်ကောက်၊ သေဆုံးအလောင်းတွေ လင်းတစာ ကျွေးပြီး ရဲစခန်းကို ပြ ဝင်တဲ့အချိန်။ လိုင်းခန်းတစ်ခန်းရဲ့ နောက်ဘက်မှာ လူတွေ စုပြုံနေလို့ အပြေးတစ်ပိုင်း သွားကြည့်ဖြစ်ပါတယ်။

အမျိုးသမီးတစ်ယောက် ခေါင်းကို လက်နက်ကြီး ဗုံး တိုက်ရိုက် ထိမှန်ပြီး မှောက်လျက်လဲနေတဲ့ အနေအထားကို မြင်တွေ့ရပါတယ်။ ကျေ တပြင်မှာလည်း ဦးနှောက်စတွေ ပြန့်ကျဲနေလို့ပါ။

ဦးနှောက်ထဲ သွေးယိုစိမ့် – ဦးနှောက်သွေးကြောပေါက်ရင် တောင် သေဆုံးတတ်ပါတယ်။ ခေါင်းရိုးတွေ ကြေမွ၊ ဦးနှောက် တစ်စတောင် မရှိတဲ့ မိန်းမ အသက်ရှင်နေတာ အံ့ဩစရာပါ။

အမျိုးသမီးမှာလည်း ကိုယ်ဝန်ကြီးနဲ့ပါလား။

❖

ဒဏ်ရာရ ကိုယ်ဝန်ဆောင် အမျိုးသမီးကို ကျွန်တော်တို့ ရဲဘော် တွေ၊ အိမ်ရှေ့ဘက် ရွှေ့ပြောင်းပြီး ပက်လက်အနေအထား ချပေးပါတယ်။

အမျိုးသမီးနာမည်က မနီနီ။ သူ့ခင်ပွန်းက ရဲတပ်ကြပ် မောင်မြ သမီးမိန်းကလေး သုံးယောက်ရှိကြောင်း ရဲမေတွေ ပြောလို့ သိရပါတယ်။

မနီနီ အသက်ဇီဝိန်မချုပ်ငြိမ်းသေးမယ့် စကားပြောလို့ မရတော့ ပါဘူး။ ဒါပေမယ့် မနီနီ လက်နှစ်ဘက်နဲ့ ပြောနေတာကိုတော့ ကြည့်မြင်ရ တိုင်း သဘောပေါက်ကြပါတယ်။

မနီနီ လက်ဝါးနှစ်ဘက်ပူးပြီး လှုပ်နေပါတယ်။

ရှိခိုးဦးချ တောင်းပန်နေတာပါ။





မနီနီ – သူ့လက်နှစ်ဖက် ရင်ညွှန့်ပေါ်တင်ပြီး ပေါင်ထိပ်အထိ အကြိမ်ကြိမ် ပွတ်တွန်းနေပါတယ်။ ကျွန်မ ဗိုက်ကိုတွန်းပြီး ဗိုက်ထဲက ကလေးကို မွေးထုတ်ပေးကြပါလို့ အဓိပ္ပါယ်ဆောင်ပါတယ်။

မြင်မြင်သမျှ အံ့ခဲကြည့်နေတဲ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ မျက်ဝန်း၊ ရဲမေ တွေရဲ့ မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ပါ။ မနီနီကို သနားဂရုဏာ ဖြစ်ရတဲ့ မျက်ရည်တွေပါ။

မနီနီ ညာလက်ဝါးထောင်ပြီး ရှေ့တိုးနောက်ငင် လုပ်ပြပါတယ်။ ပြီးတော့ ရင်ညွှန့်ကနေ အောက်ခြေအထိ လက်ဝါးစောင်းနဲ့ အကြိမ်ကြိမ် ဆွဲပြပါတယ်။

မနီနီ လက်ဝါးနှစ်ဖက်ပူးပြီး လှုပ်ပြပါတယ်။

(ရှိခိုးပါရဲ့ရှင် .. ကျွန်မ ဗိုက်ကို ခွဲပါ။ ကျွန်မ သားလေးကို မွေးပေး ကြပါလို့ အသနားခံနေတာပါ)

ကျွန်တော်တို့ တပ်ရင်းမှူး၊ ရဲကင်းမှူး၊ ရဲကင်းမှူး ကတော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၊ မျက်နှာ အမူအယာပျက်ပြီး ရဲတင်း စခန်းရုံးဘက် ထွက်သွားပါတယ်။

❖

"မနီနီလက်ဟန်နဲ့ ဘာတွေပြောတယ်ဆိုတာ စခန်းမှူးရော၊ စခန်းမှူးကတော်ပါ သဘောပေါက်ကြပါတယ်နော်"လို့ ကျွန်တော်တို့ တပ်ရင်းမှူး အမေးကို ခေါင်းငြိမ့်ဖြေပါတယ်။

"အဲဒီတော့ တိုက်နယ်ဆေးရုံရှိတာပဲ၊ ဆေးဝန်ထမ်းတွေခေါ်"

စခန်းမှူး လင်မယား အပြန်အလှန်ကြည့်ပြီး –

"မနေ့ညထဲက တိမ်းရှောင်သွားလို့ မရှိကြတော့ပါဘူး .. ဗိုလ်မှူး ကြီး"

"မရှိဘူးဆိုရင်တော့ ဖြစ်အောင် လုပ်ရမှာပဲ"

"ဗိုလ်မှူးကြီး ဘာကို ဆိုလိုတာပါလဲ"

"ခွဲမွေးဖို့ပါ .. သူ့ယောကျာ်း လက်မှတ်ထိုးဖို့နဲ့ ဆန္ဒသဘောထား ယူဖို့တော့ လိုတယ်၊ ခေါ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူး ဆက်သားနဲ့ အခေါ်လွှတ်လို့ ငါးမိနစ်လောက်အကြာမှာ ရဲတပ်ကြပ် မောင်ဖြူ ရောက်လာပါတယ်။ စခန်းမှူးကတော်ကပဲ ဦးဆောင် အခြေအနေ ရှင်းပြပြီး ဆန္ဒယူတော့ -

"ကျွန်တော် သဘောမတူပါဘူး" တဲ့။

တုံးတိကြီး ဘာဖြစ်လို့လဲဆိုတော့ မကြည့်ရက်၊ မမြင်ရက်လို့ပါ တဲ့၊ သူနားသွင်းရတာ အချိန်ကုန်တာပဲ။

"ကဲ .. အဲဒါဆို .. တို့ လုပ်သင့်တာ ဆက်လုပ်ရမှာပဲ၊ မင်း ကလေး တွေ ခေါ်ပြီး တခြား ထွက်သွား"

စခန်းမှူး အသံမာမာနဲ့ အော်လွှတ်လို့ ရဲတပ်ကြပ် မောင်ဖြူဟာ မျက်ရည်စမ်းစမ်းနဲ့ ကလေးသုံးယောက်ခေါ်ပြီး စခန်းအပြင်ဘက်ကို ထွက်သွားပါတယ်။

"အမေကြီးကို .. ကယ်ကြပါ"

"အမေကြီး .."

ကလေးတွေရဲ့ရင်ကွဲသံလေးတွေကြောင့် ကျွန်တော်တို့ စစ်သား ကြီးတွေတောင် မျက်ရည်ကျမိပါတယ်။

❖

နေအိမ်ခန်းကို ခွဲစိတ်ခန်းအဖြစ် ကာရံပြီး ဆေးမှူး မနီနီ ဝမ်းပြင် ကို နားကြပ်နဲ့ ထောက်စမ်းပါတယ်၊

"အခြေအနေ ကောင်းတယ်၊ ခွဲစိတ်ပစ္စည်းတွေ ပြင်"

ဆေးမှူး မှတ်ချက်ပေးစကားကြောင့် မနီနီပြုံးပါတယ်၊

"ဖြောင်း .. ဖြောင်း"

ခွဲစိတ်ကိရိယာ ပွတ်တိုက်သံတွေကြားလို့ မနီနီ တီးလိုက်တဲ့ လက်ခုပ်သံ နှစ်ချက်ပါ၊

ဆေးရုံ၊ ဆေးခန်းမဟုတ်လို့ မေ့ဆေး၊ ထုံဆေးမသုံးဘဲ အစိမ်းလိုက် ခွဲပေမယ့် မနီနီ မျက်နှာတစ်ချက် မတွန့်ပါဘူး။

အချိန်ကတော့ မနက် ရှစ်နာရီခွဲနေပါပြီ၊ ဦးနှောက် လက်တစ် ဆစ်တောင်မရှိတော့တဲ့ မနီနီ နှလုံးခုန်နေပါသေးတယ်၊





မနေ့ည ဆယ်နာရီခွဲလောက်ထဲက ပြင်းပြင်းထန်ထန် ဒဏ်ရာရ ထားတဲ့ မနီနီဟာ ဆယ်နာရီ အသက်ရှင်ခွင့်ရနေတာကတော့ အံ့မခန်း စရာပါ၊

"အူဝဲ .. အူဝဲ"

"အဲ .."

မနီနီ လက်ခုပ်လက်ဝါးတီးရင်း ပြုံးပါတယ်၊ နောက်ဆုံး အပြုံးပါ။ နောက်ဆက်တွဲ ကလေးအူဝဲလို့ မအော်နိုင်တာကိုတော့ မနီနီ သိမသွား ပါဘူး။

အကယ်၍သာ -

စလင် စက်ဆရာ ရှာရတဲ့အချိန်၊ မော်တော်လမ်းကြောင်း မှား ပြန်ကွေ့၊ သောင်တင် ဆင်းတွန်းရတဲ့ အချိန်တွေ၊ ရဲတပ်ကြပ် မောင်ဖြူ နား မဝင်တဲ့ အချိန်တွေ၊ မဖြုန်းတီးခဲ့ဘူးဆိုရင် နှစ်နာရီ၊ သုံးနာရီလောက် စော ပြီး ခွဲမွေးရင် အောင်မြင်မှာပါ၊

အချိန်တွေ တစ်မျိုးပြီးတစ်မျိုး၊ ကမောက်ကမဖြစ်နေထဲက တစ် နေရာမှာ ကြမ္မာငင်တော့မယ်၊ ဆိုးကျိုးနဲ့ ရင်ဆိုင်ရတော့မယ်ဆိုတာ ကျွန် တော် ကြိုသိနေသလိုပါ၊

စာရှုသူများနဲ့ အဖြေညှိပါရစေ၊

မနီနီ ဘာလို့ မသေတာလဲ၊

ကျွန်တော့်အဖြေကတော့ ဝိညာဉ်မဟုတ်ပါ၊ သရဲတစ္ဆေ ပူးကပ် နေလို့ အဆိုရှိရင်လည်း ကျွန်တော် ငြင်းပါတယ်၊

တကယ်တော့ မနီနီ ဒဏ်ရာရထဲက သေလွန်နေပါပြီ၊ ဒါပေမယ့် မနီနီရဲ့အသည်းနှလုံးမှာ မနီနီရဲ့အသွေးအသား ရိုးတွင်းချဉ်ဆီတွေထဲမှာ ဘယ်အရာနဲ့မှ နှိုင်းယှဉ်လို့မရတဲ့ မိခင်မေတ္တာတွေကြောင့်လို့ ဖြေကြားပါ ရစေ၊

❑




www.burmeseclassic.com

www.burmeseclassic.com



# လူ့ကဲ့သို့အသက်ရှည်တဲ့ လူငါး(သို့မဟုတ်) ရေပုတ်သင်



လူတစ်ယောက်လို၊ လူ့သက်တမ်းကဲ့သို့ အသက်ရှည်စွာ နေထိုင်နိုင်တဲ့ ရေသတ္တဝါတစ်မျိုးကတော့ လူငါးလို့ အများက ခေါ်ကြတဲ့ ရေပုတ်သင်ကောင်တွေပဲ ဖြစ်ပါတယ်။

သူတို့ရဲ့ဘဝစက်ဝန်းဟာ အလွန်အင်မတန်မှ ရှည်လျားလှပါတယ်။ ပြီးတော့ သူတို့မှာ လူတစ်ယောက်ကဲ့သို့ ခြေချောင်းလေးချောင်းပါရှိပြီး သူတို့ရဲ့အရေပြားတွေကတော့ ရောင်ခြယ်တွေမပါဝင်ဘဲ ဖြော်ရောသက်သက်သာ ဖြစ်ပါတယ်။

လူငါး(သို့) ရေပုတ်သင်ကောင်ရဲ့ထူးခြားချက်ကတော့ သူတို့ဟာ အန္ဓ အင်မတန်ကောင်းတဲ့ သတ္တဝါတွေ ဖြစ်ကြပါတယ်။ သူတို့ရဲ့နှာခေါင်းတွေဟာ ရေထဲက အားပျော့တဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေကို ဖမ်းသိရှိနိုင်ပါတယ်။

လူတစ်ယောက်ကဲ့သို့ ဆယ်ကျော်သက်အရွယ်ရောက်မှ လိင်အင်္ဂါတွေ နိုးကြားကြပါတယ်။ ရေပုတ်သင် အကောင်ငယ်လေးတွေဟာ ဥကနေ ပေါက်ဖွားကြပါတယ်။ နောက်ထပ်ထူးခြားတဲ့ အချက်တစ်ခုကတော့ ရေပုတ်သင်အကောင်ငယ်လေးတွေဟာ အစားမစားဘဲ (၁၀)နှစ်လောက် ရှင်သန်နိုင်ကြပါတယ်။







လူငါး(သို့) ရေပုတ်သင်ကောင်တွေဟာ ကုန်းနေ၊ ရေနေ သတ္တဝါတွေဖြစ်ကြပေမယ့် အများအားဖြင့် ရေထဲမှာသာ အနေများပါတယ်။ သူတို့ရဲ့မျက်လုံးတွေဟာ တကယ်တော့ လုံးဝ အလုပ် မလုပ်ဘဲ အန္ဓခြင်းနဲ့သာ ရှင်သန်သွားလာကြပါတယ်။

သူတို့ရဲ့ အရွယ်ဟာ လူတွေရဲ့လက်ဖျံအရွယ်လောက် ရှိပါတယ်။ ရေကူးဖို့အတွက် အမြီး တစ်ချောင်းပါရှိပြီး ပါးဟက်ရှိပါတယ်။ ဒါပေမယ့် သူ့မှာရှိတဲ့ အဆုတ်တစ်စုံလုံးဟာ အလုပ်မလုပ်ပါဘူး။ သူတို့မှာ ငါးရှဉ့်တစ်ကောင်လို ဖြော်ရောရော အရေပြားရှိပြီး အရောင်က အဖြူရောင်နဲ့ အညိုရောင်တို့သာ ရှိပါတယ်။

လူသူမရောက်နိုင်တဲ့ ကျောက်ဆောင်၊ ကျောက်ဂူယ်တွေမှာ လူငါး(သို့) ရေပုတ်သင်တွေ နေထိုင်ကြပါတယ်။ သူတို့ဟာ ကုန်းပေါ်မှာလည်း နေထိုင်ကြပါတယ်။ သူတို့ကို တချို့က မြွေမျိုးနွယ်ဝင်ထဲမှာ ပါဝင်တယ်လို့ ဆိုကြသူများ ရှိပါတယ်။

သူတို့ဟာ အစာကို တစ်ဝတစ်ခါစားပြီးရင် တော်ရုံတန်ရုံသာမက နှစ်ကာလ ကြာရှည်တဲ့အထိ အစာမစားဘဲ နေထိုင်နိုင်ကြပါတယ်။ သူတို့နဲ့ ပတ်သက်လို့ အခုအခါမှာ သိပ္ပံပညာရှင်များဟာ လေ့လာ ဆန်း စစ်မှုများ ပြုလုပ်နေကြပါပြီ၊ သူတို့ကို အီတလီ၊ ဆလိုဗေးနီးယား၊ ခရိုအေးရှားနဲ့ ဟာဇီဂိုးဗီးနားသာမက အခုချိန်မှာ ရေပုတ်သင်မျိုးစိတ်ယူခြင်းကြောင့် အမေရိကန်နိုင်ငံတစ်လွှားမှာပါ ကျယ်ကျယ်ပြန့်ပြန့် မြင်တွေ့နိုင်နေပြီ ဖြစ်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



# ထူးခြားဆန်းကြယ် ဂန္ဓာရီခရီး

နေမထူး

- အကြည်တော် မင်းခန့်နှင့် အတူလိုက်ပါခဲ့သော ထူးခြားဆန်းကြယ် ဂန္ဓာရီခရီး။
- ပညာယူစရာ၊ ပညာရစရာ ဖြစ်ရပ်ဆန်းများစွာဖြင့်..။





www.burmeseclassic.com

www.burmeseclassic.com





'ဂန္ဓာရီခရီး' ဆိုသည်မှာ
ထူးခြားသော ယုံကြည်မှုအတွက်
စူးစမ်း လေ့လာသည့်
ခရီးစဉ်ဟု ယူဆမိသည်။

(၁)

"သွားကြစို့လေ"

နောက်မှ အသံကြေ... တအံ့တသြ လှည့်ကြည့်မိသည်။ ဦး... ကောင်းကျော်သည် မုံရွာမြို့တွင်... သဘောဆိပ်သို့ လာရာလမ်းကို ငေး... ကြည့်နေမိခြင်းကြောင့် အသံရှ... ရောက်ရှိနေကြောင်း မသိနိုင်ပေ။

အသံရှင်သည် အကောင်းစား ရုပ်အင်္ကျီအဖြူနှင့် ပိုးလုံချည်... အစိမ်းရောင် ကွက်စိပ်ကို ဝတ်ဆင်ထားသည်။ ဆံပင်ကို သပ်ရပ်စွာ ဖီး... ထားသဖြင့် ရှိသင့်သော အသက်အရွယ်ထက် နုပျိုသကဲ့သို့ ထင်ရ... သည်။ အကြည်တော် မင်းခန့် ဖြစ်လေသည်။

"ဘာနဲ့ လာတာလဲ"

"သူများနည်းတူ ကားစီးလာတာပေါ့ဗျာ . . ဟိုနားကဆိုင်မှာ... ပြီး ခင်ဗျားကို စောင့်နေတာလေ၊ တွေ့တာနဲ့ ထွက်လာတာ၊ ဘာဖြစ်လို့..."

"မတွေ့မိလို့ပါ . . သွားကြစို့၊ တော်ကြာ သဘောထွက်တော့မယ်"

ဦးကောင်းကျော်က ဦးဆောင်ပြီး သဘောရှိရာသို့ အကြည်တော်... မင်းခန့်နှင့်အတူ လျှောက်လာကြသည်။ မီးသဘောဖြစ်သော်လည်း ဖုံ...







...ခြားသည်၊ ပွဲပိုင်းတွင် သာမန် အင်ဂျင်... ...ဖြင့် ရေယက်အဖြစ် သစ်သားဘီးကြီး... ...ား ပါသည်။

အောက်ထပ်တွင် ကုန်... ...ည်းများ၊ လူများနှင့် ပြည့်နေ... ...ည်။ ဦးကောင်းကျော်က ဝန်ထမ်း... ...ဝတွင် မန္တလေး၊ မုံရွာ၊ ရေဦး၊ ...လေးဝတို့ကို သွားလာဖူးသဖြင့် ...သိအကျွမ်း များသည်၊ အဆက် ...သွယ်ရှိပြီး အပေါ်ထပ် နှစ်ယောက် ...န်းရသဖြင့် အဆင်ပြေလေသည်။

စင်စစ် အကြည်တော် ...ခန့် က ဤဂန္ဓာရီခရီးစဉ်ကို ဦးဆောင် ထွက်လာခြင်း ဖြစ်သည်၊ ဦး ...ကောင်းကျော်က မုံရွာသို့ ကြိုတင်ရောက်မည့်သူဖြစ်သဖြင့် ကြိုတင် စီမံ ...ခြင်းသာ ဖြစ်လေသည်။ ဦးကောင်းကျော်မှာ အငြိမ်းစားယူပြီးနောက် ဟို ...သွား သည်လာဖြင့် အချိန်တွေ ပိုနေသည်၊

တစ်ခါတွင် အကြည်တော်မင်းခန့်ကို သတိရသဖြင့် အင်းလေး ...တ်သို့ ထွက်လာခဲ့သည်၊ တွေ့ဆုံနေကျ စေတာတန်းလေးတွင် သုံးရက် ...မျှ စောင့်ပြီးနောက် တွေ့ရသည်၊ အကြည်တော်မင်းခန့်က ဦးကောင်း ...ကျော်မှာ အငြိမ်းစားယူပြီးဖြစ်ကြောင်း သိရသည်၊

သူသွားသောခရီးစဉ်ကို လိုက်လိုသောဆန္ဒရှိ၊ မရှိ မေးရာမှ ဦး ...ကောင်းကျော် လိုက်လာမိခြင်း ဖြစ်သည်၊ အကြည်တော်မင်းခန့်သည် ဤ ...သို့သော ဂန္ဓာရီခရီးစဉ်မျိုးကို မကြာခဏ သွားလေ့ရှိသည်ဟု ဆိုသည်၊

"တကယ်တော့ အဆန်းတကြယ် မဟုတ်ပါဘူး၊ ကမ္ဘာဦး အစ ...ကတည်းက လူတွေဟာ ခရီးသွားနေတာဗျ . . ဒီလိုနဲ့ ကမ္ဘာမှာ လူ့အဖွဲ့ ...အစည်း တိုးတက်ကြီးပွား ရိုင်းခန့်လာတာပါ"

ဦးကောင်းကျော်သည် အကြည်တော်မင်းခန့်၏စကားကို ဆန်း ...စစ်နိုင်ခြင်း မရှိသော်လည်း အထူးအဆန်းတွေ့ရနိုးဖြင့် လိုက်ပါလာခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ စင်စစ်မှာ ဦးကောင်းကျော်သည် ဝန်ထမ်းဘဝတွင် လှေ၊ လှည်းကား၊ မီးရထား၊ လေယာဉ်တို့ဖြင့် ခရီးစုံသွားဖူးသောကြောင့် ခရီးသွားခြင်းမှာ မဆန်းဟု ထင်မိသည်။

ဂန္ဓာရီခရီးဆိုသည်မှာ ထူးခြားသော ယုံကြည်မှုအတွက် စူးစမ်းလေ့လာသည့် ခရီးစဉ်ဟု ယူဆမိသည်။

"အချိန်ကုန်မှန်းမသိ၊ ကုန်အောင် စကားပြောရအောင်ဗျာ . . ခင်ဗျားက ဘာများ စူးစမ်းချင်နေတာလဲ"

အကြည်တော်မင်းခန့်က ဦးကောင်းကျော်၏စိတ်ကို သိနေသလို မေးသည်။ ဦးကောင်းကျော်က ချက်ချင်း မဆိုင်းမတွ တုန့်ပြန်သည်။

"ကျွန်တော်တို့ သင်္ဘောတက်လာတော့ သင်္ဘောဦးခန်းမှာ ဝတ်ဖြူစင်ကြယ်နဲ့ လူသူတော်တစ်ဦး တွေ့တယ်။ အနားက ဈေးသည်တကားသုံးလေးဦးက ဝတ်ပြုထိုင်နေတယ်။ ပုဂ္ဂိုလ်က မျက်လွှာချပြီး ဣန္ဒြေ သိက္ခာနဲ့ သမာဓိနဲ့နေတာ တွေ့ရတယ်။ ဥပဓိရုပ်ကောင်းပြီး ကြည်ညိုဖွယ်အဆင်မို့ လေးစား ရိုသေမိသလို ရှိတယ်။ ဒါပေမယ့် စိတ်ထဲမှာ ဘဝင်မကျဘူး ... ဘာကြောင့်လဲ"

"ရိုသေအောင်နေတဲ့အတွက် ရိုသေလေးစားတာ ကောင်းတာပေါ့ဗျာ"

"ဘယ်လို . ."

အကြည်တော်မင်းခန့်က ဦးကောင်းကျော်ကို ပြုံးပြီး ပြောသည်။

"ခင်ဗျားရဲ့ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်က သင့်တင့်တဲ့ သမာဓိ ရှိတယ်ဗျ။ သူ့နားက တကာမတွေကို ထိန်းနိုင်တဲ့ စိတ်ညို့ပညာလည်း အလေ့အကျင့် ရှိပုံရတယ်။ ဒီသင်္ဘောက ကလေးဝအထိဆိုရင် သုံးရက်လောက်ကြာမယ် ထင်တယ်။

သောင်တင်ရင်တော့ ဒီထက်မက ကြာနိုင်တာပေါ့။ ဒါကြောင့် ပိုမိုအဆင်ပြေ၊ လိုအင်ဆန္ဒပြည့်အောင် ခင်ဗျားယူထားတဲ့နေရာမျိုး အထက်တန်းခရီးသည်တစ်ဦးဦးရဲ့ ပင့်ဖိတ်မှုကို ပိုပြီး လိုလားတယ်။ သူက အစပျိုးဖို့ ကြိုးစားနေတာ"

"ဘာကြောင့် ပြောနိုင်တာလဲ"





၂။

**တတိယည မိုးလင်းလုအချိန်တွင် ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ် ခြင်ထောင်အတွင်းမှ အမျိုးသမီးတစ်ဦး ထွက်လာသည်ကို အမှတ်မထင် တွေ့လိုက်ရသည်။**

---

"ခင်ဗျားမှာ အခွင့်အရေးရှိရင် သူ့ငယ်ထိပ်ကို စမ်းကြည့်ပြီးတော့ မိတ်ထားတဲ့ မျက်လုံး၊ မျက်ခွံ၊ မျက်တောင်၊ သွေးစုန်နှုန်း၊ တစ်ခါတရံ လွတ်ထွက်သွားတဲ့ စိတ်ကို ပြန်လည်ထိန်းချုပ်ရတဲ့ စွမ်းအင်ကြောင့် ဖြစ်ပေါ်လာတဲ့ ကိုယ်အပူချိန်တွေဟာ သာမန်ထက်ထက် ထူးခြားတာ တွေ့ရလိမ့်မယ်"

"ဘယ်လို သိတာလဲ"

"ကျွန်တော်က သူ့ထက် အလေ့အကျင့်ရှိသူ ဖြစ်လို့ပါ"

ဦးကောင်းကျော်က ဘာမျှ ပြန်လည် မတုန့်ပြန်နိုင်ချေ။ အကြည်တော်မင်းခန့်က ဆက်လက်ပြောမည့်စကားကို နားစွင့်ရင်း မေးမိသည်။

"စောစောက ပြောတဲ့အထဲမှာ စိတ်ညို့ပညာအလေ့အကျင့် ရှိပုံရတယ်လို့ ဆိုတယ်။ ဘယ်လိုကြောင့်လဲ"

"ရိုးရိုးပြောရရင် အာရုံရတာပေါ့ဗျာ . .၊ ဒီပုဂ္ဂိုလ်က ကျုပ်တို့ ရောက်ခင် အတော်ကြာကြာက နေရာယူထားပြီးသားဗျ။ ဒါကြောင့် ဒီမိန်းမကုန်သည်တွေနဲ့ အလွမ်းသင့်တယ်။ ဒီအချိန်မှာ သူက သူကျွမ်းတဲ့ အတတ်နဲ့ တရားဟောတယ်။ မိန်းမူးအောင် လုပ်တယ်။ မသိစိတ်ကို ဖော်ထုတ်တယ်"

"ပြီးမှ သူ့ရဲ့ညို့ချက်ကို သွင်းတယ်။ ချည်ပြီးတုတ်ပြီး ဖြစ်သွားတယ်။ ကျွန်တော်ဖတ်ဖူးတဲ့ စာစကားနဲ့ပြောရင် လှွှမ်းမိုးခြင်း၊ ဖြေလျှော့ခြင်း ဖော်ထုတ်ခြင်း၊ ညို့ဓာတ်သွင်းခြင်းပေါ့ဗျာ။ သူများတွေလို အိပ်မွေ့ချစိတ်ညို့တာ မဟုတ်ဘူး။ သူကျွမ်းကျင်တဲ့ တရားဟောပညာနဲ့ သမာဓိကို အထောက်အကူပြု စိတ်ညို့တဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ"

"ဒီလိုဆိုရင် စပီကာနဲ့ တရားဟောပြီး သင်္ဘောတစ်စီးလုံး စိတ်ညို့ အိပ်မွေ့ချပြီး လုပ်ချင်တာလုပ်လို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ပြောသလို၊ သဘောပေါက လူတွေအားလုံးက သူ ဟော တဲ့ တရားမှာ မြေလျှော့ပြီး စိတ်ပိုင်းဆိုင်ရာ ပြေလျှော့သွားရင် မသိစိတ်ဓ လာမယ်ဆိုရင် ဟုတ်မှာပေါ့၊ ခင်ဗျားလို ဗွကျကျလူပါရင် မထင်ဘူးဗျ"

ဦးကောင်းကျော်က ရီလေသည်၊ ပြီးမှ မေးသည်၊

"အကြည်တော်နည်းနဲ့ ဘာကွာခြားလဲ"

"အင်း . . အဲဒီ နာမည်ကြီးကလဲဗျာ . .၊ ထားပါတော့ . . ကျွန်တော် က စိတ်ညှို့တာ မဟုတ်ဘူးဗျ၊ လူ့အကြောင်း လေ့လာတာ၊ လူ့ဘဝကို ဒ အောင် ကြိုးစားတာ၊ အလေ့အထကို နားလည်အောင် မှတ်သားတာ၊ စိတ် ဓာတ်ခွန်အား တည်ဆောက်တာ၊ ပြီးတော့ အဆင့်တွေများတော့ ရှုပ်တယ် ဗျာ၊ လွယ်လွယ်ပြောရရင် စိတ်ခွန်အား တည်ဆောက်ပြီး စိတ်ကိုလေ့လာ ဓတ်ရှုတဲ့ နည်းပေါ့ဗျာ"

"ရှင်းမှ ပိုရှုပ်သွားသလိုပဲ"

အကြည်တော် မင်းခန့်က ပြုံးလေသည်၊ ဦးကောင်းကျော်က သဘောကျသဖြင့် ရီသည်၊

"ခင်ဗျား ပျင်းရင် . . ခင်ဗျား ပုဂ္ဂိုလ်ကြီးကို သွားကြည့်ပြီး လေ့လာ ဦးဗျာ . . ကျွန်တော် ကျောဆန့်လိုက်ဦးမယ်"

(၂)

ဦးကောင်းကျော်သည် မြစ်ကြောင်းတစ်လျှောက် ခရီးစဉ်တွင် အကြည်တော်မင်းခန့်နှင့် စကားပြောလိုက်၊ အချို့နေရာများတွင် ကမ်းလာ သော လှေများမှ စားလိုသည်များ ဝယ်စားလိုက်၊ အောက်ထပ်သို့ ဆင်း၍ လေ့လာလိုက်၊ အိပ်ချိန်တန် အိပ်လိုက်နှင့် အလုပ်ဖြစ်နေသည်၊

အကြည်တော်မင်းခန့်ကမူ မည်သည့်အစားအစာမျှ စားသည် ကို မတွေ့ရချေ၊ ရေတစ်ဘူးဖြင့် သူ့ရိက္ခာ သူစားပြီး အေးဆေးသက်သာစွာ နေသည်၊ သူ့ရိက္ခာဆိုသည်မှာ ပြောင်းဖူး၊ မြေပဲ၊ ကောက်ညှင်းဆန်းခေါ် ပုတ်၊ ဆန်မှုန့်နှင့် နှမ်းပတ်ဟုထင်ရသော သီးနှံတို့ ထောင်းထားသည့် ရိက္ခာခြောက် ဖြစ်လေသည်၊ အဝတ်ကျည်တောက်ဖြင့် ထည့်ထားသည် ရာသက်ပန် သက်သတ်လွတ်ဟု သိရသည်၊





အကြည်တော် မင်းခန့်သည် သာမန်အချိန်တွင် ပတ်ဝန်းကျင် ရှုခင်းများ ကြည့်လိုက်၊ ဦးကောင်းကျော်နှင့် စကားပြောလိုက်၊ ကျောဆန့် လိုက်ဖြင့် နေသည်၊ သို့သော် ညအချိန်၊ အများအိပ်ချိန်တွင်မူ အကြည် တော် မင်းခန့်က အိပ်စက်သည်ဟူ၍ မရှိ၊ တိုးတိတ်ညင်သာစွာဖြင့် တရား ထိုင်သကဲ့သို့ ငြိမ်သက်စွာ ထိုင်နေသည်၊

အများသူငါ နိုးထချိန် နံနက်လေးနာရီခွဲခန့်မှသာ ပြန်လည် လဲလျောင်းနေသည်ကို အနီးကပ်လေ့လာ သိရှိရသည်၊ ဦးကောင်းကျော် သည် အကြည်တော်မင်းခန့်နှင့် သူငယ်ချင်းဖြစ်ခဲ့သော်လည်း အလေ့အထ အကျင့်အကြံကို တိတ်တခိုး လေးစားမိသည်၊

ဝတ်ဖြူစင်ကြယ် ပုဂ္ဂိုလ်မှာမူ ဒုတိယနေ့တွင် ယခင်ပုံစံမျိုး မဟုတ် ဘဲ ပရိသတ်နှင့်စကားပြောပြီး တရားဓမ္မအချို့ပို့ချနေသည်၊ ဦးကောင်း ကျော်လာသည်ကို တွေ့သောအခါ မသိကျိုးကျွံနေသည်၊ နေမြဲ ပြုကျင့်မြဲ ကို သိက္ခာ၊ သမာဓိနှင့် လုပ်သော်လည်း ဦးကောင်းကျော်က ခပ်တည် တည်၊ ခပ်တင်းတင်း ဂရုမပြုမိသကဲ့သို့ ပြုမူသည်၊

ထိုရောအခါ ပုဂ္ဂိုလ်က မျက်နှာအနေအထား ပြေလျော့လာသည်၊ သို့သော် ဦးကောင်းကျော်က စကားမပြောမိပေ၊ တတိယည မိုးလင်းလု အချိန်တွင် အပေါ့သွားရန် အောက်ထပ်သို့ ဆင်းသည်၊ ဝတ်ဖြူစင်ကြယ် ပုဂ္ဂိုလ် ခြင်ထောင်အတွင်းမှ အမျိုးသမီးတစ်ဦး ထွက်လာသည်ကို အမှတ် မထင် တွေ့လိုက်ရသည်၊ ဤသည်ကိုတော့ အကြည်တော်မင်းခန့်ကို မပြောမိချေ၊ ရင်တွင်း၌သာ ထားလိုက်သည်၊

(၃)

ကလေးဝဆိပ်ကမ်းတွင် ဆင်းကြသည်၊ အကြည်တော်မင်းခန့် သည် သူ၏အရပ်ဝတ်စုံကို စနစ်တကျ ခေါက်သိမ်းသည်၊ ယောဂီရောင် လုံချည်၊ အကျီနှင့် ယောဂီတဘက်တစ်ခုကို ဦးခေါင်းပေါင်းထားသည်၊ လွယ်အိတ်တစ်လုံး လွယ်ထားသည်၊

ဦးကောင်းကျော်ကလည်း နက်ပြာရောင် ဘောင်းဘီ၊ ရှပ်အကျီ တစ်ရှည်၊ ကျောပိုးအိတ်တစ်လုံးနှင့် ဦးထုပ်ဆောင်းလိုက်သောအခါ ခရီး



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းသွားရန် အသင့်ဖြစ်နေသည်။

"ကျုပ်တို့ ဟုမ္မလင်းကို ကားနဲ့ သွားကြတာပေါ့ဗျာ၊ ဖြစ်တယ် နော်"

"ဖြစ်တာပေါ့"

ကလေးဝ - ဟုမ္မလင်းက ကားလမ်းရှိသော်လည်း ကား အသွား အလာနည်းပြီး လမ်းက ကြမ်းသည်။ ရေလမ်းနှင့်စာလျှင် မြန်မည်ဟူသော အယူအဆဖြင့် သွားခြင်းဖြစ်သည်၊ တစ်လမ်းလုံး ဆိုးရွားသော ဒုက္ခမျိုး ခံစားပြီးနောက် ဟုမ္မလင်းသို့ ရောက်လာသည်။

အကြည်တော်က ဝတ်စုံလဲလိုက်သည်မှာ မှန်သည်ဟု တွက်မိ သည်၊ နှစ်ဦးသားမှာ ဖုံအလူးလူးဖြင့် သဘော်ဆိပ်ဆင်းရပြန်သည်။ လှေ ဆိပ်တွင် စက်တပ်လှေတစ်စီးကို စုပေါင်းစပ်ပေါင်း ငှားကြသည်၊ ကုန်ဝယ် လာသော ဒေသခံများနှင့် ပူးတွဲလိုက်လာကြသည်။

"ဦးကောင်းကျော် .. ထမံသီကို ရောက်ဖူးလား"

"ကြားဖူးတယ် .. မရောက်ဖူးဘူး၊ သမန်းကျား ခေါင်းကျန် တယ် ကြားတယ်"

အကြည်တော်မင်းခန့်က အံ့သြဟန်ဖြင့် ဦးကောင်းကျော်ကို ကြည့်လေသည်။

"ဘယ်လို သမန်းကျားလဲ .."

"လူက ကျားဖြစ်၊ ကျားက လူဖြစ်တယ်လို့ ဆိုတယ် .. ကြားဖူး တာပဲ"

အကြည်တော်မင်းခန့်က ဦးကောင်းကျော်ရှေ့တွင် လှေပေါ်ရှိ ဒေသခံလူများကို မေးကြည့်သည်၊ အများစုက သူတို့နှစ်ဦး၏ အသက်ထက် တစ်ဝက်ခန့် ငယ်သူများဖြစ်၍ မသိကြပေ၊ အသက်(၄၀)ခန့် လူတစ်ဦးက သူ သိသမျှ ပြောပြသည်။

"ကျွန်တော်လည်း လူကြီးတွေ ပြောပြလို့ ကြားမိသလို ရှိတယ် သေချာ မသိဘူး"

"ကိစ္စမရှိဘူး .. ဦးကောင်းကျော်၊ ကျုပ်တို့ အဲဒီ ထမံသီကို သွား မှာပဲ .. အဲဒီ ရွာရောက်မှ မေးကြတာပေါ့"







ဦးကောင်းကျော်က ဆတ်ဆော့ ဖြီး လိုက်မိသည်မှာ မှားလေပြီဟု တွေး မိသည်၊ ဤနေရာ၊ ဤဒေသသည် တော အလွန်ကြမ်းသည်၊ တောနက် သည်ဟု ကြားဖူးသည်၊ ထမံသီနယ် တွင် ယခင်က သမန်းကျား ရှိသည် ဟု ကြားမိသည်မှာ အမှန်ဖြစ်သည်၊

တစ်ခါက ထမံသီရွာမှ မုဆိုး တစ်ဦးသည် တောထဲတွင် စခန်းချသည်၊ လပြည့်ညတွင် ထိုမုဆိုးမှာ လူစင်စစ်မှ ကျားအဖြစ် ပြောင်းသွားသည်၊ ထိုကျားသည် ညအချိန် အမဲလိုက်ပြီး ပြောင်တစ်ကောင်ရသည်၊ မုဆိုးတဲသို့ ရှိုလာပြီး ရောက်သည့်အခါ လူအဖြစ် ပြောင်းလဲသွားသည်။

နံနက်တွင် ထိုပြောင်ကိုဖျက်ပြီး ရွာသို့သယ်လာသည်ဟု ဆို သည်၊ ထိုအခါမှစ၍ သမန်းကျားကြောက်သဖြင့် လပြည့်၊ လကွယ်ညများ တွင် အမဲမလိုက်ဟု သိရသည်။

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့ဗျာ၊ ကျုပ်တို့ ရောက်မှာပဲလေ"

"ဟုတ်လို့သာ ပြောတာ ဖြစ်မယ်၊ စာအုပ်တစ်အုပ်မှာလည်း ဖတ်မိသလိုပဲ"

အကြည်တော်မင်းခန့်က ဘာမျှ ထပ်မပြောရျေ၊ ပြုံးကြည့်နေ လေသည်၊ တစ်နေရာတွင် ချောင်းလက်တက်ဆုံရာ နေရာသို့ ရောက်သည်၊ လှေဆိပ်တွင် လှေဆိုက်သဖြင့် သူတို့နှစ်ဦးသည် ဆင်းရသည်၊

အကြည်တော်မင်းခန့်က ဦးဆောင်၍ ရှေ့က သွားသည်၊ အတန် သွားမိလျှင် လိမ္မော်ပင်များ တွေ့ရသည်၊ လိမ္မော်သီးတွေက တခြားဒေသ နှင့် မတူ၊ အလုံးကြီးပြီး မှည့်ရွှဲနေသည်၊

"စားချင်လိုက်တာဗျာ .. ဝယ်လို့ရလား မသိဘူး"

"စားချင် ခူးစားပေါ့ .. ဘယ်သူမှ မပြောဘူး၊ အလေ့ကျ အတိုင်း ဆဲ နွားတောင် မစားနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြန်တဲ့နေသော လိမ္မော်သီးများကို ဖြတ်သွားသော နွားများက မစားချေ။ နင်းချေမိသဖြင့် ပြန့်ကြဲနေသော လိမ္မော်သီးများက နေရာအနှံ့ ဖြစ်နေသည်။ အကြည်တော်မင်းခန့်က နှစ်လုံးရွေးပြီး တစ်လုံးကို ဦးကောင်းကျော်သို့ ပေးလိုက်သည်။

"ဟား . . ချိုလိုက်တာ ဗျာ၊ ဒီရွာက ဘာရွာလဲ"

"မော်ဒွန်း . . မော်ဒွန်းဖိုင်ရွာ"

ထိုစဉ် ရွာအတွင်းမှ လူကြီးတစ်ယောက် ရောက်လာသည်။ ထိုလူကြီးက အကြည်တော်မင်းခန့်ကို တလေးတစား နှုတ်ဆက်သည်။ အနံ့အသေပေးပြီး ဖိတ်ကြားသည်။ အကြည်တော်မင်းခန့်က ငြင်းဆန်ပြီး ထမ်သီသို့ ပို့ပေးရန် တောင်းဆိုသည်။ ထိုလူကြီးပင် ဝမ်းသာအားရ ရှေ့က ဦးဆောင်သွားသည်။ ရွာသားနှစ်ဦးကိုလည်း တစ်စုံတရာပြောဆိုပြီး ကြိုတင်လွှတ်လိုက်သည်။

"အရင်က ရောက်ဖူးလား"

"သုံးလေးခေါက် ရောက်ဖူးပါတယ်"

ဦးကောင်းကျော်က ဘာမျှ ထပ်မပြောချေ။ လမ်းပြလူကြီး ညွှန်ပြရာသို့ ခပ်သွက်သွက် လိုက်လာခဲ့သည်။ အတော်အတန်သွားမိလျှင် ရွာကြီးတစ်ရွာသို့ ရောက်သည်။ ရွာထိပ်တွင် ရွာလူကြီးနှင့်တူသူ အသက် (၅၀)ခန့် ပုဂ္ဂိုလ်တစ်ဦးနှင့် ရွာသားသုံးဦးက စောင့်နေသည်။ ခေါင်ရေအိုးနှင့် ကြက်ဥပေးပြီး ခရီးဦးကြိုပြုသည်။

"ဦးကောင်းကျော် . . ဒါက ရွာလူကြီးဗျ . . လူကြီးမင်းကို ခရီးဦးကြိုပြုတာ၊ သုံးဆောင်လိုက်ပါ"

ဦးကောင်းကျော်မှာ ကျေးရွာဓလေ့ထုံးစံအတိုင်း ခေါင်ရည်ကို သောက်ပြီး ကြက်ဥအစိမ်းကိုဖောက်ကာ မြိုချလိုက်သည်။ မြို့ခေါင်ရည်နှင့် မတူချေ။ ပင်ပန်းနွမ်းနယ်မှုများ ပြေလျော့သွားပြီး လန်းဆန်းလာသည်ဟု ထင်မိသည်။

"ဒီရွာက ထမ်သီပဲ . . သမန်းကျားတော့ မသိဘူး။ ဒီက ညီအစ်ကိုတွေက တောင်ယာလုပ်၊ အမဲလိုက်တယ် . . နာဂမျိုးနွယ်များတယ်။ ရှေ့တုံးအတိုင်း မြန်မာလုံချည်၊ အင်္ကျီဝတ်တယ်။ ရိုးသားကြတယ်ဗျ။ ဘွဲ့ရသူ





လူငယ်လည်း ရှိတယ်။ တချို့က ကိုယ့်ရွာ မျက်စိနဲ့နားပွင့်အောင် ပြန်ပြီး စာသင်ပေးကြတယ်။ ဒီည ဒီရွာမှာ အိပ်မယ်နော်"

"ဒီနေ့က လပြည့်နေ့နော်"

ဦးကောင်းကျော်က စိုးရွံ့သလို ပြောသည်။ အကြည်တော် မင်းခန့်က ပြုံးပြီး ပြန်ပြောသည်။

"ခင်ဗျား . . လေ့လာချင်ရင် တောထဲသွားလေ။ အဖော်ထည့်ပေးမယ်"

"ဟာ ! . . မလုပ်ပါနဲ့။ ဒီမှာပဲ နေပါရစေ"

ဦးကောင်းကျော်က ငြင်းဆန်သဖြင့် အကြည်တော်မင်းခန့်က ပြုံးပြီး ဘာမှ ထပ်မပြောတော့ချေ။ ညနေပိုင်းတွင် ရွာထဲလျှောက်ကြည့်ပြီး ရွာလူကြီးအိမ်တွင် တည်းခိုသည်။ အိမ်ရှင်ဧည့်ခံသော ညစာကိုစားသော်လည်း အကြည်တော်မင်းခန့်က သူ့ရိက္ခာကိုသာ မှီဝဲလေသည်။

အသားခြောက်၊ ဒေသထမင်းဟင်းတို့ဖြင့် စားမြိန်လှသည်။ နက်ဖြန် ခရီးအတွက်လည်း ရွာလူကြီးက အသားခြောက်များနှင့် ထမင်းခြောက်များကို ကျောပိုးအိတ်တွင် အပြည့်ထည့်ပေးသဖြင့် ဝမ်းသာရသည်။ ည အိပ်ရာဝင်ချိန်တွင် ဦးကောင်းကျော်က အိမ်ဦးခန်းရှိ အကြည်တော်ကို ပြောသည်။

"စိတ်ညို့ရာမှာ ပြေလျော့တဲ့နည်းက ဘယ်လိုလဲဗျ"

အကြည်တော်မင်းခန့်က ဦးကောင်းကျော်ကို လှည့်ကြည့်ပြီး ပြောသည်။

"ခင်ဗျား . . စိတ်ညို့ပညာက မပြီးသေးဘူးလားဗျာ . . လူတွေက ဒေါသဖြစ်ရင်၊ အလုပ်ပင်ပန်းရင်၊ အားထည့်ရင်၊ အကြောအခြင်တွေ တင်းလာတယ်။ အကြောလျော့ အနားယူတာမျိုးပေါ့ဗျာ။ အလွယ်ဆုံးပြောရရင် ခေါင်းလျှော်ဆိုင်တို့၊ ကေတီဗီတို့မှာ နှိပ်နင်းလို့ အဆင်ပြေရင် အိပ်ပျော်သွားသလိုပေါ့။ စောစောက ပြောခဲ့သလို၊ စိတ်ညို့တာက အိပ်မပျော်ခင် အချိန်လေးတစ်ခုကို အမိအရယူတာကို ပြောတာဗျ။ မသိစိတ်နိုးထွသယ်လို့ ဆိုမယ်ထင်ပါတယ်"

"ခေါင်းလျှော်ဆိုင်တွေ၊ ကေတီဗီတွေပြောလို့ အကြည်တော်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖူးလား"

အကြည်တော်က ဦးကောင်းကျော်ကို အသေအချာကြည့်ပြီး ပြုံးသည်။

"ကျုပ် တက္ကသိုလ်တက်တုန်းက ကေတီဗီ မရှိဘူး။ အကြောပြင်ခန်းတော့ ရောက်ဖူးတယ်။ ပြီးတော့ ခေါင်းလျှော်တာပေါ့။ ဗဟုသုတပေါ့ဗျာ။ ကဲ . . အိပ်တော့နော်"

## ရေခဲမြစ်  လမ်းကြောင်းပေါ်မှာ

ရာသီဥတုက သာယာသည်။ မြင်ကွင်းက ခြောက်သွေ့ကြည်လင်သဖြင့် ခရီးထွက်ရန် သင့်လျော်လေသည်။ ဦးကောင်းကျော်နှင့် အကြည်တော်မင်းခန့်တို့သည် ကျေးရွာလူကြီး စီစဉ်ပေးသဖြင့် လိုအပ်သည့်ပစ္စည်းများ မရှိသည်အထိ ပြီးပြည့်စုံသည်။ ကျေးရွာလူကြီးနှင့် မိတ်ဆွေသင်္ဂဟများကို နှုတ်ဆက်ပြီး စတင်ခရီးထွက်ကြသည်။

"လမ်းပြ မခေါ်ဘူးလား"

"မလိုပါဘူး . . သွားချင်ရာ သွား၊ လာချင်ရာ လာပြီး ပြန်သင့်တဲ့အချိန် ပြန်ကြတာပေါ့"

"ပြီးခဲ့တဲ့လက တစ်ဖွဲ့၊ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က တစ်ဖွဲ့ ထွက်သွားကြတယ် ပြောတယ်။ သူတို့က လမ်းပြခေါ်တယ်ဗျာ၊ လိုလို့ ဖြစ်မှာပေါ့ဗျာ၊ ကဲ . . သွားကြစို့"

အကြည်တော်မင်းခန့်၏ စကားအဆုံးတွင် ခရီး စတင်ထွက်လာမိကြသည်။ ခရီးလမ်းအစက မဆိုးလှချေ။ လမ်းကကျယ်ပြီး ခြောက်သွေ့သေးသဖြင့် ခပ်သွက်သွက် လျှောက်နိုင်သည်။

အကြည်တော်မင်းခန့်သည် ကျစ်လစ်ပေါ့ပါးသော ခန္ဓာကိုယ်ရှိပြီး ယောဂီလုံချည်၊ အင်္ကျီ၊ ခေါင်းပေါင်းနှင့် လွယ်အိတ်တစ်လုံးသာ သယ်သွားမို့ ပေါ့ပါးသည်။ ဦးကောင်းကျော်က ဦးထုပ်၊ ရှပ်အင်္ကျီ၊ ဘောင်းဘီရှည်၊ ကင်းပတ်လည်ရှည်နှင့် ကျောပိုးအိတ်ပါရှိသော်လည်း ခန္ဓာကိုယ် တုတ်နိုင်သဖြင့် သွက်လက်သည်။

သုံးမိုင်ခန့် သွားမိလျှင် ကျယ်သောလမ်းက ကျဉ်းလာသည်။ ငါး





မိုင်ခန့် လျှောက်မိလျှင် ကျဉ်းသောလမ်းမှာ လူသွားလမ်းသာသာခန့်သာ ရှိသည်။ ဆယ်မိုင်ခန့်လျှောက်မိသောအခါ လမ်းယောင်ယောင်လေးမှာ သစ်ရွက်ခြောက်များ ဖုံးလွှမ်းလျက် ရှိသည်။

အောက်ခြေရှင်းသော သစ်တောကြီးမှာ မြင်ကွင်းကောင်းသဖြင့် ခရီးသွားရကောင်းဆဲ ဖြစ်သည်။ နေမင်း၏အလင်းရောင်ရှိသော်လည်း သစ်ပင်ကြီးများ၏ အရိပ်အာဝါသ အောက်တွင် ရှိသည်မို့ ခရီးတွင်သည်။

ဆယ်မိုင်သာသာခန့်သွားပြီးလျှင် ခေတ္တနားပြီး အစာစားကြသည်။ အကြည်တော်မင်းခန့်က သူ၏ရိက္ခာခြောက်ကို အနည်းငယ်မျှသာ စားသုံးပြီး ရေနင့်မျောချသည်။ ဦးကောင်းကျော်ကမူ ခန္ဓာကိုယ်ကြီးသူ ဖြစ်သဖြင့် နည်းနည်း မရချေ။ နံနက်ပိုင်းက စိတ်ကြိုက်ပြင်ဆင်လာသော ထမင်းခြောက်ကြော် နှစ်ဆုပ်ခန့်ကို ရေနင့်မြောပြီး မီးဖုတ်ပြီးသား အသားခြောက် အနည်းငယ် ဝါးစားလိုက်သည်။ ယခုမှ တင်းတိမ်ရောင့်ရဲသတဲ့သို့ ခံစားရသည်။

တစ်နာရီခန့် နားပြီးနောက် ဆက်လျှောက်ကြသည်။ မည်သည့်သားကောင်၊ လူ၊ တိရစ္ဆာန်ကိုမျှ မတွေ့ရသဖြင့် စိတ်အေးချမ်းသာသတဲ့သို့ ရှိသည်။ ညနေပိုင်း သုံးနာရီသာသာခန့်တွင် အကြည်တော်မင်းခန့်က ရပ်နားလိုက်ပြီး ပြောသည်။

"ဒီညတော့ ဒီမှာ စခန်းချကြတာပေါ့"

"နီးစပ်ရာ တောင်ယာတဲတစ်ခုခုမှာဆို အဆင်ပြေတာပေါ့"

"လူသူကင်းမဲ့တဲ့ တောတောင်ထဲ ရောက်နေတာလေဗျာ၊ ဘယ်မှာ တောင်ယာတဲ ရှိပါ့မလဲ။ ခင်ဗျား အဆင်ပြေအောင် လုပ်ပေးပါ့မယ်"

အကြည်တော်မင်းခန့်သည် မနီးမဝေးတွင် တွေ့ရသော တောင်ကုန်းတစ်ခုပေါ်သို့ တက်သွားသည်။ တောင်ကုန်းပေါ်တွင် သစ်ပင်ကြီးတစ်ပင်၏ ပင်ခြေ၌ လူသုံးယောက်ခန့် အိပ်နိုင်သော မြေပြန့်ရှိသည်။ ထင်းခြောက်တချို့ကို လိုက်ကောက်ပြီး မီးမွှေးလိုက်သည်။ မီးဖိုဘေးတွင် တစ်အတ်တစ်ချက် နေရာယူပြီးနောက် ဦးကောင်းကျော်က ပြောသည်။

"ဆက်သွားရင် မိုးချုပ်တဲ့အထိဆို နှစ်မိုင်လောက် ရေးပေါက်မယ် ထင်တယ်"

မြေပြန့်က ရွာရှိတဲ့နေရာ မဟုတ်ဘူးဗျ၊ တောနက်ထဲမှာ အစောကြီး နေဝင် မိုးချုပ်တယ်၊ ခင်ဗျား စောင့်ကြည့်လေ"

အကြည်တော်မင်းခန့် ပြောသည့်အတိုင်း မှန်လေသည်၊ လေးနာရီကျော်လောက်တွင် အမှောင်လွှမ်းလာသည်၊ ငါးနာရီသာသာခန့်တွင် အမှောင်ထုက အစပျိုးလာချေပြီ၊ တစ်ချိန်တည်း အအေးဓာတ်က တဖြည်းဖြည်း တိုးလာသည်၊

"ဒီနေရာက တစ်မျိုးပဲဗျ၊ တဖြည်းဖြည်း ပိုမှောင်ပြီး အေးလာသလိုပဲ"

"ထင်းထည့်လေဗျာ .. ကြုံရင် ကြုံသလို ထင်းထည့်တာပေါ့၊ အများကြီး ရှိပါတယ်၊ ခင်ဗျား အိပ်ချင် အိပ်တော့လေ၊ ကျွန်တော် လုပ်စရာရှိတာ လုပ်ဦးမယ်"

အကြည်တော်သည် နေကထိုင်ကဲ့သို့ ယောဂီရောင် ပိတ်စတစ်စကို ခင်းပြီး ထိုင်သည်၊ ဦးကောင်းကျော်သည် ပါလာသော ပလတ်စတစ်တစ်စကို ခင်းပြီး မီးဖိုဘေးတွင် လှဲချလိုက်သည်၊ ခရီးပမ်းလာသဖြင့် ခဏအတွင်း အိပ်ပျော်သွားသည်၊ အကြည်တော်မင်းခန့်မှာ ဘာတွေ လုပ်နေသည်ကို မသိရချေ၊ သဘောပေါ်တွင် တွေ့မြင်ရသော အတွေ့အကြုံအရ ခဏကြာလျှင် တရားထိုင်ကောင်းထိုင်မည်ဟု မှန်းဆရင်း နစ်မြုပ်စွာ အိပ်ပျော်သွားခဲ့သည်၊

နားထဲတွင် ဘုရားရှိခိုးသံကို လည်းကောင်း၊ ဂါထာရွတ်သကဲ့သို့ လည်းကောင်း တိုးညှင်းစွာ တရားဓမ္မ ဆွေးနွေးသံကဲ့သို့ လည်းကောင်း၊ ဝိုးတဝါး အသံများ ကြားရသည်၊ ပိုမိုသေချာစေရန် မျက်စိမဖွင့်ဘဲ နားကို စွင့်ထားလိုက်သည်၊

ပထမတွင် ပီပြင်သော်လည်း အာရုံစူးစိုက်သည့်အခါ တဖြည်းဖြည်း ဝေးသွားသကဲ့သို့ ရှိသည်၊ တိတ်ဆိတ်ငြိမ်သက်သွားသဖြင့် မျက်လုံးနှစ်လုံးကို အသာအယာ ဖွင့်ကြည့်လိုက်သည်၊ ဦးကောင်းကျော်သည် တစ်စုံတစ်ဦးကိုမျှ မတွေ့ရ၊ အကြည်တော်မင်းခန့်ကိုလည်း မတွေ့ရ၊ အလုံးစုံ တိတ်ဆိတ်သွားသည်၊ ဝေါက်ခနဲ ထထိုင်ပြီး ပြူးတူးပြဲတဲရှိစဉ် အသံကြားရသည်၊





"ဦးကောင်းကျော် .. နိုးပြီလားဗျ"

တောင်ကုန်းအခြေမှ ထင်းခြောက်လေး ငါးချောင်း ကောက်ယူပြီး တက်လာသော အကြည်တော်မင်းခန့်ကို တွေ့ရသည်၊ သူ့ဘေးရှိ မီးဖိုတွင် ခပ်ပြာပြား သတ္တုခွက်တစ်ခုနှင့် နှစ်ဦးစာရှိသော ရေနွေးက ပွက်ပွက် ဆူနေသည်၊ ဆက်လက်အမြန်း စူးစမ်းရန် ခက်ခဲသဖြင့် ခေါင်းငြိမ့်ပြလိုက်သည်၊



(၂)

အသင့်အတင့် စားသောက်ပြီးကြသည်နှင့် ခရီးဆက်ကြသည်၊ အကြည်တော်မင်းခန့်မှာ ပထမနေ့ကအတိုင်း သွက်လက်ဖြတ်လတ်သော်လည်း ဦးကောင်းကျော်က နေးကွေး ထိုင်းမှိုင်းလာသည်ဟု ထင်မိသည်၊

ပထမနေ့က အပြင်း လျှောက်ထားသည့်ဒဏ်ကြောင့် ကိုက်ခဲတျင်နေသည်၊ အတန်ကြာလျှောက်ပြီးမှ သက်သာလာသည်၊ အရှိန်ရလာသည့်အခါ ပြန်လည် သွက်လက်လာသည်၊

သည်နေ့ခရီးက ယခင်နေ့က ခရီးကဲ့သို့ အဆင်မပြေချေ၊ တောင်ဆင်း၊ တောင်ကမူလေးများ တက်ရသည်၊ ရေချောင်းအချို့ဖြတ်ရသည်၊ ရေကလည်း အေးစိမ့်နေသည်၊ အကြည်တော်မင်းခန့်က တောကျွမ်းမှုဆိုးကဲ့သို့ ကွေ့ပတ်ရှောင်ဝိုက်သွားသဖြင့် ထင်သလောက် မဆိုးဟု ထင်မိသည်၊ ထူးခြားသည်က ဤမျှတောနက်သော်လည်း သားရဲတိရစ္ဆာန်များနှင့် မဆုံစည်းရခြင်း ဖြစ်သည်၊

ဦးကောင်းကျော်က သူ၏ပေါင်လုံးထက်ကြီးသော သစ်တုံးကြီးသစ်တုံးကို ကျော်ဖြတ်ရန် ကြိုးစားသည်၊ သစ်လုံးကြီးက ရေ့လျှားသွားသဖြင့် အံ့ဩနေမိသည်၊ ဦးကောင်းကျော်က သေချာစေရန် ရှေ့တိုးမည်ပြုသည်၊ အကြည်တော်မင်းခန့်က ဦးကောင်းကျော်ကို ဆွဲထားလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com


အကြည်တော်က တိတ်တိတ်နေရန် အချက်ပြပြီး ထက်ဝက်ခွေထိုင်လိုက်သည်။ ဦးကောင်းကျော်ကလည်း အကြည်တော်မင်းခန့်၏ နောက်မှ အလားတူ ထိုင်လိုက်သည်။ အကြည်တော်က မျက်စိမှိတ်ပြီး ဘာတွေ ရွတ်ဆိုနေသည်ကို မသိရေ။ ဦးကောင်းကျော်ကလည်း ရသေ့ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုပြီး ကြည့်မိသည်။

နည်းနည်းနောနောကြီးသည့် မြွေကြီး မဟုတ်ရေ။ သူတွေ့ရသော သစ်တုံးက အမြီးပိုင်းဖြစ်သည်။ ပေနှစ်ဆယ်အစိတ်ခန့်တွင် လန်းလန်း၊ လန်းလန်းနှင့် သွားနေသည်က မြွေကြီး၏ ဦးပိုင်းဖြစ်သည်။ တစ်ချက်လေးမျှ လှည့်မကြည့်ပေ။ မြွေကြီးကလည်း အစာအဖြစ် မသတ်မှတ်သတဲ့သို့ ဦးကောင်းကျော်တို့ကလည်း ရန်သူအဖြစ် မှတ်ယူခြင်း မရှိသောကြောင့်ဟု ယုံကြည်ရသည်။

အတန်ကြာစောင့်ပြီးနောက် ဆက်ထွက်ကြသည်။ စားလိုက် နားလိုက်၊ လမ်းလျှောက်လိုက်ဖြင့် ညနေသုံးနာရီထိုးရန် နီးသောအချိန်တွင် ထူးခြားမှုတစ်ခု တွေ့ရသည်။ ဆီးနှင်းဖုံးလွှမ်းနေသော တောင်ထွတ်တစ်ခု ဖြစ်လေသည်။ ဦးကောင်းကျော်က သစ်တောများအကြားမှ တွေ့ရသောကြောင့် ဝမ်းသာအားရ ပြောသည်။

“ဟား . . ဖုဂျီရာမ တောင်ကြီးဗျ . . ဆီးနှင်းတွေ ဖုံးနေတယ်”

“ခင်ဗျားကလည်း မြန်မာပြည်ထဲမှာ ဘယ်က ဖုဂျီရာမတောင်ထ ရောက်နေတာလဲ။ အဲဒါ စာရာမေတီတောင်ဗျ။ မြန်မာပြည်ရဲ့ ဒုတိယ အမြင့်ဆုံးတောင်လေ။ ပေပေါင်း(၁၂၅၅၃)ပေ မြင့်တယ်ဗျ”


“စာရာမေတီတောင်ကို ရောက်ဖူးပြီ . . ဂုဏ်ယူရမယ်”

“မရောက်သေးပါဘူး . . မြင်ရရုံ ရှိသေးတယ်။ ဒီအဝတ်အစား က သွေးခဲသွားနိုင်တယ်။ ရှေ့နားမှာ စခန်းချကြမယ်”

အကြည်တော်မင်းခန့်က ပတ်ဝန်းကျင်ကို လေ့လာသုံးသပ် ရွေးချယ်သည်။ တောင်ကုန်းမြင့်မြင့်တစ်ခုပေါ်တွင်ရှိသော သစ်ပင်ကြီးထက်၏ ပင်ခြေကို ရွေးသည်။ မီးဖိုပေါင်းတစ်ခုရှိပြီး ထင်းအချို့ရှိသည်။ ရှေ့က ကျဉ်းပြီး လူတစ်ဦးနေသာရုံသာ ရှိသည်။ အကြည်တော်မင်းခန့်က ထင်းများ ထပ်မံစုဆောင်းကောက်ယူပြီး စုပုံလိုက်သည်။







“ဦးကောင်းကျော်က ဒီမှာနေပါ . . စိတ်ချရတယ်။ လူတစ်ယောက် အတွက် လေကွယ်၊ မိုးကွယ်နေရာ ဖြစ်တယ်။ အနွေးဓာတ်လည်း ရတယ်။ အဆင်ပြေတယ်”

“ခင်ဗျားကရော . .”

ဦးကောင်းကျော်နှင့် မနီးမဝေး ဆင်ခြေလျှောတစ်နေရာကို ညွှန်ပြသည်။ နိမ့်သော်လည်း အနေအထား ကောင်းမွန်လေသည်။ ဦးကောင်းကျော်က မနေ့က ကြားရသော လူသံများကို သတိရသဖြင့် သေချာစောင့်ကြည့်ရန် ကြံစည်သည်။ အနိမ့်အမြင့်ဖြစ်သော်လည်း မိမိနေရာမှ မြင်ကွင်းရှင်းလင်းသဖြင့် လက်ခံလိုက်သည်။

မကြာမီ မှောင်လာသဖြင့် ထုံးစံအတိုင်း နေရာယူကြသည်။ ဦးကောင်းကျော်က စောစောအိပ်ပြီး ညအချိန် ချောင်းကြည့်မည်ဟု ကြံစည်သည်။ တောရိပ်၊ တောင်ရိပ်၊ သစ်ပင်ကြီးတို့၏ အရိပ်အာဝါသကြောင့် မဲမှောင်နေသော ညကမ္ဘာလာတွင် ဦးကောင်းကျော်မှာ နိုးနေသည်လား၊ အိပ်ပျော်နေသည်လား မသိ။ မြင်ကွင်းအချို့ကို မြင်တွေ့ရသည်။

ကြည်လင်တောက်ပပြီး ဖြူဝင်းသော ချောင်းခြည်တို့သည် ဟိုမှ သည်သို့ ကူးချည်၊ သန်းချည် ရှိကြသည်။ အချို့မှာ ဝဲပျံနေပြီး အချို့က အကြည်တော်မင်းခန့်၏ နေရာအနီးသို့ ဦးတည်လျက်ရှိသည်။

အကြည်တော်မင်းခန့်သည် လက်အုပ်ချီလျက် ဖူးမြော်ကန်တော့ နေဟန် တွေ့ရသည်။ အချို့မှာ လူ၊ အချို့မှာ ဘုန်းတော်ကြီးများပုံ ထင်ရသည်။ စကားစမြည်ပြောဆိုနေဟန် မြင်ရသော်လည်း မကြားရချေ။



www.burmeseclassic.com

အားစိုက်ရင်းဖြင့် ဝေဝေဝါးဝါး ဖြစ်လာသည်။

"ဦးကောင်းကျော် .. နီးရင် ဆင်းလာဖို့ ရေနွေးရပြီ"

ဦးကောင်းကျော်က ဗျတ်ခနဲ နိုးလာသဖြင့် ထထိုင်မိသည်။ အကြည်တော်မင်းခန့်၏နေရာနှင့် သူ၏အောက်ခြေတစ်ဝိုက်မှာ ရေခဲငွေ့ ဖြူဖြူတို့ လွှမ်းမိုးနေသည်။ အအေးဓာတ်က ပိုကဲသော်လည်း အကြည်တော်မင်းခန့်က မမှုသကဲ့သို့ ရှိသည်။ ဦးကောင်းကျော်က အံ့သြစွာဖြင့် မေးမိသည်။

"ဘယ်က ရေခဲငွေ့တွေလဲဗျ"

"ရေခဲမြစ်ဘေးမှာ အိပ်တာလေ ..။ ဒီနေရာက မြစ်လက်တက်ဒေ ဒေသအခေါ်တော့ ရှိတယ်၊ ကျွန်တော်လည်း မမှတ်မိဘူး"

မှန်ပေသည်။ မနေ့က ဦးကောင်းကျော်တို့ လျှောက်လာခဲ့သော လမ်းမှာ သစ်ရွက်များ ဖုံးလွှမ်းနေသဖြင့် အေးစိမ့်သော ချောင်းရေဟု ထင်မိသည်။ ယခုအခါ အရည်ပျော်ပြီး ချောင်းဖြစ်နေသည်။ ရေခဲငွေ့လေးများက လွင့်ပျံ့လွှမ်းမိုးနေသဖြင့် အကြည်တော်မင်းခန့်ကို ပိုးတဝါးသာ တွေ့ သည်။ ဤသို့ဆိုလျှင် ညကတွေ့နေရသည်မှာ အိပ်မက်လား၊ ရေခဲငွေ့လား အမှန်တကယ်လား ဆုံးဖြတ်ရန် ခက်ခဲနေပြန်သည်။

(၃)

နောက်တစ်နေ့တွင် မြောက်ဘက်သို့ ခရီးဆက်သည်၊ ရာသီဥတု သာယာသော်လည်း မွန်းတည့်ချိန်လောက်တွင် မိုးဖွဲဖွဲ ရွာလာသည်။ တစ် နာရီခန့် ကြာသည့်အခါ မိုးသည်းလာသဖြင့် အဆင်ပြေမည့် ဂူတစ်ဂူတွင် ဝင်ရောက်ခိုလှုံကြသည်။

အကြည်တော်မင်းခန့်က ဂူ၏အခြေအနေ၊ ခြေရာခြေကြောင်း အနံ့အသက်တို့ကို အသေအချာ လေ့လာပြီးမှ ရွေးချယ်ခြင်း ဖြစ်သည်။ ဂါထာမန္တရားများကိုလည်း ရွတ်ဖတ် အမျှဝေသည်။ သားရဲ တိရစ္ဆာန်ဂူ ဖြစ် လျှင် ထာဝရ နားသွားရနိုင်သည်။

ဦးကောင်းကျော်က အကြည်တော်မင်းခန့် စုဆောင်းလုပ်တိုင် ထားသည့် မီးဖိုဘေးတွင် ထိုင်လိုက်သည်။ အကြည်တော်မင်းခန့်၏ လုပ်





။

'ခင်ဗျား လေ့လာကြည့်ရင် သိမှာပေါ့။ ဥပမာ ဘုန်းတော်ကြီး ဦးသီလဆိုရင် မိုလျက် ထိုင်လျက်သာ အမြဲ သီတင်းသုံးလေ့ရှိတယ်လို့ အဆိုရှိသဗျ'

ဆောင်မှုများကိုကြည့်ရင်း အံ့သြနေသည်။ သူ၏လှုပ်ရှားသုံးသပ်မှုများမှာ ဤလို ခရီးကြမ်းနှင့် မစိမ်းကားသကဲ့သို့ ရှိသည်။ ပြုမှုဆောင်ရွက်ပုံများတ လည်း အသက်နှစ်ဆယ်ကျော် လူငယ်အလား သွက်လက်ပေ့ါပါးသည်။

"ခင်ဗျားက အအိပ်အနေ နည်းတယ်နော်"

"အလေ့အကျင့်ပါဗျာ"

"ညဆိုရင် ခင်ဗျား မအိပ်တာ များတယ်၊ အားယုတ်လိမ့်မယ်"

"ကျွန်တော် ကျောင်းသားတုန်းက သူများစာကျက်ရင် ကျွန်တော် အိပ်တယ်၊ သူများအိပ်ရင် ကျွန်တော် စာကျက်တယ်၊ အများနဲ့ဆိုတော့ အာရုံမရလို့ပါ၊ အချိန်တန်တော့ အမှတ်ကောင်းတယ်၊ စာမေးပွဲ အောင် တယ်၊ အချို့က စာမကျက်ဘဲနဲ့ အမှတ်ကောင်းလို့ ဉာဏ်ကောင်းတယ်လို့ ပြောကြတယ်၊ ကျွန်တော် စာကျက်တဲ့အချိန် သူတို့မှ မသိတာဗျာ၊ အထင် ကြီးတာပေါ့"

"အေးဗျာ .. ကျွန်တော်လည်း ခင်ဗျားသူငယ်ချင်းတွေလို ဖြစ် ခယ်နဲ့ တူတယ်၊ ကျွန်တော် အိပ်ချိန်မှာ ခင်ဗျားမအိပ်တာသိပေမယ့် ဘာ တွေ လုပ်မှန်းမသိတော့ စကားပြောသလို၊ လူတွေလာသလို တစ်စုံတစ်ခု သွားလာနေသလို ပိုးတဝါး သိနေရတယ်၊ ဘာကြောင့်လဲ ဗျ"

ဦးကောင်းကျော်က အကြည်တော် မင်းခန့်၏စကားကို ယူ၍ သူ သိလိုသော အချက်ကိုမေးသည်၊ အကြည်တော်မင်းခန့်က အေးအေး ဆေးဆေး ပြောပြသည်။

"ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေ၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေရဲ့ အမိုင်းကို လေ့လာကြည့်ရင် ဒီလိုပြောလို့ ကျုပ်ပါဝင်ပတ်သက်တယ်လို့ ဆိုလိုဘူးနော်၊ သဘောပေါက်အောင် ပြောပြတာပါ၊ သူတို့နစဉ်အခါတ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လို ဂန္ဓာရီစရီးထွက်ကြတယ်။ ရောက်လေရာအရပ်ဒေသမှာ ကောင်းတာလုပ်ရင် ကောင်းတဲ့ပုဂ္ဂိုလ်တွေ ဆက်သွယ်တာပေါ့ဗျာ။

မနောနဲ့ ဆက်သွယ်တာ၊ အာရုံနဲ့ ဆက်သွယ်တာ၊ ကြားမြင်သိရှိတာတွေ ရှိတာပေါ့။ အဲဒီမှာ သွန်သင်ညွှန်ပြတဲ့ နည်းနာနဲ့ သိရှိတာ၊ ပညာဖလှယ်လို့ တိုးတက်တာ၊ အထောက်အပံ့ပစ္စည်း ရရှိတာတွေကစပြီး အောင်မြင်ပေါက်ရောက်ကြတာပဲလေ။ ဗားမဲ့ဆရာတော်၊ မဟာမြိုင် ဆရာတော်၊ အဘ ဘိုးဘိုးအောင်၊ အဘ ဘိုးမင်းခေါင်တို့ကို လေ့လာကြည့်ပါ"

"အဲဒီ ပုဂ္ဂိုလ်တွေရော မအိပ်မနေ အားထုတ်တာပဲလား"

"ခင်ဗျား လေ့လာကြည့်ရင် သိမှာပေါ့။ ဥပမာ ဘုန်းတော်ကြီး ဦးသီလဆိုရင် မိုလျက် ထိုင်လျက်သာ အမြဲသီတင်းသုံးလေ့ရှိတယ်လို့ အဆိုရှိသဗျ"

အကြည်တော်မင်းခန့်က ဦးကောင်းကျော်ကို ရှင်းပြပြောဆိုရင်း ဂူပြင်သို့ ထွက်ပြီး အခြေအနေကြည့်သည်။ မိုးက စဲတော့စဲသွားသော်လည်း အခြေအနေက ကောင်းဟန် မတူချေ။ ပတ်ဝန်းကျင်တစ်ဝိုက်တွင် မိုးသားတိမ်တိုက်တို့က မဲမှောင်လို့နေသည်။

အကြည်တော်သည် ယနေ့အဖို့ ဤနေရာတွင် စခန်းချရတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထင်းများကို လိုက်ကောက်နေသဖြင့် ဦးကောင်းကျော်လည်း ထင်းကောက်လိုက်ရတော့သည်။

အကြည်တော်မင်းခန့်၏ တွက်ကိန်းက မှန်လေသည်။ ဂူတွင်းသို့ ပြန်လည်ဝင်ရောက်မိသည်နှင့် မကြာမီ သည်းကြီးမဲကြီး မိုးရွာလာသည်၊ ဦးကောင်းကျော်တို့လည်း ဂူဝတွင်နေရာမှ ဂူအတွင်းသို့ ရွှေ့ရလေသည်၊

သည်တစ်ကြိမ်တော့ အဆင်ပြေသည်၊ ကျောက်ဖျာကြီး တစ်ခုသည် လူငါးဦးခန့် သက်သက်သာသာ နားနေနိုင်သည်အထိ ကျယ်ပြန့်သည်။ အလယ်တွင် ခြောက်ခြောက်သွေ့သွေ့ရှိသဖြင့် မီးဖို၏ဘေးတစ်ဖက်စီတွင် နေရာယူကြသည်၊

ဤသို့ဖြင့် မိုးမှောင်နှင့်အတူ အမှောင်ထုက စိုးမိုးလာသည်။ အမှောင်ထုလွှမ်းခြုံပြီး ညအချိန်ရောက်သည့်တိုင် နှစ်ဦးသား လဲလျောင်း



ထူးခြားဆန်းကြယ် ဂန္ဓာရီစရီး

ငြိမ်သက်နေကြသည်။

"ခြင်ကိုက်တယ်ဗျ . . ထင်းများများ ထည့်မှဖြစ်မယ်"

ဦးကောင်းကျော်က ခြင်ရိုက်ရင်း ပြောသည်၊ အကြည်တော်မင်းခန့်က တိတ်ဆိတ်ငြိမ်သက်စွာ ရှိသည်။ အတန်ကြာမှ အသံထွက်လာသည်၊

"ခင်ဗျားရော . . ခြင် မကိုက်ဘူးလား"

"ခင်ဗျားလည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်၊ ခြင်တွေလည်း ထိုအတူပေါ့။ ဝိဝမ်းပူတော မနေသာလို့ ကိုက်ရတာ ဖြစ်မှာပေါ့ဗျာ။ အဲဒီ အတွေးနဲ့ ကိုက်တဲ့ခြင်လေးတွေကိုကြည့် . . ခင်ဗျားအသွေးအသားထဲက သွေးတွေကို စုပ်ယူနေတာ ဖင်ကိုထောင်နေတာပဲ။

တချို့ဟာ လောဘကြီးတဲ့အကောင်ဆိုရင် ဖင်က သွေးတွေတောက်တောက်ကျပြီး ပြန်တောင် မပြန်နိုင်တော့ဘူး။ ဒေါသမကြီးနဲ့ပေါ့ဗျာ၊ ခြော် . . မင်းနဲ့၊ လောဘကြီးပါဘိလို့ ရီကျဲကျဲ နေကြည့်၊ အလားတူဇော,ဇော ကြဲကြည့်၊ နောက်ဆို မကိုက်တော့ဘူး။ သူ့ပဲ လက်လျှော့တာလား၊ မေတ္တာတရားကြောင့်လား မသိဘူး။ မကိုက်တော့ဘူး။ မယုံရင် စမ်းကြည့်"

(၄)

ပြောသာပြောရသည်၊ ဟုတ်သလိုလိုတော့ ရှိသည်၊ နံနက်လင်းသည်အထိ ကောင်းမွန်စွာ အိပ်စက်နိုင်ခဲ့သည်၊ ထုံးစံအတိုင်း နံနက်ရေနွေးကြမ်းသောက်ပြီး သင့်တင့်ရုံ စားကြသည်၊ မိုးစဲသဖြင့် ရာသီဥတုကို ကြည့်ရသည်၊ နေသာသဖြင့် ဝမ်းသာအားရ ခရီးထွက်ရန် ပြင်သည်၊

လူသံကြားသဖြင့် အကြည်တော်မင်းခန့်က ဂူအတွင်းရှိ မီးဖိုမီးကို ငြိမ်းသတ်လိုက်သည်၊ မှောင်ထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ နေကြသည်၊ ထိုစဉ် လူသုံးဦး၏အရိပ်က ဂူဝတွင် ရုတ်တရက် ပေါ်လာသည်၊

အသက်သုံးဆယ် ပတ်ဝန်းကျင်ခန့် လူငယ်များ ဖြစ်ကြသည်၊ သောင်းဘီရှည်၊ မိုးကာအကျီနှင့် ကျောပိုးအိတ်ကိုယ်စီ ပါသည်၊ လူနှစ်ဦးက ဒရွတ်တိုက်နေသော လူတစ်ဦးကို တွဲလာရဟန်တူသည်၊

www.burmeseclassic.com

www.burmeseclassic.com





လူတစ်ဦးက လက်နှိပ်ဓာတ်မီးဖြင့် ဂူအတွင်းသို့ ဝေ့ရမ်းလိုက်သည်။ အကြည်တော်မင်းစန့်နှင့် ဦးကောင်းကျော်တို့က ကျောက်ဖျာ၏ နောက်နှုတ်ခမ်းနှင့် ကျောက်နံရံအကြားသို့ အလျှင်အမြန် ဝပ်ချလိုက်သည်။ စိတ်ချသွားဟန်ဖြင့် လူတစ်ဦးက ဓားမြှောင် ဆွဲထုတ်လိုက်သည်။ တွဲလာသော လူ၏ရင်ဝသို့ အောက်မှ ပင့်ထိုးလိုက်သည်။ "အီး" ခနဲ မရှိမဆုံ အော်သံကြားရပြီး ငြိမ်သွားသည်။ သေဆုံးသွားပြီဟု ထင်ရသည်။

"ဒီဂူထဲ ပစ်ထားခဲ့မယ်၊ ကျားစာဖြစ်ပြီး တော်ရုံ မသိနိုင်ဘူးကွ"

"ကောင်းသားပဲ"

ဦးကောင်းကျော်သည် မိမိရှေ့တွင် မြင်ရသော လူသတ်မှုရှုခင်းကြောင့် မကြုံစဖူး တုန်လှုပ်သွားရသည်။ အကြည်တော်မင်းစန့်က ဦးကောင်းကျော်၏လက်ကို ညှစ်၍ အသံမထွက်ရန် အချက်ပြသည်။ တစ်ဦးက သေသူ၏ကျောပိုးအိတ်ကို ယူသည်။ ကျန်တစ်ဦးမှာ သေသူ၏ခန္ဓာကိုယ်မှ ရှာဖွေတွေ့ရှိသမျှ ပစ္စည်းများကို ယူသည်။ ပြီးမှ အလောင်းကို ဂူအတွင်းသို့ ရောက်နိုင်သမျှ ရောက်အောင် နှစ်ဦးသား လွှဲပြီး ပစ်သွင်းလိုက်လေသည်။

နောက်လတွင်
ဆက်လက် ဖော်ပြပါမည်





# နမိတ်ပြ မြင်ကွင်း

ကိုမောင်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com





"ဓာတ်ပုံကတော့
အရုပ်ထင်အောင်
လှတိုင်း ရိုက်တတ်တာပေါ့။
သို့ပေမယ့် ပညာပါဖို့တော့
လိုတာပေါ့နော်။
ရင်ထဲမှာ အနုပညာအခံ
ရှိနေရမယ်။ ရှိအောင်လည်း
လုပ်တတ်၊
မှတ်တတ်ရမယ် အစ်ကို"

ကျွန်ုပ်သည် ငယ်စဉ်ကပင် ဓာတ်ပုံပညာရပ်များကို လွန်စွာ စိတ်ဝင်တစား ရှိခဲ့ရကား လက်လှမ်းမီသမျှ ဓာတ်ပုံပညာရပ်ပါရှိသော စာအုပ်စာပေများကို ဖတ်မှတ်ခဲ့လေ၏။ ဓာတ်ပုံပြိုင်ပွဲ၊ ပြပွဲများရှိရာသို့ တခုတ်တရ သွားရောက်လေ့လာ ကြည့်ရှုခဲ့လေ၏။

စုံစီနဖာ တွေ့ပြားလှသော ဓာတ်ပုံအမျိုးအစားများစွာထဲမှ ကျွန်ုပ် စိတ်ဝင်စားလှပါသော ဓာတ်ပုံသည်ကား ထူးဆန်းစွာ ရိုက်ကူးထားသော ဓာတ်ပုံများပင် ဖြစ်လေ၏။ ပမာအားဖြင့်ဆိုရသော် ဝိညာဉ်ရုပ်ပုံများ ထင်လာသော ဓာတ်ပုံများပင် ဖြစ်လေ၏။

တစ်ခါက အမေရိကန်နိုင်ငံရှိ စက်ရုံကြီးတစ်ရုံတွင် စက်ရုံ ဝန်ထမ်း တစ်ဦး ရုတ်တရက် သေဆုံးသွားလေရာ ထိုဝန်ထမ်းသည် စက်ရုံတွင် မကျွတ်မလွတ် ရှိနေပြီး ဝိညာဉ်ကောင်အဖြစ် ညစဉ်ညတိုင်း သူလုပ်ခဲ့သော အလုပ်များကို လုပ်နေခြင်း၊ စက်ရုံဝန်းကျင်၌ ဥဒဟိုသွားလာနေခြင်းကို ဓာတ်ပုံဆရာတစ်ယောက်က လျှို့ဝှက်ပုန်းအောင်းကာ မှတ်တမ်းတင် ရိုက်ကူးခဲ့ကြောင်း သိရလေ၏။

ဝိညာဉ်ကောင်သည် လှေခါးမှဆင်းလာနေပုံကို ရိုက်ကူးထားခြင်း ဖြစ်လေ၏။ သို့သော် ဝိညာဉ်ကောင်အား ပြတ်သားစွာ မတွေ့ရ၊ အရိ





ရောင်လိုင်း၊ အငွေ့သဏ္ဍာန် လူရုပ်ပုံလွှာကို တွေ့ရလေရာ ထူးခြား ဓာတ်ပုံ ဖြစ်လေတော့၏။

ယင်းသို့သော ဝိညာဉ်ပုံပါ ဓာတ်ပုံများကိုလည်း မကြာခဏ တွေ့ခဲ့ရလေ၏။ လုပ်ကြံဖန်တီးထားသော ဓာတ်ပုံများလားဟု ကျွန်ုပ် သံသယ ဖြစ်ခဲ့ဖူးလေ၏။ သို့သော် ဓာတ်ပုံရိုက်ထားသူများသည် ဟုတ်မှန်ကြောင်း အထောက်အထား သက်သေများကို ဖော်ပြထားခြင်း၊ ပညာရှင်တို့မှလည်း ထစ်စုံတရာ ကန့်ကွက်ပြောဆိုမှု မရှိသောကြောင့် ကျွန်ုပ် မယုံမဖြစ် ယုံရချေတော့၏။

ထို့အပြင် ကျွန်ုပ်သည် ထူးခြားဝိညာဉ်ကောင်ပါ ဓာတ်ပုံတစ်ပုံကို ကိုယ်တွေ့မျက်မြင် တွေ့ခဲ့ရဖူးလေ၏။ ပြည်ပနိုင်ငံမှ ရိုက်ကူးထားသော ပုံ မဟုတ်၊ မိမိတို့နိုင်ငံမှ ရိုက်ကူးထားသော ဓာတ်ပုံဖြစ်လေ၏။ တွေ့မြင်ရပုံကို ပြောပြပါမည်။

တစ်နေ့ ကျွန်ုပ်သည် ( ... ) အမည်ရ စာပေတိုက်ကြီးတွင် ထိုင်နေခိုက်၊ လူစိမ်းတစ်ယောက်မှ အယ်ဒီတာအား စာအိတ်တစ်အိတ် ပေးပို့လာ၏။

အယ်ဒီတာမှ ပေးလာသော စာအိတ်ကို အလျင်စလို ဖောက်ဖွင့်လိုက်ရာ ဓာတ်ပုံတစ်ပုံနှင့် စာရွက်ခေါက်လေး တစ်ခု ထွက်လာလေ၏။ လူစိမ်းမှ ဆရာတို့အတွက် ထူးခြားမှတ်တမ်းတစ်ခုအနေဖြင့် လာပို့တာ ဖြစ်ကြောင်းနှင့် ဖြစ်စဉ်ကို အတိုချုံး ရေးထားကြောင်း ပြောပြလေ၏။

ထို့နောက် လူစိမ်းက ပြန်ထွက်သွားသည့်အခါ အယ်ဒီတာမှ ကျွန်ုပ်အား ထိုဓာတ်ပုံကိုပြလေရာ ကျွန်ုပ်မှလည်း ဘာများ ထူးခြားမှုရှိလို့ပါလိမ့်ဟု ယူကြည့်လေ၏။

ဓာတ်ပုံသည် ဂရုဖိုတို ဖြစ်လေ၏။ အမျိုးသမီး၊ အမျိုးသား (၇) ယောက် တန်းစီရိုက်ထားသောပုံ ဖြစ်လေ၏။ ထိုလူ(၇)ယောက်၏ နောက်ဘက်မှ နှစ်လိုဖွယ်ရာမရှိသော မိန်းမပုံတစ်ပုံကို ပြတ်သားစွာ မြင်ရလေ၏။ "အယ်ဒီတာက နောက်ကပေါ်နေတဲ့ပုံက ဝိညာဉ်ကောင်"ဟု ဆိုလေ၏။ ကျွန်ုပ်လည်း အံ့ဩစွာ ကြည့်နေမိလေ၏။ အတန်ကြာသော် အယ်ဒီတာမှ ဓာတ်ပုံကို ပြန်လည်တောင်းယူပြီး စုတ်ဖြဲလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ဓာတ်ပုံရရှိသော နေရာသည် သန်လျင်မြို့ စားသောက်ဆိုင်တစ်ဆိုင်မှ ဖြစ်ကြောင်း၊ ဝန်ထမ်းများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်သည့်အခါ ဝန်ထမ်းများနောက်မှ မိန်းမတစ်ဦး ဆံပင်ဖားလျားချပုံစံနှင့် ပေါ်လာခဲ့ကြောင်း၊ ထိုအမျိုးသမီးသည် လွန်ခဲ့သော လေး,ငါးနှစ်ကျော်ကျော်ခန့်က သေဆုံးခဲ့ပြီး မကျွတ်မလွတ်ရှိနေကြောင်း၊ ယခုအခါ ဆရာတော်ကြီးများ ပင့်ဖိတ်၍ အလှူအတန်းပြု အမျှပေးဝေခဲ့သည့်အတွက် ကျွတ်လွတ်သွားခဲ့ပြီဖြစ်ကြောင်း၊ သန်လျင်မြို့နေ ဂမ္ဘီရ စာရေးဆရာ မောင်သွေးရင့်မှ ပြောပြခဲ့သည်ကို ကြားသိခဲ့ရလေ၏။

ယင်းဖြစ်စဉ်ကို ၎င်းမှ ဝိညာဉ်ဓာတ်ပုံခေါင်းစဉ်ဖြင့် ဝတ္ထုစာအုပ်ထုတ်ဖို့ လုပ်ထားပြီဟု ဆိုကြောင်းလည်း ပြောပြလေ၏။

မောင်သွေးရင့်ပြောသည့် ဇာတ်လမ်းမျိုးကို စာရေးဆရာ မေဩွာရှင် မောင်မဲခေါင်မှ သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ဝတ္ထုတို ရေးခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်မှ ပြောခဲ့လေရာ မောင်သွေးရင့်မှ "ကျွန်တော်က လုံးချင်းဝတ္ထုပါဗျာ" ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောလေ၏။

ကျွန်ုပ်သည် ပြည်တွင်း၊ ပြည်ပတွင် ရှိနေခဲ့ပါသော ဝိညာဉ်ဓာတ်ပုံတို့၏ အကြောင်းခြင်းရာတို့ကို ရှည်လျားစွာ သက်သေပြ ပြောဆိုနေရခြင်းမှာ ကျွန်ုပ်တွေ့ခဲ့ဖူးသော ထူးခြားဖြစ်စဉ်နှင့် ထူးခြားဓာတ်ပုံအကြောင်းကို ဖော်ပြလို၍ ဖြစ်ပါ၏။

ကျွန်ုပ်တွေ့ရှိခဲ့သော ဓာတ်ပုံသည်ကား ဝိညာဉ်ကောင်ပါရှိသော ဓာတ်ပုံအမျိုးအစား မဟုတ်ချေ။ သို့သော်ငြားလည်း လွန်စွာ ထူးခြားလှပြီး လွန်စွာမှလည်း အံ့သြဖွယ်ရာဖြစ်သော ဓာတ်ပုံပင်တည်း။ ယင်းဓာတ်ပုံနှင့် တွဲစပ်လျက် ထူးဆန်းကြေကွဲဖွယ်ရာ ဖြစ်ရပ်သည်လည်း ရှိနေသေးပေတော့..။

❖

ကျွန်ုပ်သည် ငယ်စဉ်ကပင် ဓာတ်ပုံပညာရပ်များကို စိတ်ဝင်စားခဲ့ပါကြောင်း ဆိုခဲ့သည့်အတိုင်း ဓာတ်ပုံပညာရပ်ပါ စာအုပ်စာပေများ၊ ပြပွဲပြိုင်ပွဲ စသည်များကို သွားရောက် လေ့လာမှတ်သားခဲ့ပါ၏။







အစိုးရဌာနတစ်ခုတွင် ဝင်ရောက် လုပ်ကိုင်ခဲ့သည့်အခါတွင်လည်း ကျွန်ုပ်ဝါသနာထုံလှပါသော ဓာတ်ပုံပညာရပ်ကို လေ့လာခွင့်ရခဲ့လေ၏။ ဓာတ်ပုံပညာ သင်ကြားခြင်း၊ ရိုက်ကူးခြင်း၊ ကိုယ်တိုင်ရိုက်ခဲ့သော ဖလင်များကို ကိုယ်တိုင်ဆေးကူးရခြင်း အမှုပြုရလေရာ ကျွန်ုပ် လွန်စွာမှပင် အဝင်ကျခဲ့ရလေတော့၏။

ကျွန်ုပ် သင်ကြားလုပ်ဆောင်ခဲ့ရသော ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းသည် ဓာတ်ပုံလောကတွင် ထင်ရှားခဲ့သည့် ဓာတ်ပုံပညာရှင်ကြီး "ဌေးဝင်း (ဘဂ်)" ကို မွေးထုတ်ပေးခဲ့သော နေရာဖြစ်လေ၏။

ကျွန်ုပ်အား ဓာတ်ပုံပညာရပ်နှင့်တကွ ရိုက်၊ ကူး၊ ဆေးပညာတို့ သင်ကြားပေးခဲ့သူမှာ ဦးသွင်ထူးအောင် (ဓာတ်ပုံ ပညာရှင်တစ်ယောက်) ဖြစ်လေသည်။ ကျွန်ုပ်နှင့်အတူ ဓာတ်ပုံပညာရပ်များကို သင်ကြားခဲ့ကြသူတွေသည်ကား ငလက်မ(ခေါ်) မောင်မြင့်ဦး၊ ကိုလှအောင်၊ ကိုကြည်စိန်၊ ကိုချစ်မောင်၊ ကိုတင်မောင်သန်းတို့ ဖြစ်ကြလေ၏။

(ဆရာ သွင်ထူးအောင် ကွယ်လွန်ခဲ့ပြီး သင်တန်းသား ကိုတင်မောင်သန်း၊ ကိုချစ်မောင်တို့သည်လည်း ဘဝတစ်ပါးသို့ ပြောင်းလဲခဲ့လေပြီ။ စာရေးသူ ကျွန်ုပ်နှင့် ကိုလှအောင်တို့သည်ကား သက်ပြည့်ပင်စင်ဖြင့် အနားယူခဲ့လေ၏။ ယခုအခါ သတင်းဓာတ်ပုံဌာနတွင် ငလက်မ(ခေါ်) မောင်မြင့်ဦးမှ ဦးစီးလုပ်ကိုင်လျက်ရှိနေလေ၏။ စကားချပ်)

ကျွန်ုပ်သည် ဓာတ်ပုံပညာ အတော်အသင့် တတ်မြောက်သည့်အခါ မင်္ဂလာဆောင်များ၊ ညစာ စားပွဲများသို့ တာဝန်ဖြင့် သွားရောက် ရိုက်ကူးရသလို၊ အပျော်တမ်းအဖြစ် ပန်းခြံများ၊ တောတောင် စိမ့်စမ်းများရှိရာသို့ဆီသို့ သွားရောက်ရိုက်ကူးခဲ့လေ၏။ ဤတွင် အပျော်တမ်းဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ဓာတ်ပုံရရှိသော နေရာသည် သန်လျင်မြို့ စားသောက်ဆိုင်တစ်ဆိုင်မှ ဖြစ်ကြောင်း၊ ဝန်ထမ်းများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်သည့်အခါ ဝန်ထမ်းများနောက်မှ မိန်းမတစ်ဦး ဆံပင်ဖားလျားချပုံစံနှင့် ပေါ်လာခဲ့ကြောင်း၊ ထိုအမျိုးသမီးသည် လွန်ခဲ့သော လေး,ငါးနှစ်ကျော်ကျော်ခန့်က သေဆုံးခဲ့ပြီး မကျွတ်မလွတ်ရှိနေကြောင်း၊ ယခုအခါ ဆရာတော်ကြီးများ ပင့်ဖိတ်၍ အလှူအတန်းပြု အမျှပေးဝေခဲ့သည့်အတွက် ကျွတ်လွတ်သွားခဲ့ပြီဖြစ်ကြောင်း၊ သန်လျင်မြို့နေ ဂမ္ဘီရ စာရေးဆရာ မောင်သွေးရင့်မှ ပြောပြခဲ့သည်ကို ကြားသိခဲ့ရလေ၏။

ယင်းဖြစ်စဉ်ကို ၎င်းမှ ဝိညာဉ်ဓာတ်ပုံခေါင်းစဉ်ဖြင့် ဝတ္ထုစာအုပ်ထုတ်ဖို့ လုပ်ထားပြီဟု ဆိုကြောင်းလည်း ပြောပြလေ၏။

မောင်သွေးရင့်ပြောသည့် ဇာတ်လမ်းမျိုးကို စာရေးဆရာ မေတ္တာရှင် မောင်မဲခေါင်မှ သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ဝတ္ထုတို ရေးခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်မှ ပြောခဲ့လေရာ မောင်သွေးရင့်မှ "ကျွန်တော်က လုံးချင်းဝတ္ထုပါဗျာ" ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောလေ၏။

ကျွန်ုပ်သည် ပြည်တွင်း၊ ပြည်ပတွင် ရှိနေခဲ့ပါသော ဝိညာဉ်ဓာတ်ပုံတို့၏ အကြောင်းခြင်းရာတို့ကို ရှည်လျားစွာ သက်သေပြ ပြောဆိုနေရခြင်းမှာ ကျွန်ုပ်တွေ့ခဲ့ဖူးသော ထူးခြားဖြစ်စဉ်နှင့် ထူးခြားဓာတ်ပုံအကြောင်းကို ဖော်ပြလို၍ ဖြစ်ပါ၏။


ကျွန်ုပ်တွေ့ရှိခဲ့သော ဓာတ်ပုံသည်ကား ဝိညာဉ်ကောင်ပါရှိသော ဓာတ်ပုံအမျိုးအစား မဟုတ်ချေ။ သို့သော်ငြားလည်း လွန်စွာ ထူးခြားလှပြီး လွန်စွာမှလည်း အံ့ဩဖွယ်ရာဖြစ်သော ဓာတ်ပုံပင်တည်း။ ယင်းဓာတ်ပုံနှင့် တွဲစပ်လျက် ထူးဆန်းကြေကွဲဖွယ်ရာ ဖြစ်ရပ်သည်လည်း ရှိနေသေးပေတော့..။

❖

ကျွန်ုပ်သည် ငယ်စဉ်ကပင် ဓာတ်ပုံပညာရပ်များကို စိတ်ဝင်စားခဲ့ပါကြောင်း ဆိုခဲ့သည့်အတိုင်း ဓာတ်ပုံပညာရပ်ပါ စာအုပ်စာပေများ၊ ပြခန်း ပြိုင်ပွဲ စသည်များကို သွားရောက် လေ့လာမှတ်သားခဲ့ပါ၏။







အစိုးရဌာနတစ်ခုတွင် ဝင်ရောက် လုပ်ကိုင်ခဲ့သည့်အခါတွင်လည်း ကျွန်ုပ်ဝါသနာထုံလှပါသော ဓာတ်ပုံပညာရပ်ကို လေ့လာခွင့်ရခဲ့လေ၏။ ဓာတ်ပုံပညာ သင်ကြားခြင်း၊ ရိုက်ကူးခြင်း၊ ကိုယ်တိုင်ရိုက်ခဲ့သော ဖလင်များကို ကိုယ်တိုင်ဆေးကူးရခြင်း အမှုပြုရလေရာ ကျွန်ုပ် လွန်စွာမှပင် အဝင်ကျခဲ့ရလေတော့၏။

ကျွန်ုပ် သင်ကြားလုပ်ဆောင်ခဲ့ရသော ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းသည် ဓာတ်ပုံလောကတွင် ထင်ရှားခဲ့သည့် ဓာတ်ပုံပညာရှင်ကြီး "ဌေးဝင်း (ဘက်)" ကို မွေးထုတ်ပေးခဲ့သော နေရာဖြစ်လေ၏။

ကျွန်ုပ်အား ဓာတ်ပုံပညာရပ်နှင့်တကွ ရိုက်၊ ကူး၊ ဆေးပညာတို့ သင်ကြားပေးခဲ့သူမှာ ဦးသွင်ထူးအောင် (ဓာတ်ပုံ ပညာရှင်တစ်ယောက်) ဖြစ်လေသည်။ ကျွန်ုပ်နှင့်အတူ ဓာတ်ပုံပညာရပ်များကို သင်ကြားခဲ့ကြသူတွေသည်ကား ငလက်မ(ခေါ်) မောင်မြင့်ဦး၊ ကိုလှအောင်၊ ကိုကြည်စိန်၊ ကိုချစ်မောင်၊ ကိုတင်မောင်သန်းတို့ ဖြစ်ကြလေ၏။

(ဆရာ သွင်ထူးအောင် ကွယ်လွန်ခဲ့ပြီး သင်တန်းသား ကိုတင်မောင်သန်း၊ ကိုချစ်မောင်တို့သည်လည်း ဘဝတစ်ပါးသို့ ပြောင်းလဲခဲ့လေပြီ။ စာရေးသူ ကျွန်ုပ်နှင့် ကိုလှအောင်တို့သည်ကား သက်ပြည့်ပင်စင်ဖြင့် အနားယူခဲ့လေ၏။ ယခုအခါ သတင်းဓာတ်ပုံဌာနတွင် ငလက်မ(ခေါ်) မောင်မြင့်ဦးမှ ဦးစီးလုပ်ကိုင်လျက်ရှိနေလေ၏။ စကားချပ်)

ကျွန်ုပ်သည် ဓာတ်ပုံပညာ အတော်အသင့် တတ်မြောက်သည့်အခါ မင်္ဂလာဆောင်များ၊ ညစာ စားပွဲများသို့ တာဝန်ဖြင့် သွားရောက် ရိုက်ကူးရသလို၊ အပျော်တမ်းအဖြစ် ပန်းခြံများ၊ တောတောင် စိမ့်စမ်းများရှိရာ ဆီသို့ သွားရောက်ရိုက်ကူးခဲ့လေ၏။ ၎င်းတွင် အပျော်တမ်းဓာတ်ပုံ

www.burmeseclassic.com



ပညာရှင်တို့နှင့် ရင်းနှီးခွင့်ရလေ၏။

ထိုသည့်အထဲမှ "လှိုင်ဘွားအောင်"ဟု အမည်ရသော ဓာတ်ပုံဆရာလေးအား အထူးပင် ခင်မင်ခွင့်ရလေတော့၏။ ၎င်းမှ ကျွန်ုပ်အား ဓာတ်ပုံရိုက်နည်း အယူအဆတို့ကို ထပ်မံ သင်ကြားပြသပေးလေ၏။ ကျွန်ုပ်လည်း ဓာတ်ပုံပညာရပ်များကို ထပ်ဆင့်ရခဲ့သည်မို့ လွန်စွာ ပီတိဖြစ်ရလေတော့၏။

ထို့နောက် ကျွန်ုပ်သည် သတင်းမှတ်တမ်း ဓာတ်ပုံဌာနစိတ်မှ အခြားဌာနစိတ် ပြောင်းရွှေ့ရသည့်အတွက် ဓာတ်ပုံရိုက်ကူးရေးနှင့် အလှမ်းဝေးခဲ့ရလေတော့၏။

ပြောင်းရွှေ့ခဲ့ရသော ဌာနသည် လွန်စွာ အလုပ်များလှပေ၏။ ပြည်တွင်းအနှံ့သွားရလေ၏။ နယ်စပ်မြို့များဆီသို့လည်း သွားရလေသည်။ သို့သော်ငြားလည်း ရောက်ခဲ့သည့် နေရာဒေသတို့တွင် ပါရှိလာသော အော်တိုကင်မရာလေးဖြင့် မှတ်တမ်းဓာတ်ပုံများကိုတော့ လုပ်ငန်းအရေးရော၊ ဝါသနာအရရော ရိုက်ကူးခဲ့လေ၏။

ယင်းသို့ ဓာတ်ပုံရိုက်လေတိုင်း ဓာတ်ပုံပညာရှင် မိတ်ဆွေတို့ကို အမှတ်ရမိလေ၏။ အထူးသဖြင့် ဓာတ်ပုံပညာရှင်ကလေး လှိုင်ဘွားအောင်ကိုတော့ သတိအရဆုံး ဖြစ်လေ၏။

"အစ်ကိုရယ် .. ဓာတ်ပုံကတော့ အရုပ်ထင်အောင် လူတိုင်း ရိုက်တတ်တာပေါ့၊ သို့ပေမယ့် ပညာပါဖို့တော့ လိုတာပေါ့နော်၊ အဲဒါမှ ဓာတ်ပုံပညာရှင် ဖြစ်မှာ အစ်ကိုရ၊ ရင်ထဲမှာ အနုပညာအစ ရှိနေရမယ်၊ ရှိအောင်လည်း လုပ်တတ်၊ မှတ်တတ်ရမယ် အစ်ကို"

ယင်းသို့ လှိုင်ဘွားအောင်၏ ပြောစကားသံလေးတွေကို တစ်ချိန်မလပ် ကြားနေမိလေ၏။

လှိုင်ဘွားအောင်မှာ ကင်မရာ အမျိုးအစား၊ မှန်ဘီလူး အမျိုးအစားတို့ကိုလည်း အတော်အတန် သိရှိလေ၏။ ကင်မရာကောင်းတစ်ခု ပေါ်ရောင်ကောင်းရမည်ဆိုလျှင် မုဆိုးတစ်ယောက်လို အနံ့ခံ၍ လိုက်တတ်လေ၏။ ရလည်း ရတတ်လေ၏။

ထိုအကျင့်ပညာကြောင့် အမြတ်အစွန်းများစွာကိုလည်း အမှတ်







မထင်ဘဲ ရရှိခဲ့လေ၏။

တစ်ခါသော် သူသည် ကင်နွန် အမည်ရ ဂျပန်လုပ် ကင်မရာလေးကို ပေါ်ရောင်ကောင်း ရရှိခဲ့လေ၏။ ရွှေဘုံသာလမ်းမှ ရွှေပွဲစားလေး တစ်ယောက်ထံမှ ရရှိခဲ့ခြင်း ဖြစ်လေ၏။ နိုးရာပါ ပစ္စည်း ဟုတ်၊ မဟုတ် သေချာ စစ်ဆေးမေးမြန်း၍ ဝယ်ယူခဲ့ခြင်း ဖြစ်လေ၏။

စင်စစ် ထိုကင်နွန် ကင်မရာလေးသည် အပေါင်ဆုံးပစ္စည်းသာ ဖြစ်လေ၏။ အပေါင်ခံသူမှ လာမရွေးတော့သဖြင့် သူ ဝယ်ယူရရှိခြင်း ဖြစ်လေ၏။ တန်ဖိုးမသိသူတွေအကြား၌ လည်ပတ်နေသော ကင်နွန် ကင်မရာလေးသည် တန်ဖိုးသိသော လှိုင်ဘွားအောင်ထံသို့ ရောက်ခဲ့ရလေတော့၏။ ငွေကျပ် တစ်သိန်းကျော်မျှ တန်ဖိုးရှိသော ယင်းကင်မရာကို ငွေကျပ် လေးသောင်းမျှဖြင့် ရခဲ့ခြင်း ဖြစ်လေ၏။

လှိုင်ဘွားအောင်အတွက် ကင်နွန်ကင်မရာလေးသည် လာခြင်းကောင်းသော ပစ္စည်းလေလား၊ အဆိုးဘက်နွယ်လှသော အကုသိုလ်ကို ရရှိခြင်းလေလား။ ကုသိုလ်၊ အကုသိုလ် နှစ်ထွေရောယှက် ရှိလေသလား။ အတွေးပွားစရာ ဖြစ်နေလေတော့၏။

ကင်မရာလေးကြောင့် လှိုင်ဘွားအောင် စီးပွားတက်ခဲ့သည်ကား အမှန်ပင်၊ သို့သော်ငြားလည်း ယင်းကင်မရာသည် ညစဉ်ညတိုင်း ဒုက္ခပေးတတ်လေ၏။ ကင်မရာလေးသည် သူ့အလိုလို ထားရှိရင်းက ဖလင်ချစ်သံတွေ ထွက်နေသလို၊ ကင်မရာမီးလည်း တဖျတ်ဖျတ် လင်းတတ်လေ၏။ ကင်မရာလေးတွင် ဝိညာဉ်တစ်ကောင် ကပ်ပါနေသည်ဟု ထင်ဖွယ် ရှိလေ၏။

လှိုင်ဘွားအောင်ထံသို့ အဆိုပါ ကင်မရာလေးအား လက်လွှဲရောင်းခဲ့သူတို့သည် ရွှေပွဲစားလောကတွင် ဂျင်ခြေလည်နေကြသူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူတို့သည် အချဉ်တော့ မဟုတ်နိုင်၊ ကင်မရာလေးကို ကြောက်၍ ထုတ်ရောင်းလိုက်ကြခြင်းပင် ဖြစ်ပေလိမ့်မည်၊ ဘယ်နှလက်ပြောင်းခဲ့သော ကင်မရာ ဖြစ်သည်ကိုတော့ဖြင့် မသိနိုင်ပါချေ။

လှိုင်ဘွားအောင်သည် ကင်မရာလေးအတွက် စိတ်စနိုးစနောင့်ဖြစ်သော်ငြားလည်း ထိုကင်မရာလေးကိုတော့ဖြင့် ပြန်မထုတ်လို၊ ထပ်၍ပင် မြင်ထား၊ သထားလေ၏။ ကင်မရာသမား စစ်စစ် တစ်ယောက်ပီသစွာ ထိုကင်မရာလေးကို ထွေးပိုက်လို့ပင် ထားပါသေး၏။

ထိုကင်မရာလေး ရောက်သည့်နေ့ကစ၍ လှိုင်ဘွားအောင်အတွက် စီးပွားရေးအဟုန် ဒီရေအလား မြင့်တက်ခဲ့သည် မဟုတ်ပါလား။ ပညာကောင်းသူနှင့် ကင်မရာအမျိုးအစားကောင်း ပေါင်းဖက်တွေ့လေတော့ ဓာတ်ပုံကောင်းစွာ ထွက်လာမည်ကား ပြောစရာလိုမည် မထင်။ ဓာတ်ပုံ အရိုက်ခံမည့်သူများ၏ ပီတိကိုလည်း မှန်းဆ ကြည့်နိုင်မည်သာတည်း။

ကင်မရာလေး ရောက်စက ဆိုခဲ့သလို၊ ညအချိန်တွင် သူ့အလိုလိုနေရင်းက မီးများပွင့်ခြင်း၊ ဖလင်ရစ်ခြင်း ရှိနေခဲ့ရာ တစ်စုံတစ်ဦးမှကိုင်၍ ဓာတ်ပုံ ရိုက်နေသကဲ့သို့ ရှိနေလေ၏။ တစ်ရက်၊ နှစ်ရက်ခန့်သာ ဖြစ်ခဲ့ပြီး နောက်ရက်များတွင် မည်သို့မျှ မဖြစ်ချေတော့၊ စိတ်ထင်မှတ်ထား၍ ထင်ရာမြင်ရာ တွေးဆမိခြင်းသာ ဖြစ်နိုင်လေ၏။

လှိုင်ဘွားအောင်သည် ခေတ်လူငယ်ပီပီ မဆီမဆိုင် အတွေးများကို အဝေးသို့ စွန့်ပစ် မြေမြှုပ်လိုက်လေတော့၏။ ပုံထွက်ကောင်းသော အဆိုပါ ကင်မရာလေးတစ်လုံးဖြင့် နီစွမ္မဝ မှတ်တမ်းဓာတ်ပုံများကို ရိုက်နေရလေ၏။ ထိုမှတ်တမ်း ဓာတ်ပုံများနှင့် သတင်းဓာတ်ပုံများအတွက် ငွေကြိုတင်ပေးထားသူများ ရှိကြလေ၏။ သို့ဖြင့် လက်မလည်အောင်ပင် ရိုက်ကူးပေးနေရလေတော့၏။

လှိုင်ဘွားအောင်သည် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ဆိုသလို ငွေအတွက် မှတ်တမ်းဓာတ်ပုံများ၊ သတင်းဓာတ်ပုံများကို ရိုက်ကူးခဲ့သလို စိတ်ကြိုက်တွေ့ခဲ့သော ရှုခင်းဆည်းဆာပုံများကို အလျဉ်းသင့်လျှင် သင့်သလို၊ ပြိုင်ပွဲဝင်နိုင်ဖို့ကိုလည်း ရိုက်ကူးသေးလေ၏။ ပြိုင်ပွဲတစ်ခုတွင်





နှစ်သိမ့်ဆု ရဖူးသည်ဟူ၏။

တစ်နေ့သော ညနေဆည်းဆာတွင် လှိုင်ဘွားအောင်သည် သူ၏မိတ်ဆွေအား အဖော်ခေါ်၍ ပုစွန်တောင်မြို့နယ်အတွင်းရှိ တံတားကြီးတစ်စင်းအပေါ်မှနေ၍ ရှုခင်းများကို လိုက်လံရိုက်လေ၏။

တိမ်တောက်နေမှု အလှ၊ ရေပြင်ကျယ်အား ပုစွန်ဆီရောင်များ ဖြာကျနေမှု အလှ၊ လှိုင်းကြက်ခွပ်ကလေးတွေနှင့်အတူ ငှက်သမှာန်လေးများ ပြေးလွှား ကူးခတ်နေသည်တို့ကို ရိုက်ကူးလေ၏။ သူ၏မိတ်ဆွေအားလည်း တံတားပေါင်တွင် ရပ်နိုင်းပြီး နောက်ခံရှုခင်းအလှပါ ရောယှက်၍ ရိုက်လေ၏။

နေလုံးကြီး ဝင်ခါနီးလေတော့ ကောင်းကင်ပြင်သည် လိမ္မော်သွေးရောင်အစား မရမ်းရောင်သွေးဆီသို့ ကူးစက်လာမည့်ဟန် ရှိနေလေ၏။ လှိုင်ဘွားအောင်သည် သူ၏ဖလင် နောက်ဆုံးလက်ကျန်နှစ်ကွက်ကို သူ့မိတ်ဆွေအား ကင်မရာပေး၍ သူ၏ပုံပါသော ရှုခင်းကို ရိုက်ခိုင်းစေလေ၏။

လှိုင်ဘွားအောင်သည် ရိုက်ခဲ့ပြီးသမျှကို (၃၃)လမ်းရှိ ကိုထူး၏ဆိုင်သို့ အပ်လေ၏။ လိုအပ်သည့် ပုံများရလျှင်တော့ မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်များဆီသို့ ပို့လေ၏။ ကျန်ပုံများ (သူ စိတ်ကြိုက်ရိုက်ထားသော)ကိုတော့ဖြင့် သူ၏အယ်(လ်)ဘမ်တွင် ကျနစွာ သိမ်းဆည်းလေတော့၏။

သို့ဖြင့် တစ်နေ့တာ ရိုက်ကူးခဲ့သမျှတွေကို ဖလင်ကူးသူ မိတ်ဆွေကိုထူးနှင့် ပြန်လည် ညှိနှိုင်းလုပ်ဆောင်မည်ဟု အတွေးဖြင့် လှိုင်ဘွားအောင်သည် မိတ်ဆွေဖြစ်သူနှင့်အတူ စားသောက်ဆိုင်သို့ ဝင်ခဲ့ကာ တစ်နေ့တာ နွမ်းနယ်မှုတွေကို အပန်းဖြေကြလေတော့၏။

"ကိုလှိုင်ဘွားအောင် .. ကျွန်တော့်ပုံတွေ ပြန်ကြည့်ချင်တယ်ဗျ"

ဟုဆိုကာ မိတ်ဆွေဖြစ်သူက တံတားလက်ရန်းပေါ်မှ လှိုင်ဘွားအောင် ရိုက်ပေးခဲ့သော ဓာတ်ပုံကိုကြည့်ချင်၍ တောင်းလေရာ လှိုင်ဘွားအောင်က ထုတ်ပေးလိုက်လေ၏။


မိတ်ဆွေဖြစ်သူသည် ဓာတ်ပုံများကို အငမ်းမရကြည့်ပြီး တမ်ုန်း



www.burmeseclassic.com

www.burmeseclassic.com





ပြုံး ဖြစ်နေလေ၏ ။ ထို့နောက် ရုတ်တရက် မျက်စိမျက်နှာ ပျက်သွားလေ၏ ။

"ကိုလှိုင်ဘွား . . ခင်ဗျားပုံပါတဲ့ ဟာကို ကြည့်စမ်းပါဦး၊ ကျွန်တော်လည်း ခင်ဗျားပြောတဲ့နေရာက ပြထားတဲ့အတိုင်း ရိုက်လိုက်တာပဲလေ"

သို့ဖြင့် လှိုင်ဘွားအောင်သည် ဘာကြောင့်များပါလိမ့်ဟူသော အတွေးဖြင့် ဓာတ်ပုံကိုယူ၍ ကြည့်လေ၏ ။ ဓာတ်ပုံကို သေချာကြည့်ရင်း မျက်နှာကွက်ခနဲ ပျက်သွားလေ ၏ ။

ဓာတ်ပုံထဲတွင် လှိုင်ဘွားအောင်၏ မျက်လုံး၊ နှာခေါင်း၊ နားရွက်၊ ပါးစပ်စသည်တို့မှ သွေးများ စီးယိုကျနေသည့်ပုံသဏ္ဌာန် ဖြစ်နေလေ၏ ။ နောက်ဓာတ်ပုံသည်ကား လှိုင်ဘွားအောင်၏ ရုပ်ပုံသဏ္ဌာန်ပင် ပျောက်ကွယ်လို့ပင် နေလေ၏ ။ ဆိုရသော် ထူးခြားသည့် အံ့ရာသော်ပုံများ ဖြစ်နေလေ၏ ။ တစ်ခုခု တော့ ဖြစ်လိမ့်မည် ထင်၏ ။

ထိုမိတ်ဆွေများကြောင့် လှိုင်ဘွားအောင်နှင့် သူ၏မိတ်ဆွေတို့ သည် -

"ဘာရယ်လို့တော့ မထင်သင့်ဘူး၊ နောက်နေ့ ဓာတ်ပုံဆိုင်ဆီ ပြန်သွားပြီး ပြောပြမယ်၊ တစ်ခုခု ချွတ်ယွင်းနေတာ ဖြစ်ပါလိမ့်မယ်"

ဟု ဖြေသိမ့်ပြောဆိုကြရင်း နေအိမ်ရှိရာသို့ လေးတွဲ့သော ခြေလှမ်းများဖြင့် ပြန်ခဲ့ကြလေ၏ ။

လှိုင်ဘွားအောင်သည်ကား သူ၏နေအိမ်ဆီသို့ ပြန်မရောက်ရှာ လေတော့၊ အပြန်လမ်း တစ်နေရာတွင် တဝေးဝေး၊ တဝါးဝါး အော်ဟစ်၍ အပြိုင်အဆိုင် မောင်းလာကြသော ကားနှစ်စီးအနက်၊ တစ်စီးက လှိုင်ဘွား အောင်ကို ရုတ်တရက် ဝင်တိုက်မိခဲ့ခြင်းကြောင့် နေရာတွင်ပင် ပွဲချင်းပြီး





သေဆုံးခဲ့ရခြင်းကြောင့်ပါတည်း။

လှိုင်ဘွားအောင်သည်သာ မဟုတ်၊ သူ နှစ်သက်ခဲ့ရပါသော ကင်နွန်ကင်မရာလေးသည်လည်း ကြေမွပျက်စီးသွားပါလေတော့၏ ။ မိတ်ဆွေဖြစ်သူသည် ယူကျုံးမရဖြစ်ကာ လှိုင်ဘွားအောင်၏ ခန္ဓာကိုယ် အား ပွေ့ချီကာ အော်ဟစ်ငိုကြွေးလေ၏ ။

လှိုင်ဘွားအောင်၏ တစ်ကိုယ်လုံး သွေးများ ရွှဲစိုနေလေ၏ ။ မျက်လုံးထဲမှ လည်းကောင်း၊ နှာခေါင်း၊ ပါးစပ်၊ နားရွက်တို့ဆီမှ လည်း ကောင်း၊ သွေးများ ယိုစီးကျနေလေ၏ ။

"အဲဒါပါပဲ . . ဆရာရယ်၊ အမှတ်မထင် သူ့ကို ကျွန်တော် ရိုက်ပေး ခဲ့တဲ့ ဓာတ်ပုံထဲကအတိုင်း ကိုလှိုင်ဘွား သေပွဲဝင်ခဲ့ရတယ် ဆရာ"

လှိုင်ဘွားအောင်၏မိတ်ဆွေဖြစ်သူမှ (နာမည် မဖော်ပြလိုပါ) ကျွန်ုပ်အား ဓာတ်ပုံပါ ထုတ်ပြပြီး ပြောကြားခဲ့ခြင်း ဖြစ်လေ၏ ။

ကျွန်ုပ် လွန်စွာ ခင်မင်ရပါသော ဓာတ်ပုံဆရာလေး လှိုင်ဘွား အောင်အား လွန်စွာ နှမြောတသ ဖြစ်မိလေ၏ ။ သို့ဖြင့် မိတ်ဆွေလေး ကောင်းရာ သုဂတိဘုံသို့ ရောက်ပါစေကြောင်း ဆုတောင်းလိုက်ရသည်မှ လွဲ၍ အခြား မရှိတော့ပြီ။

ဖြစ်စဉ်ကား အနှစ်(၂၀)ခန့်တိုင် ရှိခဲ့လေပြီတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com




# သေမိန့်စာရင်း

ဝသုန်ဟိန်းထက်

www.burmeseclassic.com

www.burmeseclassic.com





‘နင် ဆိုလိုချင်တာက
တို့လေးယောက်ထဲမှာ
ကိုတင်ကြိုင် အရင်သေမယ်ပေါ့
ပြီးတော့ ကျော်သူရ။
ပြီးတော့ ငါ၊
ငါပြီးတော့ နင်သေမယ်ဆိုတဲ့
အစီအစဉ်ပဲလား အုပ်စိုး’

လူတိုင်း တစ်နေ့ သေရမည်မှာ မလွဲ . .။

ရှောင်လွှဲမရသော ဓမ္မတာပင်ကိုး။

သို့သော် . .

ထူးဆန်းသော ကံကြမ္မာလှည့်ကွက်တစ်ခုအရ “သေမိန့်စာရင်း” ကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့သူ တစ်ယောက်၊

ထိုသူ၏ နောက်ကွယ်မှ ထူးဆန်းသော အကြောင်းအရာ၊ မမျှော်လင့်သော ဖြစ်ရပ်၊ အံ့ဩဖွယ် . . နိဂုံး စသည်တို့ကို အရိုးကျ ပေါင်းစပ်လိုက်သောအခါ . .။

(၁)

“လူစုံပြီလားဟေ့ . . စုံရင် ကားထွက်ကြမယ်။ သိပ်နောက်ကျလို့ မဖြစ်ဘူး၊ အားလုံး ကားပေါ်တက် . . တက်ကြ”

ဆရာဦးစိုးဝင်း၏ ဆော်ဩမှုကြောင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ မိမိတို့၏ ကျောပိုးအိတ်များကို အမြန်လွယ်ပိုး၍ ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူများအားလုံး ဘတ်စကားကြီးပေါ် တက်ကြရတော့၏။





အဖွဲ့ဝင်အားလုံး နှစ်ဆယ့်တစ်ယောက်တိတိ၊

ယောကျာ်းလေးက ဆယ့်နှစ်ယောက်၊ မိန်းကလေးများက လေးယောက်ပါဝင်သော ဘူမိဗေဒလေ့လာရေး ခရီးထွက်လာသောအဖွဲ့ ဖြစ်ပေ၏။

ထားဝယ်မြို့မှ ဟိန္ဒားသတ္တုတွင်းသို့ ဦးတည်ထွက်ခွာလာသော ဘူမိဗေဒလေ့လာရေး အဖွဲ့၏ ခရီးအစကား အော်ဟစ်ရယ်မောသံ၊ သီချင်းသံများဖြင့် ညံစီ၍ ထွက်လာကြခြင်း ဖြစ်ပေသည်။

“ကိုအုပ်စိုး” သည် အိတ်ထဲမှ ချွင်းဂန်းတစ်ခုကို ထုတ်၍ မိမိ နံဘေးခုံတွင် ထိုင်နေသော သူငယ်ချင်း “မကေသွယ်နိုင်”အား လှမ်းပေးလိုက်သည်။

“ကျေးဇူးပဲ . . အုပ်စိုး၊ ဟဲ့ . . ဒါနဲ့ နင့်ကို မေးရဦးမယ်၊ နင် . . ဗေဒင်တွေ၊ ဘာတွေ ဟောတတ်တယ်ဆို”

ကေသွယ်နိုင်၏ စကားကြောင့် ကိုအုပ်စိုး ပြုံးလိုက်သည်။

“ဟာ ! . . မဟုတ်ပါဘူး၊ မတတ်ပါဘူး။ နင့်ကို ဘယ်သူ ပြောလို့လဲ”

“အံမယ် . . နင်က ငါ့ကို ငြင်းချင်သေးတယ်၊ မြူလေးတို့ အုပ်စုကို နင် ဗေဒင်ဟောပေးတာ သွေးထွက်အောင် မှန်တယ်လို့ ငါ ကြားပြီးပြီရော”

“ဟာ ! . . ဒါက . .”

“ကဲ . . ပြော၊ ငါ့ကို ညာဦးမလို့လား . . အုပ်စိုး”

ကိုအုပ်စိုးက ခေါင်းကိုကုတ်ရင်း ရယ်ကျဲကျဲဖြင့် ပြန်ဖြေသည်၊

“အာ ! . . ဒါက ဘယ်လိုပြောရမလဲ၊ ဗေဒင်တွက်သလို တွက်တာ မဟုတ်ဘူး၊ အာရုံခံပြီး မြင်ရာ၊ ထင်ရာ ပြောတာပါ”

“ဟင် ! . . ဒါဆို နင်က စိတ်တန်ခိုး ရနေတယ်ပေါ့ . . ဟုတ်လား”

ရှင်းလေ၊ ရှုပ်လေ ဖြစ်ရချေပြီ၊ ကေသွယ်နိုင်ကို မည်သို့ စကားကြောရှတ်ရပါမည်နည်းဟု ကိုအုပ်စိုး တစ်ယောက် အကြံထုတ်နေမိသည်၊ ဒီကြက်သူရွှေးမက တော်ရုံနှင့်စကားပြတ်မည် မဟုတ်၊ တစ်မျိုးပြီးတစ်မျိုး မပြီးစီးနိုင်အောင် မေးပေလိမ့်မည်၊

ရုတ်တရက်ဆိုသလို ကိုအုပ်စိုး၏ အာရုံမျက်လုံးထဲ မီးခိုးလုံးကြီးများ ထောင်းခနဲ ထွက်ပေါ်လာသည်၊ မီးခိုးတွေ တလိပ်လိပ် . .၊



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်တော့ မီးခိုးများ လွင့်ပါးသွားပြီးနောက် ၎င်းတို့ စီးနင်းလာသော ကားကြီးက လမ်းပေါ်တွင် တရိပ်ရိပ် ပြေးနေသည့်ပုံရိပ်ကို ပီပြင် ထင်ရှားစွာ တွေ့မြင်လိုက်ရ၏။

ချောင်းလေးတစ်ခုကို ကျော်ဖြတ်၍ တည်ဆောက်ထားသော သစ်သားတံတားအတိုလေးတစ်ခုကို ကားက ကျော်ဖြတ်အပြီးမှာတော့ လမ်းဘေးမှ ပြေးထွက်လာသော နွားတစ်ကောင်၊

"ဟာ!..ဆရာ..ရှေ့မှာ နွား!"

"ကျွီ.."

"ဒုန်း..ဝုန်း"

"အား!..အမယ်လေး"

ကိုအုပ်စိုး၏ မျက်လုံးထဲ လျှပ်စီးလက်သလို၊ "ဖြန်းခနဲ" ပြူးပြတ်လင်းလက်သွားပြီးနောက်မှ ကေသွယ်နိုင်၏ ကိုင်လှုပ် အော်ခေါ်နေသံကို ကိုအုပ်စိုး ကြားလိုက်ရသည်။

"အုပ်စိုး..ဟဲ့!..အုပ်စိုး၊ နင်..ဘာဖြစ်နေတာလဲ"

"ဟင်!.."

အရမှ အိပ်ရာက နိုးထလာသလို၊ ကိုအုပ်စိုးတစ်ယောက် မျက်လုံး ပွင့်လာ၏။

"ဟဲ့!..အုပ်စိုး၊ နင် ဘာဖြစ်နေတာလဲ၊ ကြောင်တောင်တောင်နဲ့"

"ငါ..ငါ..တစ်ခုခု မြင်..မြင်လိုက်တယ်..ကေသွယ်"

"ဘာ..ဘာ မြင်တာလဲ..နင်..နေကောင်းရဲ့လား ဟင်!"

ကိုအုပ်စိုးက သက်ပြင်းတစ်ချက်ကိုချရင်း လေသံတိုးတိုးဖြင့် ရှင်းပြသည်။

"ငါ..ငါ့မျက်လုံး အာရုံထဲမှာ အခု ငါတို့စီးလာတဲ့ကားက ချောင်းလေးတစ်ခုက သစ်သားတံတားလေးကို ဖြတ်ပြီးမှာ နွားတစ်ကောင် ပြေးထွက်လာတာ ရှောင်ရင်း ကားမှောက်သွားတယ်"


"ဟင်!..ဒါ..ဒါ"

"ဒီလို မဖြစ်ပါစေနဲ့လို့ ငါ..ငါ ဆုတောင်းပါတယ်ဟာ"

ကေသွယ်နိုင့်ထံမှ စကားသံ ထွက်မလာ၊ စိတ်မသက်မသာ







သက်ပြင်းချသံသာ ထွက်လာခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများမှာတော့ ကိုယ့်အုပ်စုနှင့်ကိုယ်၊ ပျော်ရွှင်ခြင်းမှာ တသောသောဖြင့် အေးချမ်းစွာ စီးနင်းလာခဲ့ကြသည်။ ကားအသွားအလာ ရှင်း၍လည်း ကားမှာ တရိပ်ရိပ်ဖြင့် အရှိန်နှင့် ပြေးလျက်ရှိလေသည်။

တမျှော်အခေါ်တွင် လယ်ကွင်းစိမ်းများက နေရာအနှံ့၊ ကျေးလက်ရှုခင်းများကား သဘာဝ ပန်းချီကားချပ်များ အလား။

မြေမျက်စိမြှုပ်ရုံလောက်သာ ရှိသော ချောင်းလေးတစ်ခု၊

သစ်သား တံတားလေးတစ်ခု ထိုးထားသည်။ တံတားအရှည်က အစ်ဆယ့်ငါးပေခန့်၊ ကားကြီးက တံတားကို ကျော်ဖြတ်နေပြီ၊

"ဒီ..ဒီ..တံတားပဲ"

ကိုအုပ်စိုး နှုတ်မှ မသဲမကွဲ ရွတ်ဆိုသံ ခပ်တိုးတိုး ပေါ်ထွက်လာသည်၊ ကေသွယ်နိုင်ထံမှ တုန့်ပြန်သံ မကြားရ၊

တံတားအဆင်း ပိန္နဲပင်ကြီး အကျော်တွင် လမ်းဘေးခြုံပုတ်ထဲမှ နှုတ်တရက် ပြေးထွက်လာသော နွားကြီးတစ်ကောင်၊

"ဟာ!.."

"ဆရာ!..ရှေ့မှာ..နွား!"

"ကျွီ..ဝရော.."

"ဒုန်း..အုန်း..ဝုန်း!"



www.burmeseclassic.com

www.burmeseclassic.com


"အား!..အမယ်လေး"

အဖြစ်အပျက်က မြန်ဆန်လွန်းလှ၏ ။ ယုံနိုင်စရာပင် မရှိ။

ပျော်ရွှင်ရီမောအသံများအစား ထိတ်လန့်တကြား အော်ဟစ်သံများ၊ နာကျည်းစွာ ညည်းတွားသံများ၊ ထို့နောက် မှောင်မည်းသော မီးခိုးလုံးကြီးများ။

ကားက နွားကို ဘွားခနဲ တွေ့၍ ရှောင်လိုက်ရာ လမ်းဘေးချိုင့်ထဲ တစ်ပတ်လိမ့်ကျသွားခဲ့ချေပြီ။ ကံအားလျော်စွာ တစ်ယောက်ကိုတစ်ယောက် လက်ချင်းဆုပ်ကိုင်ထားသော ကေသွယ်နိုင်နှင့် ကိုအုပ်စိုးမှာ တံခါးပေါက်အနီး ထိုင်ခုံမှဖြစ်၍ အပြင်သို့ လွင့်စဉ်ကျသွားခဲ့သည်။

နောက်ဆုံးအဖြေမှာ ဒရိုင်ဘာ အပါအဝင် စုစုပေါင်းကိုးယောက် ပွဲချင်းပြီး သေဆုံးခဲ့ရသည်။ လူပြတ်သောနေရာဖြစ်၍လည်း အခင်းဖြစ်ပြီး တစ်နာရီကျော်အကြာမှ အကူအညီရခဲ့၏ ။

ကိုအုပ်စိုးနှင့် ကေသွယ်နိုင်မှာ စောစီးစွာ လွင့်စဉ်ထွက်ခဲ့မှုကြောင့် အနည်းငယ် ပွန်းပဲ့ဒဏ်ရာများမှအပ ဆိုးရွားစွာ ထိခိုက်မှု မရှိခဲ့ပေ။ ထပ်မံကြားသိလိုက်ရသော သတင်းအရ ထားဝယ်ဆေးရုံရောက်ပြီး ငါးရက်အတွင်း၌ ထပ်မံ သေဆုံးသူ သုံးယောက်ရှိလေရာ စုစုပေါင်း သေဆုံးသူ ဆယ့်ခုနစ်ယောက် ရှိခဲ့ပါပြီ။

လေ့လာရေး ခရီးထွက်သော လူဦးရေက နှစ်ဆယ့်တစ်ယောက် ဖြစ်လေရာ ယခုအချိန်၌ အသက်ရှင်ကျန်ရစ်သူ (၄)ဦးသာ ရှိပြီ။ ဆိုးရွားလှသော ထိုအဖြစ်ဆိုးကြီး၏ သတင်းက ထားဝယ်ခရိုင်၌ ဟိုးလေးတကျော် ဖြစ်ခဲ့ရပြီ။

ကျန်ရစ်သူ (၄)ယောက်မှာလည်း မိမိတို့မျက်စိရှေ့တွင် ဖြစ်ခဲ့သော အနိဋ္ဌာရုံကြောင့် မျက်စိထဲက မေ့ပျောက်မရကြ၊ တစ်လခန့် အနားယူရင်း ဆေးကုသခဲ့ကြရသည်။

(၂)

မိဘဆွေမျိုးများ၏ ဂရုတစိုက် အနီးကပ်စောင့်ရှောက်မှုကြောင့် ကေသွယ်နိုင်တစ်ယောက် ပြန်၍ ထူထူထောင်ထောင် ဖြစ်လာခဲ့သည်။





အတော်အသင့် ကျန်းမာလာသည်နှင့် ကေသွယ်နိုင်သည် သူငယ်ချင်း ကိုအုပ်စိုး အိမ်သို့ ထွက်လာခဲ့၏ ။

"ထိုင် ..ကေသွယ်၊ ကော်ဖီ ..သောက်၊ အေးအေး နားဦး"

ကိုအုပ်စိုး အသံက ပို၍ တည်ငြိမ်နေ၏ ။ ခါတိုင်းကဲ့သို့ ပြုံးရယ်ခြင်း မရှိ၊

"ငါ ..တစ်ခုခုကို ရှာတွေ့ခဲ့ပြီ ..ကေသွယ်"

"ဟင်! .. ဘာ ..ဘာလဲ ဟင်!..၊ နင် ဘာတွေ ထပ်မြင်ပြန်ပြီလဲ"

ကေသွယ်နိုင်ကတော့ ရင်တထိတ်ထိတ် ဖြစ်နေရပြီ၊

"ပြောလေ ..အုပ်စိုး၊ နင် ..ဘာတွေ့တာလဲ၊ နောက်ထပ် အမြင်ထူး တစ်ခုလား"

ကိုအုပ်စိုးက ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းပြပြီး ခြောက်တာပ်တပ်လေသံဖြင့် -

"မဟုတ်ဘူး ..အမြင်ထူး ..မဟုတ်ဘူး၊ အသိထူး ..ဟုတ်တယ် ..အသိထူး တစ်ခုပါ၊ အမှန်တရားတွေပါတဲ့ အသိ၊ ဘဝနဲ့ရင်းပြီး ရလိုက်တဲ့ စာရင်းဇယားလေး တစ်ခုပေါ့ကွယ် ..." ဟု ပြော၏ ။

"စာရင်းဇယား ..ဘယ်လို စာရင်းဇယားလဲကွ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ ..သူငယ်ချင်း၊ ငါ ..ရင်ထိတ်လိုက်တာ"

"ပြောမယ်.. ကေသွယ်၊ ငါ ရလိုက်တာက စာရင်းတစ်ခု၊ ဘာစာရင်းလဲဆိုတော့ သေမိန့်စာရင်း"

"ဘာ!..ဘာ! ပြောတယ်၊ ဘာ သေမိန့်စာရင်းလဲ၊ နင် ..နင် ဘာတွေပြောနေတာလဲ"

"ရှင်းပါတယ် ..ကားတိုက်လို့ မသေတဲ့အထဲမှာ အခု နောက်ဆုံး ငါတို့ လေးယောက်ပဲ ကျန်ခဲ့တယ်လေ၊ ငါတို့ လေးယောက်တလည်း ပြန်ကြည့်လိုက်တော့ ကားရဲ့နောက်ဆုံးအတန်းခုံမှာ ထိုင်ခဲ့သူချည်းပဲ"

"တို့အရှေ့က ခုံနံပါတ်တွေ အားလုံး သေခဲ့ပြီ၊ ကိုတင်ကြိုင်ရဲ့ ခုံနံပါတ်က နှစ်ဆယ့်တစ်၊ ကိုကျော်သူရက နှစ်ဆယ့်နှစ်၊ ကေသွယ်နိုင်က နှစ်ဆယ့်သုံး၊ ငါက နှစ်ဆယ့်လေး ..မဟုတ်လား၊ ဒါဟာ သေမိန့်စာရင်းပဲ"

"ဟာ!..ဘာတွေလဲကွာ၊ ဒါ ဖြစ်နိုင်စရာလား..၊ဟာ!..မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com





ကေသွယ်နိုင့်အသံက ငိုသံစွက်နေ၏။

"ဟုတ်တယ် .. ကေသွယ်၊ ဒါ .. အမှန်တရားပဲ၊ ရှောင်လွှဲမရတဲ့ အမှန်တရားပဲ၊ သေမင်းက အမိန့်ချထားပြီးဖြစ်တဲ့ သေမိန့်စာရင်း။ ငါ ဒါကို တွေ့ရှိခဲ့တယ်၊ ဒါ ငါ့ရဲ့ အသိထူးပဲ .. ကေသွယ်"

ကေသွယ်နိုင် စိတ်ညစ်သွား၏။

"သူ့ဆီလာမိတာ မှားပြီလား" ဟုလည်း တွေးလိုက်မိသည်။

"နင် ဆိုလိုချင်တာက တို့လေးယောက်ထဲမှာ ကိုတင်ကြိုင် အရင် သေမယ်ပေါ့၊ ပြီးတော့ ကျော်သူရ၊ ပြီးတော့ ငါ၊ ငါ ပြီးတော့ နင်သေမယ် ဆိုတဲ့ အဓိပ္ပါယ်လား အုပ်စိုး"

"ဟုတ်တယ် .. ဒီအတိုင်းပဲ .. ကေသွယ်၊ လုံးဝ မမှားနိုင်ဘူး"

"အုပ်စိုး .. နင် စိတ်ငြိမ်ငြိမ်ထားပါ၊ နင့်ကို ငါ ယုံချင်တယ်၊ ဒါပေမယ့် မယုံပါရစေနဲ့လို့ ငါ ဆုတောင်းပါတယ်၊ ငါတို့လေးယောက်ဟာ သေမင်းလက်က လွတ်ခဲ့ပြီ၊ မဟုတ်လား၊ အိမ်း .. ရှောင်လွှဲမရတဲ့ သဘာဝ နိယာမအရ တစ်နေ့တော့ သေမှာပဲလေ"

"တစ်နေ့နေ့ဆိုတာ သိပ်အဝေးကြီး မဟုတ်ဘူး ကေသွယ်၊ တကယ်တော့ ငါတို့ နှစ်ဆယ့်တစ်ယောက်လုံးက တစ်နေ့တည်း သေရို့ ဖြစ်လာခဲ့ရတာ၊ တို့ရဲ့ ကုသိုလ်ကံလေးတစ်ခုကြောင့် ကပ်လွတ်ခဲ့ရတာ၊ သေမင်းက တို့အားလုံးကို တစ်နေ့တည်း ခေါ်ခဲ့တာ အမှန်ပဲ"

"အခု ငါတို့ လေးယောက် လွတ်နေတာ မဟုတ်ဘူး၊ သေမင်းက ဘယ်တော့မှ အလွတ်မပေးဘူး၊ သူ့ရဲ့ သေမိန့်စာရင်းအတိုင်း အတိအကျ အကောင်အထည်ဖော်မှာပဲ၊ ငါ့တို့အသက်ကို ဒုတိယအကြိမ် ကယ်တင်ခဲ့ ကုသိုလ်ကံဆိုတာ ဘယ်လောက်ကျန်သေးလဲဆိုတာ ငါ မသိတော့ဘူး၊ ရှိကော ရှိသေးရဲ့လား၊ ငါ့ အထင်ပြောရရင်တော့ .."

"တော် .. တော်ပါတော့ အုပ်စိုး၊ ငါ တောင်းပန်ပါတယ်၊ ထပ်





မပြောပါနဲ့တော့၊ ဘာမှလည်း ငါ မကြားချင်တော့ဘူး၊ ငါ သွားတော့မယ်၊ ငါ သွားပါရစေတော့"

မျက်ရည်စများဖြင့် အရူးတစ်ယောက်လို ထွက်ပြေးသွားသော ကေသွယ်နိုင်ကို ကြည့်ရင်း ကိုအုပ်စိုး ထရပ်လိုက်သည်၊ သူ့ခြေလှမ်းများ က နံရံတွင် ချိတ်ဆွဲထားသော ပြက္ခဒိန်တစ်ခုဆီသို့ ဦးတည်သွားနေမိ တော့၏။

မသွားတော့ .. ဟု ဆုံးဖြတ်ထားသော်လည်း မမျှော်လင့်ဘဲ အရေးတကြီးကိစ္စတစ်ခု ပေါ်လာ၍ ကိုအုပ်စိုးရှိရာ ကေသွယ်နိုင် ရောက် လာခဲ့ရပြန်သည်၊ ယခုအချိန်၌ ကိုအုပ်စိုးသည် အနက်ရောင် ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး ပန်းချီကားတစ်ချပ်ကို လက်စသပ်နေချိန် ဖြစ်သည်၊

"ကေသွယ်စားဖို့ မနက်ကပဲ ကောက်ညှင်းပြန်ပေါင်း ဝယ်လာခဲ့ တယ်၊ စားပွဲပေါ်မှာ ရှိတယ်၊ စားလိုက်ပါဦး၊ ကော်ဖီလည်း နပ်ထားတယ် ကေသွယ်"

ကိုအုပ်စိုးက တစ်ယောက်တည်း ပြောနေသလိုမျိုး၊ အတက် အကျမရှိ လေသံဖြင့် ပြောလိုက်သည်၊ သူ့ကြည့်ရသည်မှာ ပန်းချီကားထဲ စိတ်နှစ်ထားပုံရသည်၊ တစ်ခု ထူးခြားမှုက ကိုအုပ်စိုး၏မျက်လုံးများသည် အရင်ထက်ပို၍ စူးရှတောက်ပြောင်နေပြီး အရောင်လက်နေသည်ဟု ကေ သွယ်နိုင် ခံစားလိုက်မိသည်၊

သူ .. ဘာပန်းချီကား ဆွဲနေသည်ကို သိလိုသော်လည်း မျက်လုံး က မကြည့်ဖြစ်၊ မနေ့ညကပဲ ကောက်ညှင်းပြန်ပေါင်း စားချင်စိတ် ဖြစ်ခဲ့မိ သည်၊ ယခု ကိုအုပ်စိုးက သူ စားချင်သော ကောက်ညှင်းကို အဆင်သင့် ဝယ်ထားခဲ့သည်၊

(ဒါ .. တိုက်ဆိုင်မှုပဲလား ! ..)

ကိုအုပ်စိုးနှင့်ပတ်သက်၍ တိုက်ဆိုင်မှုဆိုတာ သိပ် လက်မခံချင်၊ ထိုသော် အသေးအဖွဲ့ကိစ္စများမှ ငြီကာရဲ့မေးမနေတော့ပါ၊

"အုပ်စိုး .. ငါ အရေးကြီးလို့ နင့်ဆီ လာခဲ့တာပါ၊ နင့် ပန်းချီကား ကို အသာထားစမ်းပါအုံးဟ"

"ပြီးပါပြီ .. အားလုံး ပြီးပါပြီဟ၊ နင် အခု ငါ့ဆီရောက်လာတဲ့ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ငါသိတယ်"

"ဟင် ! .. ဪ၊ နင် သိနေခဲ့တယ်ပေါ့ အုပ်စိုး၊ .. နင် ကြိုသိနေခဲ့တယ်ပေါ့လေ"

ပြောရင်းက ကေသွယ်နိုင်၏ မျက်ဝန်းအိမ်မှ မျက်ရည်ပေါက်များ လိမ့်ဆင်းကျလာသည်။

"ငါ .. ပြောခဲ့သားပဲ ကေသွယ်၊ အားလုံးဟာ သေမိန့်စာရင်းပါလို့ ကိုတင်ကြိုင်နဲ့ ကိုသူရတို့နှစ်ယောက် ဆိုင်ကယ်တစ်စီးနဲ့ လျှောက်သွားတယ်။ စိတ်ညစ်ညစ်နဲ့ ဘီယာတွေ မူးအောင်သောက်၊ အပြန်မှာ ဆိုင်ကယ်မှောက်ပြီး ကိုတင်ကြိုင်က ပွဲချင်းပြီး ဆုံးသွားတယ်။ ကျော်သူရက ဆေးရုံမှာ ဆုံးတယ်။ ကဲ .. ဒါပဲ မဟုတ်လား၊ အားလုံးဟာ အစီအစဉ်အတိုင်းပဲ"

အလွတ်ကျက်ထားတဲ့ စာပိုဒ်တစ်ခုကို ရွတ်ပြနေသလို၊ ဝမ်းနည်းဝမ်းသာ ခံစားချက်မပါ၊ ကေသွယ်နိုင်က နှုတ်ခမ်းကို ဖိကိုက်ရင်း အော်မေးလိုက်သည်။

"အုပ်စိုး .. နင် .. နင် .. အားလုံးကို သိနေတာပဲ၊ ဒီအတွက် နင် ဘာမှ မခံစားရဘူးလား၊ နင် ဘယ်လိုမှ မနေဘူးလား၊ သူတို့နှစ်ယောက် သေပြီ၊ တကယ် သေပြီ၊ နင့်ရဲ့သေမိန့်စာရင်းအတိုင်းလေ၊ အုပ်စိုး .. ငါ .. ပြောတာ ကြားလား"

ကိုအုပ်စိုးက ကေသွယ်နိုင်ကို စူးစူးရဲရဲ ကြည့်လိုက်သည်၊ နှုတ်ခမ်းအစုံက ခပ်ယဲ့ယဲ့ ပြုံးလျက် ..။

"ခံစားရမယ် .. ဟုတ်လား .. ကေသွယ်၊ ဟား .. ဟား .. ငါ့သူငယ်ချင်းတွေ အများကြီး သေခဲ့ရပြီးပြီ၊ သူတို့တစ်ယောက်ချင်းစီအတွက် လိုက်ခံစားနေရရင် အခုလိုတောင် နင်နဲ့ စကားပြောနေနိုင်မှာ မဟုတ်ဘူး"

"ဒီမှာ ကေသွယ် .. ကြိုသိနေတဲ့ လူတစ်ယောက်ရဲ့ခံစားမှု၊ သူ့ရဲ့တုန့်ပြန်မှုဟာ ဘာလဲ၊ ဒါကို နင်မသိဘူး။ နင် ငါ့ကို နားလည်မှာလည်း မဟုတ်ဘူး။ ငါဟာ သူတို့ရဲ့ကံကြမ္မာကို ကြိုသိခဲ့တာပဲ၊ ဒါပေမယ့် သူတို့အတွက် ငါ ဘာမှ မလုပ်ပေးနိုင်ခဲ့ဘူး၊ ဘာမှ တားဆီး မပေးနိုင်ခဲ့ဘူး"

"အခု နောက်ထပ် သူငယ်ချင်း နှစ်ယောက် ထပ်ဆုံးရှုံးရပြန်ပြီ။ ဒါလည်း ငါ မကာကွယ်နိုင်ခဲ့ဘူး၊ သိသိကြီးနဲ့ ငါ လက်ပိုက်ကြည့်နေခဲ့





တယ်၊ ဒီအတွက် ငါ ဘယ်လိုခံစားရသလဲ .. နင်သိလား၊ ငါ .. လူတစ်ယောက်ပါ၊ ခံစားတတ်တဲ့ နှလုံးသား ရှိပါတယ်၊ ဒါတွေ ထားလိုက်ပါ .. ထားလိုက်စမ်းပါ"

သူ .. ရူးနေပြီလား .. လို့ ကေသွယ်နိုင် တွေးရင်း တုန်လှုပ်လာသည်၊ သူသည် ကြီးမားသော ချုပ်တီးမှုကြီးများကို ရင့်ကျက်စွာ ဖုံးအုပ်ထားနိုင်ခဲ့သည်၊ မော်ဝင်ကရေးသည့်တစ်ယောက်လို တုန်ခါနေသော သူ့ကိုယ်တွင်းမှာ တည်ငြိမ်မှုတွေ ရှိနေခဲ့သည်။

"အရေးကြီးဆုံး နံပါတ်တွေအတွက် .. မင်း .. ဘာတွေ ပြင်ဆင်ထားပြီးပြီလဲ .. ကေသွယ်"

ထိုမေးခွန်းသည် ကေသွယ်နိုင် ရင်အား လုံသွားနင့် ထိုးစိုက်လိုက်သလိုပင်၊ ခံနိုင်စွမ်း မရှိတော့၊ နှလုံးသားနေရာမှလည်း စူးအောင့်လာပြီး အသက်ရှူ မမှန်ချင်တော့၊ သူလည်း စိတ်ဒဏ်ရာ အကြီးအကျယ် ရလိုက်ပါပြီ"

"ငါ .. ငါတို့ အလှည့် ရောက်တော့မှာလား၊ ဒါ .. ဒါ .. တကယ်ပဲလား .. အုပ်စိုး၊ နည်းလမ်းဆိုတာ မရှိတော့ဘူးလား၊ ငါတို့ ဒီကနေ ထွက်သွားကြရအောင်လေ"

"ဒီက ထွက်သွားမယ်၊ ဘယ် ထွက်သွားမှာလဲ .. ကေသွယ်"

"အဝေးကြီး .. အဝေးကြီးကို၊ ဒီ ကံကြမ္မာဆိုးက လွတ်မယ့် တစ်နေရာရာပေါ့"

"ဟား .. ကေသွယ် .. နင် ရူးပြီ၊ ဟုတ်တယ် .. ငါ မရူးဘူး၊ နင် ရူးသား ဗုဒ္ဓဘာသာတစ်ယောက်ရဲ့သွေးဇီမှ အတွေးအခေါ်ကို နင် ဘာကြောင့်တွေးနေရတာလဲ ကေသွယ်၊ သူ့လက်က ပြေးလို့လွတ်တဲ့နေရာဆိုတာ ရှိလို့လား၊ အိုး ! .. သနားစရာ ငါ့သူငယ်ချင်း၊ နင် အခုထိ အဆင်သင့် မရှိသေးဘူးလား၊ နင် ဘာမှ ပြင်ဆင်မှု မရှိသေးပါလားနော်၊ ရော့ .. ဒီမှာကြည့်စမ်း"

သူပေးသော စာရွက်ကို ကေသွယ်နိုင် ယူကြည့်မိသည်၊ အမြင်အာရုံတွေက သိပ်မသဲကွဲချင်၊

"ဒါက ငါသေရင် ငါ့ခန္ဓာကိုယ်တစ်ခုလုံးကို လှူပါတယ်ဆိုတဲ့ စာချုပ်၊ ပြီးတော့ ဒီပန်းချီကားကိုတော့ နင့်အတွက် ရည်စူးပြီး ငါဆွဲခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com


လာကြည့်ပါဦး..”

ပန်းချီကားကို အဖြူအမည်း နှစ်မျိုးသာသုံး၍ ဆွဲထားပါသည်။ ခွေခွေလေး လဲကျနေသော မိန်းမပျိုတစ်ယောက်၊ ရင်းရှေ့တွင် လဲကျနေသော ပန်းချီကားတစ်ချပ်၊ ဖရိုဖရဲဖြစ်နေသော စုတ်တံများ။ နံဘေးမှာ စားပွဲတစ်လုံး။ ထိုစားပွဲပေါ်မှာ မလှုပ်မယှက်ဖြင့် ခေါင်းငိုက်စိုက်ကျနေသော လူတစ်ယောက်၏ပန်းချီကားပင် ဖြစ်၏။

“ဟင်! .. ဒါ..ဒါက..”

“ဟုတ်တယ် .. ဒါ ကေသွယ့်ပုံပဲ၊ ဒီလဲကျနေတဲ့ ပန်းချီကားက ဒီ ပန်းချီကားပဲပေါ့၊ စားပွဲပေါ်မှာ ခေါင်းငိုက်စိုက်ဖြစ်နေတာက ငါပဲ၊ နေရာက တခြားနေရာ မဟုတ်ဘူး၊ ဒီနေရာပါပဲ၊ ဒီမှာပါပဲ၊ အားလုံး မနီးသော အိပ်စက်ခြင်းများနဲ့ အတူပေါ့၊ နေ့ကို ပြောရဦးမလား .. ဒီနေ့ .. ဒီအချိန်ပါပဲ .. ကေသွယ်ရယ်”

ကိုအုပ်စိုး၏ စကားအဆုံးမှာ ကေသွယ်နိုင်တစ်ယောက် ဒူးများ ခွေညွှတ်လျက် ပြိုလဲကျသွားခဲ့လေပြီး အဆမတန် လှုပ်ရှားခဲ့သော သူ့ နှလုံးသားမှာလည်း ငြိမ်သက်အနားယူခဲ့ပါပြီ၊ မပွင့်တပွင့် အပြုံးလေးတစ်ပွင့်ကို နောက်ဆုံးပန်ဆင်ရင်း တအိအိ ပြိုလဲခဲ့ခြင်း ဖြစ်သည်။

ဒီတစ်ခါတော့ ကေသွယ်နိုင်ကို ဆွဲထူဖို့ ကိုအုပ်စိုး မကြိုးစားတော့ပါ၊ သူကိုယ်တိုင်လည်း အသက်ကို ပင်ပန်းစွာ ရှူရှိုက်နေရပြီ၊ တင်းထားသော မာန်တို့ကိုလည်း လျှော့ချလိုက်လေပြီ၊ စားပွဲဆီသို့ ခြေအလှမ်းတွင် ပန်းချီကားကို ခလုတ်တိုက်မိ၍ ဆေးခွက်များ၊ စုတ်တံများ ကစဉ့်ကလျား မှောက်ပြိုသွား၏။

ထိုမြင်ကွင်းကိုကြည့်ရင်း သူ နှုတ်ခမ်းတွန့်ရှုံ့ တစ်ချက်ပြုံးကာ စားပွဲရှိရာ အားတင်းလျှောက်ရင်း ခုံတွင် ဝုန်းခနဲ ထိုင်ချလိုက်ချိန်မှာတော့ သူ့ဦးခေါင်းသည်လည်း တစ်ခါတည်း ကွေးညွှတ်ကျသွားရလေသည်။

ဘယ်သောအခါမှ ပြန်လည် ထောင်မတ်မလာတော့သည်ကား အသေအချာပင်တည်း။ ။

❑



www.burmeseclassic.com